www.burmeseclassic.com

ရွှေပဒေသာစာပေ

မယ်ခိုင်

# ပစ္စုပ္ပန်ဟုခေါ်သော အနာဂတ်



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၄

ထုတ်ဝေသူ - ဦးအေးလွင်(ဝ၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (ဝ၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖြန့်ဈေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
ပစ္စုပ္ပန်ဟုခေါ်သော အနာဂတ် / မယ်နိုင်။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၀၄။
၂၃၄ - စာ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) ပစ္စုပ္ပန်ဟုခေါ်သော အနာဂတ်

# မယ်နိုင်

# ပစ္စုပ္ပန်ဟုခေါ်သော အနာဂတ်

www.burmeseclassic.com

www.burmeseclassic.com



ငါမျက်ဝို့
နင့်မျက်ရည်တွေ မလိုပါဘူး
နင့်အပြုံး ကခြောက်လန့်နေတယ်။
နင် ငို့
ငါ အပြုံးတွေ မလိုပါဘူး
ငိုရယ်သံတွေ ခြောက်သွေ့နေတယ်
ငါက ပန်းတစ်ပွင့်ဆို
ဆူးရုံပေါ်တင်နေတဲ့ပန်းပါ
နင်ကတော့ ပင်မြင့်ထက်က
အသီးတစ်လုံးပေါ့
ခွဲလို့လည်းမရ
ပစ်လို့လည်း မကွဲဘူး
ငါ့ကိုလည်း ဘယ်သူမှ
မနမ်းရှိုက်သလို
နင့်ကိုလည်း ဘယ်သူမှ
မစားသုံးဘူး
ငါတို့က အဆိပ်တွေလေ
ဒါပေမဲ့
တချို့တော့ တောင့်တနေကြလိမ့်မယ်
သူတို့က သူရူးတွေလေ. . .

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်း စာပေသုတေသနဌာနမှ သူ ထွက်လာသည်။ နေသည် အထူးပူပြင်းနေလေ၏။ မိုးသားများသည် နီမြန်း၍နေသည်။ မိုးသားများ ပုံမှန်မဟုတ်သည့် အခြင်းအရာကို ကြည့်ခြင်းအားဖြင့် သူ ခန့်မှန်းနိုင်သည်။ မကြာခင် မိုးရွာတော့မည်။

မိုးတွင်း မိုးရွာသည်က မဆန်းသော်လည်း မိုးရေကို အလက်ဖ်ဂျစ် ရှိသော သူ့အဖို့တော့ ဆန်းသည်။

ထို့ကြောင့် လေမလာခင် ကားထဲအရောက်သွားရပေလိမ့်မည်။ ထင်ထားသည့်အတိုင်းပင် သူ ကားပေါ်ရောက်ပြီး မိနစ်နှစ်ဆယ်ကြာသော အခါ မိုးရွာလာသည်။ လေနှင့်အတူ ပါသောမိုးမို့ အချိန်ကြာကြာမရွာ နိုင်မှန်းလည်း သူ ခန့်မှန်းမိပါ၏။

မှန်းထားသည့်အတိုင်းပင် သူ အိမ်ရောက်ပြီး ငါးမိနစ်အကြာ တွင် မိုးသည် သူမဟုတ်သည့်အလား ပျောက်ကွယ်သွားသည်။ ကော်ဖီ ပူပူတစ်ခွက်ကို နှစ်ခြိုက်စွာသောက်လိုက်သည်။ ခါးသက်သောအရသာ က လည်ချောင်းထဲ စီးမျောသွားသည်။ ကော်ဖီပူကြောင့်လားမသိ၊ နွေးထွေး သွားသလို ခံစားရသည်။ ထို့ကြောင့် အပေါ်ထပ်ကုတ်အင်္ကျီကို ချွတ် သည်။ ပြီးနောက် ချိတ်ပေါ်တွင်စနစ်တကျ ချိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး မှန်ပြတင်းချပ်မှ မိုးရေလက်ကျန်များကို အမှတ်တမဲ့ ငေးကြည့်နေသည်။ မိုးရွာပြီးစမို့လား မသိ၊ အိမ်ရှေ့မြက်ခင်းသည် သာမန်ထက် စိမ်းလန်းနေသည်၊ ခပ်လှမ်းလှမ်းမှ ကားဟွန်းသံအချို့ကို မသဲမကွဲကြားနေရသည်။ အထီးကျန်နေသော အင်းလျားရေပြင်ကိုလည်း ငြိမ်သက်စွာမြင်နေရသည်။ စားပွဲပေါ်တင်ထားသော ကော်ဖီလက်ကျန်ကို မော့သောက်သည်။ အေးစက်စပြုနေပြီမို့ ခါးသောအရသာသည် ချဉ်စုတ်စုတ်ဖြစ်သွားသလို ခံစားရသည်။ လက်ကျန် ကော်ဖီကို အကုန်သောက်လိုက်ပြီးသောအခါ လိုက်ကာကို ဖြေချသည်။ အခန်းသည် မှောင်သွား၏။

ရီမုစ်ကို ဆွဲယူပြီး နှိပ်သည်။ လျှပ်တစ်ပြက်အတွင်း တစ်ခန်းလုံး လင်းထိန်သွားသည်။ စာကြည့်စားပွဲတွင်ထိုင်ပြီး အံဆွဲကိုဖွင့်သည်။ အံဆွဲထဲမှ အဖြူရောင်လက်အိတ်ကို ယူပြီး စွပ်သည်။ ပြီးနောက် စားပွဲအောက်ရှိ အနီရောင်ခလုတ်ကို နှိပ်လိုက်သည်။ ကျွန်းစားပွဲကြီး၏ အမိုးသည် ပွင့်သွားသည်။ အထဲတွင် ကျောက်စာချပ်ကို တွေ့သည်။

ထိုကျောက်စာချပ်ကို ယုယစွာကောက်ယူပြီး မှန်ချပ်ပေါ်တင်သည်။ လက်ကိုင်မှန်ဘီလူးကို သုံးကာ ကျောက်ချပ်ကို ကြည့်သည်။ သူ နားမလည်ချေ။ ကွေးညွှတ်သော စာလုံးများက ဘာတွေရေးထားမှန်း သူ မသိပါ။

သို့သော် သူ ကျေနပ်စွာ ပြုံးသည်။

ချိတ်ထားသော အင်္ကျီအိတ်ထဲမှ စာရွက်ခေါက်ကို ထုတ်သည်။ ဖြန့်လိုက်သောအခါ နှစ်ရွက်ဖြစ်နေသည်။





ပထမစာရွက်မှ စာများသည် ကျောက်ချပ်ထဲမှ စာများနှင့် တစ်ပုံစံတည်းတူသောကြောင့် သူ မဖတ်နိုင်ပေ။ သို့သော် ဒုတိယစာခေါက်ကို ဖြန့်လိုက်သည်။

သူ ပြုံးလိုက်၏။ ကျေနပ်စွာ ပြုံးခြင်းဖြစ်သည်။

‘ချစ်သော ရစာရီ …

သင်နှင့် ကျွန်ုပ်သည် ဝေးကြဖို့အကြောင်းက ပါပြီးဖြစ်သည်။ ထိုကံလွန်ဆန်၍မရ။ ကောင်းကင်သို့လည်း မပျံ၊ မြေအောက်သို့လည်း မလျှိုးဘဲ သင် ပျောက်ကွယ်သွားသည်။ ကျွန်ုပ် နားလည်၍မရ။ သရိရ ရသေ့နှင့်သာ မတွေ့ခဲ့လျှင် မြလည်ဆွဲကို မရခဲ့လျှင်၊ ဤစိနရဋ္ဌတိုင်းသို့ မလာခဲ့လျှင်၊ သုနန္ဒိယ ဘုရင်နှင့်မဆုံခဲ့လျှင်၊ သင်နှင့်ကျွန်ုပ်သည် ကြင်သူအဖြစ်ရှိလိမ့်မည်၊ ယခု ကျွန်ုပ်သေရတော့မည်။ မြလည်ဆွဲက ပေးတဲ့ကျိန်စာလား။ သင် အေးချမ်းစွာရှိနေသည်ဟု ကျွန်ုပ် ယုံသည်။ သို့မည်ကား သင်နှင့် ကံမကုန်ပါက ပြန်ဆုံရဖို့ ကျွန်ုပ် ကျိန်ဆိုသည်။

အဂ္ဂါ

မျက်စိကိုမှိတ်ပြီး ကျောမှီကို မှီချလိုက်သည်။

ဘာကို ရည်ညွှန်းမှန်း သူ မသိပေ။ ထူးဆန်းသော ကျောက်ချပ်ဖြစ်လိမ့်မည်ဟု ယုံကြည်ခဲ့သော်လည်း မျှော်လင့်ချက်သို့ ပျက်ပြားခဲ့ရသည်။

သာမန် … ဘာမဟုတ်တဲ့ ရည်းစားစာကို သူ အရှုံးထမိပြီ

www.burmeseclassic.com



ထင်သည်။ သို့သော် သိချင်တာကို သိလိုက်ရ၍ သူ ကျေနပ်သည်။ ရှားပါးသော ကျောက်စာကို သူ ဖတ်နိုင်ခဲ့ပြီ ဖြစ်သည်။ ကျောက်ချပ်ကို မှန်တိုက်လေးထဲ ထည့်သိမ်းသည်။

ပြီးနောက် သံသေတ္တာလေး တစ်လုံးကို ထုတ်လာသည်။ ချက်ထိုးထားသော သေတ္တာလေးမို့ ဖွင့်ရမခက်ပေ။ ထိုသေတ္တာထဲမှ အရာတစ်ခုကို ဆွဲထုတ်သည်။ ဝလာစာအုပ်အရွယ်မျှ စာရွက်လေးဖြစ်သည်။ စာရွက်ဆိုသော်ငြား မှန်ဘောင်ဖြင့် ခတ်ထားသော ခဲပန်းချီတစ်ခုဖြစ်သည်။ ထိုပန်းချီကို စားပွဲပေါ်ထောင်လိုက်သည်။

'ဟင် ...'

သူ အံ့ဩသွားသည်။ မျက်မှန်ကို ပင့်တင်လိုက်သည်။ စားပွဲပေါ်မှ မီးအိမ်ကို ဖွင့်ပြီး ကြည့်သည်။

လည်ဆွဲ ... ဒါ ... လည်ဆွဲ။

ပုံတူ ပန်းချီသည် လည်ဆွဲကို အသားပေးထားသည်။ သူ ဟျာယာခတ်သွားသည်။ စိတ်အပန်းပြေသော အချိန်တိုင်း စာကြည့်ခန်းထဲ ဝင်ကာ ပစ္စည်းဟောင်းများ မွှေနှောက်နေကျဖြစ်သည်။ သို့သော် ယခုတစ်ကြိမ်တော့ ထူးဆန်းသွားလေသည်။

'ရုစာရီ'

ဒုတိယစာရွက်ခေါက်မှ နာမည်ကို ရေရွတ်မိသည်။

ဒုတိယစားပွဲမှ အံဝှက်ကို ဖွင့်လိုက်ပြန်သည်။

နှစ်ကြာနေပြီဖြစ်သော စာအုပ်တစ်အုပ်ကို ထုတ်ယူသည်။ ဝါကြန့်ကြန့်စာရွက်များကို ယုယစွာ လှန်လှောမိသည်။



'မယုံနိုင်သော ဖြစ်ရပ်တစ်ခုသာဖြစ်သည်။ ထိုဖြစ်ရပ်သည် ငါ ကိုယ်တိုင် ကြုံခဲ့ရသည်။ မင်းကို ငါ စောင့်နေပေမဲ့ မင်း ပြန်ရောက်မလာခဲ့တော့ပါ။ မင်းရဲ့ အဖြူရောင်ဝတ်စုံက ငါ့ရင်ထဲ စွဲနေဆဲဖြစ်သည်။ ဘယ်အရပ်က လာမှန်းမသိတဲ့ ရုစာရီ မင်း ဘယ်အရပ်ကို ထွက်သွားပြီလဲ'

စာအုပ်တစ်အုပ်လုံးတွင် အဆက်အစပ်မရှိသော စာများကို ရေးသားထားသည်။ သို့သော် စာမျက်နှာတိုင်းတွင် ရုစာရီဆိုသော နာမည်သာ မင်းမူနေသည်။

သူ့နဖူးကြောများ ထောင်လာသည်။

စဉ်းစားလေ ဆက်စပ်လို့မရနိုင်ပေ။

နာမည်တူတာလား ...

ကျောက်ချပ်ထံမှလည်း ရုစာရီဖြစ်သည်။ စာအုပ်ထဲမှာလည်း ရုစာရီ၊ စာအုပ်ထဲမှ ရုစာရီနှင့် ကျောက်ချပ်ထဲက ရုစာရီ ဆက်စပ်နေတာလား။ ဒါ ဖြစ်နိုင့်ပါ့မလား။

တစ်ချိန်တုန်းက ထိုစာအုပ်ဖတ်မိသောအခါ ရုစာရီဆိုတာ ဘာကြီးမှန်း ဘယ်လိုအရာမှန်း သူ နားမလည်ခဲ့ချေ။ သို့သော် အမျိုးသမီးတစ်ယောက်၏ နာမည်ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိသည်။ ယခုတော့ ပိုပြီးသေချာသွားသည်။ ရုစာရီဆိုသော အမျိုးသမီးမှာ အင်္ဂါ၏ ချစ်သူ ဖြစ်သည်။

သို့သော် ထိုကျောက်ချပ်နှင့် ထိုစာအုပ်သည် သက်တမ်းချင်း များစွာကွာဟလှသည်။ သို့သော် နာမည်သည် တစ်မျိုးတည်းဖြစ်သည်။

www.burmeseclassic.com



မြလည်ဆွဲဟု ရေးထားပုံချင်းလည်း တူညီသည်။ အမျိုးသမီးဆိုတာလည်း သေချာသည်။ ဘာတွေလဲ ... ဘာကို ဆိုလိုတာလဲ ... ရစာရီ ဆိုတာ ဘယ်သူလဲ။

စာအုပ်ကို လှန်၍ ဖတ်ပြန်သည်။ သို့သော် နားမလည်နိုင်သာ စာကြောင်းများကိုသာ တွေ့ရပြန်သည်။

ထိုစာအုပ်ကို သူ စာကြည့်ခန်းထဲတွင် အသက်ဆယ်နှစ်အရွယ်က တွေ့ခဲ့သည်။ စာအုပ်ဟောင်းတစ်အုပ် ဖြစ်သောကြောင့် စိတ်ဝင်စားသည်။ ပို၍ စိတ်ဝင်စားသည်က ဒိုင်ယာရီဖြစ်သောကြောင့် ဖြစ်သည်။ ဒါ့ထက် ပိုစိတ်ဝင်းစားဖို့ကောင်းတာက အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်။

နှစ်ထပ် ကြာနေပြီဖြစ်သောကြောင့် စာရွက်များကိုးကျေသွားမှာ စိုးရိမ်ရသည်။ ထို့ကြောင့် ယုယစွာ လှန်လှောရသည်။ စားပွဲပေါ်ထောင်ထားသော ပုံကို ငေးကြည့်ပြန်သည်။ ဟုတ်မှာပါ ... ဒါ ရစာရီဆိုသော အမျိုးသမီးပဲ ဖြစ်ရမည်။ ချောလိုက်တာ။

အမှန်က ထိုပန်းချီကို မြင်ပြီးမှ ထိုစာအုပ်ကို စိတ်ဝင်စားသွားခြင်းဖြစ်သည်။ ခဲပန်းချီသည် ပုံတူရေးခဲ့မှန်း သိသာသည်။ ပန်းချီထဲမှ အမျိုးသမီး၏ မျက်လုံးများသည် တောက်ပနေသည်။ လည်တိုင်ကျော့ရှင်းပြီး စနစ်ကျစွာ တင့်တယ်သည်။ လည်ပင်းတွင် ထင်ရှားစွာဆွဲထားသေ ဆွဲကြိုးကို စူးစမ်းမိသည်။

'ဒါ ... မြလည်ဆွဲပဲ ဖြစ်ရမယ်'

ရစာရီက ဘယ်လိုမိန်းကလေးလဲ၊ ဘာကြောင့် ယောကျ်ားနှစ်



ယောက်ကို ရူးသွပ်စေတာလဲ၊ ရူးသွပ်လောက်ပါပေသည်။ မျက်လုံး၊ နှုတ်ခမ်းများသည် သူ့စိတ်ကို စွဲငြိစေသည်။ ဤပုံသည် ရေးဆန်းသော ခဲပန်းချီတစ်ချပ်ဆိုတာ သိရသော်လည်း ထိုပုံကို မှန်ဘောင်ဖြင့် သွင်းထားမိသည်။

အများမြင်မှာ စိုးသောကြောင့် နံရံမှာပင် ချိတ်မထားဘဲ အံဝှက်ထဲ ဖွက်ထားခဲ့သည်ထိ တန်ဖိုးထားခဲ့သည်၊ သူလည်း တွေ့ချင်လိုက်တာ ...

မတွေ့နိုင်မှန်း သိသော်လည်း တမ်းတမိပြန်သည်၊ ရစာရီ ရစာရီ ...

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ကြီးတစ်စင်းသည် ဒေါသကြီးစွာဖြင့် မြစ်ကြောင်းအတိုင်း ဆန်တက်လာသည်။ ဖောင်ကြီးသည် နန်းပြသာဒ်အလား ကြီးကျယ်ခမ်းနား လွန်းလှသည်။ ထိုဖောင်ကြီး၏ ရှေ့နောက်တို့တွင် မရေတွက်နိုင်သော ဖောင်ငယ်များစွာတို့ ဝန်းရံပါလာသည်။ ထိုဖောင်ကြီးကို စူးစိုက်စွာကြည့် ပါက သစ်လွင်သော ဝတ်စုံတို့နှင့် မားမားမတ်မတ် စောင့်ကြပ်နေသူ များကို တွေ့ရသည်၊ ထိုလူများသည် ရဲရင့်သော စစ်သည်တော်တွေ ဖြစ်သည်၊ ဖောင်အတွင်းထဲမှ သာယာသောအသံကို ကြားရသည်။

ခမ်းနားထည်ဝါသော အမြင့်တစ်နေရာတွင် မိန့်မိန့်ကြီးထိုင်နေ သူတစ်ဦး သူက သုနန္ဒိယဘုရင်။ သုနန္ဒိယဘုရင်သည် သေရည်သေရက် ကို နှစ်ခြိုက်စွာသောက်ရင်း ဖျော်ဖြေနေသော ကချေသည်များကို ရီဝေ စွာကြည့်နေပေသည်၊ ကချေသည်များသည် ငြိမ့်ညောင်းစွာ ကပြဖျော် ဖြေနေသော်လည်း သုနန္ဒိယ၏ မျက်နှာပေါ်တွင် အလိုမကျမှုများ အတိုင်း သား ပေါ်လွင်နေသည်။

'ဆမ္မိက ပုဏ္ဏား အခစားဝင်ကြောင်းပါ ဘုရား'

ကိုယ်ရံတော် နာယကိ လျှောက်ထားသောအခါ သုနန္ဒိယ ဘုရင်သည် လက်ကို ဝေ့ရမ်းပြသည်၊ ငြိမ့်ညောင်းသော သံစဉ်သည် ရုတ်ချည်းရပ်တန့်သွားသည်၊ တီးမှုတ်သူနှင့် ကချေသည်များသည် ခေါင်း ကိုငုံ့တ် ကိုယ်ကိုကိုင်းပြီး တရိုတသေပင် ဆုတ်ခွာထွက်သွားကြသည်။



ကချေသည်များ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ဆမ္မိကပုဏ္ဏား ဝင်လာသည်။

ဘုရင့်ကို မော်မကြည့်ဘဲ ကြမ်းပြင်ပေါ် ဝပ်ချသည်၊

'ဘာများ အရေးကြီးသလဲ ဆမ္မိက'

'မှန်ပါ ... ကျွန်တော်မျိုး၏ တွက်ကိန်းအရ အရှင် ခရီး တစ်ထောက်နားရန်ဒေသ ရောက်ပါတော့မည်ဖြစ်ကြောင်းပါ ဘုရား'

'အိမ်း ... ငါ ကိုယ်တော် မြန်းခဲ့တဲ့ခရီးက ဝေးခဲ့ပြီကိုး'

ဘုရင် သုနန္ဒိယ ထိုင်ရာမှထရပ်သည်။

'နေရာရှာတိုင်း ငါ ကိုယ်တိုင် ရှုစမ်းမယ်'

သုနန္ဒိယ ဘုရင် ဆင်းလာသည်နှင့် တစ်ပြိုင်နက် လှံကိုင် စစ်သည်များသည် ကိုယ်ဟန်ကျုံ့သွားသည်။

'နာယကိ'

'ဘုရား'

'ဒီ တစ်ညဉ့်တော့ ကုန်းပေါ်တက်ပြီး ခြေဆန့်စမ်းမယ်'

နေမင်းကြီးသည် တောင်နံ့ရံကြား ဝင်ရောက်စပြုနေပြီဖြစ် သည်၊ သုနန္ဒိယ ဘုရင်သည် ဆမ္မိကပုဏ္ဏားနှင့်အတူ အပြင်သို့ထွက် လာခဲ့သည်။

အေးသောလေကြောင့် သုနန္ဒိဘုရင် တဟားဟား ရယ်သည်။

'ဒါ ... စိနရှုတိုင်းတဲ့လား'

သုနန္ဒိယ ဘုရင်သည် တဟားဟားရယ်ရင်း အဝေးသို့ မျှော် ကြည့်သည်။ မိုင်းညို့သော တောအုပ်ကြီးကို မျက်စိတစ်ဆုံးတွေ့ရသည်။

www.burmeseclassic.com



ကျောက်တောင်နှင့် နွယ်ပင်များကိုလည်း ပန်းချီကားတစ်ချပ်နှယ် တွေ့ရသောအခါ ဘုရင် သုန္ဒိယ သဘောကျသွားသည်။

'ဒီနယ်ကို ငါ ပိုင်ရင် ဘယ်လိုနေမလဲ ဆမ္ဘိက'

'ဘုန်းတန်ခိုး အရှိန်အဝါ ကြီးမြင့်လာပါလိမ့်မယ် ဘုရား။ ဤနယ်သည် ရတနာများရှိရာ မြေလို့ ကျွန်တော်မျိုး မှန်းမိပါတယ်။ နောင်သောအခါ ဤမြေသည် စည်ပင်ဝပြောလာပါလိမ့်မယ်။ ယဉ်ကျေးမှုသုခုမ ထွန်းကားလာပါလိမ့်မည်။ ဤနယ်တွင် သူတော်စင်များ ကျင်လည်နေကြသည် မြင်ရာ အောင်မြေနင်းပါက အောင်ရပါမယ် ဘုရား'

ဆမ္ဘိကပုဏ္ဏား၏ လျှောက်တင်ချက်ကို သဘောကျသွားသော သုန္ဒိယဘုရင်သည် တဟားဟား ရယ်၍နေပြန်သည်။ သုန္ဒိယ၏ ရယ်သံသည် တစ်တောလုံးညံ၍ သွားတော့၏။

ထိုရယ်သံသည် တောတောင်တစ်လျှောက် ပျံ့နှံ့သွားရာ ခရီးသွားတစ်စု ကြားသွားသည်။ ထိုခရီးသွားများကား အဂ္ဂါနှင့်အဖွဲ့သားများ ဖြစ်သည်။

'ဘာသံလဲ'

တစ်စုံတစ်ယောက်၏ အသံမှန်း သိသော်လည်း ကျောထဲစိမ့်သွားသည်။ ရယ်သံဆိုသော်ငြား ကြောက်ခမန်းလိလိဖြစ်နေသည်။

'မောင်ကြီး ... ရှေ့ဆက်သွားလို့ ဖြစ်ပါဦးမလား'

ရှစာရီက မေးလိုက်ခြင်းဖြစ်သည်။ အဂ္ဂါ လှည့်ကြည့်၏။ ရှစာရီ၏ မျက်နှာပေါ်တွင် ထိတ်လန့်မှုများကို တွေ့မြင်နေရသည်။ ရှစာရီသာမကဘဲ ရှစာရီ၏ရံရွေ မာလုဂါကလည်း ထိတ်လန့်နေရှာသည်။





အဂ္ဂါ ခေါင်းဆောင်ကောင်း ပီသရပါလိမ့်မည်။

'သိပ်မစိုးရိမ်ကြပါနဲ့။ ဒါက လူ့သံဖြစ်ပါလိမ့်မယ်။ ရွာနဲ့လည်း နီးလာပြီပဲ၊ ဒီတောင်တစ်တောင် ကျော်ပြီးရင် စိန္ဓုရှဥ္စတိုင်းကို ရောက်ပြီး ဝင်ဝင်ချင်း ရဝေမြို့ငယ်ချောင်းကို ရောက်လိမ့်မယ်။ အဲဒီမှာ လူတွေနေထိုင်ကြတယ်။ ရွာကလူတွေ တောလာရင် ရယ်မောစရာရှိလို့ ရယ်မောတာ ဖြစ်ပါလိမ့်မယ်'

အဂ္ဂါသည် တည်ငြိမ်သော အသံနှင့်ဆိုသည်။ ခေါင်းဆောင်သူက စိတ်လှုပ်ရှားမှု မရှိသောအခါ အဖွဲ့သားများသည် ကြောက်စိတ်တို့ လျော့ပါးသွားသည်။

လူ့အရောက်အပေါက် နည်းသော တောမို့ ချုံနွယ်များ ပိန်းပိတ်နေသည်။ အချို့နေရာတွင် ကျားခြေရာများကို တွေ့ရသည်။ ကျောက်ဂူများကိုလည်း တွေ့ရသည်။ ဝင်နားချင်သော်လည်း မနားရဲပေ။ နယ်ပိုင်များ၏ ဂူမြင်ဖြစ်နေမည်ကို စိုးရိမ်သည်။ သစ်ရိပ်ကောင်းကောင်းတွင် နားလျှင်ပင် သစ်ပင်စောင့်နတ်မင်းထံ ခွင့်တောင်းပြီး နားသည်။

စားသောက်လျှင်လည်း လောဘနှင့်မစားဘဲ ဦးစွာ လှူတန်းသည်။ ဆွမ်းတော်တင်သည်။ ပြီးမှ စားသည်။ သို့သော် ထမင်းမစားရသည်မှာ ကြာပြီဖြစ်သည်။

သစ်သီးများကို မရှိစား စားနေရသော်လည်း လူဖြစ်သောကြောင့် ထမင်းကို တမ်းတမိသည်။

ရှစာရီကတော့ သစ်သီးစားရတာ မငြီးငွေ့ပေ။ သို့သော် ဝုထမ်းသုနှစ်ဦးနှင့် မာလုဂါကတော့ နှုတ်ခမ်းတွေဖူးဖောပြီး အင်အားပြက်လပ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်သည်။ ဤတောလမ်းခရီး အပြင်းနှင်းလာသည်မှာ ခုနစ်ရက် မြောက်ခဲ့ပါပြီ။ သို့သော် ရဝေမြိုင်ချောင်သို့ နေမဝင်ခင် အရောက်ဟု မှန်းသည်။ သို့သော် အင်အားချည့်နဲ့နေပြီမို့ ခရီးက မတွင်ကျယ်ပေ။ ဤပုံအတိုင်းဆိုလျှင် ညဥ့်ဦးယံမှ ရောက်မည်ထင်သည်။

မိုးသားတွေ ကင်းစင်ပြီး ကောင်းကင်ကြီး လှပနေသည်။ ညဆို လသာလိမ့်မည်။ လပြည့်တော့မည် ဖြစ်သည်။ လပြည့်ပါက ကပြဖျော်ဖြေ၍ ကောင်းပေလိမ့်မည်။

ရဝေမြိုင်တွင် ဖျော်ဖြေပွဲ လုပ်ချင်သည်။ စိနရဋ္ဌတိုင်းသည် အကြားသာရှိခဲ့သည်။ ထို့ကြောင့် ရောက်ဖူးသည်ရှိအောင် ပြောင်းရွှေ့ကြခြင်းဖြစ်သည်။

ဆန်ရေစပါး ပေါသည်။ သစ်သီးဝလံ သစ်ဥနှင့် သားရဲတိရစ္ဆာန် လာသည်။ သူတော်စင်များ နေထိုင်ရာ အရပ်ဒေသလည်းဖြစ်သည်ဟု ဆိုကြသည်။ မွန်မြတ်သော မြေကို မသွားရဲစရာအကြောင်း မရှိပေ။ ကောင်းသောမြေကို နင်းဖူးချင်သည်။

လှူသက်တမ်းကို ကံက ပိုင်သည် ဖြစ်သောကြောင့် အဂ္ဂါတို့ အဖွဲ့သည် မည်သည့်အရပ်ဒေသမဆို သွားခဲ့သည်။ ကြောက်လန့်မှုရှိ သော်လည်း တွန့်ဆုတ်ခြင်း မရှိချေ။ အဂ္ဂါတို့အဖွဲ့တွင် အသပြာများများ မရှိပေ။ ပစ္စည်းများများ မရှိပေ။ သို့သော် ဒေသအတွေ့အကြုံနှင့် လူမျိုးစုအတွေ့အကြုံများရှိသည်။ ဒါကို ဂုဏ်ယူကျေနပ်စွာဖြင့် နယ်လှည့်ဖျော်ဖြေရေးအဖွဲ့ဟု ကြွေးကြော်နေခြင်းသာ ဖြစ်တော့သည်။

× × ×



ဗုံသံကို ကြားရသောအခါ သုနန္ဒိယ ဘုရင် နိုးလာသည်။

'ဗုံ ... ဒုံ ... ဒုံ'

အသံလာရာအရပ်သို့ နားစွင့်သည်။ ဖောင်ပေါ်မှလာသော အသံ ပေါက်တာ သေချာသည်။ ဒါဆို ... မြေပြင်ကပေါ့။

'နာယိက'

'မှန်ပါ့ ဘုရား'

'ဘယ်ကလာတဲ့ အသံလဲဟေ့'

'ရဝေချောင်ကပါ ဘုရား။ ဤအနီး ရဝေမြိုင်ဆိုတဲ့ ကျေးရွာ တစ်ရွာရှိကြောင်း သိရပါတယ် ဘုရား'

သုနန္ဒိယ ဘုရင် နားစွင့်သည်။ အသံသည် သာယာနာပျော် ဖွယ်ရှိလှသည်။ ထိုဂီတမျိုးကို သုနန္ဒိယ ဘုရင် မကြားခဲ့ဖူးပါ။ ဘယ်လို ဘုရိယာမျိုးလဲ။

'ဆမ္ဘိက'

'ဘုရား'

ဆမ္ဘိကပုဏ္ဏားနှင့် နာယိကအမတ်သည် ဘုရင်သုနန္ဒိယ၏ ဆက်ခွဲတော်များဖြစ်သည်။ သွားလေရာ ပါတတ်သည်။ ခရီးတစ်ထောက် နားပြီး စက်တော်ခေါ်လျှင်ပင် မောင်းမမိဿံများ အပါးတွင် မထားတတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ နာယိကနှင့် ဆမ္ဘိကတို့ကိုသာ အပါးတော်၌ ထားသည်။

'ဒီဂီတဟာ ဘာဂီတလဲ၊ မှန်ရာကို သံတော်ဦးတင်စမ်းဟဲ့'

'ဗုံ၊ ကြေးကွင်း၊ ဝါးတို့ ဆတူတီးမှုတ်တဲ့ ဂီတပါ ဘုရား။ ကချေသည်ရဲ့ ကကွက်ကောင်းနှင့်သာ ဆိုပါက လိုက်ဖက်တဲ့ ဂီတမျိုးပါ ဘုရား'

'ငါ ... ရှုချင်စမ်းတယ် ဆမ္ဘိက၊ ကဲ ... အသင့်ပြင်၊ ရဝေမြိုင်ကို ငါ ကိုယ်တော်တိုင်မြန်းမယ်'

ဘုရင့်အာဏာစက်သည် စူးရှလှပါပေသည်။ ဘုရင်က သွားချင်တယ်ဆိုသည်နှင့် ဝေါယာဉ်အသင့် ပြင်နေပြီဖြစ်သည်၊ နှစ်ကျိပ်သော စစ်သည်တို့ကို ခြံရံလျက် သုနန္ဒိယ ဘုရင်သည် ရဝေမြိုင်သို့ ထွက်လာခဲ့သည်။

ရေစပ်နှင့်တောင်ကုန်းသည် အနည်းငယ်လှမ်းသည်။ ရွာကလေးသည် တောင်နှစ်လုံးကြားတွင် ရှိနေသည်။ ခပ်ပြေပြေတောင်ကြော၏ နေရောင်ကို ကောင်းစွာရသည်။

ကျောက်တောင်ကြောမှ လှမ်းမျှော်ကြည့်သောအခါ စည်ဝေဝပြောသော ရဝေမြိုင်ကို တွေ့ရတော့သည်။

'လှလိုက်တဲ့ စိနရှု၊ ဒါကို ငါ ကိုယ်တော် မသိခဲ့ဘူး'

သုနန္ဒိယ ဘုရင်၏ မျက်တော်သည် ကြည်ရွှင်နေသည်။ အလှပြည့်သော ကလေးငယ်တစ်ဦးနှင့် တူလှသည်။

'ရွာထဲ ... စစ်သည်တွေ ဝင်လာတယ်'

တစ်စုံတစ်ယောက်၏ အော်သံကြောင့် ရွာလမ်းလေးသည်





ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ တဒုံဒုံ ထုနေသော ဗုံသံသည် ရုတ်ချည်းတိတ်ဆိတ်သွားသည်။ ထိုခဏအတွင်းမှာပင် ဝိုင်းအုံနေကြသော လူစုသည် ကြက်ပျောက် ငှက်ပျောက်။

အဂ္ဂါရော ရုစာရီပါ အံ့သြသွားသည်။

ထိုအမြင်မျိုး တစ်ခါမျှမကြုံခဲ့ဖူးချေ။

'ဟင်'

အံ့သြစွာ မှင်တက်သွားသည်။ သစ်လွင်တောက်ပသော ဝတ်စုံများကို လှမ်းမြင်နေရသည်။ လူလေးယောက် ထမ်းရသော ဝေါယာဉ်ပေါ်တွင် မိန့်မိန့်ကြီး ထိုင်လိုက်လာသူတစ်ဦး ...

မည်သူ မည်ဝါမှန်း မသိသေးခင်မှာပင် ဘုန်းတန်ခိုးကြီးသူဖြစ်မည်မှန်း ခန့်မှန်းမိ၏၊ ထို့ကြောင့် ခေါင်းကိုပင် မော်မကြည့်ဝံ့ချေ။

ပြေးလည်းမပြေးတတ်ပေ၊ ပြေးစရာ အိမ်လည်း မရှိပေ၊ လူအုပ်ကြီးသည် ရုစာရီတို့ အနီးတွင်ရပ်တံ့သွားသည်။ ရုစာရီ တုန်လှုပ်နေသည်၊ ဖြတ်ကျော်သွားလိမ့်မည် အထင်နှင့် စိတ်အေးနေရာမှ ရင်ခုန်သံ ပိုမြန်လာသည်။

'ဂီတသံက သင်တို့ထံမှလား'

'မှန်ပါတယ် အရှင်၊ ဂီတက ကျွန်ုပ်၏ ဖန်တီးမှုပါ'

အဂ္ဂါ၏ အဖြေစကားကြောင့် သုနန္ဒိယ ဘုရင် ဝေါယာဉ်ပေါ်မှ ဆင်းသည်။

'မယ်မင်းက ကချေသည်လား'

ရုစာရီသည် ကြောက်လန့်သွားသည်၊ ထို့ကြောင့် မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂါထံ တိုးကပ်သွား၏။

'မှန်ပါ့ ... ကျွန်ုပ်၏နမယ် ရစာရီ မည်ပါသည်။ အရှင်ကျွန်ုပ်ကား အဂ္ဂါ မည်၏။'

'သင်တို့ အနုသုခမကို ကိုယ်တော် မြင်စမ်းချင်တယ်'

ဘုရင် သုနန္ဒိယသည် ပြောဆိုပြီး ပြန်လှည့်သွားကာ ဝေါယာဉ်ပေါ် တက်သည်။

'တယ်သာယာလှတဲ့ ရဝေချောင်ပါလား။ စိနရဋ္ဌကို အောင်ရမည် ... အောင်မြေကို ငါ ကိုယ်တော်မြတ် ရဝေချောင်မှာ နင်းမည် ဆမ္ဘိက'

'ဘုရား'

'ဟို တောင်စောင်းမှာ ဘုရားတည်ဖို့ ဒီညပြင်ပါ။ ခုနစ်ရက်အတွင်း ထီးတော်တင်ပွဲ လုပ်မည်ဟု နတ်ဒေဝါများကို မောင်းကျ ထီးတော်တင်ပွဲကို အတီး၊ အမှုတ်၊ အနုသုခမနှင့် ကျင်းပမည် အမိန့်တော်'

'သင့်မြတ်လှကြောင်းပါ ဘုရား'

သုနန္ဒိယ ဘုရင်သည် ဝေါယာဉ်ဖြင့် လှည့်ပြန်သွားသည်။ သို့သော် တစ်စုံတစ်ယောက်သော လူသည် စစ်သည်နှစ်ဦးနှင့်အတူ ကျန်ရစ်ခဲ့၏။

'ကဲ ... အသင်တို့ တူရိယာတွေ မယူပြီး ဖောင်တော်ကို လိုက်ခဲ့ကြပေတော့'

'ကျွန်ုပ်တို့က ဖျော်ဖြေရေးသမားတွေပါ အသင်'



'ဘုရင့်အမိန့်ကို အသင်တို့ လွန်ဆန်၍ မရပါ။ လွန်ဆန်ပါက မင်းပြစ်မင်းဒဏ် သင့်လိမ့်မည်။ သင်တို့ ဆုံခဲ့သော ပုဂ္ဂိုလ်သည် အခြားမဟုတ်။ ဘုရင်သုနန္ဒိယ မည်၏'

အဂ္ဂါ လန့်သွားသည်။ သွေးလေတို့ ချောက်ချားကုန်သည်။

သုနန္ဒိယ ဘုရင်ဆိုပါလား။ စစ်သွေးကြွနေသော ဘုရင်ဖြစ်ကြောင်း အဂ္ဂါ သိသည်။ ရက်စက်ကြမ်းကြုတ်သော နှလုံးသားပိုင်ရှင်ဖြစ်သည်။ သုနန္ဒိယဘုရင်ကို အခြားသော တိုင်းပြည်များက မလွန်ဆန်ဝံ့ချေ။ မတိုက်ခိုက်ဝံ့ချေ။ အင်အားကြီးစစ်တပ်ကို ပိုင်သော ဘုရင်ဖြစ်သည်။ တန်ခိုးဩဇာ ကြီးမားသည်။ ဤသို့ ဘုရင်မျိုးနှင့် ဆုံလာမှတော့ ခုသေဆိုလျှင်တောင် သေရပေလိမ့်မည်။

မိမိအသက်ကို မိမိ မပိုင်ချေ။ မိမိကိုယ်ကို မိမိ မပိုင်ချေ။ ဆံစမှ ခြေဖျားထိ သုနန္ဒိယဘုရင်သာ ပိုင်သည်။

ထို့ကြောင့် ကြောက်လန့်နေသော ရစာရီကို အားပေးမိသည်။

'မကြောက်လေနှင့် နမ။ ဘုရင် သုနန္ဒိယက မောင်ကြီးတို့ကို စောင့်ရှောက်မှာပါ။ ကဲ ... မာလုဂါနဲ့ ရောင်းရင်းတို့နှစ်ဦးသည် မြေမှာသာ ကျန်ရစ်ခဲ့ပေတော့။ ကျွန်ုပ်တို့ ဖောင်သို့ မြန်းဦးမည်'

'ဘာလို့လဲ ... မောင်ကြီးရယ်'

'ရောင်းရင်းရယ် ... ကျွန်ုပ်တို့ မနေခဲ့နိုင်ဘူး။ ကျွန်ုပ်တို့ဟာ သွားအတူ စားအတူ အသက်ပေါင်ထားကြတဲ့ သုခမတွေပါ'

'ကျွန်ုပ်တို့ လိုက်ပါသွားမယ်။ သင်တို့ ရဝေချောင်မှာ ကျန်ရစ်ပါ။ ဖောင်ကြီးကမ်းမှ ခွာသွားချိန်ထိ ကျွန်ုပ်တို့ ရောက်မလာပါက

www.burmeseclassic.com

www.burmeseclassic.com



သင်တို့ထံ ကျွန်ုပ်တို့ရောက်လာတော့မည် မဟုတ်ပေ'

'ကောင်းပါပြီ ... ရောင်းရင်း၊ သင် သွားပါ။ သင် ဘာကြောင့် ကျွန်ုပ်တို့ကို မခေါ်သလဲဆိုတာ အကြောင်းအရင်းရှိလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံသည်။ သင်တို့ မလာမချင်း ဤရေမြိုင်ချောင်မှာ စောင့်ပါမယ်'

ဤသို့နှင့် ဆယ်နှစ်ကျော် အတူနေလာသူများကို နှုတ်ဆက်ခဲ့ရသည်။ ရုစာရီက ငိုနေရှာသည်။ အဂ္ဂါတော့ နောက်လှည့်မကြည့်ချေ။ အဂ္ဂါ စိတ်ထဲတစ်ခုခုကို ကြိုသိနေသည်။ ရောင်းရင်းများနှင့် ပြန်မဆုံနိုင်တော့မှန်း ရိပ်မိသည်။ ရင်ထဲ ဝမ်းနည်းသည်။ မငိုမိအောင် စိတ်ကို ထိန်းချုပ်ထားရ၏။ ထိုဝမ်းနည်းမှုသည် ပြန်မဆုံနိုင်မှန်း သိနေသော မော်ဝိညာဉ်ကပ်ပါနေသည်။

ဘာကြောင့် ဒီလောက်တောင် ဝမ်းနည်းနေရတာလဲ။ ငှက်ကလေးများသည် ပြာလွင်သောကောင်းကင်ပြင်ထက်၌ ပျံဝဲနေကြသည်။ ခပ်လှမ်းလှမ်းမှ ခင်ပုပ်ငှက်၏ အော်သံကို ကြားနေရသည်။

သမင်ဟောက်သံလည်း ကြားရသည်။ လင်းတခေါ် ကြီးစားသောငှက်ကြီးသည်လည်း လူးလားခေါက်တုံ့ ပျံဝဲနေသည်။ နေမင်းကြီးကတော့ ရင့်ကျက်စွာ တည်ငြိမ်နေလေသည်။

× × ×



'ဟား ... ဟား ... ဟား'

တုရိယာဂီတသံနှင့်အတူ ရယ်သံသည် ဆန့်ကျင်စွာထွက်ပေါ်လာ၏။ ဂီတသံတွင် ဝမ်းနည်းနာကျင်ခြင်းများကို ခံစားရသော်လည်း ကချေသည်၏ ကကွက်မှာ မြူးကြွလှသည်။ စည်းနှင့်ဝါးကို ဟန်ချက်ကျကျ တီးရင်း ကိုယ်ခန္ဓာအလှကို ပြနေလေသည်။ မပြုံး၍မရပါ။ ရာဇဝတ်ကြီးစွာ သင့်လိမ့်မည်။ ကချေသည်၏ ရှေ့မှောက်၌ရှိသူသည် အခြားမဟုတ် သုနန္ဒိယဘုရင်ကြီး ဖြစ်သည်။

ဗုံပုံးလေးများကို တီးနေသူသည် မျက်ရည်များစီးကျနေသည်။ ဒါကို ကချေသည်က မြင်သော်လည်း မျက်ရည်သုတ်ပေးခွင့် မရှိချေ။

'ရာဇကုမ္မန်ထိန်းတော်မူပါဘုရား'

'ဟား ... ဟား ... နာယိက ... လာ ... လာ'

သုနန္ဒိယ ဘုရင်သည် ထိန်းချုပ်၍မရတော့ချေ။

ရေဝေမြိုင်မှ ခါက်သော သေရည်နှင့်ကချေသည်၏ အကာ အလှတို့၌ ယစ်မူး၍နေသည်။ ပလ္လင်ပေါ်မှ တရွတ်တိုက် ဆင်းကာ ကချေသည်နှင့်အတူ ကခုန်သည်။ ကချေသည်လေးကို ပွေ့ဖက်သည်။ မျက်နှာအနံ့ နမ်းရှိုက်ရန် ကြံရွယ်သောအခါ ကချေသည်လေးက ပညာသားပါပါ ရှောင်လွှဲရန် ပြင်သည်။

www.burmeseclassic.com



သုနန္ဒိယ ဘုရင်၏ မြူးထူးမှုကို ဆမ္ဘိကအမတ်ပင် တားမရ တော့ပေ။ သုနန္ဒိယ ဘုရင်ကြီး ဤမျှမြူးထူးခြင်းကို အပါးတော်မြဲ နာယကအမတ်ပင် မမြင်ဘူး၍ တအံ့တသြ ဖြစ်နေသည်။

'ဟား ... ဟား ... ဟား ... မောင်မင်းတို့တွေ သွားကြ တော့။ ကိုယ်တော် သည်ည ရစာရီနဲ့ ပျော်ပါးမယ်'

အဂ္ဂါ နားထဲ သံရည်ပူနှင့် လောင်းလိုက်သည့်ပမာ ပူလောင် သွားသည်။ မိမ မြတ်နိုးရသော မိန်းကလေး၊ ချစ်ရသူလေး၊ လှသော ပန်းမို့ မခူးရက် မခြွေရက် စောင့်ရှောက်ခဲ့ရသူလေး ဖြစ်သည်။ ယခု တော့ သုနန္ဒိယ ဘုရင်၏ အသုံးတော်ခံ ဖြစ်တော့မည်တဲ့လား။

'ဟား ... ဟား ... ရစာရီလေး အသင်ကြောင့် ကိုယ်တော် ရှူးရလိမ့်မယ်'

ရှူးလျှင် ရှူးစရာပင်။ ဖြူသော အဝတ်ဖားဖားလေးနှင့် ဟန် ချက်ညီညီ ကိုယ်ဟန်ပြတတ်သည်။ မလုံသောအင်္ကျီကြားမှ ထွက်နေ သော ဗိုက်သားလေးများသည် ကိုယ်ကို ယိမ်းလိုက်တိုင်း အတိုင်းသား ပေါ်သွားတတ်သည်။ ပဝါပါးလေး ခြုံထားသော်လည်း လှသော လက်ပြင် လေးသည် မလုံ့တလုံ ခိုးထွက်နေရှာသည်။ လှမ်းလိုက်သော ခြေလှမ်း တိုင်း ဖွေးဖွေးဖြူသွားသော ခြေသလုံးသားလေးမှာ မြွေဖြူလေးတစ် ကောင်နှယ် ဝင်းအိ၍နေတော့၏။ စိနရဋ္ဌတိုင်း၏ ကချေသည်လေးသည် ဇေယျပူရ၏ ကချေသည်များနှင့် ခြားနားသည်မှာ အမှန်ဖြစ်သည်။

ဇေယျပူရ၏ ကချေသည်များသည် ခြေထိုးချက် မမှန်ပေ။ ကိုယ်ဟန်မလှပေ။ ကိုယ်ခန္ဓာကော့ညွတ် ပျော့ပြောင်းခြင်းမရှိပေ။



အမြင်ဆန်းသော အလှတရား၌ သုနန္ဒိယဘုရင် ယစ်မူးသွား သည်မှာ အဆန်းတော့မဟုတ်လှပါ။

ဘုရင်ကြီး မဆိုထားနှင့် မှူးမတ်၊ ဗိုလ်ပါများပင် တဒင်္ဂ မေ့ မျောခဲ့ရသည် မဟုတ်ပါလား။

သေရည်လည်းကောင်းလှပါပေသည်။ အနံ့မွှေးသည်။ တစ်ခွက် သောက်လိုက်တိုင်း ရီဝေသွားသည်။ သေရည်နှင့်ဂီတ ပိုင်းလိုက်သော အခါ စိတ်သည် အလိုလို ပျော်ရွှင်လာသည်။

ယိုင်နဲ့နဲ့ခြေလှမ်းများသည် စည်းချက်မမှန်သော်လည်း သုနန္ဒိယ ဘုရင်သည် မရပ်မနားသောက်ပြန်သည်။ ညဦးနက်လာသည်နှင့်အမျှ ကခုန်တီးမှုတ်သံများ တိုးညှင်းစပြုလာသည်။

သန်းခေါင်ယံချိန် ရောက်သောအခါ တောကောင်သံအချို့မှာ လွဲ၍ ဖောင်တစ်ခုလုံး တိတ်ဆိတ်ကုန်သည်။ ရေစီးသံကိုသာ ဝိုးတဝါး ကြားနေရသည်။ ကညင်ဆီမီးတိုင်ကြောင့် အစောင့်စစ်သည်အချို့ကို တွေ့ရသည်။

'နှမတို့ ဘယ်လိုလုပ်ကြမလဲ မောင်ကြီး'

သောက်စား ပျော်ပါးသူများ အိပ်ပျော်လေသောအခါ အဂ္ဂါနှင့် ရစာရီတို့ အသက်ရှူချောင်သွားသည်။

ဖောင်သည် မြစ်ကမ်းစပ်၌ ရပ်နားထားသည်။ ကုန်းမြေနှင့် ဖောင်ကို တံတားထိုးပြီး ရပ်ထားသည်။ ညအခါ၌ ထိုတံတားကို ဖြုတ် ထားသည်ဖြစ်ရာ ထွက်ပြေးဖို့ မလွယ်မှန်း အဂ္ဂါ ရိပ်မိသည်။

'နှမ ... သုနန္ဒိယဘုရင်နဲ့ မနေနိုင်ဘူး။ မောင်ကြီးနဲ့ပဲနေမယ်။

www.burmeseclassic.com



မောင်ကြီးကပဲ နုမကို အကြွင်ပြုပါတော့'

'မဖြစ်ဘူး နုမငယ်၊ မောင်ကြီးနဲ့နုမ ကြွင်သူဖြစ်ခဲ့ရင်တောင် သုနန္ဒိယ ဘုရင်လက်က လွတ်မှာမဟုတ်ဘူး၊ စစ်သွေးဆူနေတဲ့ သုနန္ဒိယ ဘုရင်က ကံငါးပါး ထိန်းလိမ့်မည် မထင်လေနှင့် နုမ'

'ဒါဆို ... နုမတို့ ထွက်ပြေးကြစို့လား မောင်ကြီးရယ်'

'မရဘူး ... နုမငယ်၊ ဒီရေက ငြိမ်နေတယ်၊ နုမ နားထောင်ကြည့် ရေအောက်ရေစီးသံကို ကြားရတယ်၊ ရေနက်မယ်သဘော ဆောင်တယ်၊ တံတားကို စစ်သည်တွေ ရုပ်သိမ်းထားတယ်၊ တံတား ရှိတယ်ထားဦး သုနန္ဒိယ ဘုရင်ရဲ့ အမိန့်မပါဘဲ မောင်ကြီးတို့ ထွက်လို့ ရမှာ မဟုတ်ဘူး'

'ဒါဆို ... ဘယ်လိုလုပ်ကြမလဲ'

'အချိန်တွေ ရှိပါသေးတယ် နုမငယ် ... ခြောက်ရက် ကျန်ပါသေးတယ်'

'ဒီကြားထဲ ...'

'စိတ်မပူလေနဲ့ နုမငယ်၊ ရွာက ဆက်သတဲ့ သေရည်အိုးထဲမှာ မောင်ကြီး ပန်းပေါင်းစုံခတ်ထားတယ်၊ သောက်ပြီးတိုင်း ခုလို အိပ်ပျော်ကြမှာပဲ'

ဉာဏ်ရည်ထက်မြက်သော အဂ္ဂါကို ရစာရီ အားကိုးတကြီး ကြည့်ပြန်သည်။ ပန်းပေါင်းစုံဆိုသည်မှာ ကမ္ဘောဇတိုင်းမှ ပါလာသော ဆေးတစ်မျိုးဖြစ်သည်။ မူးယစ်ရီဝေပြီး နှစ်ခြိုက်စွာ အိပ်မောကျစေသည်။

'နုမကို ပစ်မထားပါနဲ့ မောင်ကြီးရယ်၊ နုမ ... သုနန္ဒိယ



ဘုရင်ရဲ့ မောင်းမမိဿန် မဖြစ်ပါဘူး၊ နုမဘဝမှာ မောင်ကြီးတစ်ယောက်တည်းပါ။ မောင်ကြီး ရင်ခွင်ကလွဲရင် အခြား ဘယ်သူ့ရင်ခွင်ကိုမှ မဝင်ပါရစေနဲ့'

'နုမရယ် ...'

အဂ္ဂါ ရင်ထဲ နာကျင်သွားသည်။ ဝမ်းတစ်ပြင်လုံး ပူနွေးသွား၏ သူ၏ လက်မောင်းကို ဆုပ်ကိုင်ထားသော ရစာရီ၏ လက်များသည် ရင်ခုန်သံကို ဖြစ်ပေါ်စေသည်၊

ကောင်းကင်တွင် မှိတ်တုတ်လက်နေသော ကြယ်စုလေးများသည် ရစာရီ၏ မျက်လုံးလေးများနှင့် တူသည်။

'မငိုပါနဲ့ နုမရယ်၊ မောင်ကြီး ရှိပါသေးတယ်။ မောင်ကြီး အသက်သေရမယ်ဆိုရင်တောင် နုမကို စောင့်ရှောက်ပါ့မယ်'

'မပြောပါနဲ့ မောင်ကြီးရယ်၊ မောင်ကြီး မရှိလို့ရော နုမ ဒီလောကထဲ အသက်ရှင်နိုင်မှာမို့လို့လား၊ မောင်ကြီးသာ အမိ၊ မောင်ကြီးသာ နုမအတွက် တစ်ဦးတည်းသော လူပါ'

မှန်ပါသည်။ ရစာရီနှင့် အဂ္ဂါတို့သည် အတူတူကြီးပြင်းခဲ့ကြသည်မှာ အသက်ရှစ်နှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ ရစာရီသည် ကချေသည်မောင်နှံ၏ ရင်နှစ်သည်းချာ ဖြစ်ပြီး အဂ္ဂါကိုတော့ ထိုကချေသည် မောင်နှံက မွေးစားထားခြင်းဖြစ်သည်၊

ခရီးတစ်ထောက် အနားတွင် တဲအိမ်သည် မီးလောင်၏ ထို မီးလောင်သောအချိန်၌ အဂ္ဂါကို မွေးသည်၊ အဂ္ဂါ၏ ဖခင်သည် မီးထဲ ဆုံးပါးသွားသည်၊ ထိုသတင်းကို ကြားသော မိခင်သည် သွေးလန့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးသွားပြန်သည်။ ထိုအချိန်က ရစာရီသည် မိခင်ဝမ်းတွင်းရှိဆဲ ဖြစ်သည်။ သို့သော် မီးလောင်ပြင်၌ပင် ရစာရီကို မွေးဖွားခဲ့သည်။ အဂ္ဂါနှင့် ရစာရီသည် ခုနစ်ရက်သာ အသက်ကွာဟကြသည်။

လူ့မှုန်း မသိတတ်ခင်ကတည်းက အတူကြီးပြင်းခဲ့ကြသည်မို့ တစ်ဦးကိုတစ်ဦး မျက်စိအောက်မှ အပျောက်မခံနိုင်ချေ။ အဂ္ဂါက နယ်တကာလှည့်သည်။ ရစာရီကလည်း မညည်းညူလိုက်သည်။ မာလုဂါကတော့ အဂ္ဂါနှင့် ရစာရီတို့အား ရှေ့သွားနောက်လိုက်ညီသော စုံတွဲဟု ဆိုသည်။ ထိုသို့ဆိုတိုင်း ရစာရီ ရင်ထဲ ပီတိဖြစ်ရသည်။ ထိုစကားလုံးမျိုး မာလုဂါကို များများ ပြောစေချင်သည်။

မောင်ကြီး၏ မေတ္တာစကားကို ရစာရီ မျှော်လင့်ခဲ့သည်။ မောင်ကြီးသည် ရစာရီအပေါ် မေတ္တာရှိမှန်း ရစာရီ ရင်ထဲက သိသည်။ သို့သော် မောင်ကြီး၏ နှုတ်ဖျားမှ မေတ္တာစကားကို မကြားရချေ။ ရစာရီ မျှော်လင့်နေဆဲဖြစ်၏။ ရစာရီဘဝတွင် မောင်ကြီးသာ ပထမ၊ မောင်ကြီးသာ ဒုတိယ၊ မောင်ကြီးသာ နောက်ဆုံးဖြစ်သည်။ ဤမျှ နိုင်မာနေသော နှလုံးသားကို ဒဏ်ရာမပေးရက်ပေ။ ဘုရင်မင်းမြတ်ဆိုသော်ငြား သုနန္ဒိယကို မကောင်းဆိုးဝါးဟုသာ ရစာရီ နှလုံးသားထဲ မြင်သည်။ မိဖုရားအရာကိုပင် မမက်မောမှတော့ မောင်းမမိဿံဆိုသော အရာကို စက်ဆုပ်ရွံရှာမိသည်။

'သွား ... အိပ်တော့လေ ... ညဉ့်နက်လာပြီ'

'ဟင့်အင်း ... နှမ ... မအိပ်ချင်သေးဘူး။ နှမ အိပ်နေတုန်း မောင်ကြီး ထွက်သွားမှာ စိုးရိမ်မိတယ်'



'စိတ်ချလက်ချ အိပ်ပါ နှမရယ်။ မောင်ကြီးရဲ့ ကိုယ်ဆိုပေမယ့် နှမရဲ့စိတ်နဲ့ အသက်ရှင်တာပါ။ နှမ မရှိတဲ့ဘဝ မောင်ကြီး ဘယ်လို ရှင်သန်မလဲ'

'အဲဒါ မေတ္တာစကားလားဟင် ... မောင်ကြီး'

'မောင်ကြီးနဲ့နှမကြားမှာ မေတ္တာစကားရယ်လို့ သီးခြားရှိသေးလို့လား နှမရယ်'

ရစာရီ နှစ်လိုစွာပြုံးသည်။ ဦးခေါင်းလေးကို မောင်ကြီးရင်ခွင်ကြား တိုးဝှေ့မိသည်။

အဂ္ဂါကလည်း ရစာရီ ပခုံးလေးကို ယုယစွာပွေ့ဖက်မိသည်။

'မောင်ကြီး ရင်ထဲ ပူနေသလား ... ဟင်'

'မေးတတ်ပေတယ် နှမရယ်။ မောင်ကြီးက နေရပ်အတည်တကျမရှိတဲ့ အနုပညာသည်ပါ။ သုနန္ဒိယဘုရင်က နယ်မြေစိုးပိုင်တဲ့ မင်းတစ်ပါး။ အင်အားချင်း ဒီလောက်ကွာတာ မောင်ကြီး ရင်မပူဘဲ ရှိပါ့မလား။ ပြီးတော့ သုနန္ဒိယ ဘုရင်ဆိုတာ စစ်သွေးကြွသူ၊ တဖောက်ကန်းသူ'

'မောင်ကြီးက သုနန္ဒိယဘုရင်ကို သိလို့လား'

'မသိရှိမလား နှမရယ်။ သုနန္ဒိယဘုရင်က စိနရဋ္ဌတိုင်းကို စစ်သဝဏ်လွှာ ပို့ခဲ့လို့ စိနရဋ္ဌမင်းက ကမ္ဘောဇဘုရင်ထံ စစ်ကူအင်အား တောင်းတဲ့ သတင်း ကမ္ဘောဇတိုင်းမှာ ပျံ့နေပြီ'

'အို ... ဒါဆို ... သုနန္ဒိယဘုရင်က စစ်ပြုလာတော့ပေါ့'

'အင်း ... ဒီအရပ်မှာ အောင်မြေနင်းမယ်လို့ အမတ်နာယက

www.burmeseclassic.com



ပြောသံကြားတာပဲ။ ရှုံးပွဲမရှိသေးတဲ့ သုနန္ဒယဘုရင်က အင်အားကြီးလာရင် ကမ္ဘောဇတိုင်းကို တိုက်ခိုက်ပြန်မှာပဲ'

'အို ... ပြည်သူပြည်သားတွေတော့ ဒုက္ခရောက်တော့မှာပဲ'

'ဘယ်တတ်နိုင်မလဲ နှမရယ်၊ မောင်ကြီးတို့မှ စစ်ကို မတားဆီးနိုင်တာ၊ ကမ္ဘာတည်သရွေ့ စစ်တော့ ဖြစ်နေကြဦးမှာပဲ၊ ကဲ ... ကဲ နှမ အိပ်တော့၊ မောင်ကြီးလည်း လွတ်မြောက်ဖို့အရေး ကြံဆောင်ရဦးမယ်'

'ဒီ တစ်ညတော့ မောင်ကြီး အနားမှာပဲ နေပါရစေ မောင်ကြီးရယ်၊ သူတို့တွေကို နှမ ကြောက်လို့ပါ'

လမင်းသည် အိမ်ကြားထဲမှ ထွက်ပေါ်လာသည်။

လမင်း၏ အလင်းရောင်အောက်တွင် တစ်စုံတစ်ယောက် သွားလာနေသည်ဆိုတာ မည်သူမှ သတိမပြုမိတော့ပေ၊ မျက်ဝန်းတစ်စုံသည် ဖောင်ဦးမှ ချစ်သူစုံတွဲကို စိုက်ကြည့်နေသည်၊ သို့သော် ထိုမျက်ဝန်းသည် ဖျူစင်ခြင်းများ ပြည့်သိပ်နေသည်၊ ထိုစုံတွဲ၏ ကမ္ဘာသည် ညလေအေးနှင့်အတူ ငြိမ်းချမ်းလျက် ...

× × ×





'ဘယ်လို ... ဆမ္ဘိက ... ဘယ်လို'

'မှန်ပါ့ ... ဘုရား၊ ကျွန်တော်မျိုး၏ တွက်ချက်မှုအရ ရုစာရီ ကချေသည်သည် ထူးခြားသော အတိတ်ကို ဆောင်ပါ၏၊ ရုစာရီ၏ သက်တမ်းသည် သာမန်လူ၏ သက်တမ်းမျိုးမဟုတ်ပါ ဘုရား၊ ရုစာရီသည် မှန်းဆလို့မရသော သက်တမ်းဖြင့် လောကတွင် ရှင်သန်မည့်သူ ဖြစ်ပါသည်။

'အလို ကြားရတာ အံ့အားသင့်လှပေတယ်၊ ရုစာရီ မယ်မင်းသည် အဘယ်သို့သော အချင်းလက္ခဏာရှိပါသလဲ၊ ဆမ္ဘိက မှန်ရာကို သံတော်ဦးတင်စမ်း'

'မှန်ပါ့ ... ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံသော မိန်းမဖြစ်မည်ပေ၏ ဘုရား၊ ကျွန်တော်မျိုး ဆမ္ဘိက သက်တမ်းတစ်လျှောက် မတွေ့ခဲ့ဖူးသော အချင်းလက္ခဏာမျိုးပါ ဘုရား၊ ကံသည် လူကိုမခေါ်ဘဲ လူကသာ ကံကို ကွပ်ကဲရပေလိမ့်မည်၊ ကမ္ဘာလောကမှ လူများကို တုန်လှုပ်စေမည့်လူပါ ဘုရား'

'အလို ... ကြားရတာ ငါ ကိုယ်တော် ရင်တုန်လှုပေတယ်၊ မောင်မင်း ဆိုလိုတာက ရုစာရီ ကချေသည်ဟာ ကိုယ်တော်ထက် သာလွန်ပြီး ဘုန်းတန်ခိုးတက်မယ်ဆိုလားကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါ့ ဘုရား၊ လောက၏ ဆန်းပြားမှုတွေ သယ်ဆောင်လာမည့် လက္ခဏာရှင်ပါ'

'သင့်စကားသာ မှန်ပါက ကိုယ်တော် ရုစာရီကို ဘယ်လိုစီရင်သင့်သလဲ ဆမ္မိက'

'ရုစာရီသည် ကာမပိုင်ရှိနေသူမို့ မလျှောက်တင်ဝံ့ပါ ဘုရား'

'ရေမြွေသခင် ငါ ကိုယ်တော်ကို လွန်ဆန်ဝံ့သူ ရှိရိုးလား ဆမ္မိက'

'မသင့်ကြောင်းပါ ဘုရား ... မသင့်ကြောင်းပါ'

'ငါကိုယ်တော်လို ဘုရင်တစ်ပါးနဲ့ မတင့်တယ်တဲ့ မယ်မင်း ရှိရိုးလား။ ရုစာရီလို ထူးခြားသူက ငါ ကိုယ်တော်လို ဘုန်းတန်ခိုးရှိသူနဲ့မှ မလိုက်ဖက်ပေဘူးလား။ ဤသို့ ထူးခြားတဲ့ မယ်မင်းကို ကိုယ်တော် မဟုတ်တဲ့ အသည်သား ပိုင်ဆိုင်လို့တော့ ရာဇဝင်ရိုင်းရချည်ရဲ့ကွယ် ကဲ ... ကဲ ... အမိန့်တော်မှတ်မယ် နာခံစေ'

သုနန္ဒိယ ဘုရင်သည် ခါးကိုဆန့်ပြီး ခံစားသူ ပရိသတ်ကို ခြုံငုံကြည့်သည်။

'ကချေသည် ရုစာရီကို သမုဒ္ဒက ဘွဲ့အမည်နဲ့ မြောက်မိဖုရား အရာထားစေ'

ဘုရင့်စကား မိုးကြိုးသွားဆိုသည့်အတိုင်းပင်. . .စကားထုံး၏ သက်ရောက်မှုက ပြင်းရှလှပေသည်။

အမိန့်တော်ချခဲ့သည်မှာ အရဏ်လာချိန်မှ ဖြစ်သော်လည်း ဘိသိက်ခံပွဲအတွက် ရုစာရီ၏ ဝတ်စုံသည် အဆင်သင့်ဖြစ်၍ နေပါပြီ။





မြလွှာပြီးတောက်ပသော ပိုးသားဝတ်စုံသည် ရုစာရီကို တုန်လှုပ်ချောက်ချားစေသည်။

အဖြစ်အပျက်များသည် မြန်ဆန်လွန်းလှသည်ဖြစ်ရာ အံ့အားသင့်ချိန်ပင် မရလိုက်ပါ။

ရုစာရီသည် သုနန္ဒိယဘုရင်နှင့် မကြာခင်ဘိသိက်ခံရမည်ဖြစ်သည်။ လပြည့်ကျော် တစ်ရက်နေ့တွင် ရဋ္ဌဂန္ဓိစေတီကို ထီးတော်တင်ပေမည်၊ ထီးမတင်ခင်တစ်ရက် လပြည့်နေ့၌ ရုစာရီသည် သမုဒ္ဒက အမည်နှင့် ဘိသိက်ခံရပေလိမ့်မည်။

သာမန်ကချေသည် ေ ားတောသူတစ်ဦးဖြစ်သော ရုစာရီသည် ရေမြွေသခင်ကို မငြင်းပယ်ဝံ့ချေ။ ငြင်းပယ်နိုင်စွမ်းလည်း မရှိချေ။ မိန်းမသားတို့ လက်နက်သည် မျက်ရည်ပေပဲမို့ ချောင်ထဲ၌သာ ကြိတ်ငိုရတော့ \u{104b}

မောင်ကြီးအဂ္ဂါနှင့် တွေ့လိုသော်လည်း မိဖုရားလျောင်းလျာမို့ အစောင့်အကြပ်များကြား လွတ်လပ်စွာ သွားလာခွင့်မရနိုင်တော့ပေ။ ရုစာရီ၏ အမြင်သည် လှောင်အိမ်ထဲ ပိတ်မိနေသော ငှက်တစ်ကောင်နှင့် တူနေ၏။

မောင်ကြီး ဘာတွေလုပ်နေမလဲ။ လွတ်ရာလွတ်ကြောင်း ကြံဆောင်နေမလားဟု မျှော်လင့်မိသည်။

သို့သော် ဘုရင့်အာဏာမို့ မောင်ကြီးလည်း အားမတန်မာန်လျှော့ရမည်ကို စိတ်က သိနေ၏။

ဘယ်ဘဝကပါလာတဲ့ ဝဋ်ကြွေးလဲ။

ရုစာရီသည် မင်းစိုးရာဇာ မဖြစ်လိုပေ၊ သူဌေးသူကြွယ်ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မမက်မောမိ၊ သာမန် ကချေသည်ဘဝကိုသာ နှစ်သက်သည်။ မောင်ကြီး အဂ္ဂါ၏ ကြင်သူအဖြစ်နှင့်သာ လွတ်လပ်သောဘဝနှင့် နေထိုင်ချင်သည်။ ဘုရင် သုနန္ဒိယ၏ မောင်းမမိဿံလည်း မဖြစ်လိုပေ၊ မိဖုရားအရာကိုလည်း မလိုလားပေ၊ ပျော်လည်းမပျော်ပေ၊ ရုစာရီ၏ဘဝတွင် မောင်ကြီး အဂ္ဂါကသာ ပထမ၊ ဒုတိယ၊ နောက်ဆုံးဖြစ်သည်။ မိဖုရားလုပ်ပါက ဘုရင် သုနန္ဒိယ၏ အသုံးတော်ခံရပေမည်။ မောင်ကြီး အဂ္ဂါ နှင့် ရာသက်ပန်ဝေးရပေမည်။ ရုစာရီနှလုံးကွဲပြီး သေရပါလိမ့်မည်။ လောကတွင် အားကိုးရာဟု ထင်ထားသူမှာ မောင်ကြီး အဂ္ဂါသာဖြစ်သည်။ မောင်ကြီး မရှိသော ဘဝသည် အသက်မရှိသော ခန္ဓာနှင့် နေထိုင်ရတာနှင့်တူလိမ့်မည်။

ရုစာရီ ဘဝတွင် မောင်ကြီး မရှိ၍မရပါ။

မနက်လင်းတာနှင့် တစ်ပြိုင်နက် မောင်ကြီး အဂ္ဂါ၏ မျက်နှာသာမြင်ခဲ့ရသည်မှာ ရုစာရီ၏ ဘဝဖြစ်သည်။

ခုဆို သုနန္ဒိယဘုရင်က မိဖုရားအရာထားမည်ဟု မိန့်လိုက်သည်နှင့် တစ်ပြိုင်နက် မောင်ကြီးအဂ္ဂါကို မတွေ့ရတော့ချေ၊ မောင်ကြီးကို သတိရသည်။ မောင်ကြီး ဘယ်ရောက်နေတာလဲ။

ဘေးတွင်ရှိသော ရံရွေတော်များကို မုန်းမိသည်။

ထိုရံရွေတော်များသည် ရုစာရီကို လွတ်လပ်ခွင့်မပေးချေ၊ နှုတ်ကလည်း ရိုကျိုးစွာ ပြောဆိုသော်လည်း စိတ်ကို ချုပ်ထိန်းထားသည်။ ရုစာရီ မွန်းကျပ်လှပါလေသည်။

'ဆမ္ဘိက အမတ်မင်းနဲ့ တွေ့ချင်တယ်၊ ကျွန်တော်မျိုးမကို တွေ





ခွင့်ပေးပါ'

'ဤသို့ မသုံးနှုန်းသင့်ပါ မိဖုရား၊ ကျွန်တော်မျိုးမတို့သည် မိဖုရား၏ ကျွန်များသာဖြစ်ပါသည်။ ရာဇမာန်နှင့် နေထိုင်တော်မူပါ မိဖုရား'

ရုစာရီ ရင်ထဲ ဝမ်းနည်းသွားသည်၊ ငိုချင်သည်၊ သို့သော် ..တ်လမ်းကို ကြံဆောင်ရပေလိမ့်မည်။ ဤတောင်ပေါ်တွင် ဘုရင် နန္ဒိယ ..ပါက အာဏာစက်ရှိသူသည် ဆမ္ဘိကပုဏ္ဏားဖြစ်၏။ ဆမ္ဘိကပုဏ္ဏားသည် ..ညာရှိဖြစ်သောကြောင့် ကောင်းနိုးရာရာ အကြံရလိမ့်မည်ဟု ယုံပါသည်။

နေ့ချင်းညချင်း မိဖုရားအရာ မြှောက်သွားသော ရုစာရီ၏ အမိန့်ကြောင့် ဆမ္ဘိကပုဏ္ဏားသည် ရိုကျိုးစွာ ခစားဝင်လာသည်။ သလွန်..က်တွင် ထိုင်နေသော ရုစာရီကို အရိုအသေပြုကာ ကတ္တီပါခင်းပြင်ပေါ်ထိုင်ချသည်။

ရုစာရီသည် မနေနိုင်တော့ပေ။ သလွန်ထက်မှ ဆင်းပြီး ကတ္တီပါ..င်းပေါ် ဆမ္ဘိကပုဏ္ဏား နည်းတူ ထိုင်၏။

'မိဖုရား. . .မသင့်ကြောင်းပါ၊ အသင်တို့က အရှင်ဖြစ်သည်၊ ..ျွန်တော်မျိုးသည် ကျွန်ဖြစ်ပါ၏၊ သလွန်ထက်တွင် မြန်းတော်မူပါ'

'ကျွန်တော်မျိုးမ ဤသို့ မပြုနိုင်ဘူး အမတ်မင်း၊ ကျွန်တော်မျိုးမသည် ကချေသည်ဖြစ်သည်၊ ထို့ကြောင့် ဘယ်သောအခါမှ မိဖုရားဖြစ်လာမည် မဟုတ်ပေ'

ရုစာရီ၏ သတ္တိသည် ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတော့

www.burmeseclassic.com

www.burmeseclassic.com



ပေ။ အပြောအဆို ရဲရင့် ပြတ်သားလှသည်။

ရစာရီ၏သဘောကို ပညာရှိရိပ်စားမိသော ဆမ္မိကာပုဏ္ဏားသည် ရံရွေများကို မျက်နှာကဲပြ၏။ ရံရွေတော်တို့သည် ခန်းမဆောင်အပြင်ဘက် သို့ ထွက်သွားကုန်သည်။

'ကျွန်တော်မျိုးမသည် ကာမပိုင်လင်ယောကျ်ားရှိသည်။ သုနန္ဒိယ ဘုရင် ကံကြီးထိုက်ပါလိမ့်မည် အမတ်မင်း ... တားမြစ်တော်မူပါ'

'မိဖုရား ... ကျွန်တော်မျိုးကို မညာလေနှင့်။ မိဖုရား၏ ကြင်ရာသည် ယခုမရှိနိုင်ပါ။ မိဖုရားသည် နှစ်များစွာရှင်သန်မည့်သူ ဖြစ်သည်။ မိဖုရား၏ ကြင်သူသည် ယခု မရှိသေးပါ'

'ဘယ်လို ... အမတ်မင်း ... ကျွန်တော်မျိုးမ နားလည်အောင် ရှင်းပါ'

'စကားဆိုတာ ပြောတိုင်းမကောင်းပါ မိဖုရား ... အချို့သော ကိစ္စများကို မသားလွှတ် လိမ်ရပါသည်။ အချို့သော အမှန်တရားကိုလည်း အန္တရာယ်မဖြစ်လို၍ ထိန်ချန်ရပါသည်'

'မောင်ကြီး အဂ္ဂါ ဘယ်ရောက်နေပြီလဲ ... မောင်ကြီးကို သုနန္ဒိယဘုရင် ဖမ်းချုပ်လိုက်ပြီလား'

'ဘီသိက်ခံပွဲမှာ အဂ္ဂါလုလင်က ဘီသိက်တေးသွား တီးမှုတ်ပါ လိမ့်မယ် မိဖုရား'

'အို ... မဖြစ်နိုင်တာ ... မဖြစ်ရပါဘူး။ ကျွန်တော်မျိုးမကို ကူညီပါဦး ... အမတ်မင်းရယ်၊ ဒီလို ဘဝမျိုးမှာ မနေချင်ဘူး'

'ကျွန်တော်မျိုးသည် သုနန္ဒိယဘုရင်၏ သစ္စာတော်ခံ အမတ်



မင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးကို နားလည်ပေးတော်မူပါ မိဖုရား'

'အို ... အမတ်မင်းပြောတော့ ကျွန်တော်မျိုးမရဲ့ ကြင်သူက ယခု မရှိသေးဘူးဆို'

'တစ်ခါတစ်ရံမှာ ကံကိုလူကဆောင်သလို တစ်ခါတစ်ရံမှာ လူက ကံကို ဆောင်တာမျိုးလည်း ရှိတတ်ပါတယ် မိဖုရား'

'ချစ်သောလူနဲ့ ကွေကွင်းရသော ဒုက္ခထက် မချစ်မနှစ်သက်သောလူနဲ့ အတူနေရသော ဒုက္ခကိုပိုပြီး ခံနိုင်ရည်မရှိဘူး။ ကျွန်တော်မျိုးမ သုနန္ဒိယ ဘုရင်ကို အကြင်မပြုလိုပြီ။ ကျွန်တော်မျိုး သစ္စာတိုင်သည် သုနန္ဒိယ ဘုရင်သည် ကျွန်တော်မျိုးမ စိတ်မပါဘဲ အကြင်ပြုခဲ့သည်ရှိသော် သုနန္ဒိယ သေရင်သေ၊ မသေရင် ကျွန်တော်မျိုးမ သေရပါစေ'

ဆမ္မိက အမတ်သည် အံ့အားသင့်သွားသည်။

ထူးခြားသော အချင်းလက္ခဏာရှိသူမှန်း သိသော်လည်း ဤမျှ ငယ်ရွယ်သူက ခုလို ထက်မြက်ပြတ်သားလိမ့်မည်ဟု မတွေးမိခဲ့ပါ။

ဆမ္မိကသည် ရစာရီကို အံ့အားသင့်ကာ ကြည့်နေမိသည်။ ရစာရီ၏မျက်လုံးများသည် ညှိုးရော်နေသည်။ နှုတ်ခမ်းတို့သည် ပြတ်သား ချွန်မြနေသည်။ ရစာရီ၏ နဖူးပြင်သည် ကျယ်ပြန့်ပြီးရှင်းလင်းသည်။ နှာတံသည် မျက်နှာပေါ်၌ ဖြောင့်စင်းပြီး ထင်ရှားနေသည်။ မျက်နှာပေါ် ခွေကျနေသော ဆံပင်တို့သည် စိတ်မငြိမ်မသက် ဖြစ်ခြင်းကို ဖော်ပြနေ၏။

'အမတ်မင်းကို ကျွန်တော်မျိုးမ အားကိုးမိခဲ့တယ်။ ရေဆိုတာ

www.burmeseclassic.com



နိမ့်ရာက မြင့်ရာကိုမစီးဘူးဆိုတာ ကျွန်တော်မျိုးမ မေ့သွားတယ် … သွားလို့ရပါပြီ။ အမတ်မင်း လောကမှာ အခက်ကြုံလာရင် မိမိကိုယ်သာ ကိုးကွယ်ရာမှန်း ကျွန်တော်မျိုးမ သိသွားပါပြီ'

ထိုအချိန်မှစ၍ ရုစာရီသည် မည်သူ့ကိုမျှ စကားမပြောတော့ချေ။ စားသောက်ခြင်းလည်း မရှိသလို တမ်းတစွာ ငိုကြွေးခြင်းလည်း မရှိတော့ချေ။ ကျောက်ဆစ်ရုပ်ပမာ ထိုင်ရာမှ မထဘဲနေသည်။ အိပ်လည်း မအိပ်သလို … လေညင်းလည်း မခံပေ။

ဘိသိက်ပွဲက မနက်ဖြန် နံနက် အရုဏ်ပြီးတွင် စမည်ဖြစ်သည်။ ရုစာရီ မိဖုရားဖြစ်တော့မည်။ ရုစာရီ၏ ထူးခြားသည့် ကုသိုလ်ကံကို အချို့က အားကျနိုင်ကောင်း တန်သော်လည်း ရုစာရီ ဝမ်းနည်းသည်။ လုပသော ဘိသိက်ခံ ဝတ်စုံကို ရံရွေမျှားက ဆင်မြန်းပေးသည်။ ဆန္ဒ မရှိသောခန္ဓာမို့ ဝတ်စုံသည် ကိုယ်ပေါ်၌ အသားမကျပေ။

အဆောင်တော်သို့ သုနန္ဒိယ ဘုရင် ကြွချီလာသည်ကိုပင် ရုစာရီက မကြိုဆိုပေ။ သုနန္ဒိယ ဘုရင်သည် မျက်နှာတော်မလှစွာ အဆောင်တော်မှ ထွက်သွားသည်။

သုနန္ဒိယ ဘုရင် ထွက်ခွာသွားပြီး သိပ်မကြာခင်အချိန်တွင် အဂ္ဂါသည် မမျှော်လင့်ဘဲ ရောက်ရှိ၍လာသည်။

ရုစာရီ ရင်ထဲ ဝမ်းနည်းသည်။ မောင်ကြီး အဂ္ဂါထံ ပြေးဝင်ပြီး ကလေးတစ်ယောက်လို ငိုကြွေးချင်လှသော်လည်း မောင်ကြီးဘေးတွင် အစောင့်အကြပ်များ ပါသောကြောင့် စကားပင် ရုစာရီ မပြောတော့ချေ။



မောင်ကြီး၏ မျက်လုံးများကို ရုစာရီ သိသည်။

ရုစာရီ ချစ်သလို မောင်ကြီးကလည်း ရုစာရီကို ချစ်ပါသည်။ မောင်ကြီး မျက်လုံးမှ မျက်ရည်ကြွင်းကျန်တို့ကို ရုစာရီ တွေ့နေရသည်။

သို့သော် မောင်ကြီးသည် ရုစာရီ၏ ခြေတော်ရင်းတွင် ဒူး ထောက်ထိုင်ချပြီး ရုစာရီကို အရိုအသေပေးသည်။

'ကျွန်တော်မျိုး မိဖုရားကို လာနှုတ်ဆက်တာပါ'

အသည်းနှလုံးတွေ ဆွဲထုတ်သွားသလို ခံစားရသည်။

ကျွန်တော်မျိုးတဲ့လား … မိဖုရားတဲ့လား မောင်ကြီးရယ်။

'ခမ်းနားတဲ့ နန်းဆောင်ကြီးထဲမှာ ပျော်အောင်မနေပါ … ကောင်းသော ထမင်းကိုစားပါ … ကောင်းသောအိပ်ရာတွင် အိပ်ပါ ကောင်းသော စကားကိုဆိုပါ'

'ဒီစကားတွေက မောင်ကြီး ရင်ထဲက အမှန်လား …မောင်ကြီး'

'နောက်ဆုံးအချိန်ထိ လက်မလျှော့ပါနဲ့ … ဘိသိက်ပွဲထိ အချိန်ရှိနေပါသေးတယ်။ မင်္ဂလာချိန်မှီ တံတားထိုးမှာ သေချာပါတယ်'

ရုစာရီ ရင်ထဲ လင်းထိန်သွားသည်။ ကညင်ဆီမီးတိုင် မဟုတ်မှန်းသိသည်။ ပိုးစုန်းကြူးလေးဆိုသော်ငြား မှောင်မိုက်နေသော အခန်းအတွက် ကြီးမားသော အလင်းကြီးဖြစ်သည်။ အများမကြားအောင် တီးတိုးကပ်ပြောသည့် မောင်ကြီး၏စကား … မောင်ကြီးသည် မည်သည့် ကိစ္စကိုမှ လွယ်လွယ်နှင့် လက်မလျှော့တတ်သူမှန်း သိသည်။ အထူးသဖြင့် ရုစာရီကို ဖြစ်သည်။ မောင်ကြီးဘဝတွင် တီးမှုတ်စရာဖုံနှင့် စောင့်ရှောက်

www.burmeseclassic.com



စရာ ရုစာရီမှလွဲ၍ အခြားဘာမှမရှိချေ။ သို့သော် ဘဝကို ပျော်သည်။

မောင်ကြီးက ဖုံကို စည်းချက်မှန်မှန်တီး ... ရုစာရီကတော့ ဝါးနှင့် ပြုလုပ်သော တူရိယာနှင့် ကြေးဖြင့် ပြုလုပ်သော တူရိယာ အငယ်စားလေးများကို တီးရင်း ကပြသည်။ ရုစာရီနှင့် မောင်ကြီး အဂ္ဂါ၏ ဘဝဖြစ်သည်။ ရုစာရီနှင့် မောင်ကြီး အဂ္ဂါတို့ ဘဝသည် နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသော စွယ်တော်ရွက်ပမာတည်း၏။

မောင်ကြီးသည် အကိုင်းအခက်ဆိုပါက ရုစာရီသည် အရွက်သာဖြစ်သည်။ နှစ်ယောက်ပေါင်းမှ သစ်တစ်ပင်တည်နိုင်သည်။ မောင်ကြီး ပြောနေကျ စကားရှိသည်။

'တူရိယာတွေက ရေသောက်မြစ် ... မောင်ကြီး အကိုင်းအခက် ငါ့နှမက သစ်ကိုင်းအခက်ပေါ်က လုပတဲ့ အရွက်တွေတဲ့။ ပေါင်းစုရင် အပွင့်တွေ ပွင့်လာလိမ့်မယ်' တဲ့။

ရုစာရီ ကျေနပ်ခဲ့ရသည့် မောင်ကြီး၏စကားကြောင့် စိတ်ကူးကမ္ဘာတည်ခဲ့ဖူးသည်။

ခုတော့ သုနန္ဒိယဘုရင်ကြောင့် ရုစာရီ၏ ကမ္ဘာလေးပျက်ရပါတော့မည်။

မစီးသောရေအလား ငြိမ်သက်နေသော ရုစာရီသည် မောင်ကြီးနှင့်တွေ့ဆုံပြီးသောအခါ စားသောက်၏။ ရုစာရီ အင်အားရှိနေမှုဖြစ်မည်။ ဒါမှ မောင်ကြီး၏ ဦးဆောင်ရာသို့ လိုက်နိုင်လိမ့်မည်။

× × ×



ကျွဲချိုမှုတ်သံ ထွက်ပေါ်လာသောအခါ ရုစာရီနှင့် ရံရွှေတော်များသည် ခန်းမဆောင်အတွင်းမှ ထွက်လာကြသည်။

ရုစာရီ စိတ်လှုပ်ရှားနေသည်။

သုနန္ဒိယ ဘုရင်နှင့် တူယှဉ်တွဲပြီး ရာဇပလ္လင်ဖို့ တက်ဖို့ အရေးကြောင့် မဟုတ်ပါချေ။ နောက်ဆုံးအချိန်၌ လက်တစ်ကမ်းသာ လိုပါတော့သည်။ မောင်ကြီး အဂ္ဂါကို ယုံကြည်သည်။ မောင်ကြီးသည် ရုစာရီကို တစ်ပါးသူရင်ခွင်ထဲ တွန်းမပို့ဘူးဟု ယုံကြည်သည်။

ရုစာရီကို မောင်ကြီး နောက်ဆုံးလာတွေ့စဉ်က အစောင့်အကြပ်များနှင့်ဖြစ်သည်။ မောင်ကြီးနှင့် ရုစာရီ၏ အခြေအနေကို သုနန္ဒိယဘုရင် ရိပ်မိကောင်း ရိပ်မိပါလိမ့်မည်။ ဒါကြောင့်လည်း မောင်ကြီးကို စောင့်ကြည့်ထားခြင်းမည်လေ၏။

သုနန္ဒိယ ဘုရင်သည် ကြမ်းကြုတ်သောနှလုံးသားကို ပိုင်ဆိုင်သည်။ မောင်ကြီးနှင့် ရုစာရီ၏ အခြေအနေကို ခန့်မှန်းမိပါလျက်ကယ်နှင့် မောင်ကြီးကို ဘိသိက်ဂီတဖြင့် ချီးမွမ်းခိုင်းသည်တဲ့။ ဤသို့ ပုဂ္ဂိုလ်မျိုးကို ရုစာရီသည် ကြင်သူ့တော်ရမှာ ကြောက်ပါသည်။

'သမုဒ္ဒက မိဖုရား ကြွချီလာပါပြီ'

လူပုံအလယ်တွင် ကပြဖျော်ဖြေနေကျဖြစ်သော်လည်း

www.burmeseclassic.com



အရိုးအသေပြုနေကြသော ဖိုလ်ပါများအလယ် မော်ကြွားစွာမလျှောက်ဝံ့ပေ။ ခမ်းနားသော ခန်းမဆောင်ကြီးသည် တစ်စပြင်အလား ချောက်ချားဖွယ် အတိဖြစ်နေသည်။

ရုစာရီ ရှာဖွေမိသည်။

သို့သော် မောင်ကြီး၏ အရိပ်အယောင်ကို မတွေ့ရချေ။

ဖိုလ်ပါကြားမှ ဖြတ်လျှောက်ခဲ့သော်လည်း ဘိသိက်ခံမည့် ရာဇပလ္လင်ပေါ် မတက်ချေ။

သုနန္ဒိယ ဘုရင်သည် စူးရှသော မျက်လုံးများနှင့် ရုစာရီကို ကြည့်နေသည်။ ထိုမျက်လုံးကို ရုစာရီ ကြောက်သည်။ အကြည့်သည် ကျောထဲထိ ထိုးဖောက်စိမ့်ဝင်နေသည်။ ထိုမျက်လုံးအကြည့်ကို ရုစာရီ တစ်သက်လုံး မေ့နိုင်တော့မည် မဟုတ်ပေ။ မောင်ကြီးရယ် ... ဘယ် ရောက်နေသလဲ ... နှမကို လာခေါ်ပါတော့။ ခုနေချိန် နှမ ... အဲဒီပလ္လင်ပေါ်တက်လိုက်ရင် တစ်ပါးသူရဲ့ ကြင်ယာဖြစ်တော့မယ်။ မောင်ကြီးရယ် နှမ ရုစာရီကို ကယ်လှည့်ပါ ...

'ဗုံ ... ဗုံ ... ဗုံ'

ဆူညံသော တီးမှုတ်သံသည် ခန်းမဆောင်တစ်ခွင်လုံး ညံသွားသည်။ သုနန္ဒိယ ဘုရင် အပါအဝင် မှူးမတ်ဖိုလ်ပါများ နားပိတ်ကုန်ရသည်။

ရုစာရီတော့ ထိုအသံကို နားဝင်ချိုသည်။ မောင်ကြီး အဂ္ဂါ၏ လက်သံဖြစ်သည်။ ထိုသို့ တီးမှုတ်သံအရ မောင်ကြီး အဂ္ဂါ၏ စိတ်နေသဘောထားကို ရုစာရီ ရိပ်မိသည်။ မောင်ကြီးသည် နိုင်နိုင်မာမာ





ဆုံးဖြတ်ပြီးနေပြီဖြစ်သည်။

မောင်ကြီး အဂ္ဂါသည် အဆက်မပြတ် တီးမှုတ်နေရာမှ ရုတ်ချည်းရပ်တံ့ပစ်သည်။ ပြီးနောက် သုနန္ဒိယ ဘုရင်ကို အရိုအသေပြုသည်။

'အသင် ... ကျေးတောသား ... ရှိုင်းပျတော်မူလေတယ်၊ ငါဘုရင်၏ ထိမ်းမြန်းပွဲကို မရိုမသေလုပ်ရလေ ... ရဲမက်တို့ ဒီ ... ငမိုက်သားကို ဆွဲထုတ်သွားစမ်း'

'မှန်ပါ့ ဘုရား ... ထားရင်လည်းနေ သတ်ရင်လည်းသေရပါမယ်၊ အနုပညာဆိုသည်မှာ ဝမ်းတွင်းမှလာသော ပညာရပ်တစ်ခုဖြစ်သည်။ ဝမ်းတွင်းအနေအထိုင် မသာယာပါက ဖန်းတီးမှုသည် မသာမယာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်မျိုးလည်း ခုလို ရုပ်ရင်းကြမ်းတမ်းတဲ့ ဂီတကို မဖမ်းတီးလိုပါ။ သို့သော် ကျွန်တော်မျိုး ရင်ထဲတွင် မီးတောက်နေပါပြီ ဘုရား'

သုနန္ဒိယဘုရင် ငြိမ်ကျသွားသည်။

သုနန္ဒိယဘုရင်သည် အဂ္ဂါကို ထိုသို့ လျှောက်တင်လိမ့်မည် ဟု ထင်ထားပုံမရချေ။

အဂ္ဂါသည် ဘုရင်ကို တစ်ချက်မျှ မော့ကြည့်ပြီး ခေါင်းငုံ့သွားပြန်သည်။

'ကျွန်တော်မျိုးကို ... သတ်လိုက်ပါ ... ဘုရား'

အဂ္ဂါ၏ရဲဝံ့မှုကြောင့် မင်းပရိသတ်အပေါင်းတို့သည် ဟင်ခနဲဖြစ်ကုန်သည်။ ရာထူးရ မှူးကြီးမတ်ရာများပင် သုနန္ဒိယဘုရင်ကို ဤ



www.burmeseclassic.com

www.burmeseclassic.com



မှု ရဲတင်းစွာ မလျှောက်တင်ဝံ့ချေ။

'လောကမှာ တစ်ဦးတည်းသော ချစ်မြတ်နိုးရသူကိုတောင် မကာကွယ်နိုင်တဲ့ ဒီ ... ယောက်ျားသားကို ထမ်းထားရင် ဗိုကမ္ဘာမြေကြီး လေးလှပါတယ်။ သို့ပါသော်လည်း မသတ်ခင် ကျွန်တော်မျိုးကို တရား ပြပေးတော်မူပါ ဘုရား'

'အမောင် ကျေးတောသား ... လိုရာကို သံတော်ဦးတင်စမ်း အချိန်တွေ ကြန့်ကြာတယ်'

'လောကမှာ မသိလို့ မိုက်တဲ့အပြစ်နဲ့ သိလျက်နဲ့ ကျူးလွန်တဲ့ အပြစ်က ဘယ်ဟာ ပိုကြီးပါသလဲ ဘုရား'

"ဘုန်းကြီးကျောင်းသား စာချနေတာလားကွဲ့ ... သိလျက်နဲ့ ကျူးလွန်တဲ့အပြစ် ပိုကြီးတာပေါ့ကွ'

'အရှင်သည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သည့် မွန်မြတ်သူဖြစ် ပါသည် ဘုရား ... ဒါကြောင့် ကျွန်တော်မျိုးလို ဘာမှမဟုတ်သည့် ကျေးတောသားကို မရှုံးပါစေနှင့် ဘုရား'

'မောင်မင်း ... ဘာကိုဆိုလိုတာလဲ'

'ကျွန်တော်မျိုးတွင် နှမလိုတစ်မျိုး၊ ဇနီးလိုတစ်မျိုး ချစ်ရသူလေး ရှိပါသည်၊ သူနှင့် ကျွန်တော်မျိုးသည် နေ့ရောညပါ တစ်ကြိမ်တစ်ခါမျှ မခွဲဖူးခဲ့ပါချေ ... ယခု သူ့ကြောင့် အရှင်မင်းမြတ် ရာဇဣန္ဒြေ ညှိုး ရော်ရပါလိမ့်မည်'

'ငါလိုဘုရင်က ... အဘယ်သို့ကြောင့် မောင်မင်း ထင်သလို ဖြစ်ရမှာလဲ'



"ဘုရင်တို့မည်သူ တိုင်းပြည်၏ ဦးဆောင်ဖြစ်သည်၊ ထိုအညီ ဦးစွာသော အသီးကိုစားသည်၊ ဖြူစင်သော မိန်းမကို လက်ဆက်ပါသည် သို့သော် ရစာရီ ကချေသည်သည် ကျွန်တော်မျိုး၏ ကြင်သူသက်ထားလျာ ဖြစ်ပါသည်။ သို့ကြောင့် ရစရီကို မဆက်သဝံ့ပါဘုရား ... ရာဇပလ္လင် နှင့် ရစာရီ မတင့်တယ်ပါ ဘုရား'

သုနန္ဒိယ ဘုရင်သည် မျက်နှာပျက်သွားသည်။

'သို့ကြောင့် မျိုးရိုးညံ့သူ ကျွန်တော်မျိုးတို့မောင်နှံကို ဤဖောင် ပေါ်မှ နှင်ထုတ်လှည့်ပါ ဘုရား'

အချိန်ကို စောင့်ဆိုင်းနေသော ရစာရီသည် တည်ငြိမ်စွာပင် အဂ္ဂါအနီး လျှောက်လာသည်။

'မှန်ပါ့ ဘုရား ... ကျွန်တော်မျိုးမတွင် ကာမပိုင်အဖြစ် လျာထားသူ ရှိပါသည်၊ သမုဒ္ဒတာဘွဲ့သည် ကျွန်တော်မျိုးမလို ကချေ သည်နှင့် မထိုက်တန်ပါ။ သို့ကြောင့် ကျွန်တော်မျိုးမကို ခွင့်လွှတ်တော် မူပါ'

ခွင့်မလွှတ်နိုင်မှန်း သိသော်လည်း ယဉ်ကျေးမှုအရ တောင်းခံ သည်၊ သို့သေ် တစ်ယောက်လက်ကို တစ်ယောက် မြဲနေအောင် ဆွဲပြီး ဖြစ်ချင်ရာဖြစ် သဘောပိုက်ကာ ခန်းမဆောင်မှ ထွက်လာသည်။

မထင်မှတ်ထားသော ဖြစ်ရပ်ကြောင့် အားလုံးမှင်တက်မိနေကုန် သည်၊ ကုန်းမြေနှင့်ဖောင်ကို ထိုးထားသောတံတားသည် ခံ့ထည်စွာ ရှိ နေသည်။ အဂ္ဂါနှင့် ရစာရီတို့ ခြေလှမ်းသည် တဖြည်းဖြည်းမြန်လာသည်။ တံတားထိပ်စပ်ရောက်သောအခါ အပြေးတစ်ပိုင်းဖြစ်လာသည်။

www.burmeseclassic.com



'လူရှိင်းစိုင်း ကချေသည်တွေကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်စေ'

အမိန့်ပေးသံသည် တံတားပေါ်သို့ ညံလာသည်။

သုနန္ဒိယ ဘုရင်၏ ဒေါသကို ခန့်မှန်းမိလိုက်သည်။ ပြေးလာသော ခြေသံများကို ကြားနေရသည်။

'နမ ... နောက်လှည့်မကြည့်နဲ့ ရှေ့ကြည့်ပြေး'

တစ်ယောက်လက်ကို တစ်ယောက် မြဲနေအောင် တွဲပြီး အားသွန်ပြေးသည်။

မြားတံများသည် ကွေ့ကာဝိုက်ကာ လွဲသွားသည်။ မရဏာမင်းနှင့် စစ်ခင်းနေရသည်မို့ ခြေလှမ်းတွေက သိပ်မဖြောင့်ပေ။

အဂ္ဂါသည် ရစာရီကို တင်းနေအောင် ပွေ့ဖက်ပြီး ချောက်ထဲသို့ လိမ့်ချလိုက်သည်။

'အို ... မောင်ကြီး ... မောင်ကြီး'

ရစာရီ မျက်လုံးမှိတ်ထားသည်။ တလိမ့်ခေါက်ကွေး ကျသွားသည်။ နာကျင်လွန်း၍ သတိတွေက ရတစ်ချက် မရတစ်ချက် ...

× × ×





ပထမတော့ အမြင်အာရုံတွေက ဝေဝါးဝါးသာ ဖြစ်နေသည်။ နောက်တော့ တဖြည်းဖြည်း သိသာထင်ရှားလာသည်။

'ဟင်'

အံ့ဩလွန်း၍ လှဲနေရာမှ ရုတ်တရက် ထထိုင်လိုက်သည်။ မှန်ပါ၏။ ခေါင်းတစ်ခုလုံး ဆွတ်ဆွတ်ဖြူနေသော ဆံပင်၊ ပြီးနောက် ဆံပင်နှင့်အတူ အရှည်ပြိုင်နေသော နှုတ်ခမ်းမွေး ...

'သင် ... သင် ... ဘယ်သူလဲ'

တောနှင့်တောင်ကို နားစွင့်လိုက်တော့လည်း အထူးတိတ်ဆိတ်၍နေသည်။ မြင်နေရသော ပုဂ္ဂိုလ်ကလည်း ဆန်းပြားလွန်းလှသည်။ တစ်ကိုယ်လုံး ဝတ်ဖြူစင်ကြယ်နှင့် ဖြစ်သည်။ ပုတီးလုံးကြီးကို လည်ပင်း၌ ဆွဲထား၏။ ဤအခြင်းအရာကို သတိပြုမိသွားသောအခါ သက်ပြင်းချမိသည်။ ထိုပုဂ္ဂိုလ်သည် လူဆိုးတော့ မဖြစ်တန်ပါ ... သုနန္ဒိယဘုရင်၏ရဲမက်ဆို ပိုပြီးမဖြစ်နိုင်ပါ။ ထိုပုဂ္ဂိုလ်၏ မျက်ဝန်းများသည် တည်ငြိမ်နေသည်။ မျက်ဝန်းအောက်ရှိ မျက်အိတ်သည် ထုအမ်းနေသည်။

'စိတ်ငြိမ်ငြိမ်ထားပါ လူလေး ...'

အသံသည် အထူးကြည်လင်ပြီး သြဇာပြည့်၏။ စကားလုံးလေးက တိုသော်လည်း သူ့စိတ်ထဲ ထိုအသံရှင်ကို ကြည်ညိုသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'လူလေး ... ဒဏ်ရာ ... ရထားတယ် ... ရော့ ... ဒီဆေးကို သောက်လိုက်ပါ'

ကြည်ညှိစိတ်ကြောင့်သာ ယုံကြည်ပြီး သောက်လိုက်ခြင်းဖြစ်သည်။ ဘာဆေးမှန်းတော့မသိ။

ထိုပုဂ္ဂိုလ်က ဝါးဆစ်ခွက်ကလေးနှင့် သူ့အား အရည်တစ်မျိုး တိုက်သည်။

'နုမ ... နုမ ... နုမရော'

ဆေးတောင် ကုန်အောင်မသောက်နိုင်ဘဲ မေးမိသည်။

သူ့ပုံက ပျာယာခတ်နိုင်လွန်းလှသော်လည်း ထိုပုဂ္ဂိုလ်သည် တည်ငြိမ်စွာပင် တစ်နေရာကို စိုက်ကြည့်သည်။

ထိုပုဂ္ဂိုလ်၏ မျက်ဝန်းလမ်းကြောင်းအတိုင်း သူ လှည့်ကြည့်လိုက်ရာ ကျောက်ချပ်ကြီးပေါ် လဲအိပ်နေသော ရစာရီကို တွေ့လိုက်ရသည်။

'နုမ ... နုမ'

သူ့ခြေထောက်တွေက လေးပင်နေသည်။

မြေပြင်ပေါ် ထောက်ကြည့်သည်။ သို့သော် ထောက်၍ မရချေ။ ရစာရီကို မြင်နေရပါလျက်နှင့် ထိုလက်တစ်ကမ်းသို့ မရောက်နိုင်ဘဲ ဖြစ်သည့် ဖြစ်ရပ်ကို သူ မုန်းသည်။

ရစာရီသည် ကျောက်ချပ်ပေါ်၌ ငြိမ်သက်စွာ ရှိနေသည်။ အသက်မရှိသေးရဲ့လားဆိုသော ကြောင့်ကြစိတ်သည် သူ့နှလုံးကို ကောင်းစွာ ဒုက္ခပေးနေ၏။

မြေပြင်ပေါ် တရွတ်ဆွဲပင် အားမာန်တင်း၍ သွားနေမိသည်။





သူ၏ လုံ့လကြောင့်ထင်သည် နောက်ဆုံး၌ ကျောက်ချပ်အနီး ရောက်သွားသည်။

ပထမဆုံး မြင်တွေ့လိုက်ရသည်က ရစာရီ၏ မျက်နှာပေါ်မှ ပွန်းရှဒဏ်ရာများဖြစ်သည်။

'နုမ ... နုမ'

လက်ကို ကိုင်လှုပ်သည်။ သို့သော် လှုပ်ရှားမှုရှိမလာ၍ ပို ပြီး စိုးရိမ်သွားသည်။ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကို အားကိုးကြီး ကြည့် ပြန်သည်။

'လူလေးက မြေပြင်ပေါ်ကို ကျတယ် ... လုံမလေးက ကျောက် ချပ်ပေါ်ကျလို့ အကျနာသွားတယ်'

'နုမ ... သူ ... သူ ... သူ ... သေသွားပြီလား'

'ခုချိန်ထိ ... အသက်ရှိနေပါသေးတယ်'

'အဘ ... ကယ်ပါ ... အဘရယ် ... နုမကိုကယ်ပါ။ နုမ ခုလိုဖြစ်ရတာ ကျွန်ုပ်ကြောင့်ပါ ... ကယ်ပါ အဘရယ်'

'လွယ်တော့ မလွယ်ဘူး လူလေး ... သူ့ဝိညာဉ်က ခပ်ဝေး ဝေး ရောက်နေပြီး ခေါ်ဖို့ ခက်လိမ့်မယ်'

'ကျွန်ုပ် ဘာလုပ်ပေးနိုင်သလဲ ... အဘ ...ကျွန်ုပ် ဘာမဆို လုပ်ပါ့မယ် ... ကျွန်ုပ်ကြောင့် ဖြစ်ရတာပါ ... ကျွန်ုပ်သာ မရှုးမိုက် ခဲ့ဘူး။ အတ္တမများခဲ့ဘူးဆိုရင် ... နုမ ခုလိုဖြစ်ရမှာ မဟုတ်ဘူး ကျွန်ုပ် ဘာမဆိုလုပ်ပါ့မယ်'

'ဒီအချိန် ဒါ ... ဖြစ်ဖို့ပါလာပြီပဲ ... ဘယ်သူ့ဘယ်သူမှ

www.burmeseclassic.com



အပြစ်မတင်လေနဲ့။ ကြမ္မာဆိုတာ ရှောင်လွှဲလို့မရနိုင်ပါဘူး'

'နမရဲ့ ကြမ္မာကရော ... ဟင် ... အဘ'

'ခုချိန် ... လူလေး လုပ်နိုင်တာက တစ်ခုတည်းရှိတယ်'

'ကျွန်ုပ်သွေးကို ဖောက်ပေးရမယ်ဆိုရင်တောင် လက်တွန့်

မဟုတ်လို့ ပြောပါ ... အဘ'

'ဤမြစ်ဖျားကြီးနဲ့ စိမ့်ချောင်းတို့ ဆုံတဲ့ အောက်ခြေမှာ မည်းနက်

သော ကျောက်သားထုရှိတယ် ... အဲဒီ ကျောက်သားထုမှ ကျောက်အ

တစ်ခုကို ဆွဲနုတ်နိုင်ခဲ့မယ်ဆို ... လုံမလေးကို ကယ်ကောင်း ကယ်နိ

လိမ့်မည်။'

အဂ္ဂါ စိတ်ဓာတ်တွေ တက်ကြွလာပြန်သည်။ သို့သော် လှုပ်

မရတဲ့ ထိုခြေထောက်ကြောင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်ချေ။

'လူလေး ... စိတ်ကို ငြိမ်အောင်ထားပါ။ အဘတိုက်ခဲ့

ဆေးရည်က စိတ်လှုပ်ရှားရင် ဒဏ်ရာကို ပိုဆိုးစေတယ်၊ ဝင်သ

ထွက်သက် မှန်မှန်ရှူပြီး ခဏငြိမ်နေလိုက်ပါ၊ အကျိုးထူးကို လူလေ

ခံစားရပါလိမ့်မယ်'

'အဘက ဘယ်သူလဲ ... ကျေးဇူးရှင် အဘရဲ့ အမည်နာ

နဲ့နေရပ်ကို သိပါရစေ'

'အဘက သရိရ ရသေ့ ဖြစ်တယ်၊ ဤတော ... ဤတော

မှာပဲ နေပါတယ်။ အိမ်း ... ကံပါလို့ ဆုံခဲ့ရပြီပဲ'

'အဲဒီကျောက်ကို ရပြီးရင် ဘယ်လို သုံးရမှာပါလဲ ... ရသေ

'ကံသာပါလာခဲ့ရင် အဲဒီကျောက်ရပါက ... ဘာလုပ်ရမ



ဆိုတာ လူလေး စိတ်ထဲ အလိုလို သိလာပါလိမ့်မယ်။ ကံကို လူက

ဆောင်နိုင်ပါစေကွယ်၊ ကံမဆောင်နိုင်ပါက လူလေးရော ... လုံမပါ

လောကထဲမှ ပျောက်ကွယ်ကြရလိမ့်မယ်'

သရိရ ရသေ့သည် ပြောပြောဆိုဆိုပင် ကျောခိုင်းသွားသည်၊

သူ နားမလည်ပါ။ သရိရ ရသေ့၏ စကားသည် ဘယ်အရာကို ရည်ညွှန်း

မှန်း မသိပါ။

လျှို့ဝှက်မှုကို စိတ်ဝင်စားသော်လည်း ဒါကို စဉ်းစားနေဖို့ သူ့ထံ

အချိန်မရှိချေ။

ရှစာရီ လှဲကျနေသော ကျောက်ချပ်ပေါ်၌ တင်ပလ္လင်ခွေထိုင်

သည်၊ စိတ်ကို နှာသီးဖျား၌ စုစည်းလိုက်၏။ လေတိုးသံကြားလျှင်

လေတိုးသံကို အာရုံစိုက်မိသည်၊

သစ်ရွက်များ လှုပ်သံကိုပင် နားထဲမှ ကြားနေရသည်။ ကောင်း

ကင်တွင် ငှက်များပျံသန်းနေသည်ကိုလည်း အာရုံခံစားမိသည်။ နာကျင်

သော ဝေဒနာကို အာရုံပြုမိ၏၊ ထိုအခါမျိုး၌ ဝင်လေထွက်လေကို

မှတ်မိသည်၊ မျက်ဝန်းထဲ ပြာလွင်သော အရောင်ကို မြင်ရသည်၊

ဩော် ... ငှက်ငါးကောင် ပျံသွားပြန်ပြီပဲ၊

လေကြမ်းတွေ တိုက်လာပြန်သည်၊ မကြာခင် မိုးရွာလာလိမ့်

မည်၊ ခြေထောက် ... ခြေထောက် သက်သာသွားပြီလား၊ စိတ်တို့

ကို စုစည်းခေါ်လိုက်သောအခါ နာကျင်သော ခြေထောက်ကို အာရုံ

ရောက်လာပြန်သည်၊

ထူးခြားလှပေသည်၊ တဆစ်ဆစ် နာကျင်ဒဏ်ရာသည် ယုပစ်

www.burmeseclassic.com

www.burmeseclassic.com



သလို ပျောက်ကင်းသွား၏။

မှိတ်ထားသော မျက်စိကို ဖွင့်လိုက်သည်။

လှုပ်လီလှုပ်လဲ့ သွားနေသော ဘရသေ့၏ ကျောပြင်ကို မမြင်ရတော့ချေ။

သူ ... ထိုင်ရာမှ ထရပ်သည်။ ခုန်ကြည့်သည်။

'အံ့ဩစရာပဲ ... တကယ်ကောင်းသွားပြီ ... ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ'

ဘရသေ့ကို စိတ်ဝင်စားသည်။ သို့သော် ဘရသေ့အကြောင်း တွေးနေချိန် မရချေ။

လှဲကျနေသော နှမငယ် ရစာရီကို ပွေ့ချီသည်။

မကြာခင် မိုးရွာတော့မည် ဖြစ်သည်။ ဒီကြားထဲ သူ သွားနေ ချိန်၌ ရဲမက်တွေ တွေ့သွားနိုင်သည်။ ထို့ကြောင့် မိုးကွယ်ရာ ... ရဲမက်တို့ အလွယ်တကူ မမြင်နိုင်သော နေရာသို့ ပြောင်းရွှေ့ထားရလိ မည်။

ကံကောင်းချင်သောအခါ ကျောက်ချပ်များသည် အလွှာလိုက် ကျောက်တောင်ပေါ် တွယ်တက်နေသည်။

ရစာရီကို ကြီးမားသော ကျောက်ချပ်ကြီးအောက် ထားပြီး ကျွန်းပင်ငယ်ပေါက်ကို ဆွဲနုတ်ကာ ကာကွယ်ထားသည်။ ပြီးနောက် ချောင်းနှင့်မြစ်တို့ ဆုံရာသို့ ထွက်လာသည်။ မြစ်ရေသည် ကြည်လင် နေသော်လည်း ချောင်းရေသည် နီကျင်ကျင် ဖြစ်နေသည်။

မြစ်နှင့် ချောင်းဆုံရာ နေရာမှ ဝဲဂယက်များ ထနေသည်



ဘရသေ့၏ စကားကို သူ ယုံသည်။ သို့သော် တဝေဝေါမြည်နေသော ရေသံသည် သူ့အား ခြောက်လန့်နေသည်။ သူ့ထံတွင် ကြောက်နေချိန် မရချေ။ ကောက်ရိုးအမျှင် ဖြစ်စေဦးတော့ မိမိရရ ဖမ်းဆွဲရပေလိမ့်မည်။

သူ မျက်လုံးကိုမှိတ် အံကိုခဲပြီး ဝဲဂယက်တွင်းသို့ ဒိုင်ဗင်ထိုး ချလိုက်သည်။

ခေါင်းနှင့်ကိုယ် သီးခြားစီ ဖြစ်သွားပြီဟု ထင်မိသည်။ မွန်းသော ရေကို အံတုနေမိသည်။ ကျောက်ချပ်လွှာကို မှီ၍ မေ့မျောနေသူကို အာရုံထဲ မြင်မိသည်။ မဖြစ်ပါ။ ခုချိန်သာ သူ အားပျော့လိုက်ပါက နှမသည် လောကထဲမှ အပြီးအပိုင် ထွက်သွားလိမ့်မည်။

သူ အားတင်းထားသည် ... ပိတ်ထားသော မျက်လုံးကို ဖွင့်လိုက်၏။ ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရပေ။ သူ့ခန္ဓာသည် ရေ၏ဆွဲခေါ်ရာနောက် လိုက်ပါနေသည်။

ဝမ်းတွင်းမှရှိသမျှအားတွေကို လက်မောင်းတွင်စုစည်းပြီး ရေထုကို အန်တုလိုက်သည်။

ရေထုကလည်း သူ့ကို မညှာမတာပင် အနိုင်ယူနေလေသည်။

သူ့ ခြေထောက်သည် ရေအောက်ကြမ်းပြင်ကို နင်းလိုက်မိသည်။

သူ့အာရုံတွေ နိုးကြားသွားသည်။ အားထည့်ပြီး ကူးခတ်လိုက်သောအခါ အမြင်အာရုံတွေ ထင်ရှားလာသည်။

'ဟင်'

သူ အံ့ဩသွား၏။ ဘရသေ့ ပြောသည့်အတိုင်းပင် ရေအောက်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားထုကြီးကို တွေ့ရသည်။ ထိုကျောက်သားထုကြီးသည် တောင်ပူစာသဏ္ဍာန်ရှိနေသည်။

ထိုကျောက်သားထုအနီးသို့ သူ တိုးကပ်သွားသည်။

ကျောက်သားကို ဆွဲဖဲ့သည်။ သို့သော် မရချေ။ ထို့ကြောင့် ထိုတောင်ပူစာ ပတ်လည်ကို လှမ်းကြည့်သည်။ ပဲ့ရွဲ့ထွက်နေသော ကျောက်ချွန်ကို မတွေ့ရချေ။

ရေလည်း မွန်းနေသည်။ ကြာလာလျှင် သူ လေဖြတ်ပြီး သေသွားနိုင်သည်။ ဘာလုပ်ရမလဲ ... သူ တွေးနေဆဲမှာပင် ညှိတက်နေသော ကျောက်မည်းလေးတစ်လုံးကို တွေ့လိုက်ရသည်။ သူ ဆွဲယူသည်။ ကျောက်ခဲသည် ရေမှော်များနှင့် ကပ်ညှိနေသောကြောင့် လျှောထွက်နေသည်။

လေဖြတ်လပ်သည်မှာ အချိန်ကြာမြင့်လာသည်။ ထို့ကြောင့် ဖြစ် ချင်ရာဖြစ်ဟု သဘောပေါက်ကာ ထိုကျောက်ခဲကိုသာ ယူပြီး ရေပြင်ပေါ်သို့ တက်လာခဲ့သည်။

အံ့သြစရာ အလွန်ကောင်းသည်။ သူ ရောက်နေသော ရေပြင်သည် မြစ်လယ်တည့်တည့်၌ ဖြစ်သည်။

မြစ်နှင့်ချောင်းဆုံရာသည် ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့သည်။ ထိုကျောက်ခဲကို လက်ထဲ ကျစ်နေအောင် ကိုင်ပြီး ကူးခတ်လာခဲ့သည်။ ကမ်းပေါ်ရောက်ရောက်ချင်း လက်ထဲမှ ခဲလုံးကို ကြည့်လိုက်၏။ ကျောက်မည်းဆိုတာ သေချာလှသည်။ သို့သော် အညှိတက်နေသောကြောင့် ထိုညှိကို ဆွဲခွာသည်။ ခွာ၍ မရပေ။ သူ ခွာနေဆဲမှာပင် ရေညှိများသည်



ခြောက်ကပ်သွား၏။ လေတို့ နေတို့နှင့် ထိ၍လားဟု စဉ်းစားမိသည်။ သို့သော် သူ့ထံတွင် စဉ်းစားချိန်မရှိပါချေ။

ရုစာရီကို စိုးရိမ်ပြီး ပြေးထွက်လာခဲ့သည်။

ရုစာရီသည် သူ ထားခဲ့သော နေရာ၌ပင် ပကတိအတိုင်း တည်ရှိနေသည်။

သူ ဘာလုပ်ရမလဲ ... ဒီ ကျောက်ကို ရေဖျော်တိုက်ရမှာလား၊ သွေးပြီးတိုက်ရမှာလား ... ဒါမှမဟုတ် ဒဏ်ရာကို ထိတို့ပေးရမှာလားဆိုတာ ဝေခွဲမတတ် ဖြစ်ရသည်။

ရေညှိလုံးများအလယ်တွင် အခဲလိုက်ရှိနေသော ကျောက်မည်းကို ထုတ်သည်။ ထုတ်မရချေ။

ထိုကျောက်ခဲလေးသည် ရုစာရီ၏ မျက်နှာရှေ့ကို ဟိုယိုင်ဒီလူးလွင့်နေသောအခါ ဖြူရော်နေပြီဖြစ်သော ရုစာရီ၏ မျက်နှာသည် သွေးရောင်လွှမ်းလာသည်။ အေးစက်နေပြီဖြစ်သော လက်ချောင်းများသည် နွေးထွေးလာသည်။

'ဟင်'

သူ လန့်သွားသည်။ ပြောင်းလဲစပြုနေသော ရုစာရီကိုသတိထားမိ၍ မဟုတ်ပါ။ ညှိတက်နေသော ကျောက်မည်းကြောင့် ဖြစ်သည်။ ရေညှိလေးများသည် တောက်ပသော အရောင်များဖြစ်လာသည်။ ပြီးနောက် တဖြည်းဖြည်း ကျင်ကြီးတစ်ချောင်းနှင့် တူလာသည်။ ရေညှိများဖုံးအုပ်ထားသော ကျောက်မည်းသည် တဖြည်းဖြည်း အစိမ်းရောင်အသွင်ပြောင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



‘မောင်ကြီး’

ခေါ်သံဖြစ်သည်။ သူ လုံးဝ မယုံနိုင်ပေ။ သူ့ရင်ခွင်ထဲမှ ရုန်းကြွလှုပ်ရှားလာသူလေးကို မှင်တက်စွာ ငေးမောနေသည်။

‘မောင်ကြီး’

ရှစာရီသည် သူ့ကို လှသော အပြုံးနှင့် စိုက်ကြည့်နေသည်။ သူသည် လက်ထဲမှ လည်ဆွဲသဏ္ဌာန်ပြောင်းသွားသော ကျောက်မည်းတုံးနှင့် ရေညှိပုံဆောင်ခဲကို တစ်လှည့် ရှစာရီကို တစ်လှည့် စိုက်ကြည့်နေမိသည်။

‘ရှစာရီ ... နှမ’

တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်လိုက်မိသည်။

‘မောင်ကြီး ဘာမှမဖြစ်ဘူးနော် ... ဒါက ဘာကြီးလဲ ... လှလိုက်တာ မောင်ကြီးရယ် ... နှမကို ပေးဖို့လားဟင်’

‘အဲ ... အင်း ... အင်း ... ဟုတ်ပါတယ် ... ဟုတ်ပါတယ်’

‘ဘယ်ကတည်းက ရှိနေတာလဲဟင် ... ဒီလို ရတနာမျိုးရဖို့ နှမ မကြာခဏ အိပ်မက်မက်ဖူးတယ်’

သူ အံ့သြသွားသည်။ ဖြစ်ရပ်သည် မြန်ဆန်လွန်းသောကြောင့် အံ့အားသင့်၍မဆုံးနိုင်တော့ပါ။ အိပ်မက်တဲ့လား ... ဒါ ... နှမ အိပ်မက်ထဲက ရတနာတဲ့လား။

‘ဆွဲပေးလေ ... မောင်ကြီးရဲ့’

ရှစာရီ၏ သတိပေးစကားကြောင့်သာ ဆွဲပေးလိုက်ရသော်လည်း



အခြေအနေကို နားမလည်နိုင်ဖြစ်ရသည်။

အသက်ပင် မှန်မှန်မရှူတော့သည့် ရှစာရီသည် ဘာဆေးမှ မသောက်လိုက်ရဘဲ အလိုလိုကောင်းလာသည်။ ပြီးနောက် သူ ယူခဲ့သည်က ညှိတက်နေသော ကျောက်မည်းတစ်လုံးဖြစ်သည်။ ဘယ်လိုလုပ် ရှစာရီ လည်ပင်း၌ လည်ဆွဲဖြစ်သွားရတာလဲ။

ဒါကံကြမ္မာလား ... ကံတရားလား ... ဒါတွေက ကံတရားဆိုပါက သူတို့ ဘယ်လိုဖြစ်ဦးမှာလဲ ... သူ ... ဆက်မတွေးရဲတော့ချေ။ အနာဂတ်ကြီးကို ကြောက်လန့်လာသည်။ ထိုစဉ် ...

‘ဝို ...’

မြားတံတစ်ချောင်းသည် သူ့နားရွက်ဖျားကို ရှပ်ထိကာ ဖြတ်ပြေးသွားသည်။ သူ့နားရွက်ထိပ်ဖျားသည် ဟပ်တပ်ပြတ်သွားသည်။

‘ဟင် ... မောင်ကြီး ...’

မြားတံလာရာအရပ်သို့ လှည့်ကြည့်လိုက်သောအခါ စစ်သည်တော်တစ်ကျိပ်ခန့်ကို တွေ့ရသည်။

သူ ဘာမှစဉ်းစားနေဖို့ အချိန်မရပါ။ ရှစာရီ၏ လက်ကို ဆွဲပြီး ခြေဦးတည့်ရာ ပြေးလေတော့သည်။

‘လိုက်ဟေ့ ...’

တောလမ်းဆိုသော်ငြား ကွေ့ကောက်မနေချေ။ ကျောက်သားကမ်းပါးယံကြီး ကာထားသောကြောင့် သစ်ပင်ကြီးများ ရှင်းလင်းနေသည်၊ ပြေးလမ်းမသာပေ။

ဒီပုံအတိုင်းသာ ဆက်ပြေးနေပါက လွတ်နိုင်မည် မဟုတ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိသည်။ ချောင်းကမ်းပါးလည်း မရှိပေ။ ကိုင်းမြက်လည်း မထူပြောပေ။

'ဝိုး ... ဝိုး'

မြားတံတွေက အဆက်မပြတ် ကျရောက်လာသည်။

'ပစ်'

ညာသံပေးပြီး လိုက်နေသော စစ်သည်တော်များ၏ ခြေသံသည် တဖြည်းဖြည်း နီးကပ်လာသည်။

'ဝိုး'

'အား ...'

နာကျင်သော အော်ညည်းသံသည် တောင်နံရံများသို့ ပဲ့တင်ထပ်ကုန်၏။

'မောင်ကြီး ...'

ပေါင်ရင်းကို မြားမှန်လိုက်ခြင်းဖြစ်သည်။ အဂ္ဂါသည် မပြေးနိုင်တော့ပါချေ။ သို့သော် အားယူပြီး ပြေးသည်။ ခုချိန် သုနန္ဒိယ ဘုရင်လက်ထဲ ရောက်လို့တော့ သူရော၊ ရှစာရီပါ အသက်ရှင်လိမ့်မည်မဟုတ်။ သူ မရှိပါကလည်း ဤတော ဤတောင်တွင် ရှစာရီလို ငယ်ရွယ်နုပျိုသော မိန်းမပျိုလေးက ဘယ်လို အသက်ရှင်ကျန်ရစ်မလဲဆိုတာလည်း တွေးပူမိသည်။

'ဝိုး ...'

မြားချက်သည် ထပ်မံရောက်ရှိလာပြန်သည်။ ဤတစ်ကြိမ်မှာတော့ ညာဘက်ဒူးကွေးဖြစ်သည်။

'အား ...'



အဂ္ဂါသည် ဒူးညွတ်လဲ့ကျသွားသည်။

'မောင်ကြီး'

ရှစာရီသည် ပြေးနေရာမှ ရုတ်ချည်းထိုင်ချလိုက်သည်။

မျက်ရည်များ လိမ့်ကျလာသည်။ လဲ့ကျသွားသော အဂ္ဂါကို ရှစာရီ ထွေးပွေ့ထားသည်။ အဂ္ဂါ၏ ခြေထောက်တွင် သွေးများ မြင်မကောင်းတော့ပေ။ အသားထဲ စိုက်ဝင်နေသော မြားတံနှစ်ချောင်းသည် အသည်းနာစရာကောင်းလှပေသည်။

'ပြေးတော့ ... ရှစာရီ ... ပြေးတော့ ... မောင်ကြီးကို ထားခဲ့ပါတော့'

'ဟင့်အင်း ... ဟင့်အင်း ... မသွားဘူး'

'ပြေးပါ နှမငယ် ... ပြေးပါ ... သရီရ ရသေ့ကို ရှာပါ။ နှမကို ကူညီပေးနိုင်ပါလိမ့်မယ် ... သွားပါတော့နော်'

'ဟင့်အင်း ... မသွားဘူး ... မောင်ကြီးမပါဘဲ ... မသွားနိုင်ဘူး။ မောင်ကြီး မရှိမှတော့ နှမက ရှင်သန်နေလည်း ဘာထူးတော့မှာလဲ။ သေလည်း မောင်ကြီးဘေးမှာပဲ သေမယ်'

'ပြောရမခက်စမ်းပါနဲ့ ရှစာရီလေးရယ် ... သွားပါတော့'

ရဲမက်များသည် အားပြင်းသော ခြေလှမ်းတို့နှင့် ပြေးလာကြသည်။ ဒါကို မြင်နေသော အဂ္ဂါသည် နှလုံးကွဲမတတ် ခံစားရသည်။

'သွားတော့လို့ ... ဆိုနေ'

အဂ္ဂါ အသံသည် ကျယ်လောင်သွားသည်။

'ဟင့်အင်း ... မောင်ကြီးမပါရင် မသွားဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ ... ဗီမိန်းကလေး'

အဂ္ဂါသည် ရက်စက်ရပေတော့သည်။

လက်မောင်းကို ကိုင်ထားသော ရုစာရီ၏လက်ကို ပုတ်ချသည်။ ပြီးနောက် အားယူပြီး ထရပ်သည်။

'သွားတော့ ...'

'ဟင့်အင်း ... ဟင့်အင်း'

ရဲမက်များသည် နီးသည်ထက် ပို၍ နီးလာသည်။ အဂ္ဂါသည် အင်အားတို့လည်း မရှိတော့။ မျက်လုံးတွေလည်း ဝေဝါးကုန်သည်။ မြင်ကွင်းပင် သိပ်မသဲကွဲတော့ချေ။

'သွားဆို ... သွား ... သွား'

အဂ္ဂါသည် ရှိသမျှအားကို စုစည်းကာ တွန်းလွှတ်ပစ်လိုက်သည်။ အဂ္ဂါ၏တွန်းအားကြောင့် ရုစာရီသည် ကျောက်နံရံသို့ ရောက်ရှိသွား၏။

'ဟင်'

အဂ္ဂါ အံ့သြသွားသည်။ မျက်လုံးများကို ပွတ်သပ်ကြည့်၏။ ဟိုဟိုဒီဒီ ရှာသည်။

'နှမ ... နှမ ... ရုစာရီ'

ခဏအတွင်းမှာပင် မျက်စိရှေ့မှ မျက်လှည့်ပြသလို ပျောက်သွားသော ရုစာရီကြောင့် ဒဏ်ရာပင် နာရကောင်းမှန်းမသိတော့ချေ။

'နှမငယ် ... ရုစာရီ ... နှမငယ်'

အဂ္ဂါ၏အသံသည် တောလုံးညံအောင် ဟိန်းတက်လာသော်





လည်း ရုစာရီ ကြားနိုင်ပါ၏။

× × ×

www.burmeseclassic.com



ကိုယ်ခန္ဓာသည် ရုတ်တရက် ပေါ့ပါးသွားသည်၊

နံရံနှင့် ခေါင်းဆောင့်မိပြီဟု ထင်လိုက်သော်လည်း အိသော

မြေသားပေါ်ကျရောက်နေသည်၊

နာတော့မှာပဲဆိုသော အသိကြောင့် မှိတ်ထားမိသော မျက်လုံး

သည် ပွင့်သွား၏၊

'ဟင်'

မြင်ကွင်းကြောင့် ရှစာရီ အံ့အားသင့်သွားသည်၊

ပထမဆုံး မြင်လိုက်ရသည်က လှပသော ကျောက်စရစ်ခဲမျာ

ဖြစ်သည်၊ ထိုကျောက်စရစ်ခဲများသည် မျက်နှာကြက်၌ ကြယ်တာ

အလား လင်းလက်တောက်ပနေသည်၊

ဘေးဘီဝဲယာသို့ ကြည့်လိုက်ပြန်သည်၊

မြင့်မားသော ကျောက်သားနံရံကြီးကို တွေ့ရ၏၊ ကျောက်သာ

နံရံများသည် ရေညှိများနှင့် စိမ်းစိုလှပနေသည်၊

ဘယ်ကို ရောက်နေတာလဲ ...

'ငါ ... ဘယ်ရောက်နေတာလဲ၊ ဒါ ... ဘယ်နေရာကြီး

နားမလည်နိုင်အောင် ဖြစ်သွားသည်၊ မိမိပါးကို မိမိ ခပ်ဆ

ဆတ်ရိုက်လိုက်သည်၊ နာကျင်နေဆဲဖြစ်၏၊ အိပ်မက်မဟုတ်မှန်း သေ





လှသည်၊ ဒါဆို ... နံရံနဲ့ခေါင်းဆောင့်မိပြီး သေသွားတာလား။ ဒါ လည်း မဖြစ်နိုင်ပါ နာကျင်ခြင်းကို သိနေ၏၊

'မောင်ကြီး ...'

အံ့အားသင့်နေရာမှ ရုတ်ချည်း မောင်ကြီး အဂ္ဂါကို သတိရသွား သည်၊ မောင်ကြီး၏ ဒူးကွေးနှင့်ပေါင်တို့တွင် မြားမှန်ထားသည်။ မောင် ကြီး ... ခြေထောက်မထောက်နိုင်တော့ချေ။ မောင်ကြီး မပြေးနိုင်တော့ ချေ၊ မောင်ကြီးသည် မိမိကို ပြေးခိုင်းသည်။ သို့သော် မိမိက ငြင်းနေ သောကြောင့် မောင်ကြီးသည် မိမိကို တွန်းလွှတ်လိုက်ခြင်းဖြစ်သည်။ မောင်ကြီး တွန်းလိုက်သည်က ကျောက်နံရံဆီသို့ ဖြစ်သည်၊ တကယ်ပဲ သူမလည်း ကျောက်နံရံဆီသို့ လွင့်လာခြင်းဖြစ်သည်၊ သို့သော် ဘာကြောင့် ဘယ်လို ...

'ဟင်'

ဟိုဟိုဒီဒီ ကြည့်လိုက်သောအခါ အခြေအနေမှန်ကို ရိပ်မိစပြု လာသည်၊ ရှစာရီ ... ယခု ရောက်နေသောနေရာသည် ကျောက်ဂူကြီး တစ်လုံးဖြစ်သည်၊

'ဒါ ... ဒါဆို မောင်ကြီးတွန်းလိုက်လို့ ငါ ဂူထဲ ရောက်ခဲ့တာ ပေါ့'

ဖြစ်ရပ်ကို မယုံနိုင်ချေ၊ သူမနှင့်မောင်ကြီးတို့ လက်တွဲပြီး ပြေးခဲ့စဉ်က ကျောက်သားနံရံအတိုင်း ပြေးလာခြင်းဖြစ်သည်။ ဂူပေါက် ကို မတွေ့ခဲ့ချေ၊ ယခုတော့ သူမ ဂူထဲရောက်နေသည်၊

'ဘုရား ... ဘုရား ... ဘယ်လိုဖြစ်ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဖုံ့သြသည်။ သို့သော် အံ့သြစိတ်ထက် မောင်ကြီးကို ပိုရှ ပူပန်မိသည်။ သူမထံတွင် ဖြစ်ရပ်ကို ထိုသို့ အံ့အားသင့်နေချိန် မရချေ။ မောင်ကြီးကို ဆွဲခေါ်ပြီး ဤလုံခြုံသည့် ဂူထဲ ဆွဲခေါ်ရမည်ဖြစ်သည်။

'ဂူပေါက် ... ငါ ... ဝင်လာတဲ့ ဂူပေါက်'

ရုတ်တရက်ဆိုသလိုပင် ကျောက်နံရံများကို လက်ဖြင့် ကုတ်ခြစ် လိုက်သည်။

'မောင်ကြီး ... မောင်ကြီး'

မောင်ကြီးကို စိတ်ပူမိသည်။ စစ်သည်တော်များ မောင်ကြီးထံ ပြေးလာကြသည်ကို သူမ မျက်စိနှင့်အမြင်ပဲဖြစ်သည်။ ခုချိန် စစ်သည် တော်တွေ မောင်ကြီးကို ဖမ်းခေါ်သွားကြပြီလား။

မောင်ကြီး ခြေထောက်မှ ဒဏ်ရာဘယ်လို ဖြစ်နေပြီလဲ။

မောင်ကြီး ခြေထောက်မှ သွေးတွေ မြင်မကောင်းအော စီးကျနေသည်ကို သူမ မျက်မြင်ဖြစ်သည်။

'မောင်ကြီး ... မောင်ကြီး'

သူမ ရင်ထဲသောက ဗျာပါစေကုန်သည်။ ကျောက်နံရံ လက်ဖြင့် ကုတ်ခြစ်ထုရိုက်သော်လည်း သေးငယ်သော အပေါက်ကို မတွေ့ရချေ။

'မောင်ကြီးရယ် ... မောင်ကြီး ... အီး ... ဟီး ... ဟီး

အာခေါင်ခြစ်ကာ အားပါးတရ အော်ငိုပစ်မိသည်။

သို့သော် အားမလျော့နိုင်သေးပါ။ ဝင်ပေါက်မရှိပါက သူ ဘယ်လို ရောက်လာမှာလဲဟု တွေးမိသည်။ ဝင်ပေါက်ရှိပါက ထွက်ပေါ





သည်း ရှိမှာပဲဟု ယုံကြည်သည်။

ထို့ကြောင့် ကျောက်နံရံတစ်လျှောက် ပြေးလွှားကြည့်သည်။ က်ဖြင့် ထုရိုက်ကြည့်သည်။

သူမ လက်မှ သွေးများ ရဲခနဲ စီးကျလာသည်။

'မောင်ကြီး ... မောင်ကြီးရယ်'

ပြေးလွှားရလွန်း၍ မောပန်းလာသည်။ နာကျင်လွန်း၍ ခြေကုန် က်ပန်းကျလာသည်။ သို့သော် မောင်ကြီးအတွက် ပူပင်သောကသည် ရင်ထဲပြည့်နေ၏။

စစ်သည်တော်တွေ မောင်ကြီးကို ဆွဲခေါ်သွားကြပြီလား။ သူတို့ တွေ မောင်ကြီးကို ခေါ်သွားပါက သတ်ပစ်ကြလိမ့်မည်။ မောင်ကြီးသေ ၍ မရပါ။ မောင်ကြီးမရှိပါက သူမ ဘယ်လိုလုပ် နေရမှာလဲ။ ဘယ်သူ နဲ့ နေရမှာလဲ။ ဘယ်လိုဆက်ပြီး အသက်ရှင်သွားရမှာလဲ။

သူမ ငိုကြွေး၍ မရပါ။ ခုလို လှဲအိပ်နေ၍ မရပါ။ ထွက် ပေါက်ကို တွေ့အောင်ရှာရလိမ့်မည်။

စစ်သည်တော်တွေက မောင်ကြီးကို ဖမ်းခေါ်သွားဦးတော့ ရုတ် တရက် သတ်ပစ်ကြလိမ့်မည် မဟုတ်ပါ။ ထွက်ပေါက်ကို ကြိုးစားရှာပြီး အပြင်ထွက်နိုင်ပါက မောင်ကြီးကို ကယ်တင်နိုင်လိမ့်မည်။ ခုနေချိန် မောင်ကြီးကို ကယ်တင်နိုင်ပါက သူမ ဘာမဆိုလုပ်ဖို့ ဝန်မလေးချေ။ မောင်ကြီးသာ အသက်ရှင်သန်ရမယ်ဆိုပါက သုနန္ဒိယ ဘုရင်၏ မိဖုရား သည်း လုပ်နိုင်ပါသည်။ အရေးကြီးတာက မောင်ကြီး ရှင်သန်ဖို့ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီး ရှင်သန်နိုင်ရန် သူမ ဤဂူထဲက ထွက်မှဖြစ်လိမ့်မည်။ ဒီတစ်နေ့ကုန်သွားပါက မောင်ကြီး၏ အသက်သည် အာမမခံနိုင်တော့ချေ။

သူမ လှဲနေရာမှ ထရပ်သည်။ ဂူနံရံများကို ပြေးလွှားကြည့်သည်။

လုသော ကျောက်ဆစ်ပန်းဆွဲများကိုလည်း ရှုမနေနိုင်ပါ။ မျက်နှာကြက်ပေါ်မှ တတောက်တောက် ကျနေသော ရေစက်ကိုလည်း လျှာဖျားနှင့်ခံပြီး မသောက်နိုင်ပါ။ သူမသည် ဂူထဲ၌ အရူးတစ်ယောက်လို ပြေးလွှားနေမိသည်။

ကျောက်ဂူကြီးမှာ ကြီးပြီးရှည်လျားလှသည်။

'အား ...'

တွင်းနက်ကြီးရှိမှန်း သတိမထားမိလိုက်ပါချေ။

ဒီတစ်ခါတော့ ငါ သေပြီ ထင်တယ်စု အတွေးဝင်သွားသည်။ ထို့ကြောင့် စိတ်ကိုဖော့ထားလိုက်၏။ သေလျှင်လည်းသေ။ ဘာတတ်နိုင်မှာလဲ။

'ဟင်'

ထပ်မံ၍ အံ့သြရပြန်သည်။ ပထမဦးစွာ ခံစားမိလိုက်သည်က မွှေးသောရနံ့တစ်ခုဖြစ်သည်။ ဒုတိယအကြိမ် ခံစားမိလိုက်သည်က အေးသော အထိအတွေ့ဖြစ်သည်။

သူမ မျက်လုံးဖွင့်လိုက်သည်။ လှပသော ရေစက်လေးများသည် မျက်နှာကြက်တွင် အသီးလိုက်တွဲခိုနေသည်။ သူမကိုယ်သည် အေးစက်





နေရုံမှလွဲ၍ နာကျင်ခြင်းအလျဉ်းမရှိပေ။

သူမ ချမ်းလာသည်။ ထို့ကြောင့် လက်ပိုက်လိုက်၏။

'ဟင် ...'

သွေးတွေ ... သူမလက်မောင်းမှ သွေးတွေ ဘယ်ရောက်ကုန်ပြီလဲ။

သူမ လက်မောင်းကို ဆန့်တန်းကြည့်သည်။ နံရံကို ရိုက်ထားသောကြောင့် ကိုင်လှုပ်မရအောင် နာကျင်သည့်ဝေဒနာတွေ ယူပစ်သလို ပျောက်ကုန်သည်။

သူမကိုယ် သူမ ငုံ့ကြည့်ပြန်သည်။

ဝတ်စုံဖြူပေါ် စွန်းပေနေသော သွေးများ ဘယ်ရောက်ကုန်မှန်း မသိချေ။ သူမ၏ ဝတ်စုံသည် ရက်ကန်းစင်မှ ယူလာသည့်အတိုင်း သတိရှင်းသန့် ဖြူစင်နေသည်။

'အမယ်လေး'

သူမ ရောက်ရှိနေသော နေရာကို သတိပြုမိသောအခါ လန့်ပြီး အော်လိုက်သည်။

မှန်ပါ၏။ သူမ ထိုင်နေမိသော ခင်းပြင်တွင် အငွေ့များထွက်သည်။

ရပ်နေရင်းပင် ထိုခင်းပြင်ကို လက်ဖြင့် မရဲတရဲကိုင်မိပြန်သည်။ နေဘဲ အေးခဲနေ၏။ သူမ အံ့သြသည်။ သူမ တွေ့ဖူးသမျှသည် မှ သောအရာမှ အခု အငွေ့ထွက်သည်။ ဤမျှ အေးနေလျှင် ဘယ်တုန်းက အငွေ့မထွက်ဘူးပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုခင်းပြင်ကို အာရုံစိုက်ကာ ကြည့်လိုက်၏။

'ဟင် ...'

ထိုခင်းပြင်တွင် သူမ၏ ပုံရိပ် ထင်နေသည်။ သူမက ပြုံး လိုက်လျှင် ထိုပုံရိပ်သည် ပြုံးပြလာသည်။ သူမက မဲ့ပြပါက ထိုပုံ သည် မဲ့ပြလာသည်။

အငွေ့များကြောင့် သိပ်မသဲကွဲသော်လည်း ထင်နေသော ပုံ သည် သူမမှန်း သိသာလွန်းနေသည်။

'ဘယ်လိုဖြစ်ရတာလဲ'

နားမလည်ချေ။ သို့သော် ထိုခင်းပြင်ကိုတော့ နှစ်သက်မိ မောင်ကြီးကိုသာ ကယ်တင်ပြီးပါက မောင်ကြီးကို ထိုခင်းပြင်ပေါ် လိုက်သည်။ သို့ဆိုပါက မောင်ကြီး၏ မြားဒဏ်ရာသည် ရက်ချ သက်သာပျောက်ကင်း ဝမ်းနည်းစရာကောင်းသည့် အခြေအနေကြ ကျေနပ်ရပြန်သည်။

ခပ်စိမ့်စိမ့်အေးနေရာမှ ထုံကျင်လာသည်။ ထို့ကြောင့် လက် လေးပိုက်ပြီး ရှေ့ဆက်လျှောက်မိသည်။

'ဖို ... လှလိုက်တာ'

ကြီးမားသော ပန်းပွင့်ကြီးဖြစ်သည်။

ယခုမှ သတိပြုမိသွားသည်။ သူမ မွှေးရနံ့တစ်ခုကို ရှူ မိသည်။ ထိုမွှေးရနံ့သည် ထိုပန်းမှ လာခြင်းဖြစ်၏။

ထိုရနံ့ကို သူမ သဘောကျသည်။ စိတ်ကြည်လင် လန်း စေသည်။ သောကတို့ကို သက်သာစေသည်။ သူမ ထိုပန်းကို



ပြင်သည်။

'ဟော့ ... မခူးနဲ့'

သူမကိုယ်လေး တွန့်ခနဲ တုန်သွားသည်။

အသံကြီးတစ်သံ ဖြစ်သည်။ ရုတ်တရက်မို့ လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားသည်။

ထိတ်လန့်ပြီးနောက်တွင် ပျော်ရွှင်လာသည်။ သူမလို လူသား ဤဂူထဲမှ ရှိပါသေးလားဆိုသည့် အသိကြောင့် မျှော်လင့်ချက်များ နိုးထ ရှင်သန်လာသည်။

'ဟင်'

အသံလာရာဆီသို့ လှည့်ကြည့်မိသောအခါ မှင်တက်သွားသည်။

မှန်ပါ၏။ ဝတ်ဖြူစင်ကြယ်နှင့် ဆံပင်ရှည်ရှည် နှုတ်ခမ်းမွေး ရှည်ရှည်တို့ကို ပိုင်ဆိုင်သောပုဂ္ဂိုလ်ဖြစ်သည်။ ထိုလူ၏ ဆံပင်နှင့်နှုတ်ခမ်း မွေးများသည် ဆွတ်ဆွတ်ဖြူနေသည်။

ထိုပုဂ္ဂိုလ်ကို မြင်နေကျပုံမျိုးမဟုတ်ဘဲ ကွဲထွက်နေသော်လည်း သူမရင်ထဲ ကြောက်စိတ်မဝင်ပေ။ တည်ကြည်သော မျက်နှာအနေအထား ကြောင့် မြင်မြင်ချင်း ကြည်ညိုမိသည်။

'အဲဒီပန်းကိုသာ မင်း ... ခူးလိုက်ရင် ဂူပေါက်က ထာဝရ ပိတ်သွားလိမ့်မယ်'

ထိုပုဂ္ဂိုလ်၏ စကားကြောင့် သူမ လန့်သွားသည်။

သူမ၏ ရည်ရွယ်ချက်သည် အပြင်ထွက်ချင်သည်။ ဂူပေါက် ကို တွေ့ချင်သည်။ ရှာမတွေ့နိုင်သော ဂူပေါက်ကို ထာဝရပိတ်သွား

www.burmeseclassic.com

မည်ဆိုသော အကြောင်းအရာသည် သူမအကြောက်ဆုံးသော အရာဖြစ်၏။

'အဘက ဘယ်သူလဲ'

သူမသည် ဖျာဖျာသလဲ မေးခွန်းကိုထုတ်သည်။

သို့သော် ထိုပုဂ္ဂိုလ်က သူမ၏ မေးခွန်းကိုမဖြေဘဲ အေးခဲသော ကျောက်သားထဲ လျှောက်သွားသည်။

သူမ ... ထိုပုဂ္ဂိုလ်နောက် ထပ်ချပ်မကွာလိုက်သည်။ နားမလည်နိုင်ခြင်းတွေ ရင်ထဲ ပြည့်နှက်နေသည်။ အဆောတလျင်ပင် မရပ်မနား မေးပစ်လိုက်ချင်သည်။

'ကျွန်တော်မျိုးမ မေးတာကိုဖြေပါ ... အဘက ဘယ်သူလဲ'

သို့သော် မဖြေချေ။ ကျောက်သားခင်းပြင်ပေး တင်ပျဉ်ခွေထိုင်လိုက်သည်။

'အလောမကြီးပါနဲ့ ... လုံမလေး ဘယ်လောက်အလောကြီးကြီး အချိန်ဆိုတာ ရွေ့လျားတာ မြန်ပါတယ်။ စိတ်ကိုလျှော့ပါ လုံမလေး'

'ကျွန်တော်မျိုးမ မေးတာကို ဖြေပါ။ အဘက ဘယ်သူလဲ။ ဘာကြောင့် ဒီဂူထဲရောက်နေတာလဲ။ ဘယ်ဝင်ပေါက်က ဝင်လာသလဲ'

'ကျုပ်သည် သရိရ ရသေ့မည်၏။ ကျုပ်၏ နေရပ်သည် ဤကျောက်ဂူသာဖြစ်သည်'

'သရိရ ရသေ့ကိုရှာပါ ... နမကို ကူပါလိမ့်မယ်'

ဆင့်ကာ ဆင့်ကာ ပဲ့တင်ထပ်လာသော မောင်ကြီး၏ အသံဖြစ်သည်။



သူမ နားမလည်ပါ ... မောင်ကြီးက သရိရ ရသေ့နဲ့ ဘယ်တုန်းက သိလိုက်တာလဲ။ ဘာကြောင့် သရိရ ရသေ့ကို ရှာခိုင်းတာလဲ။

မောင်ကြီး၏ စကားက ဘာကို ရည်ညွှန်းမှန်း မသိချေ။ အဓိပ္ပာယ်က ဘာကိုဆိုလိုမှန်းမသိ။ သို့သော် သရိရ ရသေ့ကိုတော့ တွေ့မြင်နေရပြီဖြစ်သည်။ သူမ၏ ရှေ့မှောက်၌ သရိရ ရသေ့က ရောက်ရှိနေပြီဖြစ်သည်။ သူမ ဘာလုပ်ရမလဲ။ ဘာလုပ်ပေးပါလို့ အကူအညီတောင်းခံရမှာလဲ။ မောင်ကြီးကို ကယ်ပေးပါဟုလား။ ဂူပေါက်ကို လမ်းပြပေးပါဟုလား။ ဒါမှမဟုတ် မောင်ကြီး၏ မြားဒဏ်ရာကို ကုပေးပါဦးလား။

'ကျုပ်သည် သူတော်စင်ဖြစ်သည်။ လုပ်ဆောင်ချက်ကို မပြုသိ့ပါ။ မိမိကိုယ်သာ ကိုးကွယ်ရာဟု လုံမလေးစိတ်ထဲ မှတ်ထားလေရေ့'

အံ့အားသင့်သွားပြန်သည်။ ဒီရသေ့သည် သူမစိတ်ကို သိမြင်နေသည်။

'ကံပါလာကြပြီကိုး ... ဆုံတွေ့ချိန်တန်ခဲ့တာပဲ။ ဂူတံခါးကိုဖွင့်ဖို့ ဒုတိယလူ ရောက်လာပြီ'

'ဂူတံခါး ... ဟုတ်လား။ ကျွန်တော်မျိုးမ ရောက်ရှိခဲ့တဲ့ ကျောက်ဂူကိုပဲလား ... အဘရသေ့'

သူမ၏ မေးခွန်းကြောင့် သရိရ ရသေ့သည် ခေါင်းကို တွင်တွင်ခါသည်။

'လုံမလေးနဲ့ သစ္စာအဓိဋ္ဌာန်နဲ့ ဤကျောက်တံခါးကို ဖွင့်ပါ။ လုံမလေး အကျိုးခံစားရပါလိမ့်မည်'

သရိရ ရသေ့သည် ပြောပြီး မျက်လုံးပြန်မှိတ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေ ဆက်ထုတ်ချင်သော်လည်း သရိရ ရသေ့သည် ဖြေမည့် အရိပ်အယောင် မရှိတော့ချေ။

သရိရ ရသေ့ အနီးမှ သူမ ထွက်ခွာလာသည်။

သရိရ ရသေ့ ညွှန်ပြသော နံရံကို စေ့စေ့ကြည့်သည်။

သစ္စာအဓိဋ္ဌာန်ဆိုပါလား။ ဘယ်လို အဓိဋ္ဌာန်ရမလဲဆိုတာ သူမ မသိချေ။ ဘယ်တုန်းကမှလည်း အဓိဋ္ဌာန်မပြုခဲ့ဖူးပါ။ ဤနံရံချပ်ကြီး ပွင့်သွားလျှင် ဘာဖြစ်မှာလဲဆိုတာ သူမ မသိချေ။

'မောင်ကြီးကို ကယ်လိုသည် ... မောင်ကြီးမရှိလျှင် ကျွန်တော်မျိုးမ လောကဌ် အသက်မရှင်နိုင်ပါ။ ဤမှန်သော သစ္စာစကားကြောင့် ဤဂူချပ်သည် ကျွန်တော်မျိုးမအား လမ်းပြပေးတော်မူပါ'

လက်အုပ်ချီပြီး မျက်လုံးကို မှိတ်သည်။

ဂူတံခါး ပွင့်လာမည့်အသံကို နားစွင့်သည်။ သို့သော် မျှော်လင့်ချက် ပျက်ပြားခဲ့ရသည်။

သူမစကား သူမ သံသယဝင်လာ၏။

မောင်ကြီးကို ကယ်လိုသည်မှာ သူမ၏ စိတ်ရင်းမှန်ဖြစ်သည်။ မောင်ကြီး မရှိလျှင် အသက်မရှင်နိုင်ဘူး ဆိုသည့် စကားက မှားသွားလေရော့သလား။ မမှားနိုင်ပါ။ တကယ်ပဲ မောင်ကြီး မရှိပါက သူမ ရှူးရှ ပေလိမ့်မည်။ မောင်ကြီးသာ ကမ္ဘာဖြစ်သော သူမ၏ ရှင်သန်မှုသည် မောင်ကြီးမရှိသော ဘဝဆိုသည်မှာ တွေး၍ပင် မကြည့်ဝံ့ပါ။ ဒါကို သစ္စာတိုင်မိသည်။ သို့သော် ကျောက်ချပ်သည် ပွင့်မသွားချေ။

'မောင်ကြီးဟာ ကျွန်တော်မျိုးမ၏ ဘဝပါ။ သို့မှန်ကန်ပါက





မောင်ကြီးကို ကယ်ခွင့်ရအောင် ဖန်တီးပေးတော်မူပါ'

ဒူးထောက်ကာ လက်အုပ်ချီပြီး တိုင်တည်မိသည်။ မျက်လုံးက မဖွင့်ရဲသော်လည်း နားကိုတော့ စွင့်မိသည်။ သို့သော် ကျောက်တံခါး ဖွင့်သွားသံ မကြားရ။

အလျှင်လိုနေသူမို့ စိတ်လောနေသည်။ လောသည့်စိတ်ကြောင့် စိတ်ဓာတ်ကျသည်။ သို့သော် အကြိမ်ကြိမ် ကြိုးစားချင်စိတ်က ဝင်လာသည်။

'စိတ်ကိုစုစည်းပါ လုံမလေး။ လုံမလေးအတွက် နောက်ဆုံး အခွင့်အရေးပါ။ ဤတစ်ကြိမ်သာ လွဲပါက မျှော်လင့်ချက်ဆိုတာကို လုံမလေး ချွန်လုပ်ခဲ့ပြီး ဖြစ်လိမ့်မယ် ... လုံမလေး စိတ်ကိုမေးပါ မှန်ကန်ခြင်းကို ခံစားရပါစေ'

အသံသည် ကြည်လင်ပြတ်သားလှသည်။ သူမ လှမ်းကြည့်၏။ သူတော်စင်သည် ကြည်လင်သော ကျောက်ချပ်ပေါ်၌သာ ထိုင်လျက်သား ရှိနေသည်။ အခိုးအငွေ့များကြားမှဆိုသော်လည်း သူတော်စင်၏ နှုတ်ခမ်းကို မြင်နေရသည်။ သူတော်စင်၏ အသံဆိုတာ သေချာသည်။ သို့သော် သူတော်စင်သည် ပါးစပ်ကို မဖွင့်ချေ။

သူမ နားမလည်ပါ။ စောစောက အသံကို သူမ ကြားလိုက်ရတာ မှန်၏။

'ငါ ... နားနဲ့ကြားခဲ့တာရော ဟုတ်ရဲ့လား'

သူမကိုယ် သူမ မေးခွန်းထုတ်မိသည်။

နောက်ဆုံးအကြိမ်ဆိုပါလား။ ဘာကို သစ္စာဆိုရမှာလဲ ...

www.burmeseclassic.com

www.burmeseclassic.com



ဘာက သစ္စာတရားလဲ ... မှန်ကန်မှုသည်သာ သစ္စာဖြစ်၏။ သူမ ပြောသမျှသည်လည်း မှန်ကန်မှုသာ ဖြစ်သည်။ ဘယ်နေရာက မှားနေတာလဲ။

'ဘဝကို စိတ်က ပြောင်းလဲစေတယ်ဆိုတာ မှန်သည်။ သို့သော် ဤအရာသည် မိမိကိုယ်အတွက်သာ မှန်သည်။ တစ်ပါးသူ၏ ခန္ဓာနှင့် မိမိသည် အသက်ရှင်၍မရ ... ခန္ဓာပျက်ပါက ... စိတ်ဆောင်တိုင်းလည်း မအောင်ရာ၏'

ထိုအသံသည် သူမ နှလုံးသားထဲ ရိုက်ခတ်သွားသည်။

ခန္ဓာပျက်ပါက စိတ်ဆောင်တိုင်း မအောင်ရာ၏ ဆိုပါလား ဘာကိုဆိုလိုတာလဲ။

သူမ အသက်ကို မှန်မှန်ရှူသည်။ သည့်ထက်ပို နောက်ကျ၍ မရပါ။ မောင်ကြီးကို စစ်သည်တော်တွေ ဖမ်းခေါ်သွားပြီဖြစ်သည်။ သုနန္ဒိယ ဘုရင်လက်ထဲ မောင်ကြီး ရောက်ရှိသွားပါက တစ်ညတော့ အကျဉ်းချခံထားရမည်။ နောက်တစ်နေ့တော့ အဆုံးစီရင်မှာပဲဆိုတာ သူမ အတတ်သိနေသည်။

မနက် အရုဏ်တက်ကိုတော့ ဤဂူထဲမှ ထွက်နိုင်မှဖြစ်လိမ့်မည်။

သွေးအိုင်ကြားလဲနေသော မောင်ကြီး၏ ပုံရိပ်သည် သူမ နှလုံးသားကို နာကျင်စေသည်မှာ အမှန်ပါ။ မောင်ကြီးသည် ငယ်စဉ်တည်းက သူမကို အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။

တောပန်းလေးများ ခူးပြီး သီကုံးကာ ခေါင်းတွင်သရဖူအဖြစ်

[illegible]



အလှဆင်ပေးခဲ့ဖူးသည်။ မိုးရွာချိန်ဆိုလျှင် ကြီးသော ပိန်းရွက်၊ ကြာရွက်များ ခူးကာ ဆောင်းပေးခဲ့ဖူးသည်။

မြင့်သောအပင်မှ အသီးကို ခူးကျွေးခဲ့ဖူးသည်၊ သူမ ချမ်းနေပါက မီးပုံဖိုပေးခဲ့ဖူးသည်။ သူမ ဝတ်ရန် အကျီကို မောင်ကြီး လက်နှင့်ချုပ်လုပ်ပေးခဲ့ဖူးသည်။

မောင်ကြီး မရှိ၍ မဖြစ်ပါ။

'မောင်ကြီးသည် ကျွန်တော်မျိုးမအတွက် အဖေဆိုလည်း မမှား၊ အစ်ကိုဆိုလည်း မမှားသဖြစ်သလို ကြင်သူအဖြစ်လည်း နေရာရှိမည့်သူဖြစ်သည်။ မောင်ကြီးသည် သတ္တဝါများကို ကြင်နာသူဖြစ်သည်။ ကံငါးပါးလုံခြုံသူလည်းဖြစ်၏။ ကျွန်တော်မျိုးမအတွက် ဆိုပါက အသက်စွန့်ပေးဆပ်မည့်လူလည်း ဖြစ်သည်။ ဤသစ္စာ မှန်ကန်ပါက ဤကျောက်ချပ်လွှာသည် နေရာရွှေ့စေသတည်း'

စိတ်ကို ဒုန်းဒုန်းချလိုက်တော့သည်။

အကယ်၍သာ မပွင့်သွားဘူးဆိုပါက သူမလည်း ဤကျောက်ဂူထဲ၌သာ အဆုံးစီရင်ပစ်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။ နားကို မစွင့်ရဲချေ။ ကျောက်ချပ်ပွင့်သံ မကြားရတော့မည်ကို ကြောက်၏။

သို့သော် သိချင်စိတ်ကို ထိန်းမရသောအခါ မျက်လုံးကို မရဲတရဲ ဖွင့်ကြည့်လိုက်၏။

လင်းသောအရောင်ကြောင့် ရုတ်ချည်း မျက်လုံးပိတ်သွားသည်။

ဘာတွေပါလိမ့်။

သိချင်စိတ်ကို ထိန်းမရချေ။ သေသူဟု သဘောပိုက်ထားသော်

ရှူးသော

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြောက်စိတ်တော့ ရှိနေ၏။

မီးလျှံတွေများလား ... သို့သော် ပူလည်းမပူပေ။

သူမ၏ ခြေလှမ်းများသည် တဖြည်းဖြည်းနှင့် အသစ်ပွင့်သွားသော ဂူပေါက်နား တိုးကပ်လာခဲ့သည်။

'ဟင်'

မြင်ကွင်းကြောင့် အံ့အားသင့်သွားမိသည်။

မှန်ပါ၏။ ရွှေအတိလင်းထိန်နေသော ကျောက်သားနံရံများ ဖြစ်သည်။ အလယ်ဗဟို၌ မြင့်မားသောကျောက်သား တောင်ပူစာလေး ဖြစ်နေသည်။ မျက်နှာကြက် ကျောက်ချပ်မှ ရေအချို့သည် ထိုတောင်ပူစာလေးပေါ်သို့ တစ်ပေါက်ချင်းကျနေသည်။ ကျလာသော ရေပေါက်တိုင်းသည် ကြွေသော ကြယ်အလား လင်းသွားတတ်သည်။

ထိုရေပေါက်အစက်ကလေးသည် တောင်ပူစာလေးထိပ်မှ တဖြည်းဖြည်း စီးကျလာသည်။ သို့သော် အောက်ခြေကိုတော့ စီးကျမလာပေ။

သူမ ငုံ့ကြည့်သည်။ ကျသောရေစက်ကလေးက ဘယ်ရောက်သွားတာလဲ. . .ဘာဖြစ်လို့ ဆက်ပြီးစီးကျမလာတာလဲ ... ကျောက်ကြားထဲ ဝင်ရောက်ပျောက်ကွယ်သွားတာလား။

သူမ ငုံ့ကြည့်နေဆဲမှာပင် သူမအနီးသို့ သူတော်စင် သရိရ ရသေ့ ရောက်ရှိလာသည်။

'တောင်ပူစာက ကျလာတဲ့ရေနဲ့ ဟိုပန်းပွင့်သာရှိနေရင် မပုပ်သိုးသေးတဲ့ လူရဲ့ အသက်ကို ပြန်သွင်းနိုင်တယ်'





ကြားရသော စကားကြောင့် အံ့သြသွားသည်။ မယုံကြည်၍ အံ့သြခြင်းမဟုတ်ပါ။ မယုံကြည်နိုင်စရာ အကြောင်းလည်းမရှိ။ ကြုံခဲ့သမျှသော အထူးအဆန်းတွေကြောင့် ဟုတ်ရဲ့လားဆိုတာမျိုးကို မတွေးတတ်တော့ပေ။

'သို့သော် ဤတောင်ပူစာက ရေကို ရခဲတယ်။ ယခု မြင်တဲ့အတိုင်းပဲ ရေက ဘယ်ရောက်ကုန်မှန်း မသိဘူး။ ဤရေကို ဂါရာရေလို့ ခေါ်တယ်။ ဟိုပန်းပွင့်သည်လည်း ဂါရာပန်း ဖြစ်သည်။ သူတို့နှစ်ခု မျက်နှာချင်းဆိုင်မိပါက အခြားသော ပန်းပွင့်များစွာ ပွင့်မည်။ ဤရေသည်လည်း တင်လာသလောက် ပြန်လည်စီးကျမည်။ ရေသည် လူ့အသက်ကို ဆက်နိုင်၏။

ထိုပန်းနှင့် ထိုရေသည် မျက်နှာချင်းဆိုင် ဖြစ်ဖို့ ခဲယဉ်းလှပေမည်။

ဂါရာပန်းသည် နေကြာပန်းနှင့် တူ၏။ တစ်ရိုးတွင် တစ်ပွင့်သာရှိနေပြီး ဂူနံရံသို့ မျက်နှာမူက ငိုက်ကျနေသည်။ ထို့အတူ တောင်ပူစာ၏ ဦးချွန်သည်လည်း ဂါရာပန်းနှင့် ဆန့်ကျင်စွာရှိနေသည်။

ဖြစ်နိုင်ပါ့မလား ... မျက်နှာချင်းရော ဆုံနိုင်ပါ့မလားဟု တွေးမိသည်။

သို့သော် ဂူပေါက်မရှိဘဲ ကျောင်းတောင်ထဲ ရောက်ရှိခဲ့သည်။ သူ မမြင်ဘူး မသိဘူးသော သရိရ ရသေ့ကို မောင်ကြီးက သိနေသည်။ ပြီးနောက် မောင်ကြီးသိသော သရိရ ရသေ့နှင့် ဤဂူထဲ ဆုံသည်။ ပြီးနောက် သစ္စာအဓိဋ္ဌာန်ကြောင့် ဂူတံခါးပွင့်ခဲ့သည်။ အေးဖြသော ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ပေါ်နေခဲ့သည်၊ ထူးဆန်းတာတွေချည်း ကြုံနေရသောအခါ မဖြစ်နိုင်ဘူးဆိုတာကို မယုံချင်တော့ပေ၊

ထိုစဉ်မှာပင် တောင်ပူစာမှ လင်းသောအရာတစ်ခုကို သတိပြုမိလိုက်သည်။ ရေ ... ထိုအရာသည် ရေဖြစ်နေသည်၊

သူမ ပျော်သွား၏။

'အဘရသေ့ ...ဒီမှာ ... ရေ ... ရေ'

'လုံမလေးနဲ့ ထိုက်တန်လို့ပဲ ယူလိုက်ပါ'

အဘရသေ့က ခွင့်ပြုသော်လည်း ထိုရေစက်သေးသေးလေးကို ဘာနှင့်ခံရမည်ဆိုတာ မသိချေ၊

'ရော့ ... လုံမလေး'

အဘရသေ့သည် သေးသော ကျုပ်ကလေးကို လှမ်းပေး၏။

သေးသော်ငြား အဖုံးပိတ်ပါသောကြောင့် ရေကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်၊

ကျုပ်အဖုံးပိတ်ကို ဖွင့်ပြီး ကျလုလုဖြစ်နေသော ရေစက်ကို ခံလိုက်သည်၊

ရေစက်လေးသည် ကျုပ်အတွင်းသို့ စီးဝင်သွားသည်၊

× × ×



ဂျပန်တပ်ရင်းသည် မြန်မာပြည်ထဲသို့ အလုံးအရင်းဝင်လာသောကြောင့် ဗိုလ်မှူးဂျုတ်စလေ ဦးဆောင်သော တပ်ရင်းသည် မြန်မာပြည်မြောက်ဖျားပိုင်းမှ အိန္ဒိယနယ်စပ်သို့ ဆုတ်ခွာထွက်ပြေးရလေသည်၊ သို့သော် နယ်ခြားမကျော်ရသေးခင်မှာပင် တပ်စွဲထားရန် အမိန့်ပါလာပြန်သည်၊ ထို့ကြောင့် ရဝေမြိုင်ချောင်၌ လျို့ဝှက်စွာ တပ်စွဲထားသည်၊ တပ်စွဲရန် သင့်တော်သော နေရာလည်းဖြစ်သည်၊

သေးငယ်သော ရွာကလေးသည် ချိုင့်ဝှမ်းအတွင်းတွင် ရှိနေသည်၊ ထိုရွာငယ်လေးနှင့် တောင်ကုန်းတစ်ခုခြားတွင် ကြီးမားသော မြစ်ကြီးတစ်စင်းရှိသည်၊

ရွာနားနီးသောကြောင့် စားနပ်ရိက္ခာအတွက် အဆင်ပြေမည်၊ ရေအတွက်လည်း အဆင်ပြေမည်၊ ကျောက်တောင်ကြီးရှိသောကြောင့် အကောင်းဆုံး ပုန်းခိုနေရာလည်းဖြစ်သည်၊ ထို့ကြောင့် ကျောက်တောင်ကြီးကို အမှီတဟဲပြုပြီး ပုန်းခိုနေရန် ရဝေမြိုင်ချောင်ကိုသာ ရွေးလိုက်သည်၊

ရွာနှင့် ခပ်လှမ်းလှမ်းဖြစ်သော ဘုရားကုန်း၏ အနောက်ဘက်တောအုပ်ကို ရွေးလိုက်သည်၊

တောအုပ်ဆိုသော်ငြား ကျယ်သောပြင်ညီဖြစ်သည်၊ ကြီးသော

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများကို အကာအကွယ်ယူ၍ ပုန်းခိုနိုင်သည်။

အထက်က အမိန့်သည့် ဘယ်အချိန်ကျလာမှန်း မသိ ခန့်မှန်း၍ လချီပြီး တပ်စွဲမည်ဟု ထင်သည်။ ထို့ကြောင့် အယော သုံးရာပါ စစ်သားအင်အားတို့ နေထိုင်ရန် နေရာထိုင်ခင်း ပြင်ဆ သည်။

ကြီးမားသော ကျင်းကြီးများတူးသည်။ ကန်ကြီးများ ဖော်သ လိုအပ်သော ရိက္ခာများကို ရွာထဲမှငွေပေးပြီး ဝယ်စေသည်။ ငွေမ က ရွေ့ဖြင့်လဲလှယ်စေသည်။

သို့သော် အယောက်သုံးရာ အင်အားကို ထိုရွာမှ ရိက္ခာ အခက်အခဲဖြစ်စေသည်။ ထို့ကြောင့် တပ်သားများသည် ထမင်း ဝေစုကျသော စားသောက်ကြရပြီး တောကောင်ရှာဖွေရေးပင် လုပ် သည်။

တပ်သားများသည် ဝမ်းမဝသော ဝေဒနာကြောင့် ရွာထဲ ဝင် သောင်းကျန်းကြသည့်အခါများလည်း ရှိသည်။

ကိစ္စတိုင်းကိုတော့ ဝင်မစွက်ဖက်သော်လည်း အလွန်အကျွံမ ရန်တော့ သတိပေးတားမြစ်တတ်သည်။

စစ်ရေးလေ့ကျင့်ခြင်း၊ သတင်းစကားနားစွင့်ခြင်း၊ စာဖတ်ခြင်း သာ ရဝေမြိုင်ချောင်၌ အချိန်ကုန်လာရသည်။

ယခုဆိုလျှင် သုံးလမြောက်ခဲ့ပါပြီ။

ရာသီဥတုကလည်း ကြမ်းတမ်း၏။ တစ်နေကုန် မိုးအဆ မပြတ်ရွာပြီးကာမှ ညအခါတွင် နှင်းကျပြီး ချမ်းအေးနေတတ်ပြန်သ



အစပိုင်းမှာတော့ စစ်သားများသည် ကြမ်းတမ်းသော ရာသီဥတု ဒဏ်ကို ခံနိုင်ရည်မရှိကြဘဲ တဆတ်ဆတ်တုန်ယင်ပြီး ကိုယ်တွေပူကာ သေကုန်ကြသည်။

သူအံ့ဩရ၏။ ထိုသို့ အဖျားကာလတိုပြီး အလွယ်တကူ သေ ဆုံးခြင်းမျိုး မကြုံခဲ့ဖူးချေ။ ပြီးနောက် ကြမ်းတမ်းသော တိုက်ပွဲများကို အောင်နိုင်ခဲ့သော တပ်သားများဖြစ်သည်။

ယခုတော့ စစ်တိုက်ရင်းမသေဘဲ ဖျားနာပြီးသေဆုံးကြရသည်။ သေဆုံးသူများကို သူနာမြောမိ၏။

ဘာကြောင့် သေဆုံးသလဲဟူသော အမြင်ကို သူ ရှာဖွေခဲ့သည်။ ထို့ကြောင့် ရွာငယ်လေးထဲဝင်ပြီး မိသားစု လူနေဘဝကို ကြည့်ရှုခဲ့သည်။ ဒေသခံများသည် ဖျင်အကျႌထူများနှင့် ကြေးကာများကို ဝတ်ဆင်သည်။ နေအိမ်ထဲ၌ မီးလင်းဖိုထားသည်။ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိရန် ပြင်ဆင်သည်ဟု သူ တွက်ဆမိသည်။ အချိန်မရွေး မိုးရွာပြီး နှင်းကျ နိုင်သောကြောင့် ကြေးကာများ ဝတ်သည်ဟုထင်သည်။

ပူနွေးသောထမင်းကိုစားပြီး အငွေ့ထွက်နေသော ရေကိုသာ မှုတ်ပြီးသောက်ကြသည်။

ဒေသခံများ ကျန်းမာကြ၏။ ဖျားနာသူကို မတွေ့ရချေ။

သူ အကြံရသွားသည်။ မီးလင်းဖိုနှင့် နေနိုင်သည့်အင်အား မဟုတ်သော်လည်း ပူသောရေကိုသာ တပ်သားများကို သောက်စေ၏။

တပ်သားများ ကျန်းမာလာသည်။ သို့သော် ခဏအတွင်း အယောက်ငါးဆယ်နီးပါးခန့် ဆုံးရှုံးလိုက်ရသည့်အတွက် သူ ဝမ်းနည်းသည်။

www.burmeseclassic.com



သို့သော် ဆုံးရှုံးရခြင်းနှင့်အညီ ပြန်လည်ရရှိမှုလည်း ထိုက်တန်လှသည် သူသည် ရွာသားများနှင့် ရင်းနှီးလာသည်။ ဘာသာစကား နားမလည် ကြသော်လည်း အဆင်ပြေလာသည်။ သူ့ကို ရွာသားများက ခင်တွယ်ကြ သောအခါ အဖွဲ့၏ ရိက္ခာသည် ဖူလုံလာသည်။ အရင်လို ရွှေနှင့်လဲလှယ် ရန်မလိုတော့ပေ။ ရွှေသေတ္တာပါခဲ့လို့သာ သူတို့တပ်ဖွဲ့ ခုလို အသက်ရှင် နိုင်ခြင်းဖြစ်သည်။ အာဏာသုံးပြီး မဖိနှိပ်ချင်သော သူ့စိတ်ကြောင့် ဒင်း သေတ္တာတစ်လုံးသည် တစ်ဝက်မျှပြောင်သွားပြီ ဖြစ်သည်။ အောက်မြန်မာ ပြည်မှ လာခဲ့ရာ လမ်းတစ်လျှောက်လုံးတွင် ရိက္ခာအတွက် ရွှေကိုသာ အသုံးပြုခဲ့သည်။

'ဒို ... ဒို ... ဒို'

ညဆိုလျှင် မီးမထွန်းရဟု သူ အမိန့်ထုတ်ထားခဲ့၍သာ အသက် အန္တရာယ်မှ ကင်းလွတ်နေကြခြင်းဖြစ်သည်။

ဂျက်လေယာဉ်သံသည် မကြာခဏ ကောင်းကင်ယံ၌ ပျံဝဲနေ တတ်သည်။ ယခုလည်း ဂျက်လေယာဉ် သုံးစီးခန့်ကောင်းကင်၌ ရှိနိုင် သည်ဟု ခန့်မှန်းမိသည်။

သတင်းစကားများအရ ဂျပန်တပ်မကြီး ဝင်လာပြီး တံတားမှ သမျှ ဖောက်ခွဲလိုက်ပြီဟု သိရသည်။ သူတို့တပ်ရင်းကသာ ရဝေမြိုင်ချောင် ထဲမှာမို့ သက်သာနေခြင်းဖြစ်သည်။

သူ နှစ်သက်သည်။ ရဝေမြိုင်ချောင်ကျကျနေရာလေးတွင် ဘဝ ကို မြှုပ်နှံလိုသည်။ စစ်ကြီးပြီးပါက မူလဇာတိသို့ မပြန်ဘဲ ဤရဝေမြိုင် ချောင်၌သာ ခြေလာချဖို့ စိတ်ကူးသည်။ ဒေသခံများကို သူ ချစ်ခင်





သည်။ ဒေသခံများကလည်း သူ့အား နှစ်လိုစွာ ပြုံးပြတတ်ကြသည်။

ကျောက်တောင်ပေါ်မှ ဘုရားငုတ်တိုကြီးကိုလည်း သဘောကျ သည်။ ထိုဘုရားကို ခွေထားသော အုပ်ချပ်ကြီးကို သဘောကျသည်။ ဥဂ္ဂဒ္ဒိစေတီတော်ဟု သူသိထားသော်လည်း ဒေသခံများက သုနန္ဒိယ ဘုရားဟု ခေါ်တွင်နေကြသည်။

ဘာလို့ နာမည်နှစ်မျိုးကွဲထွက်နေလဲ ဆိုတာကို သူ စိတ်ဝင်စား ၍ မနက်ခင်းတိုင်း ဘုရားကုန်းပေါ် လမ်းလျှောက်တတ်ပြီး ကွေ့ကောက် စီးဆင်းနေသော မြစ်ဖြူကြီးကို ငေးကြည့်သည်။

ထိုမြစ်ဖြူကြီးထဲသို့ စီးဝင်နေသော ချောင်းဝါလေးကို သူ သဘောကျသည်။ အရင်က ထိုချောင်းဝါလေးသည် ဂုဏ်သတင်းကြီးခဲ့ ရသည်။ ကျောက်စရစ်ခဲများ အဖွေးသားနှင့် လွင်ပြင်ကျယ်နေသည်။ တောင်ကျချောင်းရေ ဖြစ်သောကြောင့် မိုးနည်းပါက ချောင်းခံကောတတ် သည်မှာ ထုံးစံဖြစ်ပေမည်။ သို့သော် တောင်ကျချောင်းရေမို့ ရေစီးနှုန်း ကို အထင်သေး၍ မရပါချေ။

'ဗိုလ်မှူး ... သတင်းပါ့ပါတယ် ... တစ်ပတ်အတွင်း တပ်ဆုတ် ယ်လို့ အမိန့်ကျတယ်'

ယံသားတစ်ဦး၏ သတိပေးချက်ကြောင့် လွင့်မျောသွားသော တွေးစများကို နှမြောမိသည်။

ထိုအမိန့်ကိုအမှီပြုပြီး သူ သဘောပေါက်လိုက်သည်။ သူတို့ တပ်ဖွဲ့သည် အိန္ဒိယဘက်သို့ ဆုတ်ခွာရမည်။ ဤပုံအတိုင်းဆိုပါက စစ်ကြီး ပြီးတော့မည်ဟု သူ ခန့်မှန်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ရွာထဲက နွားနှစ်ကောင်ကို ရွေးနဲ့လဲပါ ... ဒီည ပျော်ပွဲစားကြတာပေါ့’

သူ အမိန့်ပေးလိုက်၏။

သူ၏ စေခိုင်းချက်အတိုင်းပင် တပ်သားများသည် နွားနှစ်ကောင် ဆွဲလာခဲ့သည်။ ည ပါတီအတွက် ပြင်ဆင်ကြသည်။

သို့သော် သူသည် ကျန်ရှိသော ရွှေဒင်္ဂါးများကို ဖွက်ရန် ကြံစည်ရတော့၏။ ထိုရွှေများကို အိန္ဒိယသို့ ယူဆောင်သွား၍ မရပါချေ။ ယူဆောင်သွားပါကလည်း မိမိပိုင်ဖြစ်လိမ့်မည်မှာ မသေချာပေ။

သူ ဖွက်ထားရမည်။ စစ်ပြီးသောအခါ လာတူးပါကလည်း နောက်မကျသေးဘူးဟု ထင်သည်။

ထို့ကြောင့် အမဲဖျက်ပွဲသို့ တပ်သားများ အာရုံရောက်နေချိန်တွင် သူသည် ကျောက်တောင်ဝန်းကျင်သို့ ထွက်လာခဲ့သည်။

ရေနံဆီမီးအိမ်ကို အမှီသဟဲပြုပြီး ကောင်းသောမြေနေရာကို ရှာဖွေမိသည်။ အမှတ်အသားပြုဖို့ ကောင်းသော သစ်ပင်ကြီးကို ရှာဖွေမိသည်။ မိုးသည်မှောင်နေသည်။ ကောင်းကင်တွင် ကြယ်ရောင်တို့ ပျောက်နေသည်။ မိုးရွာမည်လား ... နှင်းကျမည်လားဆိုတာ ခန့်မှန်း၍မရပါချေ။

‘ဝူး ... ဝူး’

အမဲနံ့ကြောင့်ထင်သည်။ ခွေးအအုပ်စုကြီး၏ အော်သံသည် တောခြောက်သည့်အလား ကြောက်မက်ဖွယ်ကောင်းနေတော့သည်။ ခွေးအအုပ်စု၏ အော်သံကြောင့်လားမသိ ချေဟောက်သံပင် မကြားရချေ။



…တ်အော်သံလည်း မကြားရ။ ပုရစ်အော်သံတို့သာ ကျိုကြား ကျိုကြား …ြားနေရသည်။

‘ဝူး ... ဝူး’

ခွေးအ အုပ်စု၏အသံသည် နီးလာပြီဟု ခံစားရသည်။ ဒင်္ဂါး …ည့်ထားသော သံသေတ္တာကြီးထမ်းလိုက်လာသူ နှစ်ဦးမှာအသက်ရှူသံ …င်း၍နေပေပြီ။

ထိုနှစ်ဦးသည် သူ၏လူယုံ ဂေါ်ရင်ဂျီများဖြစ်သည်။

‘ဝူး ... ဝူး’

‘ဗိုလ်မှူး ... ဆက်သွားလို့ မဖြစ်တော့ဘူး ထင်တယ်’

အသံကြောင့် သူ ရပ်လိုက်သည်။

သို့သော် ဂေါ်ရင်ဂျီနှစ်ဦး၏ စကားကြောင့်မဟုတ်ဘဲ မြင်ကွင်း…ကြောင့်ဖြစ်သည်။

မှန်ပါသည်။ ကျောက်တုံးကြီး တစ်တုံးဖြစ်၏။

‘ဟိုကျောက်တုံးကို ရွှေ့စမ်း’

‘လေးမယ် ဗိုလ်မှူး ... ကျွန်တော်တို့နှစ်ယောက်အားနဲ့ …ဖြစ်နိုင်ဘူး ... ပြီးတော့ ... ကျောက်တုံးကြီးတစ်တုံးရွှေ့တာနဲ့ ခွေးအ…ံက ပျောက်ပါ့မလား’

‘ရွှေ့မှသာ ရွှေ့စမ်းပါ’

သူ ခပ်မာမာပြောသည်။

ထိုကျောက်တုံးကြီး၏နောက်တွင် အခေါင်းပေါက်တစ်ခုရှိမည် …ု သူ ယုံကြည်နေသည်။

www.burmeseclassic.com



သူ ယုံကြည်သည့်အတိုင်းပင် သုံးယောက်အားနှင့် တွန်းရွေ့လိုက်သောအခါ လူတစ်ဝင်စာမျှ အပေါက်ကို တွေ့ရသည်။

သူ သဘောကျသွားသည်။ ဤသို့သော နေရာသည် ဒင်္ဂါးများထားရန် အသင့်တော်ဆုံးနေရာဖြစ်သည်။ သူ အံ့ဩမိသည်။ ဤအောက်တွင် လေးလမျှနေထိုင်ခဲ့သည်။ ဤနေရာကို ဘာလို့ သတိမပြုမိခဲ့ပါလိမ့်။ စဉ်းစား၍ပင် မရပါ။ ထူးဆန်းသည်က သေချာသည်။ ဤကျောက်တုံးအောက်တွင် ဂူပေါက်ရှိနိုင်သည်ဟု သိနေသော သူ့စိတ်ကိုလည်း သူ အံ့ဩသည်။

'အထဲမှာ မှောင်တယ် ဗိုလ်မှူး'

စောဒကတက်နေသော ဂေါ်ရင်ကိုး နှစ်ဦးကို သူက မျက်ထောက်နီဖြင့် ကြည့်သည်။

ဂေါ်ရင်ကိုးနှစ်ဦး ပါးစပ်ပိတ်သွားကြသည်။ ထပ်ပြီး စောဒကမတက်ဝံ့ကြတော့ပေ။ သံသေတ္တာကိုသာ ဆွဲသူဆွဲ၊ တွန်းသူတွန်းပြီး အပေါက်လေးထဲ ဝင်သွားကြသည်။ သူလည်း လိုက်ဝင်သည်။

မီးအိမ်သည် သေးငယ်သောအလင်း ဖြစ်သော်ငြား ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နိုင်သည်။

ကျောက်သားနံရံကို သတိပြုမိသည်။

'ဒီနေရာမှာ တူးပါ'

သူက အမိန့်ပေးလိုက်သောအခါ ဂေါ်ရင်ကိုးနှစ်ယောက်သည် သေတ္တာကိုမြှုပ်ရန် ကျင်းတူးကြပြန်သည်။

သူသည် ဂူပေါက်တစ်ဝိုက် ဟိုဟိုဒီဒီ ကြည့်သည်။ မီးအိမ်၏





အလင်းရောင်ကြောင့် တစ်နေရာကို စူးစိုက်ပြီးကြည့်သည်။ တစ်စုံတစ်ခုကို သူ မြင်နေရ၏။ အာရုံစိုက်ကြည့်သည်။

'ဟင်'

အရိုးစုတစ်ခုဖြစ်သည်။ ထိုအနီးသို့ သူ ချဉ်းကပ်လာသည်။ အောက်သိုးသိုးအနံ့တစ်ခုကို သတိထားမိ၏။ သူ့စိတ်တွေ မရဲတရဲဖြစ်လာသည်။ ခြေလှမ်းတွေက တွန့်ဆုတ်တွန့်ဆုတ် ဆိုသော်ငြား ရှေ့တိုးနေလေသည်။

'ဟင်'

သူ အံ့အားသင့်သွားသည်။ မြင်ရသော မြင်ကွင်းကို မယုံကြည်နိုင်စွာ ကြည့်နေမိသည်။

မှန်ပါသည်။ လူတစ်ယောက်သည် ကျောက်နံရံကို မှီလျက်သားသေဆုံးနေသည်။

အရိုးစုချည်းဆိုသော်ငြား အမျိုးသားတစ်ဦးဖြစ်မည်ကို သူ ခန့်မှန်းမိနေသည်။

ထိုလူ၏ ဒူးကွေးနှင့်ပေါင်တို့တွင် မြားသည် ထိုးစိုက်လျက်သားဖြစ်၏။

ထိုလူသည် မြားမှန်၍ သေခြင်းများလား. . .

ဒါဆိုလျှင် ယုတ္တိနည်းလှသည်။ မြားဒဏ်ရာသည် ဒူးနှင့်ပေါင်တွင်ရှိသည် သေလောက်သည့်နေရာ မဟုတ်ပေ။ အစာငတ်ပြီး သေသလား။

ချင့်ချိန်စရာဖြစ်နေသော်လည်း ဤနေရာတွင် လူတစ်ယောက်

www.burmeseclassic.com



နေထိုင်သွားသည်ဆိုသော အသိကြောင့် ရင်ထဲ နွေးသည်။

ထိုလူသည် အေးချမ်းစွာ သေဆုံးသွားပုံရသည်။ အရိုးစုသည် သက်တောင့်သက်သာ ဖြစ်နေ၏။ မေးရိုးသည် ကျယ်နေသည်။

'ဒါ ... ဘာလဲ'

ထိုလူ၏လက်တွင် ကျောက်ချပ်တစ်ခုကို တွေ့ရသည်။ ကျောက်ချပ်ပဲ့ကြီးဖြစ်သည်။

သူသည် ထိုကျောက်ချပ်ကို ယူသည်။ မီးအိမ်ကို အားမြှင့်ပြီး ကြည့်လိုက်သောအခါ စာများကိုတွေ့ရသည်။ ဘာတွေရေးထားမှန်း မသိသော်လည်း ထိုလူသည် ထိုစာကို ရေးရင်း သေဆုံးသွားသည်ဆိုတာ အခြားလက်မှ သက်သေပြနေသည်။

အခြားလက်၏ အောက်ခြေမြေသားပေါ်တွင် ကျောက်ချွန်တစ်ခုကို တွေ့ရပြန်သည်။

'ဗိုလ်မှူး ... ပြီးပြီ'

ဂေါ်ရင်ကိုမျှား၏ အသံကို ကြားရသောအခါ ထိုကျောက်ချပ်ကိုယူပြီး အင်္ကျီရင်ဘတ်ကြား ဝှက်လိုက်သည်။ ဂေါ်ရင်ကိုနှစ်ဦးနှင့်အတူ မြေပြင်ပေါ်တက်လာပြန်သည်။ ပြီးနောက် ကျောက်တုံးကြီးကို မူလအတိုင်း ပြန်ပိတ်သည်။

မြေအနေအထားနှင့် သစ်ပင်များကို အသေးစိတ်မှတ်သားသည်။ အလုံးစုံ မှတ်သားပြီးချိန်တွင် ခါးတွင်ချိတ်ထားသော ပစ်စတိုကို ဆွဲထုတ်သည်။

'မလုပ်ပါနဲ့ ဗိုလ်မှူးရယ် ... ချမ်းသာပေးပါ။ ဒီကိစ္စကို မသိခဲ့



ဘူးလို့ပဲ မှတ်ထားပါ့မယ်'

'ဟုတ်ပါတယ် ဗိုလ်မှူးရယ် ... မှတ်ဉာဏ်တွေကို ဖျောက်လိုက်ပါ့မယ်'

'သိတဲ့အရာကို မသိအောင်လုပ်လို့မှ မရတာ ... မသိဘူးဆိုရင် လိမ်တာပေါ့။ မရတော့ဘူး ... မင်းတို့သိတာ များလွန်းသွားပြီ'

ပြောလည်းပြောကာ မောင်းကို နှစ်ကြိမ်ညှစ်ဆွဲလိုက်၏။

ဂေါ်ရင်ကိုနှစ်ယောက် အသံပင်မထွက်နိုင်တော့ပေ။

သူသည် တည်ငြိမ်စွာပင် တပ်ရင်းသို့ ပြန်လာသည်။

သူ ရောက်လာသောအခါ တပ်သားများသည် မှူးရှူးကခုန်နေကြပါပြီ။

သူသည် ဒေသခံများပေးသော အရက်ကို တစ်ခွက်သောက်ပြီး မွှေးကြိုင်သော အမဲနံ့ကင်ကို မြိန်ရေရှက်ရေ စားလိုက်သည်။

'ဗိုး ...'

လေကြမ်းသည် ငြင်သာစွာ တိုက်ခတ်လာပြန်သည်။ ကညင်ဆီမီးတိုင်သည် အင်အားကောင်းသောကြောင့် မီးငြိမ်းမသွားချေ။

'ဝေါ ...'

လေသည် ခပ်ပြင်းပြင်းတိုက်သည်။ သို့သော် မူးရူးကခုန်နေကြသူများ၏အသံသည် လေသံကို လွှမ်းမိုးထားသည်။

'ဝေါ ...'

လေသည် ခပ်ကြမ်းကြမ်း ဝှေ့လာသည်။

ထိုအခါ သူသည် ထိုင်နေရာမှ ထရပ်ပြီး ကညင်ဆီမီးတုတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုဆွဲကာ ကျောက်နံရံတွင် ထိုးစိုက်သည်။ လေကွယ်ရာအရပ်မို့ မီးငြိမ်းမည့်အန္တရာယ်မှ ဖိုးရိမ်ရသည်။ နောက်တစ်တိုင်ကို သူ ဆွဲယူပြီး ကျောက်နံရံတွင် ထိုးစိုက်ရန် ပြင်သောအခါ ကျောက်သားနံရံသည် လှုပ်ခတ်သွားသည်။

သူ လန့်သွား၏။ ကညင်ဆီမီးတိုင်သည် မြေပြင်သို့ ပြုတ်ကျသွားသည်။

သူက အားတင်းပြီး မီးတိုင်ကို ကုန်းကောက်သည်။ သို့သော် သူ ထပ်မော့လိုက်သည့်အခါ ...

'ဟင် ...'

မှင်တက်သွားသည်။ သူ မြင်လိုက်ရသည်က အင်မတန်လှပသော မိန်းကလေးတစ်ဦးဖြစ်နေသည်။

သီဆိုကခုန်နေသံများ ရုတ်တရက် တိတ်ဆိတ်သွားသည်။ သူလိုအားလုံးသော သူတို့သည် မိန်းကလေးထံ အာရုံရောက်နေကြလိမ့်မည်။

ဘယ်သူလဲ ... ဘယ်ကပေါ်လာတာလဲ။

လှလိုက်တာ မိန်းကလေးရယ် ... လှရက်နိုင်လွန်းပါတယ်။

× × ×



ကုတင်ပေါ် ပုံလျက်သား အိပ်ပျော်နေသူလေးကို သူ ငေးမောနေမိသည်။ ပါးလွှသော ခန္ဓာလေးမှာ ချပ်ချပ်ရပ်ရပ်လေးဖြစ်သည်။ ရင်ညွန့်ထက်ဆီမှ စိမ်းညိုရောင်လည်ဆွဲသည် ကျောရှင်းသော လည်တိုင်ပေါ်၌ ထည်ဝါစွာတည်ရှိနေသည်။

ဖြောင့်စင်းသော နှာတံသည် ပါးနှစ်ဖက်ကြားတွင် ထင်လင်းစွာ မင်းမူနေ၏။ အရောင်မတူသော နှုတ်ခမ်းတစ်လွှာသည် သဘာဝ မြန်း၍နေလေသည်။ လှလိုက်တာ ... ဘာတွေစားပြီး ကြီးထွားလာတာလဲ။ စိမ်းဝါရောင် ဖန့်နေသော ထိုအရေပြားမျိုးကို သူ့တစ်သက်တွင် တစ်ကြိမ်မျှ မတွေ့ခဲ့ဖူးချေ။

မျက်နှာပေါ် ပြေကျနေသော ဆံနွယ်ရှည်ကြီးမှ ဆွဲကိုင်ကြည့်ချင်ဖွယ် ကောင်းနေတော့သည်။ ထိုဆံနွယ်များ၏ အချို့တစ်ဝက်သည် ခေါင်းအောက်တွင် ပုံကျနေလေသည်။ ကတ္တီပါခင်းပြင်အလား ပြောင်လက်နေသော ဆံပင်များကို ထိတို့ကိုင်တွယ်လိုက်မိသည်။ ဆံနွယ်များသည် လျှော့ခနဲ ပြေကျသွား၏။

'ဒီမိန်းမလှလေး ... လူမှ ဟုတ်ရဲ့လား'

မြတ်နိုးစွာပင် ရေရွတ်မိသည်။ ဖြောင့်စင်းသော နှာတံလေးကို ငေးစွာကိုင်ကြည့်မိသည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသောကြောင့် အသက်

www.burmeseclassic.com



ရှုသံ ပြင်းပြင်းကိုပင် ကြားနေရသည်။

'သိပ်မောလာပြီ ထင်တယ်'

ခြေဖဝါးလေးများသည် သွေးရောင်လွှမ်းနေသည်။

ပိတ်ဖိနပ်လေးသည် စုတ်ပြတ်၍ နေလေသည်။ ထိုကြောင့် ခြေထောက်ကို လုံအောင်မဖုံးပေးနိုင်သော ပိတ်ဖိနပ်ကို ကြင်နာစွာ ဆွဲဖြုတ်ပေးလိုက်သည်။

မိန်းကလေးကို မနိုးသွားစေချင်ပါ။ အကယ်၍ နိုးသွားပါက သူ ယခုလို ငေးခွင့်မရတော့မည်မှာ သေချာသည်။ ဘာစကားတွေမှ မသိ ကရားရေလွှတ်သလို အဆက်မပြတ် အော်ပြီး ထွက်ပြေးဖို့ ကြိ စားပေလိမ့်မည်။

သူ ခွင့်မပြုနိုင်ပေ။ မြတ်နိုးစွာ သိမ်းပိုက်ထားချင်သည်။ ချ တွေခြင်းသည် တစ်ရက်မပြည့်သေးသော်လည်း မျက်စိအောက်မှ အပျောက်မခံနိုင်ပေ။ မြတ်နိုးစွာ သိမ်းပိုက်ချင်လှ၏။

'နောက်ကျလိုက်တာ မိန်းကလေးရယ် … ဘာကြောင့် မင်း ခုလို အချိန်မှ တွေ့ရတာလဲ'

မှန်ပါသည်။ တစ်ပတ်အတွင်း ဤနေရာမှ ထွက်ခွာရတော့မည် ဖြစ်သည်။ သူ စိတ်ထဲ ဝေခွဲမတတ်ချေ။ သူ ထွက်သွားမည်ဆိုပါက ထိုမိန်းမချောလေးကို ဤဒေသ၌ ချန်ထားရမည်ဖြစ်သည်။

မချန်ထား၍လည်း မရပေ။ ထိုမိန်းကလေးသည် သူပိုင်ပစ္စည်း မဟုတ်ပါ။ မိသားစုရှိလိမ့်မည်။ ထိုမိန်းကလေးကို ပိုင်ဆိုင်သည့် လူအ ဤဒေသ၌ ရှိလိမ့်မည်။



သို့သော် ထိုမိန်းကလေးကို ခေါ်သွားချင်သည်။ သက်ဆိုင်သူများကို အသိပေးပြီး ခေါ်သွားရမှာလား၊ ခေါ်ခွင့်ရောပြုပါ့မလား၊ ခွင့်မပြုလည်း သူသဘောနဲ့သူ ခေါ်သွားလို့မရဘူးလား။ သူ့ထံတွင် အာဏာရှိသည်။ အာဏာသုံးပြီး သူ့သဘောသူဆောင်၍ ရနိုင်သည်။ သို့သော် ထိုသို့လည်း မလုပ်ရက်ပြန်ပါ။ မိန်းကလေး စိတ်မချမ်းမသာဖြစ်မှာစိုးပြန်သည်။ ပြီးတော့ ဒီလို ကြမ်းတမ်းသော ခရီးလမ်းကို ဤမျှ နုနယ်သော မိန်းကလေးကို ခေါ်သွားရမှာ မဝံ့မရဲဖြစ်သည်။ သူတို့ကိုယ်၌ပင် ဘယ်နေ့သေမှန်း မသိတဲ့ စစ်မြေပြင်ဖြစ်သည်။ အန္တရာယ်ကွင်းထဲ ထိုမိန်းကလေးကို မခေါ်သွားရက်ပေ။ သို့သော် ချန်ထားခဲ့လျှင်လည်း ပြန်ဆုံရဖို့ ရက်ဆိုတာ တွက်ဆ၍မရပါ။ မဖြစ်နိုင်တာကြီးကိုလည်း စိတ်ကူးယဉ်ပြီး မနေချင်ပါ။

သူ ဘာကိုမှ မဆုံးဖြတ်တတ်တော့ချေ။ သို့သော် ထိုမိန်းကလေးကို ဤဒေသ၌ ချန်မထားလိုတာတော့ အမှန်ဖြစ်သည်။

စစ်ကြီးက ဘယ်တော့ ပြီးမလဲဆိုတာ ရေရေရာရာ မသိပေ။ စစ်ကြီးပြီးမှ ထိုမိန်းကလေးကို လာရှာဖို့ဆိုတာ ပိုပြီး မဖြစ်နိုင်ပေ။

ရုတ်တရက် မျှော်လှည့်ပြသလို သူ့အရှေ့၌ ဘွားခနဲပေါ်လာသော မိန်းကလေးဖြစ်သည်။ သူ့တစ်ဘဝလုံးတွင် အမြဲ ဖြောင့်မတ်စွာ နေခဲ့သည်။ တည်ကြည်သောစကားကို ဆိုခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည် သူ့အတွက် လက်ဆောင်ပေးလိုက်သည်ဟု ထင်သည်။ သူ့အသက် သုံးဆယ်ကျော်ခဲ့ပြီဖြစ်သည်။ မိန်းကလေးများနှင့် သူ တစ်ကြိမ်တစ်ခါမျှ မပျော်ပါးဖူးချေ။ မည်သို့ မည်ပုံ ပျော်ပါးရမလဲဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်က သိသည်။ သို့သော် လက်ကမရဲပါ။

လှသော မိန်းကလေးကိုသာ မြတ်နိုးစွာ ကြည့်နေရုံမှလွဲ၍ အလိုမတူဘဲ သိမ်းပိုက်ဖို့ဆိုတာ သူ စိတ်မကူးချေ။

'ချစ်တယ်ဆိုတာ ဒါမျိုးလား ... မိန်းကလေးရယ်'

လက်ချောင်းလေးများကို ကိုင်တွယ်ပြီး နမ်းရှိုက်မိပြန်သည်။ အိပ်ပျော်နေချိန်မို့ ရုန်းကန်ခြင်းမရှိပါချေ။ နိုးထနေချိန်တွင် သူ ထိုသို့ပြုမူပါက မိန်းကလေး၏ လက်ဝါးသည် သူ့ပါးကို နမ်းရှိုက်သွားမည်ဖြစ်သည်။

သူနှင့် တပ်သားများကို ကြောက်လန့်တကြား ကြည့်နေသော ထိုမိန်းကလေး၏မျက်လုံးများက သူ့နှလုံးကို နာကျင်စေသည်။ တပ်သားများက ဝိုက်ပြီး ဖမ်းချုပ်ဖို့ ကြံစည်က လွတ်မြောက်ရန် ပြေးလွှားနေသော မိန်းကလေးဖြစ်သည်။

တပ်သားများကို သူက ဟန့်တားလိုက်စဉ်က သူ့ကို အားကိုးတကြီး ကြည့်နေသော မျက်လုံးလေး ... သိမ်ငယ်စွာ ကြည့်နေရင်းမှ ပြောင်းလဲသွားသော ထိုအကြည့်။ သူ့ကိုကြောက်နေပုံရသော အပြုအမူ

'မကြောက်ပါနဲ့ မိန်းကလေးရယ် ... ကိုယ်က မင်းထင်သလို လူရိုင်းစိုင်းမဟုတ်ပါဘူး'

မိန်းကလေး၏ လည်တိုင်ကို သူ နမ်းရှိုက်ရန် ကြံရွယ်သည်။ အပျိုစင်ရနံ့ဆိုတာ ဒါကိုဆိုလိုတာလား ... သင်းသင်းလေးနှင့် နှစ်လိုဖွယ်ကောင်းသည်။

'ဘာလုပ်တာလဲ'



သူ ဆွံ့အသွားသည်။ အိပ်နေသူသည် ရုတ်တရက် ထထိုင်ကာ ယာယီတဲ၏နံရံသို့ တိုးကပ်သွားသည်။ ပြီးနောက် ခပ်စိမ်းစိမ်း အကြည့်ရိုင်းဖြင့် သူ့ကိုရွံ့ရှာစွာ စိုက်ကြည့်နေသည်။

'သင် ... ကျွန်ုပ်နား ကပ်မလာနဲ့နော် ... ကျွန်ုပ်ဟာ အရှက်ကို အသက်ထက် တန်ဖိုးထားတဲ့လူပါ။ ကျွန်ုပ်သေရမှာ မကြောက်ဘူး ... သင်တို့ ဘယ်သူတွေလဲ'

ရုစာရီသည် အကြောက်အကန် တရစပ်ပြေးနေ၏။

မျက်လုံးပြာပြာ အသားနီနီနှင့် ထိုလူမျိုး ရုစာရီ ဘဝတွင် တစ်ခါမျှ မတွေ့ခဲ့ဖူးချေ။ ကြောက်လည်း ကြောက်သည်။ တောကြီးက်နဲ့ထဲတွင် ထိုလူတို့သည် အကြောက်အလန့်မရှိ ဆူညံစွာ ပျော်ပါးကြသည်။ အကြည့်များသည်လည်း ရဲတင်းလှပေသည်။ ဘယ်သူတွေလဲ ...

သုနန္ဒိယဘုရင်ကို တိုက်ဖို့လာတဲ့ စစ်သည်တွေလား။

ဘီလူးတပ်သားတွေလား ... စိနရဋ္ဌတိုင်းသားတွေလား ... ထိုလူသည် သူမရှေ့တွင် အေးဆေးစွာထိုင်ပြီး တစ်စုံတစ်ခု ပြောနေသည်။ သို့သော် သူမ နားမလည်ချေ။ ဘာတွေ ပြောနေတာလဲ ... သူ ပြောနေတာ ဘာစကားလဲ။

'ကျွန်ုပ် ... ဂူထဲရောက်နေတဲ့ အခိုက်မှာ ဒီနေရာ စစ်ပွဲဖြစ်တာလား'

အဝတ်အစားမွဲခြောက်ခြောက်နှင့် လူများထက်စာလျှင် ထိုလူသည် အနည်းငယ်တည်ငြိမ်သည်။ သူမ စိတ်ထဲ ကြောက်စိတ်ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရဲစိတ်ကို မွေးနေမိသည်။

ဤတဲငယ်ထဲ သူနှင့် သူမ နှစ်ယောက်တည်း သင့်တော်ပါ့လား။ သင့်တော်မတော် မသိသော်လည်း အနည်းငယ် စိတ်သက်သာရာတော့ရသည်။ အရိုင်းအစိုင်း မျက်လုံးတွေထက်စာလျှင် ထိုလူ့ရှေ့တွင် အသက်ရှူချောင်သေးသည်။

'ကျွန်ုပ် ... ဒီကို ဘယ်လိုရောက်နေတာလဲ'

မေးခွန်းတွေသာ ဆက်တိုက်မေးနေမိသည်။ ထိုလူလည်း သူမကို စကားပြောနေသည်။ သူမ နားမလည်ချေ။ သို့သော် အပြုအမူများအရ မကြောက်ပါနဲ့ ... သက်တောင့်သက်သာနေပြီး ပြောဆိုပါ အန္တရာယ်မရှိပါဘူးဟု ပြောရာပြောကြောင်း ပြောနေသည်ဟု ထင်သည်။

'ကျွန်ုပ် ... အပြင်ကို သွားချင်ပါတယ်'

တဲအပြင်ဘက်သို့ လက်ညှိုးထိုးပြပြီး သူမ ပြောသည်။ ထိုလူသည် လက်ကာပြပြီး တစ်စုံတစ်ခုကို ပြောနေသည်။ ထိုလူ၏ စကားလုံးထဲတွင် ဂျက်စလေဆိုသော စကားကိုတော့ သဲသဲကွဲကွဲ ကြားရသည်။ ဂျက်စလေက ဘာလဲ ... ဘာကိုပြောတာလဲဟု မသိပေ။ သို့သော် ရင်ဘတ်ကို ပုတ်ပြီး သူ့ကိုယ်သူ လက်ညှိုးထိုးပြကာ ပြောနေသည်။

'ဂျက်စလေ'

သူမ နှုတ်ဖျားမှ ထိုအသံကို ရွတ်သည်။ ထိုလူသည် လက်ခုပ်လက်ဝါးတီးပြီး ဝမ်းသာသွားသည်။

သူမ သဘောပေါက်လိုက်၏။ ထိုလူ၏ နာမည်သည် ဂျက်စလေဖြစ်သည်။ ပြီးနောက် မျက်လုံးပြာပြာ၊ မျက်နှာရှည်ရှည်၊ ဆံပင်





နီနီနှင့် ထိုလူသည် သူမကို လက်ညှိုးထိုးနေသည်။ သူမ နားလည်သလိုရှိလာသည်။ ထို့ကြောင့် ...

'ရုစာရီ ... ရုစာရီ ... ရုစာရီ'

သူမကိုယ် သူမ လက်ညှိုးထိုးပြီး ပြောလိုက်သည်။

ထိုလူသည် ရုစာရီဆိုသော သူမ၏ နာမည်ကို ဆက်တိုက်ရွတ်ဆိုနေသည်။ ထိုလူသည် ပြုံးသည်။

ထိုအခါ မေးရိုးကွဲကို သူမ မြင်လိုက်ရတော့သည်။ သူမ ကြောက်သွားသည်။ ထိုမေးရိုး ...

သုနန္ဒိယဘုရင် ပြုံးလိုက်တိုင်း မေးရိုးအကွဲရာလေး ပေါ်လာတတ်သော လူတစ်ယောက်ဖြစ်သည်။ ထိုသို့ လူမျိုးလောကတွင် သိပ်များများစားစားမရှိချေ။

'ရှင် ... သုနန္ဒိယ'

သူမက ကြောက်လန့်တကြား ပြောသော်လည်း ထိုလူသည် ခေါင်းကိုသာ ... ဆက်အုပ်ချိုပြနေသည်။

သူမ အတွေးတွေ ချာချာလည်ကုန်သည်။

ဘာတွေဖြစ်ကုန်တာလဲ ... သုနန္ဒိယ ဘုရင်သည် သူမတို့ဘာသာစကားကို ကောင်းစွာပြောဆိုနိုင်သည်။ သို့သော် ထိုပုဂ္ဂိုလ်က ဘာတွေပြောနေသလဲဆိုတာ သူမ မသိချေ။

သုနန္ဒိယ ဘုရင်တွင် မည်းနက်သော မျက်လုံးရှိသည်။ ပြောဆိုပုံမှာ တည်ကြည်သည်။ ရာဇဏ္ဍကြွေကို ထိန်းသူဖြစ်သောကြောင့် ... ပြီးကြည်ညိုဖွယ်ရှိသည်။ သို့သော် ထိုလူသည် စကားပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း မျက်ခုံးနှစ်ဖက် အပေါ်တက်သွားတတ်ပြီး ပါးစပ်ကို အားပါးတ ဟပြီးပြောသည်။ ရဲတင်းသည်။

ကျောက်ဂူထဲမှ ထွက်လာလာချင်းမှာပင် ထိုလူအုပ်နှင့်တိုး သည်။ သူမကို ဆွဲလားရမ်းလား လုပ်လာကြသည်။ သူမ ကြောက်လ သွားခဲ့သည်။ သမင်ငယ်ကို ဝိုင်းဖမ်းနေကြသော ထိုခွေးအအုပ်စုကြော သူမ သတိလစ်သွားခဲ့သည်။

'ဘယ်လိုဖြစ်ရတာလဲ ... ကျွန်ုပ်တော့ ဘာကိုမှ နားမလည်နိ တော့ဘူး'

လောကသည် မျက်လှည့်ပြနေသည်ဟု ထင်သည်။

သူမ ဝင်ရောက်ခဲ့သော ကျောက်ဂူပေါက်မှ ထွက်လာခြင်းဖြ သည်။ ဂါရာရေတစ်စက်ကြောင့် အပြင်ကို ရောက်နိုင်သည်။ သူ ဂူထဲဝင်သွားသည်မှာ တစ်ရက်ပင် မပြည့်လိုက်ချေ။ ပြောင်းလဲမှုသ မြန်ဆန်လှသည်။

အကယ်၍ တိုက်ပွဲဖြစ်ပါက သေသောလူမျိုးများကို သူ တွေ့မြင်ရမည်ဖြစ်သည်။ ပြီးနောက် ဤမျှသော စစ်သည်အင်အား ဘုရင် သုနန္ဒိယ၏ စစ်သည်များသည် ဖောင်အစီး သုံးဆယ်ခန့်ရှိသ ဖောင် တစ်ဖောင်တွင် အင်အားသုံးရာကျော်ပါသည်။ ထိုအင်အာ ခဏလေး နှင့် ဖြိုခွင်း၍မရနိုင်ချေ။ နတ်စစ်သည်များ ဖြစ်စေဦးတေ ဤမျှမစွမ်း ဆောင်နိုင်ချေ။ ပြီးနောက် သုနန္ဒိယ ဘုရင်သည် ဘု ထီးတင်မည်ဖြစ် သည်။ ထို့ကြောင့် သူမ ဂူထဲမထွက်နိုင်သော ညသ လပြည့်ည ဖြစ်ရပေမည်။

●——ႁႁ——●



သို့သော် အဘယ်ကြောင့် ကြယ်ရောင် လရောင်တို့ ပျောက်ဆုံး နေရပါသနည်း။ ရာသီဥတု မကောင်း၍လား။

မကောင်းစရာ အကြောင်းမရှိချေ။ မောင်ကြီးနှင့်အတူ အသက် လုပြေးခဲ့စဉ်က နေသာနေသည်။ မိုးဖွဲဖွဲကျသော်ငြား မိုးပြေးလေးသာ ဖြစ်သည်။ သို့သော် ယခုတော့ ကွာခြားနေ၏၊ တောသည် ချုံနွယ်များ နှင့် ရှုပ်မနေဘဲ ရှင်းလင်းနေသည်။

သစ်ရိပ်များလည်း ပြောင်းလဲနေသည်၊ ထူပြောသော ရွက် ခြောက်ကြွေများ ဘယ်ရောက်ကုန်မှန်း မသိပေ။

ပြီးနောက် ယခုလို ခိုင်ခံ့တဲ့ တဲအိမ်မျိုး ဘယ်အချိန်က တည်ဆောက်လိုက်တာလဲ။

စဉ်းစားရင်း ခေါင်းတွေကိုက်လာသည်။ ဘဲဥအစ ရှာမရသလို ပင် ကွင်းဆက်က ပြတ်နေသည်။

'မောင်ကြီး ဘယ်ရောက်သွားပြီလဲ'

သုနန္ဒိယ ဘုရင်သည် မောင်ကြီးကို ဖမ်းထားဆဲလား။ ဒါမှ မဟုတ် သတ်ပစ်ပြီလား။ ဤပုံအတိုင်းဆို တိုင်းပြည်ရေးရာ ရှုပ်လိမ့်မည်။ မောင်ကြီး၏ အမှုကို စီရင်နိုင်ပုံ မရချေ။

'မောင်ကြီး ... ဘယ်ရောက်နေပြီလဲ ... မောင်ကြီး'

ရုစာရီသည် ပြောင်းလဲမှုကို တစ်ဒင်္ဂမျှ နားမလည်နိုင်ဖြစ်ခဲ့ သော်လည်း မူလလမ်းကြောင်းကိုသာ ဦးတည်မိပြန်သည်။ ပစ္စုပ္ပန်တွင် အံ့အားသင့်နေချိန်မရချေ။

မောင်ကြီးကို အချိန်မီ ကယ်တင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးကို ကိုယ်ပေါ် ထိုးစိုက်ထားသော မြားဒဏ်ရာများသည် အန္တရာယ်ရှိသည်။ မြားဆိပ်တက်ပြီး သတိမေ့မျောသွားနိုင်သည်။

သို့သော် ဂါရာရေနင့်ပန်းပွင့်ကို သူမ တွေ့ထားပြီးဖြစ်သည်။ ခက်နေတာက မောင်ကြီးကို တွေ့ရဖို့သာဖြစ်သည်။

'မောင်ကြီး ...'

ရုတ်တရက် ဆိုသလိုပင် ယာယီတဲမှ ပြေးထွက်လိုက်သည်။

တဲအပြင်သို့ ရောက်ရောက်ချင်းတွင် အံ့အားသင့်စရာ မြင်ကွင်းကို တွေ့လိုက်ရသည်။ သူမ၏ ခြေလှမ်းများသည် မြေပြင်ပေါ် ကျောက်ချထားသလို မြဲမြံသွားသည်။ ရွေ့ဖို့ပင် သတိမရတော့။

မှန်ပါသည် ... မွဲခြောက်ခြောက်၊ ပေတူးတူးဝတ်စုံများနှင့် လူအချို့သည် သူမထံ စိုက်ကြည့်နေသည်။ အပြာရောင်မျက်ဝန်း၊ နီသော ဆံပင်၊ နီးမြန်းသော အသားရောင်နှင့် ရှည်သောမျက်နှာများကို သူမ ကြောက်လန့်မိသည်။ ထိုလူများသည် ရှည်သော လက်နက်ကို ကျောတွင် သိုင်းလွယ်ထားသည်။ ပြီးနောက် မြင့်မားသော ရေကန်များ ကျယ်ဝန်းသော တွင်းနက်ကြီးများ ...

ဘာတွေလဲ ... ဒီလူတွေက သာမာန်လူတွေမှ ဟုတ်ရဲ့လား။ သူမသည် အံ့အားသင့်နေဆဲမှာပင် မျက်လုံးပြာနှင့်လူများသည် သူမ အနီးသို့ တိုးကပ်လာသည်။ သူမ ကြောက်သွားသည်။

ထိုလူတွေ သူမကို ဘာလုပ်ကြမှာလဲ ...

သို့သော် သူမ နောက်ဆုတ်၍မရတော့ ... ထိုတဲအိမ်ထဲ ဝင်၍ မရတော့ပါ။ မောင်ကြီး အင်္ဂါကို ရှာရပေမည်။ မောင်ကြီး၏ မြားဒဏ်ရာကို ကုသပေးရပေမည်။

ထို့ကြောင့် သူမ ထွက်ပြေးဖို့ ကြံစည်သည်။

သို့သော် ဝိုင်းထားသော လူအုပ်ကြောင့် ဘယ်ပြေးလို့ပြေးရမှန်း မသိနိုင်ပေ။

ထိုလူများသည် သူမကို ကြက်ကလေး၊ ငှက်ကလေးလိုပင် လွယ်ကူစွာ ဖမ်းချုပ်လိုက်ကြသည်။ သူမ ရုန်းသည်၊ အော်သည်၊ သို့ ...က် မလွတ်မြောက်နိုင်ပေ။

ထိုအချိန်တွင် ဆူညံသော အသံတစ်ခုကို သူမ ကြားလိုက်ရသည်။ အသံသည် တဝိုဝိုမြည်နေသည်။ ဆူညံသည်၊ နားမခံနိုင်ချေ။ သူမကို ဖမ်းချုပ်ထားသူများသည် ရုတ်တရက်ဆိုသလို ပြေးထွက်ပြီး ကြီးမားသော ကျင်းကြီးထဲ ပြေးဝင်ကြသည်။ အချို့သည် လွယ်ထားသော လက်နက်များကို ကိုင်တွယ်နေကြသည်။ ဘာလက်နက်ကြီးလဲ ... ဓား ဟုတ်တာလည်း သေချာသည်။ ထို့အတူ ဒူးလေးလည်း မဟုတ်။ ဘယ်လိုအရာမျိုးလဲ။

'ဝို ... ဝို ... ဝို'

ဆူညံသောအသံသည် နီးကပ်လာသည်ဟု ခံစားရသည်။ မြင့်မားသော သစ်ပင်များ လှုပ်ခတ်သွားသည်၊ လေမုန်တိုင်းလား. . .

သူမ မကြုံဖူးချေ။ ဤမျှ ပြင်းထန်သော လေတိုက်မှုမျိုး တစ်ခါမှ မဆုံး ကြုံဖူးခြင်းဖြစ်သည်။

'ဝို ... ဝို ... ဝို'

အသံကြောင့် ကောင်းကင်သို့ မော့ကြည့်လိုက်သည်၊ ရင်ထဲ

www.burmeseclassic.com



အေးခနဲဖြစ်သွားသည်။ မြင်ကွင်းကို မယုံနိုင်ချေ။

ဘယ်လိုအရာလဲ … ဒါက ဘယ်လိုသတ္တဝါမျိုးလဲ။

ရုတ်တရက်ဆိုသလို သူမသည် ကျောက်တုံးကြီးနောက်ကွယ်သို့ ပြေးဝင်ပစ်သည်။ ပြီးနောက် လျှင်မြန်စွာပုံသန်းနေသော သတ္တဝါကို မော့ကြည့်သည်။ ကြီးမားသော ငှက်ကြီးတစ်ကောင်ဖြစ်သည်။ ဘာငှက်ကြီးလဲ … သူမဘဝတွင် မမြင်ဘူးသော ငှက်ကြီးဖြစ်သည်။ မောင်ကြီး အဂ္ဂါသာရှိပါက ဘာငှက်လဲဆိုတာ ပြောနိုင်ပေလိမ့်မည်။

သူမ ခန့်မှန်းမိသည်။ ထိုငှက်၏ အမည်ကို မသိသော်လည်း ထိုငှက်အော်သံသည် ကျယ်လောင်သည်။ အန္တရာယ်ရှိလိမ့်မည်။

'ဝုန်း'

သူမ ကြည့်နေဆဲမှာပင် ထိုငှက်သည် မစင်စွန့်သည်။ အသံကျယ်ပြီး မီးတောက်ကြီးဖြစ်သွားသည်။ အချို့စစ်သည်များသည် မည်းတူးပြီး သေဆုံးကုန်ကြသည်။

'ဝုန်း'

ဒုတိယအကြိမ် မစင်စွန့်သောအခါ သူမ နားပိတ်ထားလိုက်သည်။ နေရာတော်တော်များများသည် မီးလောင်နေသည်။ အန္တရာယ်ရှိမှန်းသိနေသော်လည်း ဘယ်ပြေးလို့ပြေးရမှန်း မသိချေ။

ထိုစဉ် သူမကိုယ်လေးသည် တစ်စုံတစ်ယောက်၏ ရင်ခွင်ထဲ ရောက်သွားသည်။ သူက ဂျက်စလေဆိုသူ။

'လွှတ်ပါ … လွှတ်'

သူမ ရုန်းသော်လည်း ထိုလူသည် ဖြေလွှတ်ခြင်းမရှိဘဲ သူမကို



သာ ကြမ်းတမ်းစွာဆွဲခေါ်နေသည်။

သူမ ရုန်းသည်။ ထိုလူပြုသမျှ နနေလို့ မရချေ။

သူမ မောင်ကြီး အဂ္ဂါကို ရှာရပေလိမ့်မည်။

'ဝုန်း'

ထိုအသံကို သူမ ကြောက်သည်။ တစ်ခါမြည်လိုက်တိုင်း လူများစွာ မီးလောင်လွင့်စင်ကုန်သည်။

'ဒိုင်း … ဒိုင်း … ဒိုင်း'

ကျင်းထဲဝပ်နေသော တပ်သားများသည် လက်နက်ဖြင့် ငှက်ကြီးကို ပစ်ခတ်သည်။

တစ်ခဏအတွင်းအသံတွေ ဆူညံကုန်ပြီး မီးငွေ့တွေမွှန်ထူကုန်သည်။

သို့သော် ဂျက်စလေဆိုသူသည် သူမကို တင်းကြပ်စွာ ဆုပ်ကိုင်ထားဆဲဖြစ်သည်။

သူမ ကြောက်သည်။ ဆူညံသော အသံများကိုလား၊ သွေးသံရဲရဲ သေဆုံးကြသူတွေကိုလား၊ ပျံနေသော ငှက်ကိုလား၊ အသံမြည်သော လက်နက်ကိုလားဆိုတာ ရေရေရာရာ မသိပေမယ့် ထွက်ပြေးလွတ်မြောက်ချင်သည်။

သုနန္ဒိယ ဘုရင်သည် မောင်ကြီးကို ချုပ်နှောင်ထားမှာ သေချာသည်။ အကယ်၍ ပျံသောငှက်သာ မောင်ကြီးအား ချုပ်နှောင်ထားရာနေရာတွင် မစင်စွန့်ပါကဆိုသည့် အတွေးသည် သူမ နှလုံးသားကို ကောင်းစွာ နှိပ်စက်နေလေသည်။

~~~~~

www.burmeseclassic.com
~~~~~

www.burmeseclassic.com



ထို့ကြောင့် ဂျက်စလေ လက်ထဲမှ လွတ်မြောက်ရန်ရုန်းသည်။ သို့သော် ဂျက်စလေသည် လွတ်မပေးချေ။ ဂျက်စလေသည် မျက်လုံးကြီးပြူးကာ အော်ဟစ်နေသည်။ သူမကို ထွက်ပြေးခွင့်မပြုချေ။ သူမ ရုန်းထွက်ရပေလိမ့်မည်။ သူမသည် ကြံရာမရသည့်အဆုံးတွင် သူမကိုယ်ကို ချုပ်နှောင်ထားသော ဂျက်စလေ၏ လက်ကို အံခဲပြီး ကိုက်ပစ်တော့၏။

'အား'

ဂျက်စလေ၏ အော်သံသည် ကြောက်မက်ဖွယ်ကောင်းလေတော့သည်။ အသံနက်ကြီးဖြစ်သည်။

သို့သော် ထိုအသံကို ထိတ်လန့်နေ၍ မရချေ။ လွတ်မြောက်တုန်း သူမ အားသွန်ပြေးသည်။

'ဝုန်း'

အသံကြားသောလည်း နောက်လှည့်မကြည့်နိုင်ချေ။

ဂျက်စလေသည် သူမနာမည်ကိုသာ တကြော်ကြော်အော်ဟစ်နေလေသည်။ သို့သော် သူမ ဂျက်စလေကို လုံးဝ လှည့်မကြည့်တော့ချေ။ ကျောက်တောင်နှင့်ဝေးရာသို့ ပြေးသည်။ မြစ်ဖျားကြီးကို ရှာရပေမည်။ မြစ်ဖျားကြီးကို တွေ့ပါက သုနန္ဒိယ၏ ဖောင်ရပ်နားရာနေရာကို တွေ့နိုင်မည်။ ထိုဖောင်ကို တွေ့ပါက မောင်ကြီးကို တွေ့ရန် နီးစပ်သွားပြီဖြစ်သည်။ မျှော်လင့်ချက်တို့ ရင်ထဲ သီးပွင့်နေသောအခါ ခြေလှမ်းများသည် သွက်လက်မြန်ဆန်နေသည်။

သို့သော် မြစ်ဖျားကြီးနားအရောက်တွင် သူမ စိတ်မောတ်ကျသွား



ရတော့၏။ သုနန္ဒိယ ဘုရင်၏ တပ်မကြီးသည် မြစ်ကြောင်း၌ စုံးစုံးမြုပ်ပျောက်ဆုံးနေသည်။ ဖောင်ရပ်နားခဲ့ပါတယ်ဆိုသော အငွေ့အသက်မျိုးပင် မခံစားရပါ။

သူမ မျက်စိများမှားနေလေသလား ...

မမှားနိုင်ပါ။ ဤသည်ကား ရဝေမြိုင်ချောင်ဖြစ်သည်။ တောင်ကုန်းကိုဆင်းခဲ့ပါက မြစ်သို့ ရောက်သည်။ ထိုသို့ တွေးမိသောအခါ သူမ မျက်လုံးများသည် တောင်ကုန်းနှင့် မြစ်ကို တစ်လှည့်စီကြည့်သည်။

'မဟုတ်ဘူး ... ဒါ ... ငါ သိခဲ့တဲ့ နေရာမဟုတ်ဘူး'

သံသယဝင်မိပြန်သည်။ တောင်ကုန်းသည် မှန်သည်။ သို့သော် ပေါက်ရောက်သော အပင်သည် မှားနေသည်။

မြစ်ဖျားကြီးသည် မှန်သည်။ သို့သော် စီးဆင်းနေသော ရေစီးကြောင်းသည် မှားနေသည်။

'တစ်ခုခုတော့ လွဲနေပြီ'

ဖောင်ပေါ်မှာ အကျဉ်းကျသလို နေခဲ့စဉ်က သူမ ကြည့်စရာ ဤမြစ်ကြောင်းသာရှိသည်။ ထို့ကြောင့် နှလုံးသားထဲ စွဲနေအောင် မှတ်မိသည်။ ထိုသို့ မြစ်ကြောင်းသည် ကွေ့ကောက်မနေချေ။

'မှားနေပြီ'

ခပ်လှမ်းလှမ်းမှ ပစ်ခတ်သံတွေ ကြားနေသော်လည်း မှားနေသောဖြစ်ရပ်အတွက် အဖြေမှန်တော့ ရှာတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မြစ်ကမ်းစပ်ရှိ ကျောက်တုံးကြီးပေါ်တက်ပြီး တောအုပ်ကို လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှဲဂန်တောင်ကုန်းကို လှမ်းမြင်နေရသည်။ သို့သော် တောင်ကုန်းသည် ပြောင်ရှင်းမနေဘဲ ချုံနွယ်နှင့် သစ်ပင်များ အုံ့ဆိုင်းနေသည်။ သို့သော် ညှိတက်နေသော ဘုရားငုတ်တိုကို ဝိုးတဝါး လှမ်းမြင်နေရသည်။

'ဘယ်လိုဖြစ်တာလဲ'

သူမ မျက်လုံးမှိတ်ပြီး စဉ်းစားသည်။

မှန်ပါ၏။ သူမ သိခဲ့သည်မှာ လူအချို့ အားကြိုးမာန်တက် တည်ဆောက်နေသော ဘုရားဖြစ်သည်။

သူမ ရင်တွေ တလှပ်လှပ်တုန်ယင်နေသည်။ အခြေအနေကို နားလည်၍လည်း မရပါ။

'ဘာတွေ ဖြစ်ကုန်တာလဲ'

စဉ်းစား၍မရသော်လည်း ကြိမ်ဖန်များစွာ စဉ်းစားမိနေပြန်သည်။

'မောင်ကြီး ... ဒါဆို ... မောင်ကြီး ... ဘယ်ရောက်သွားပြီလဲ'

ဘယ်မှာ ရှာလို့ရှာရမှန်း မသိတော့ပေ။ ဘာကြောင့် ဒါတွေဖြစ်နေမှန်းလည်း မသိပေ။ ဘာတွေဖြစ်ကုန်တာလဲ။

'ရှစာရီ'

အသံတစ်ခုကို ကြားရသည်။ လှည့်ကြည့်စရာပင် မလိုပေ။ ဤသို့အသံထွက် မမှန်မကန်ခေါ်သံသည် အပြာရောင်မျက်လုံးနှင့် ဂျက်စလေမှ လွဲပြီး အခြားမဖြစ်နိုင်ပါ။

'ရှစာရီ'

ဂျက်စလေသည် သူမထံ ပြေးလာပြန်သည်။



ထို့ကြောင့် သူမ ထွက်ပြေးလာပြန်သည်။

'ဝုန်း'

ကောင်းကင်မှ ငှက်သည် သူမ နောက်နားတွင် မစင်စွန့်ပြန်သည်။

ဒီပုံအတိုင်း သူမ ဆက်ပြေးနေ၍ မရတော့ပါ။

ထိုမီးတော်သည် သူမကို ထိမှန်ပါက သူမ အသက်ဆုံးရှုံးရနိုင်ဖွယ်ရှိသည်။ ပြီးနောက် ခုလို ခြေဦးတည့်ရာ ပြေးနေလို့လည်း မဖြစ်ချေ။ သူမ၏ ခြေလှမ်းသည် စိပ်သည်။ နှေးသည်။ ထို့ကြောင့် သူမထက် ခြေထောက်ပိုရှည်သော ဂျက်စလေသည် သူမကို မီလာနိုင်ဖွယ်ရှိသည်။ သူမ ဘယ်သွားရမလဲ ... သူမအတွက် ဘယ်နေရာက အလုံခြုံဆုံးလဲ ဆိုတာ တွေးသည်။

သူမ အတွေးထဲပေါ်လာသည်က တစ်ခုတည်းဖြစ်၏။

ကျောက်ဂူ ... ကျောက်နံရံ ...

ထိုအတွေးကိုရလိုက်သည်နှင့် တစ်ဖြုန်းနက် ကျောက်တောင်ကြီးဆီသို့ အားသွန်ပြေးတော့သည်။ ဆူညံစွာ ပေါက်ကွဲနေသံများကို လျစ်လျူရှုမိတော့သည်။

x x x

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



အလွန်မာကျောသော ကျောက်နံရံကြီးကို ထိုးတိုက်လိုက်သော သူမ ခန္ဓာလေးသည် ပေါ့ပါးပြီး နွေးထွေးသွားသည်။

'လုံမလေး ... ပြန်ရောက်လာမယ်လို့ အဘ ထင်ထားပါတယ်'

အဘ၏အသံကြောင့် မြေပြင်ပေါ်လဲကျနေသော သူမသည် ရုတ်တရက် ထရပ်သည်။

ထူးဆန်းလှပေသည်။ စောစောက တိုင်းပြည်ပျက်မတတ် ဆူညံနေသော အသံသည် ဂူထဲရောက်သည်နှင့် တစ်ပြိုင်နက် တိတ်ဆိတ်သွားသည်။ ပစ်ခတ်သံလည်း မကြားရတော့သလို ငှက်ကြီးမစင်စွန့်သည့် တဝုန်းဝုန်းအသံလည်း မကြားရတော့ပေ။

'ဘယ်လိုဖြစ်တာလဲ ... အဘ ...ဘာတွေဖြစ်ကုန်တာလဲ။ ကျွန်တော်မျိုးမ ဘာမှကို နားလည်လို့မရကုန်တော့ဘူး။ အပြင်က မျက်လုံးပြာတွေနဲ့က ဘယ်လိုလူမျိုးတွေလဲ၊ ပြီးတော့ ... သုနန္ဒယဘုရင်ရဲ့ ဖောင်တော်တွေက ဘယ်ပျောက်ကုန်တာလဲ ... ဘာတွေဖြစ်ကုန်တာလဲ ... ဘာကြောင့် ပြောင်းလဲကုန်တာလဲ'

'အရာအားလုံးသည် လုံမလေးက သန့်စင်သော အမျိုးစင်ဖြစ်နေသောကြောင့် ဖြစ်သည်။'

သူတော်စင်၏ အဖြေသည် တိုတောင်းလှသည်။ သို့သော်





အဓိပ္ပါယ်မှာမူ ကျယ်ပြန့်လွန်းသည်ဖြစ်ရာ သူမ မတွေးတတ်နိုင်အောင် ရှုပ်ထွေးလှသည်။

'ဤလည်ဆွဲသည် လုံမနှင့် ထိုက်တန်သောကြောင့်ဖြစ်သည်'

ထပ်ဆိုပြန်သည်။ သူမ နားမလည်ချေ။ ထိုလည်ဆွဲကို မောင်ကြီး ကိုယ်တိုင် သူမ၏ လည်ပင်းတွင် ဆွဲပေးခဲ့ခြင်းဖြစ်သည်။ မောင်ကြီးက ဘယ်ဆီမှ ရလာမှန်း သူမ မသိချေ။

'ဤလည်ဆွဲသည် ရှေးအောက်ကြမ်းပြင်မှ ရတနာဖြစ်သည်။ မေတ္တာတရားကြောင့် ရရှိခဲ့သည်။ ထိုက်တန်သောကြောင့် အသွင်ပြောင်းခဲ့သည်။ ထိုလည်ဆွဲကြောင့် မာသောကျောက်နံရံကို လုံမလေး ဖောက်ထွင်းဝင်ရောက်နိုင်ခဲ့သည်။ သို့သော် ပြန်ထွက်၍မရ။ ဤဂါရာရေကြောင့်သာ လုံမလေး ပြန်ထွက်နိုင်ခဲ့သည်။ လည်ဆွဲသည်ကား မေတ္တာကို ရည်ညွှန်း၏။'

သူမသည် ခါးကြားထဲ လိပ်ထားသော သေးငယ်သော ကြုပ်ဘူးကို စမ်းကြည့်မိပြန်သည်။ ယခုထိရှိနေဆဲဖြစ်၏။

'ဤဂူသည် သူတော်စင်များ နေထိုင်ရာ နေရာဖြစ်သည်။ မစင်ကြယ်သူ ဖြစ်ပါက လည်ဆွဲနှင့်၊ ရေကြုပ်ကို ပိုင်ဆိုင်စေဦး ဝင်ရောက်၍မရပါ'

'စင်ကြယ်တယ် ... ဟုတ်လား ... ဘရုသေ့'

'စင်ကြယ်ခြင်းဟူသည် မနောကိုလည်း ဆို၏။ ခန္ဓာကိုလည်း ဆို၏။ စေတနာကိုလည်း ဆို၏'

'မောင်ကြီးရော ... ဟင် ... မောင်ကြီးရော ... စင်ကြယ်



www.burmeseclassic.com

www.burmeseclassic.com



သူ မဟုတ်ဘူးလား'

'လုံမလေး ဖွေရှာစရာ လောကသည် ကျယ်ပြန့်လှသည်။ ကံတရားကို စိမ်ရာ၏ ဖြစ်ချိန်တန်ပါက တားမြစ်နိုင်စွမ်း မရှိပြီ'

'မောင်ကြီးကို ဘာလို့ မတွေ့ရတာလဲ ... ဘရသေ့ ... မောင်ကြီးက ဘယ်မှာလဲဟင်၊ ဘယ်ရောက်နေသလဲ ဘရသေ့ သိရင် ကျွန်တော်မျိုးမကို ညွှန်ကြားလှည့်ပါ၊ မောင်ကြီးကို ကျွန်တော်မျိုးမ ကယ်တင်ရပါလိမ့်မည်'

'ကံကိုဆောင်နိုင်ပါစေလို့ အဘ ဆန္ဒပြုတယ်။ လုံမလေး လောကကို ထွက်ကြည့်ဦးမှာပဲ မဟုတ်လား'

'မောင်ကြီးကို ရှာရပါမယ် ဘရသေ့'

'ဆန္ဒသည် အင်အားကြီးပါက အရာရာကျော်ဖြတ်နိုင်တန်၏။ သို့သော် လုံမလေးနှင့် ရေစက်ဆုံလာသောကြောင့် အဘ မှာကြားမည်။ လုံမလေးသည် နီသောပန်းကို သတိထားပါ၊ နီသောအရောင်ကို ရှောင်ကြဉ်ပါလော့။ လောကသည် ရှုပ်ထွေးသည်။ နားလည်နိုင်ရန် ခက်ခဲသည်။ သို့သော် တရားပြသော နေရာလည်း ဖြစ်၏။ လုံမလေး ကောင်းသောအရာ တွေ့ရှိပါစေ'

ဘရသေ့သည် နိုင်မာသော ခြေလှမ်းများနှင့် ကျောခိုင်းထွက်ခွာသွားသည်။

ဘရသေ့သည် သူမ စိတ်ကိုသိနေသူပမာ ပြောဆိုသွားသည်။ နားလည်ရခက်သူ ဖြစ်သော်ငြား သူမ ကြည်ညိုမိသည်၊ တွယ်တာသည်၊ ခင်မင်သည်၊ အားကိုးသည်။





မြေပြင်ပေါ် ဒူးထောက်ထိုင်ချကာ လက်အုပ်ချီပြီး ဦးခိုက်လိုက်သည်။ မထင်မှတ်ထားပါပဲ သူမသည် ငိုမိနေသည်။ မျက်ရည်တွေ ကျနေသည်။ ထိုမျက်ရည်များကို လက်ဖြင့် ခပ်ဖွဖွသုတ်မိသည်။

'ဘာကြောင့် ငိုနေမိတာလဲ'

မျက်ရည်တွေ ကျနေသော်လည်း အကြောင်းအရင်းကို စဉ်းစား၍ မရချေ။ နှလုံးသားသည် နာကျင်နေသည်။ ရင်ဘတ်တစ်ပြင်လုံး ဆောင့်နေသည်။ ကျောက်နံရံများကို လွမ်းဆွတ်ငေးမောမိသည်။

ကျောက်ဆစ်ပန်းဆွဲများသည် သူမကို လှောင်ပြောင်နေ၏။ ပေါ် နွယ်တက်နေသော ရေညှိများကို နှုတ်မဆက်နိုင်ပေ၊ နေရာသကို အစွဲမရှိတတ်သော သူမ စိတ်ကို ဤကျောက်ဂူသည် ဖမ်းစားလွှမ်းသည်။

သူမ သံယောဇဉ်တွယ်မိနေသည်။ ဝမ်းနည်းနေသည်။ ဤရာကို နှစ်သက်ပါသည်။

အကယ်၍ မောင်ကြီးသာ ဒီးမှာရှိပါက ကျောက်ဂူကို သူမ ကျောခိုင်းလိမ့်မည် မဟုတ်ချေ။ ခုတော့ ...

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဘုရားထီးတင်ပွဲမို့ လူများ ကြက်ပျံမကျ စည်ကားနေသည်[illegible] အလှူခံမဏ္ဍာပ်မှ ဂေါပကဏ် ဆုပေးသံများသည် စည်ဝေပြီး ဟိန်းထွ[illegible] နေသည်။ ဇာတ်ရုံမှ အငြိမ့်မင်းသမီး၏ သီဆိုသံသည်လည်း အလှ[illegible] မဏ္ဍာပ်မှ ဆုပေးသံနှင့်ရောနှောနေသည်။

ဇာတ်ပွဲသည် နာမည်ကြီးမင်းသား ဖိုးချစ်ကသော ပွဲဖြစ်သည်[illegible] ဘုရားပွဲဖြစ်သောကြောင့် နေ့ခင်းဘက်အငြိမ့်ထွက်သည်။

ကလေးငယ်များသည် အုပ်စုဖွဲ့ကာ အမိဒှာန်ကြွေစေ့ပစ်[illegible] သည်။ များသောအားဖြင့် စာမေးပွဲအောင်မြင်ပါစေဟူသော ဖလား[illegible] စုပြုံနေကြသည်။

အချို့အကြွေစေ့များ အထဲဝင်သလို အချို့လည်း လွဲချော်သ[illegible] များရှိသည်။

ဘုရားပွဲ ကွင်းပြင်ဒေသစာများကို ခေါင်းပေါင်းပေါင်းထားသေ[illegible] သက်ကြီးရွယ်အိုများက ခင်းကျင်းကွေ့မွေးနေသည်။ ဆီးဖြူသီး ဆား[illegible] စိမ်နှင့် ခေါက်ဆွဲဖက်သုပ်ဖြစ်သည်။ စီးသော စက်ကြိတ်ခေါက်ဆွဲ [illegible] နန္ဒင်းမှုန့် ဆီချက်လေးနှင့် ချိုချိုလေးသုပ်သည်။ ခေါပုတ်ကြော်ကို [illegible] ဟူးနှင့် တွဲဖက်၍ ချပေးသည်။

ကလေးထုများသောကြောင့် စားစရာများသည် ချမလောက်[illegible] နေသည်။ ကလေးများသည် နေ့ဖို့ညစာပင် အိတ်ထဲမှကျွတ်ကျွတ်[illegible]





[illegible]အပိုဖြင့် ခိုးထည့်ကြလေရာ စားပြီးသူပြန်စနစ်ဖြင့် မောင်းထုတ်နေကြရ [illegible]သည်။

ဇာတ်ရုံထက် အလှူရုံက ပိုစည်ကားသည်။ မိနပ်ပျောက်သော [illegible]ကို မခံစားနိုင်ကြသောကြောင့် စီးသောမိနပ်ကို ခါးကြားထိုးကာ [illegible]ဏ္ဍာပ်ထဲ တိုးကြတော့သည်။

အလှူလုပ်သူမှာ လက်မလည်အောင်ရှိသည်။

မကြာခင် ထီးတော်တင်တော့မည် ဖြစ်သည်။

ပေါက်ပေါက်ဖြင့် ရောနှောပြီး ဖြူးမည့်ငွေကို လုရန် လာသူ [illegible]များ တန်းစီနေသည်။

အာသာပူတီသည် သည်အလုပ်ဖြစ်လုသည်။ ထိုဆိုင်အနီးတွင် [illegible]ကလေးများ ဝိုင်းအုံနေသည်။

တစ်ချောင်းမှ နှစ်ရာမို့ တတ်နိုင်ကြသည်ထင်သည်။

သို့သော် မုန့်လေပွေဆိုင်တော့ လူကျဲလှသည်။ မုန့်လေပွေ [illegible]သည် ခေတ်မမီတော့သည့် အစားအစာမို့ ကလေးများ မကြိုက်ပေ။ [illegible]သို့သော် အသက်ကြီးသူများ နှစ်သက်ကြပြန်သည်။ မုန့်လေပွေဆိုသည့် [illegible]ရာသည် အိမ်၌ မလုပ်စားဖြစ်ပေ၊ ဘုရားပွဲချကျမှ ရေးကျသော [illegible]အဘွားကြီးများ လုပ်ရောင်းသည်၊ ထိုအခါမှ စားကြရသော အစား [illegible]စာဖြစ်သည်၊

ပြီးနောက် ဘုရားပွဲတွင် မုန့်ညင်းချဉ်လည်းပေါ၏။

ဒီနှစ်ဆောင်းတွင် မုန့်ညင်းများအောင်မြင်ကြသည်၊ စိုက်ပိုက် [illegible] အပင်သန်ပြီး ထွားကြိုင်းသည်၊ ထို့ကြောင့် ရဝေမြိုင်ရွာသည်



www.burmeseclassic.com

www.burmeseclassic.com



မုန့်ညင်းချဉ်ပေါသောကြောင့် ဘုရားပွဲတွင် ချရောင်းကြသည်။ ထွက်ကုန်ရှားပါးသော ရွာသည် မုန့်ညင်းချဉ်ကို နှစ်ပေါက်အောင် တည်ကြသည်။ အစားပိုပါက အပိုဝင်ငွေရရှိရေး ရောင်းချကြသည်။

ရဝေမြိုင်သည် မုန့်ညင်းချဉ်နှင့် ခေါင်ရည်နာမည်ကြီးသော ရွာဖြစ်သည်။

ရဝေမြိုင်သို့ ရောက်ပါက ခေါင်ရည်မသောက်ဘဲ ပြန်လျှင် ခေတ်မမီတော့သူ အဖြစ် အပြောခံကြရသည်။

ယခုပွဲခင်းတွင်လည်း ခေါင်ရည်ဆိုင်များ ပေါသည်။

ခေါင်ရည်နှင့်ငါးကင်သည် နာမည်ကြီး၏။ ဆိုင်တိုင်းလည်း လူစည်ကားသည်။ ဝါးလုံးများကို ကြိမ်ဖြင့်ချွေပြီး ခုံအဖြစ် တန်းထိုးထားသော်လည်း ဆိုဖာ၊ ဆက်တီထက် မက်မောဖို့ကောင်းသလား ထင်မိသည် သောက်စားသူများသည် ထိုင်ရာမှ မထကြတော့ပေ။

သောက်နေတုန်း မူးမှန်းမသိသည်က ခေါင်ရည်၏ အစွမ်းဖြစ်သည်။ သောက်ပြီး ထရပ်ကာ လေတိုက်ခံတော့မှ မူးမှန်းသိရသည်။ မော်ဝင်နေသော ခေါင်ရည်သာဖြစ်သည်။

'ထီးတင်တော့မယ်ဟေ့ ... ပြောတီးနေပြီ'

ထိုအသံသည် ပွဲတစ်ခင်းလုံး ညံသွားသည်။ ပွဲခင်းသည် အုံကြွလာပြန်သည်။ ထီးဒကာသည် မြို့သားများဖြစ်သည်။ ထို့ကြောင့် ခေတ်သည်။ ပွဲခင်းသို့ မော်တော်အပြတ်ငှားပြီး ရောက်လာကြသည်။

ပြောတီးသံသည် စည်စည်ဝေဝေ ထွက်ပေါ်လာသည်။ ထီးတော်ကို စက်တီးဆွဲပြီး တင်မည်ဖြစ်သည်။ ထီးတော်သယ်ဆောင်ရန် စီစဉ်ထား





သော ကြိုးဆွဲလှည်းယာဉ်သည် ရွှေရောင်အတိ ခမ်းနားလှသည်။

မြို့သူအချို့သည် ဖုန်းကိုထောင်ထားကြသည်။ သဘောသည် ထီးတော်တင်ပုံကို ဓာတ်ပုံရိုက်ပြီး အွန်လိုင်းပေါ်တင်ရန်ဖြစ်၏။

ရဝေမြိုင်ရွာ၏ ကျောင်းထိုင်ဆရာတော် ဦးရေဝတသည် ကျောက်တောင်ခြေရင်းတွင် အသင့်ရပ်နေသည်။

ထိုစဉ် လေနီကြမ်းသည် ခပ်ပြင်းပြင်းမွှေလာသည်။ ထီးတော် ဖူးနေကြသော ပရိသတ်တို့သည် အခင်းမပါသော မြေကြီးပေါ်တွင် ထိုင်ချပြီး ကုန်းထိပ်မှ ဘုရားကို ဖူးမြော်ကြသည်။

'သုနန္ဒယစေတီက တကယ်ပဲ တန်ခိုးကြီးပါတယ်'

ဘုရားပွဲလာပရိသတ်များသည် ယုံကြည်ရာကို လက်ခံသွားကြသည်။

ပြောသံသည် မရပ်မနား ဝေစည်လာသည်။ ပြောသံမြိုင်ဆိုင်သောအခါ ဘုရားသည် ပိုပြီး ဘုန်းတန်ခိုးအရှိန် ကြီးမြင့်လာသည်ဟု ပရိသတ်ရင်ထဲ ခံစားရသည်။ ထိုစဉ်တွင် မာကျောသော ကျောက်တောင်နံရံကြီးတွင် အလင်းများဖြာထွက်လာသည်။

အားလုံးသော ပရိသတ်များသည် ထိုအလင်းကို အာရုံစိုက်နေချိန်တွင် ထိုအလင်းများကြားမှ လှပသော မိန်းမပျိုတစ်ဦး ဘွားခနဲ ပေါ်လာသည်။

'ဟင်'

များပြားသောလူထုကြီး တိတ်ဆိတ်ကုန်သည်။ ပြောသံများ ရပ်တန့်သွားသည်။ ထိုခဏ်တွင် ပွဲခင်းကြီး ရုတ်ချည်းတိတ်ဆိတ်သွားကုန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

မှန်ပါသည်။ ထွက်ပေါ်လာသူမှာ ရုစာရီ ဖြစ်သည်။

ရုစာရီလည်း အံ့အားသင့်နေသည်။ ပရိသတ်လည်း ရုစာရီကို အံ့အားသင့်နေသည်။

ဤတိတ်ဆိတ်မှုသည် ခဏတာသာဖြစ်သည်။

ထီးတော်တင်ပွဲကို မှတ်တမ်းတင်ရန် လာသော ကင်မရာသည် တဖျပ်ဖျပ် လင်းသွားသည်။ ဗီဒီယိုကင်မရာလည်း ရုစာရီထံ ချိန်ရွယ်နေသည်။ တက်စတင်မီးသည် ရုစာရီ၏မျက်နှာပေါ် ဖြာခနဲကျရောက်လာသောအခါ ရုစာရီ လန့်သွားသည်။

တိတ်သွားသော ပရိသတ်ထံမှ မညီမညာသော စကားသံများ ဆူညံစွာထွက်ပေါ်လာသည်။

ပြောသံသည်လည်း စတင်တော့မည်ဖြစ်သည်။ နဲသမားသည် ဗုံသမားအား အချက်ပြနေလေသည်။

ရုစာရီ မျက်လုံးများ ကျိန်းကုန်သည်။

တဖျပ်ဖျပ် လက်နေသော မီးရောင်များကို ခံနိုင်ရည်မရှိချေ။

သူမ ဘယ်ရောက်နေတာလဲ ... ဒါတွေက ဘာတွေလဲ လူတွေဘာကြောင့် အဲဒီလောက်တောင် များနေရတာလဲ။

'မောင်ကြီး ... မောင်ကြီး ... နမကို ကယ်ပါဦး'

မျက်နှာကို လက်ဖဝါးနှင့် ကာကွယ်ကာ မောင်ကြီးကို တမ်းတမိသည်။

လူနံ့များကြောင့် ခေါင်းသည် မူးဝေနေသည်။

လူအုပ်ကြီးဝိုင်းရံထားသောကြောင့် ဂူထဲ အလွယ်တကူ ပြေးဝင်လို့လည်း မရချေ။ ရင်ထဲ မွန်းကျပ်လာသည်။ အသက်ရှူသံပင် မှန်ချင်တော့ပါ။

'မောင်ကြီး ... မောင်ကြီး'

ထိုအချိန်မျိုးတွင် အားကိုးတကြီး ရေရွတ်မိသည်မှာ မောင်ကြီး၏အမည်ကိုသာ ဖြစ်သည်။

'မောင်ကြီး အဂ္ဂါ'

ထိုစဉ် သူမကို တစ်စုံတစ်ယောက် ဆွဲကိုင်လိုက်သလို ခံစားရသည်။

သူမ မျက်လုံးမဖွင့်နိုင်တော့ချေ။ အမြင်အာရုံများ ဝေဝါးနေသည်။ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့ချေ။ သို့သော် ဘယ်နားရွက်ထိပ်များကို တွေ့မြင်လိုက်သည်။ နားရွက်ထိပ်သည် ဟက်တက်ပြတ်နေသည်။ သူမ ပြုံးလိုက်၏။ သူမ မောင်ကြီးနှင့်တွေ့ပြီဖြစ်သည်။ မောင်ကြီး၏ ဒဏ်ရာသည် ကောင်းနေပြီဖြစ်သည်။ မောင်ကြီးသည် လူအုပ်ကြီးထဲမှ သူမကို ကယ်သွားပြီဖြစ်သည်။

သူမ ဝမ်းသာသည်။ မောင်ကြီး၏ ကိုယ်သင်းနံ့လေးကို ရှူရှိုက်မိသည်။ နောက်ဆုံးတော့ သူမ မောင်ကြီးကို ရှာတွေ့ပြီဖြစ်သည်။ သူမသည် တင်းထားသော စိတ်ကို လျှော့လိုက်သည်။ ထိုအခါ မျက်ဝန်းသည် ပိတ်သွားသည်။ သူမသည် မောင်ကြီး ရင်ခွင်ထဲ မျော့မော့ရှာ ...

× × ×

www.burmeseclassic.com

www.burmeseclassic.com



သူမ သတိရလာသောအခါ နွေးသော အရသာကို ပထမဆုံး ခံစားလိုက်ရသည်။

သူမ မျက်လုံးဖွင့်လိုက်၏။

ဪ ... ငါ အိမ်တစ်လုံးထဲ ရောက်နေပါလားဟု ခံစား သည်။ နံရံမှ သားသရေများကို မြင်သောအခါ သူမ လန့်သွားသည်

'မောင်ကြီး'

'မင်း ... နိုးလာပြီလား'

အသံသည် ဩရှရှဖြစ်သည်။ မောင်ကြီး၏ အသံဖြစ်သည် လွမ်းလိုက်တာ မောင်ကြီးရယ်။ မောင်ကြီး ဘယ်တွေသွားနေသလဲ။

အားပါးတရ ပွေ့ဖက်ချင်လှသော်လည်း လွတ်ထွက်လုလုစိတ် တို့ကို ချုပ်တည်းထားလိုက်သည်။

'မင်း ... ဒီမှာ အိပ်ပျော်သွားတာ ခြောက်နာရီကြာသွားပြီ

ဘုရား ... ဘုရား ... မင်းတဲ့လား ... မောင်ကြီးရယ် ဘာကြောင့် နှမကို အဲဒီလို စိမ်းတဲ့အကြည့်တွေနဲ့ ကြည့်နေရတာလဲ နှမလေ မမှတ်မိတော့ဘူးလား။ မြားဆိပ်က သိပ်များပြင်းသွားလေသလား မောင်ကြီးရယ်။

'ထူးတော့ ထူးဆန်းတယ်။ မင်း ဘယ်က ပေါ်လာတာလဲ



သူများကတော့ မင်းကို တန်ခိုးရှင်လို့ မြင်နေကြတယ်၊ ငါ့အမြင်မှာတော့ မင်းက သာမန်လူပဲ။ ဘာမှ မထူးခြားဘူး'

ဟုတ်ပါတယ် မောင်ကြီးရယ်။ နှမက သာမန်လူပါ မောင်ကြီးရဲ့ နှမငယ်ပါပဲ။

'မင်း ... စကားပြောတတ်ရဲ့လား။ မင်းအဝတ်အစားက ခပ်ဆန်းဆန်းပဲ။ နောက်ဆုံးပေါ်ထင်တယ်။ ခုခေတ် မိန်းကလေးတွေက စတန့်သမားတွေလေ ရှင်းစမ်းပါဦး။ လူထုကို မင်း ဘယ်လို မျက်လှည့်ပြလိုက်သလဲဆိုတာ'

သူမ ရင်ထဲ နာကျင်သွားသည်။ မောင်ကြီးကိုသာ မျက်ရည်များကြားမှ စိုက်ကြည့်နေဖြစ်၏။ တစ်လောကလုံးတွင် သူမ သိသည်မှာ မောင်ကြီး တစ်ယောက်သာရှိသည်။ မောင်ကြီးက ဘာကြောင့် သူမကို မသိတာလဲ။ သူမ အရောက်နောက်ကျလို့ မောင်ကြီးက စိတ်ဆိုးပြီး မသိချင်ယောင်ဆောင်နေတာများလား။

'ဒိုတော့ မငိုလိုက်ပါနဲ့။ ငါ မင်းကို ဘာမှမလုပ်ဘူးနော်။ လူတွေက မင်းကို အမဲဖျက်ကြတော့မှာစိုးလို့ ဝင်ကယ်လာရုံပဲ။ ဒါပေမဲ့ မင်းက သတိမေ့သွားတော့ ငါ ဘယ်လိုမှ မတတ်နိုင်တော့လို့ ပွေ့ချီလာရတယ်။ ဒါပေမဲ့ ငါ စိတ်နဲ့တောင် မပြစ်မှားဘူးနော် တကယ်'

ပန်းသီးတစ်လုံးကိုသာ အစိပ်စိပ်အမြွာမြွာ ကိုက်ခွဲရင်း ဆိုနေသည်။

သူမ ရင်ထဲ ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ မောင်ကြီး၏ စိမ်းကားမှုကို နှလုံးသားက နာကျင်ရသော်လည်း ယခု မောင်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



အရင်ကထက် ပိုကြည့်ကောင်းနေသည်ဟု ထင်သည်။ ကလေးတစ်ယောက်လို စားသောက်နေသော မောင်ကြီးကို ကြည့်ရင်း ပီတိဖြစ်ရသည်။ လက်တွေ့မှတွေ့နိုင်ပါ့မလားဟု ယုံကြည်ချက်မဲ့နေရာမှ ယခုလို အလွယ်တကူပင် မောင်ကြီးကို အရှင်လတ်လတ် တွေ့ရသည့်အတွက် ဝမ်းသာသည်။

အရင်တုန်းက မောင်ကြီးသည် သူမကို ရဲရဲမကြည့်ချေ။ စကားဆိုလျှင်လည်း ထိန်းထိန်းသိမ်းသိမ်း ဆို၏။ အစားအသောက်ကိုလည်း ချင့်ချိန်စားသောက်၏။ သူမကိုလည်း အရိပ်တကြည့်ကြည့် စောင့်ကြည့်နေတတ်သည်။ မောင်ကြီးအနားတွင် လုံခြုံစွာနေခဲ့ရသော်လည်း လွတ်လပ်ခြင်းမရှိချေ။ သို့သော် ယခု မောင်ကြီးသည် ရဲတင်းသည်။ ပွင့်လင်းရိုးရှင်းသည်။ သူမ အသက်ရှူဝသည်။ မောင်ကြီးကို ကြည့်ရင်း လွတ်လပ်လာသလို ခံစားရ၏။ ပျော်သည်။ မောင်ကြီးသာ သူမကို မှတ်မိနေပါက သည့်ထက် ပျော်ရမည်ထင်သည်။

'မင်းက လှတော့ တော်တော်လှတာပဲ။ ဗမာလူမျိုးလား။ ငါတော့ မထင်ဘူး။ ဒီလောက် အသားဖြူနေတာ တိုင်းရင်းသားပဲ ဖြစ်ရမယ်။ ပြီးတော့ မျက်နှာပေါက်က ဗမာမဆန်ဘူး။ ဒီဝတ်စုံက ဘာဝတ်စုံလဲ။ ငါသိတဲ့ တိုင်းရင်းသားဝတ်စုံမှာတော့ ဒါမျိုး မမြင်ဖူးဘူး'

မောင်ကြီးသည် ပန်းသီးတစ်လုံးကုန်အောင် ကိုက်ပြီး အူတိုင်ကို အဝေးသို့ လွှင့်ပစ်လိုက်သည်။ မပြောင်းလဲပါ။ မောင်ကြီးသည် မည်သည့်အသီးမဆို ဘေးသားကုန်အောင် စားတတ်သည်။ ကြွက်ကိုက်ရာလေးများလို အူတိုင်ကို ကိုက်စားတတ်သည်။



'ဟော့ ... တစ်ခုခုပြောလေ။ ငါ တစ်ယောက်တည်း ပြောနေရတာ အရူးကြီးလိုပဲ'

'နှမက ... ဘာပြောရမှာလဲ'

'နှမ ... ဟုတ်လား ... မင်း နာမည်လား'

'မောင်ကြီး ... တကယ်ပဲ နှမကို မမှတ်မိဘူးလား'

'ဗုဒ္ဓေါ ... မောင်ကြီး ... ဟုတ်လား .. .ငါ့ကို'

ကိုယ့်ကိုယ်ကိုယ် လက်ညှိုးကြီးထိုးကာ တအံ့တဩ ပြောနေသော မောင်ကြီးကို သူမ မျက်နှာငယ်လေးနှင့် ငေးကြည့်နေဖြစ်သည်။ မောင်ကြီးက ဘာလို့ အဲဒီလောက်တောင်ကြီး ပြောင်းလဲသွားရတာလဲ။ ရှည်သော မောင်ကြီးရဲ့ ဆံပင်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ပြောင်ရှင်းတဲ့ မောင်ကြီးရဲ့ မေးရိုးပေါ် ဘာကြောင့် အမွေးအမှင်တွေ ထူပြောနေရတာလဲ။

'မင်း ... ရူးနေသလား ... ဟမ်'

'နှမ ... သူရူးမဟုတ်ပါဘူး မောင်ကြီး ... မောင်ကြီးက မြားမှန်ပြီး နှမကို မေ့သွားတာပါ။ မောင်ကြီးကို ပစ်တဲ့မြားက အဆိပ်လူးထားလို့ ဖြစ်မယ်'

'ဘုရား ... ဘုရား ... ငါ ... ရူးသွားပြီလား'

'အဲဒီတုန်းက မောင်ကြီးက နှမလက်ကို ဆွဲပြီး ပြေးခဲ့တာပါ။ မောင်ကြီး ပြန်စဉ်းစားပါ။ မှတ်မိလာမှာပါ။ မောင်ကြီး နားရွက်က အထိရာက သက်သေပါ'

မောင်ကြီးသည် သူ့နားရွက်သူ စမ်းပြန်သည်။

www.burmeseclassic.com



'မြားတစ်စင်းက မောင်ကြီးရဲ့ နားရွက်များကို ရှပ်မှန်ပြီး သစ်ပင်ကို စိုက်သွားတယ်လေ'

'ဒုက္ခပဲ ... ဒါ မြားမှန်ထားတာ မဟုတ်ဘူး၊ ဓားထိထားတာ၊ ငါ သက်နီးစည်းတုန်းက သင်တုန်းဓား တုံးနေလို့ ထိခိုက်မိထားတာ၊ ဖြစ်ထားတာ သိပ်မကြာသေးလို့ အသားမပြည့်သေးတာပဲ ရှိတယ်'

'သိပ်မကြာသေးဘူး ဟုတ်လား ... မောင်ကြီး'

'အင်း ... ဟုတ်တယ်၊ နှစ်နှစ်ပဲ ရှိသေးတယ်'

'ဩော် ... နှစ်နှစ်တောင် ကြာသွားပြီကိုး၊ ဒါပေမဲ့ မယုံနိုင်လောက်အောင်ပါပဲ မောင်ကြီးရယ်၊ ဒီနှစ်နှစ်အတွင်း အဲဒီလောက် များပြားတဲ့လူတွေက ဘယ်က ဘယ်လိုပေါ်လာရတာလဲ၊ ဖျက်စလေဆိုတဲ့မြို့ရော ဘာဖြစ်သွားပြီလဲ'

သူမ စကားကြောင့် မောင်ကြီးသည် ခေါင်းကိုတွင်တွင်ခါရမ်းသည်။

မောင်ကြီး စိတ်ရှုပ်သွားပြီ ထင်ပါရဲ့၊ နေမကောင်းပျောက်ကာစမို့ မောင်ကြီးရဲ့ စိတ်ကို အနားယူစေချင်သည်။

'ကဲ ... အမိ ... မင်းနာမည် ဘယ်လိုခေါ်သလဲ ပြော'

'မေ့တတ်ရန်ကော မောင်ကြီးရယ် ... နှမ နာမည်ကို မေ့သွားပြီလား၊ နှမ ရုစာရီရေ ... မြစ်ဖြူကြီးကို မေ့ရင်တောင် ဒီနာမည်ကိုတော့ မေ့မပစ်သင့်ပါဘူး ... မောင်ကြီးရယ်၊ နှမက မောင်ကြီးကို တွေ့ချင်လွန်းလို့ အသက်စွန့်ခဲ့ရသူပါ'

'ကျွတ် ... ခက်ပြီ ... အေးကွာ ... မင်းပြောတဲ့အတိုင်း



ပဲထားပါတော့၊ မင်း နာမည် ရုစာရီနော်၊ ငါကို ကြားရလောက်အောင် မောင်ကြီးလို့ မခေါ်ပါနဲ့၊ ငါ နားထဲ သိပ်အဆင်မပြေဘူး၊ ငါ့နာမည် အဂ္ဂါ ... အဂ္ဂါလို့ပဲခေါ် ဟုတ်လား၊ ငါက မင်းထက် နည်းနည်းကြီးပုံရတယ်၊ ကိုအဂ္ဂါလို့ခေါ်ချင်ရင်ခေါ်ကွာ၊ မခေါ်လည်း သိပ်တော့ ကိစ္စမရှိပါဘူး၊

သူမ မျက်လုံးထဲမှ မျက်ရည်များ စီးကျလာသည်။

ထိုမျက်ရည်သည် ဝမ်းသာခြင်းကို ဆောင်၏။

'မင်း ... ဘယ်က လာသလဲဆိုတာတော့ ငါ မေးမနေတော့ပါဘူးကွာ၊ မေးလည်း ထူးမှာမှ မဟုတ်တာ၊ ဒါပေမဲ့ စိတ်မပူနဲ့ ကြော်ငြာထည့်ပေးမယ်၊ မင်းလိုရုပ်ရည်က လမ်းဘေးကတော့ မဖြစ်နိုင်ဘူး၊ ငါ့ဒုက္ခ ငါရှာတာပဲ၊ ဒုက္ခတော့ ခံရမှာပေါ့၊ ဒါကြောင့် ခြေနှစ်ချောင်း မကယ်ကောင်းဘူးလို့ ပြောတာပဲ၊ ဒါကို ငါက မယုံဘူး'

'နှမတို့က ကမ္ဘောဇတိုင်းက လာပြီး စိနရဋ္ဌကို ဦးတည်နေတာပါ မောင်ကြီး ... အဲ ... ကိုအဂ္ဂါ'

'ဘယ်လို ... ဘယ်လို'

'ယခု ရောက်နေတာက ရဝေမြိုင်ချောင်ပါ၊ သုနန္ဒယဘုရင်ကြောင့် မာလုဂါတို့ကို ရှာမှုထားခဲ့ပြီး မောင်ကြီး ... အဲ့ ... ကိုအဂ္ဂါနဲ့ နှမကပဲ ဖောင်ပေါ်ပါသွားကြတာပါ'

'ပြောရင်း ... ပြောရင်း အဖျားကရှူးသွားပြန်ပြီ၊ မင်း ပြောနေတဲ့ ရဋ္ဌတွေ ဘောဇတွေကို ငါ မသိဘူး၊ ရဝေမြိုင်ချောင်ဆိုတာ ရှိနေတယ် ဒါပေမဲ့ ချောင်မဟုတ်တော့ဘူး မြို့၊ သုနန္ဒယဘုရင်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုတာလည်း မှန်တယ်။ ဒါပေမဲ့ အဲဒါက အခုမဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်လောက်က ဒါလည်း ခန့်မှန်းပဲ။ တကယ်ရှိမရှိ မသိဘူး။ ဒါပေမဲ့ ဟိုဘုရားကိုတော့ သုနန္ဒယ ဘုရားလို့ ခေါ်နေကြတာပဲ'

သူမ ခေါင်းတွေ ချာချာလည်ချင်လာသည်။ မောင်ကြီး နှုတ်မှ ပြောနေသော်လည်း ယုံရခက်ပါသည်။

သူမ ဂူထဲရောက်သွားခဲ့သည်မှာ ဘယ်လောက်မှ မကြာလိုက်ပါ။ သို့သော် ပြန်ထွက်လာသောအခါ နားမလည်နိုင်စရာ ဖြစ်ရပ်နှင့်ကြုံသည်။ အပစ်အခတ်တွေကို ရှောင်ရှားဖို့ ဝင်သွားပြီး ပြန်ထွက်လာသောအခါ ယခုလို ပြောင်းလဲမှုနှင့် ကြုံရပြန်သည်။

ထူးဆန်းနေသည်မှာ အမှန်ဖြစ်သည်။ သို့သော် အဖြေကိုရှာမရ။ နှစ်ပေါင်းထောင်ချီပြီး ကြာခဲ့တာလား။ ဒါဆို ဘာကြောင့် မောင်ကြီးက ရဝေမြို့ချောင်တွင် ခုချိန်ထိ ရှိနေရတာလဲ။

'ကဲ ... မင်းလည်း ပင်ပန်းလောက်ပြီ နားလိုက်ဦး။ မိန်းကလေးအဖော်တော့ မရှိဘူး။ ငါတို့က ဒီမှာ နှစ်ယောက်တည်းနေတာ။ မကြာခင် ငါ့ဘကြီး ပြန်ရောက်လာလိမ့်မယ်။ အမှန်က ငါ မင်းကို သနားလို့ ဆွဲခေါ်လာရုံလေးပဲ။ မင်းသာ သတိမေ့မနေဘူးဆို ဒီနေရာထိ ရောက်ခဲ့မှာ မဟုတ်ဘူး။ ခုဆို ရွာထဲမှာ သတင်းတွေပြန့်နေလောက်ပြီ။ မင်းကို ပိုက်စိပ်တိုက်ပြီး ရှာနေတော့မှာ။ မင်းကလည်း စတန့်ထွင်တာကိုး ... ဟူး ... မလွယ်ဘူးပဲ'

မောင်ကြီးသည် ပွစိပွစိ ပြောနေသည်။ သို့သော် သူမ





နားထဲတွင် မောင်ကြီး၏အသံကို မကြားပေ။ ကျောက်တုံးပေါ် တက်ကြည့်စဉ်က မြင်ခဲ့သော မြင်ကွင်းကိုသာ အထပ်ထပ်ချင့်ချိန်နေမိသည်။

သုနန္ဒယ ဘုရင်သည် ကုန်းထိပ်တွင် ဘုရားတစ်ဆူတည်နေသည်ကို သူမ မျက်မြင်ဖြစ်သည်။ သို့သော် ထိုဘုရားသည် သစ်ပင်များနှင့် အုံ့ဆိုင်းကာ ညှိုတက်နေသည်ကိုလည်း သူမ မြင်ခဲ့သည်။ သို့သော် ယခုမူကား ထိုကုန်းထက်တွင် ရွှေရောင်တောက်နေသော စေတီတစ်ဆူက တင့်တယ်စွာရှိနေပြန်သည်။ ကြီးမားသော သစ်ပင်ဟူ၍ မရှိတော့ချေ။ ပြောင်လက်သော အမိုးအကာများနှင့် စေတီကို ဝန်းရံထားသည်။ ဘာတွေ ဖြစ်ကုန်တာလဲ။ လောကတွင် သူမ မသိလိုက်သော ပြောင်းလဲမှုကြီး ဖြစ်သွားခဲ့သည်။ ထိုပြောင်းလဲမှုကြီး ဘယ်လောက်တောင် ကြီးသလဲဆိုတာ သူမ စိတ်နှင့် မှန်းဆကြည့်၍ပင် မရပါ။

မောင်ကြီး ယခု ပြောနေသော စကားလုံးတွေကို နားလည်၍ မရပါ။ သို့သော် ချင့်ချိန်ကြည့်သောအခါ မယုံ၍လည်း မရ။ ယုံကြည်ဖို့လည်း ခက်ပြန်သည်။

မြေအနေအထားနှင့် သဘာဝပေါက်ပင် ကွဲပြားနေသည်ကို သတိပြုမိသည်။

'နှမကို မြစ်ဖျားကြီးဆီ ခေါ်သွားနိုင်မလား ... မောင် ... အဲကိုအဂ္ဂါ'

'မြစ်ဖျားကြီး ဟုတ်လား ... အဲဒါ ဘာလဲ'

'ရဝေချောင်ကုန်းဆင်းအောက်မှာ စီးနေတဲ့မြစ်ပေါ့'

'ဩော် ... ဧရာဝတီမြစ်နဲ့ တော်တော်လှမ်းတယ် ရဝေချောင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဆင်းမှာ ယာခင်းတွေပဲရှိတယ်၊ မြေရှေးက ကြီးတယ်နော်၊ သူဌေး မင်းသုတေရဲ့ ပိုင်နက်တွေ'။

'ဘယ်လို မောင်ကြီး ... မြစ်ဖျားကြီးက မြို့နဲ့ဝေးတယ် ဟုတ်လား'

'ဦးသု ... အဲ ... မင်းသုတေရဲ့ ပိုင်နက်နဲ့တော့ သိပ်မဝေးပါဘူး၊ မင်း သွားချင်ရင်တော့ လိုက်ပို့နိုင်ပါတယ်၊ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူးနော်၊ ငါ မအားသေးဘူး'

'ရဝေချောင်ကုန်းဆင်းနဲ့ မြစ်ဖျား သိပ်ဝေးသွားပြီလား'

'လေးဖာလုံလောက်ပေါ့။ မင်းဟာ တော်တော်ထူးဆန်းတာပဲ'

'လူလေး ... ဘယ်သူနဲ့ ပြောနေတာလဲကွ ... အဘ ခိုင်းထားတဲ့ အလုပ်တွေပြီးပြီလား'

အသံနှင့်အတူ အသက်ကြီးသူ တစ်ယောက်ရောက်လာသည်။

ထိုလူသည် သူမအား ပြူးပြဲကြည့်သည်။ အံ့အားသင့်နေသည်။ ပြီးနောက် နံရံတွင် ထိုးထားသော ကြိမ်လုံကို လှစ်ခနဲ ဆွဲယူသည်။

'လူလုပ်မယ် မကြံရသေးဘူး ... မိန်းမက ခိုးချင်ပြီ ... ကဲ ဟာ ခိုးချင်ဦး ... ကဲဟာ'

သူမ ဘာကိုမှ နားမလည်တော့ချေ။ မမေးမမြန်းဘဲ ရိုက်နေသူကိုရော ရှောင်တိမ်းနေသူကိုပါ အံ့အားသင့်စွာ ကြည့်နေမိသည်။ ရင်ထဲမှာတော့ မေးခွန်းများစွာ ...

သူက မောင်ကြီးမှ ဟုတ်ပါလေစ ...

× × ×

ရှုမဝ



'အား ... ကျွတ် ... ကျွတ်'

ကျောမှ ဒဏ်ရာများကို ဆေးလူးနေခိုက်တွင် သူ့အနီးသို့ ရစာရီ ရောက်လာပြန်သည်။

သူ ... ရစာရီကို လှည့်မကြည့်ချင်ပေ။ ရစာရီသည် သူ့ [illegible]တွက် ကြိုဟ်ဆိုးလေးဖြစ်၏။ ရုပ်ရည်လေးစက်စက်ယိုအောင် လှပါလျက် [illegible]ပြဿနာ အရှာတော်သည်။ အကျီကောင်းကောင်းနှင့် ဈေးကြီးမည့် [illegible]ည်ဆွဲကို ဆွဲထားပါလျက်နှင့် ရှုးနေပေသည်။ ရစာရီ ရှုးတာက [illegible]သနာ မဟုတ်သော်လည်း သူ့ကျောမှ ဒဏ်ရာသည် ပြဿနာဖြစ် [illegible]ည်။

အဘသည် လက်သန်ပြောင်၏။ သူ ဆယ်တန်းကျသော အချိန် [illegible] ကျောကွဲအောင် အရိုက်ခံရဖူးသည်။ ထို့ကြောင့် နောက်တစ်ကြိမ် [illegible]ကိုက်မခံနိုင်တော့၍ သူ ဆယ်တန်းကို လုံးဝမဖြေတော့ဘဲ အဘ [illegible]ပ်ကိုသာ ကူလုပ်ခဲ့သည်။ အဘ ကွယ်ရာတွင် နေချင်သလို နေသော် [illegible] အဘရှေ့ ဖာန်ရှေ့ပြကာ အလုပ်ကြိုးစားရုံဖြင့် အဘနှင့်သူ၏ [illegible]ဆံရေးသည် ပြေလည်နေသည်။ ကြိမ်ဒဏ်နှင့်သူ အမျိုးမတော် [illegible]ဘူးဟု ထင်မှတ်ထားခဲ့သည်။ သို့သော် ရစာရီကြောင့် သူ့ကျော [illegible]ည် အစင်းရာ ထင်ခဲ့ပြန်ပါသည်။

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



အသက်နှစ်ဆယ်အရွယ် ရှိနေပြီ အရိုက်ခံရတုန်းဟု ပြောလျှ
ယုံနိုင်ဖွယ်မရှိချေ။ သူငယ်ချင်းများ ကြားလျှင် အဟားခံရနိုင်ဖွယ်ရှိသည်

'နုမ ... လူးပေးမယ်လေ'

'ရတယ် ... မလာပါနဲ့ ... ငါနဲ့ ခပ်ဝေးဝေးနေပါ'

အခြောက်တိုက် အရိုက်ခံရသောကြောင့် ရစာရီအပေါ် ချ
အမြင်မကြည်ချင်ပါ။ ထို့ကြောင့် ရစာရီကို ကျောပေးထားသည်။

'ငါကိုမှ ရှည်တာပါ။ အဘ စကားနားမထောင်ခဲ့တဲ့ အပြ
ခံစမ်း ... သွားချင်တာကိုး ... ဘုရားပွဲ။ ဘာမြို့သူကိုမှ မတွေ့ခဲ့
ဘူး။ အရှုံးမကိုပဲ သယ်လာခဲ့ရတယ်။ လုပ်ချင်ဦး လူစွမ်းကောင်း အ
တော့ ထင်းမခွဲပြီးသေးတာက တစ်ပြစ်၊ မိန်းမ ခိုးလာတာက တစ်ပြ
ဟီး ... အခြောက်တိုက်နေရင်း ခံလိုက်ရတာ အသည်းနာတယ်'

သူ့ပါးစပ်မှ မခံမရပ်နိုင် ပွစိပွစိပြောသည်။

'မောင် ... အဲ ... ကိုအဂ္ဂါ ဘာတွေ ပြောနေတာလဲ။ န
မကြားဘူး'

'မပြောစမ်းပါနဲ့ ... နုမ ... နုမ ... နားခါးလွန်းလို့
အရေးထဲ ဒီရှေးရှုံးက တစ်မှောင့်။ မင်းနာမည် ရစာရီ မဟုတ်လာ
တောသူတွေကို ငါဖြင့်ငါ၊ မြို့သူတွေကို ရစာရီဖြင့် ရစာရီ လုပ်
ခုတော့ ဘာလဲ ... ဒီနုမ ... ငါတော့ သေချင်တော့တာပဲ'

'သေတော့ မသေပါနဲ့ ကိုအဂ္ဂါရယ်။ ပြောင်းပြီးပြောဆိုလည်
ပြောပါ့မယ်။ ဒါပေမဲ့ ဒီနေရာနဲ့ မယဉ်ပါးသေးတော့ နုမ ... 
ရစာရီကို သင်ပြပေးပါ။ လူ့ဘဝဆိုတာ ရခဲလှပါတယ်။ သေစကား





လွယ်လွယ်မပြောပါနဲ့'

'အရှုံးက တစ်မူးသာဆိုတာ ဒါမျိုးပေါ့'

'မောင်ကြီး ... အဲ ... ကိုအဂ္ဂါ ... ဘာလို့ ခုလိုကြီး ပြောင်းလဲသွားရတာလဲ ဟင်။ မယုံနိုင်အောင်ပဲ'

'မင်း ... ဘာတွေပြောနေတာလဲ ငါတော့ စိတ်ညစ်ပါတယ်'

'ကဲကဲ မိန်းကလေး ... လာဟေ့ ... ထမင်းစားမယ်'

အဘ၏အော်သံသည် နားဝင်ချိုလှသည်။ သူ ဗိုက်ဆာနေပြီ ဖြစ်သည်။ ထို့ကြောင့် သူ ထိုင်ရာမှထသည်။

'ဟေ့ကောင် ... မင်း မပါဘူး'

'ဟာဗျာ ... အဘကလည်း ကျွန်တော်လည်း ဗိုက်နဲ့ပါဗျ။ ဆာတတ်တယ်။ ဒီဗိုက်နားကပ်ပြီး နားထောင်လိုက်ဦး။ တီးဝိုင်းတောင် ထောင်လို့ရနေပြီ'

'ဟေ့ကောင် ... မင်း အပိုတွေမပြောနဲ့။ အဲဒီ ထင်းပုံကြီး ခွဲမပြီးသေးသရွေ့ မင်း ထမင်းမစားရဘူး'

'အဘနော် ... ကျွန်တော်က အဘတူအရင်းကြီး၊ ထမင်း အသက်တစ်ခဏဆိုတာ အလကားမဟုတ်ဘူး။ အားမရှိလို့ ထင်းမခွဲနိုင် ရင် ဘယ်သူ နစ်နာမလဲ ဒီမှာကြည့်ဦး။ အထင်လွှဲပြီးလည်း အရိုက်ခံ ရသေးတယ်။ ဆေးမလိမ်းပေးထဲ့အပြင် ထမင်းလည်းမကျွေးချင်ဘူး။ အဘ လောက် ရက်စက်တဲ့လူ ဒီကမ္ဘာမှာ ရှိဦးမလား'

'ဟုတ်ပါတယ် အဘရယ်၊ ကျွေးလိုက်ပါ။ လူ့အသက်တစ်ချောင်း တယ်ကောင်းပါတယ်။ ကျွန် ... အဲ ... ရစာရီက ဝေစု အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ စားပါ့မယ်။ ကိုအဂ္ဂါကို ခွဲခြမ်းကျွေးလိုက်ပါ။

ရုစာရီသည် ရိုးရှင်းသော စကားကို ဆိုခြင်းဖြစ်သည်။

သို့သော် ဆန်းပြားသော မျက်ဝန်းတွေနှင့် ရုစာရီကို ကြည့်နေကြကုန်သည်။

အဘက ရုစာရီကို ဘာကြောင့် အဲဒီလို ကြောင်အန်းပြီး ကြည့်နေရတာလဲ။

'အေး ... အေး ... အေးကွယ်'

အဘ၏ အထစ်ထစ်စကားကို သူ ကြိုက်သွားသည်။ ဤတင် ကြိမ်မှာတော့ အရွှေမလေးကို သူ သဘောကျသွားသည်။

'ဟီး ... ဟီး ... မင်းက အရွှေမလေးပဲ'

သို့နှင့်ပင် အသင့်ပြင်ထားသော ထမင်းဝိုင်းတွင် သူက မိန့်မိန့်ကြီး ထိုင်လိုက်ရသည်။

ဟင်းသည် ကောင်းသည်။ ရေချိုငါးကြော်နှင့် ချဉ်ပေါင်သီး ဟင်းရည်။ ပန်းဥ ငရုပ်သီးထောင်း။ တောလက်ဖက်ညွန့်သုပ်ဖြစ်သည်။

ဤမျှ ပွယ်ရာသော ဟင်းကို သူ မစားဖူးတာ ကြာပါပြီ။ ယခုတော့ ဟင်းပွဲသည် ချို၊ ချဉ်၊ ဖန်၊ စပ် စုံလင်လှ၏။ ထမင်းပွဲအင်္ဂါရပ်နှင့် ညီညွတ်လှသည်။

'မိန်းကလေး ... မင်း ဘယ်ကလာတာလဲ'

ထူးဆန်းစွာပင် တိတ်ဆိတ်နေရာမှ အဘက ဆိုသည်။

'မင်းရဲ့ကြံ့အင်လက္ခဏာကို ကြည့်ရတာ နိမ့်ကျတဲ့အထဲက မဟုတ်ဘူး။ ပြီးတော့ မင်းရဲ့ဝတ်စားပုံက သာမန် မဟုတ်ဘူး။ ပြီး





တော့ ဆွဲကြိုးက ကောင်းတဲ့ရတနာပဲ။ မင်း ... ဘယ်မိသားစုကလဲ'

'မှန်ပါတယ် ... အဘ။ ဒီဆွဲကြိုးက ကောင်းတဲ့ရတနာပါ။ ရုစာရီမှာ မိသားစု မရှိပါဘူး။ ခင်တွယ်စရာဆိုလို ကိုအဂ္ဂါပဲ ရှိတာပါ'

ထမင်းကို မဆုံ့မပြဲ သွပ်နေသော သူသည် ရုစာရီ စကားကြောင့် ဆို့နင်သွားသည်။ ပလုတ်ပလောင်းပင် ရုစာရီကို ပြူးတူးပြဲတဲ ကြည့်သည်။

'မဟုတ်ဘူး ... အဘ ... မဟုတ်ဘူး ... ကျွန်တော် သူ့ကို အခုမှ မြင်ဖူးတာ'

'တည်ငြိမ်တဲ့ မိန်းကလေးရဲ့ အကြည့်ထဲမှာ အရူးတစ်ယောက်ရဲ့ အပြုအမူမျိုး မရှိဘူး။ မိန်းကလေးမှာ ဘာအခက်အခဲရှိသလဲ။ အဘကို ပြောပါ။ အဘ တတ်နိုင်သလောက် ကူညီပါ့မယ်။ မိန်းကလေး တစ်ယောက်တည်း ခုလို လျှောက်သွားနေရင် အန္တရာယ်များတယ်။ ဒီခေတ်က လူကောင်းရှားတယ်။ ပြောပါ မိန်းကလေး ... ဘာများ အခက်အခဲရှိသလဲ'

'ရုစာရီသည် အသက်ကြီးသော အဘကို မလိမ်ဝံ့ပါ။ ရုစာရီသည် မှန်ရာကို ပြောခြင်းသာဖြစ်သည်။ ရုစာရီထံတွင် မိသားစုမရှိပါ။ ကိုအဂ္ဂါသာ ရှိသည်'

'ဒါဆို ဒီဆွဲကြိုးကြီးကရော ... ဒါက တန်ဖိုးကြီးတယ်။ မိသားစုက ဆင်ပေးတာ မဟုတ်ဘူးလား'

'ဒါ ... ကိုအဂ္ဂါ ကိုယ်တိုင် ရုစာရီရဲ့ လည်ပင်းမှာ ဆွဲပေးတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ရုစာရီ၏အဖြေသည် သူ့ဗိုက်ကို ပြည့်သွားစေသည်။ သိပ်အရသာကောင်းသော ငါးကြော်ပင် အစိမ်းလိုက် မျိုရသလို တစ်ဆို့သွားသည်။

'မဟုတ်ဘူး ... ကျွန်တော် ... မဟုတ်ဘူးနော် ... ဟော့ဘာတွေ ပြောနေတာလဲ၊ အမှန်အတိုင်းပြောလေ၊ လူကြီးကို မညာရဘူး။ ငရဲကြီးမယ်'

သူက ကြောက်လန့်တကြားပင် မဟုတ်ကြောင်း ဟန်ရေးပြပြောသည်၊ အဘ၏ လက်သည် လျှင်မြန်လှသည်၊ ဟင်းရည်ခွက်ထဲမှ ဇွန်းကို ဆက်ခနဲ ဆွဲယူပြီး သူ့ခေါင်းကို ခွပ်ခနဲ ခေါက်ပစ်သည်၊

'အား'

'မင်းအပေါက် ပိတ်ထား။ ကဲ ... မိန်းကလေး ဆက်ပြောပါဦး'

'ရုစာရီ မညာပါဘူး အဘ။ မှန်ရာကို ပြောနေတာပါ။ ရုစာရီနဲ့ မောင်ကြီး အဂ္ဂါတို့က ကမ္ဘောဇတိုင်းကနေ လာကြတာပါ။ ခရီးကကြမ်းပါတယ်။ သို့သော် စိန္ဓုရဋ္ဌတိုင်းသည် ငြိမ်းချမ်းသာယာသည်ဟု သတင်းသဆောင်ပါတယ်။ ဒါကြောင့် မာလုဂါနဲ့အတူ ဝံအထမ်းနှစ်ဦးပေါင်း ငါးဦးတို့ တောခရီးကို နှင်းခဲ့ကြခြင်းပါ၊ လှိုမြောင်နဲ့ ချောက်ကမ်းပါးတွေကို ဖြတ်ခဲ့ကြတယ်။ ရွာငယ်တွေမှာ နားခိုခဲ့ကြတဲ့ သစ်သီးဝလံပေါသောကြောင့် ရိက္ခာအတွက် မပူခဲ့ရပါဘူး။ သို့သော် ဤရဝေချောင်သို့အရောက်မှာ မထင်မှတ်တဲ့ အရေးနဲ့ကြုံပြီး မောင်ကြီး အဂ္ဂါနဲ့ ကွဲခဲ့ရပါတယ်'

---



'ဆက်ပြောပါ မိန်းကလေး'

'အဘတို့ ရုစာရီရဲ့ စကားကို မယုံနိုင်မှန်း အကဲခတ်မိပါတယ်။ ဒီအတူပဲ ရုစာရီလည်း ဖြစ်ရပ်ကို ယုံကြည်ရန် ခက်ခဲနေပါတယ်။ သို့သော် ရုစာရီသည် မမှန်သော စကားကိုမဆိုပါ'

'ရှည်တာကွာ ... လူကြီးက ပြောဆို ပြောလိုက်ပေါ့'

သူက ကြားထဲမှနေ၍ စိတ်မရှည်နိုင်တော့စွာ ရေရွတ်သည်။ သို့သော် အားပြင်းသော မျက်စောင်းစာကို စားလိုက်ရ၍ ငါးကြော်ကို ... ပါးစပ်ထဲ သွပ်သွင်းမိပြန်သည်။

'မြစ်ဖြူကြီးမှရေသည် ရဝေမြိုင်ကုန်းဆင်းအောက်ခြေမှာ စီးဆင်းနေတယ်။ သုနန္ဒိယ ဘုရင် ဦးဆောင်တဲ့ဖောင်ကြီးတွေက မြစ်ကြောင်းအတိုင်း ဆန်တက်လာတယ်။ သူတို့တွေက စိန္ဓုရဋ္ဌတိုင်းကို သိမ်းပိုက်ကြမှာဖြစ်တယ်။ ဘုရင် သုနန္ဒိယရဲ့ဖောင်က ကြီးပြီးကျယ်ပြန့်ခမ်းနားတယ်၊ ဘုရင့်ဖောင်ဆိုတော့ အခြားဖောင်အစင်းသုံးဆယ်ခန့်က ဝိုင်းရံနေတယ်။ အစောင့်စစ်သည်တွေလည်း များတယ်'

တနင့်တပိုးစားနေသော သူပင်လျှင် ရုစာရီ၏ စကားလုံးအောက်မှာ စီးမျောသွားသည်။ ရုစာရီသည် အဝေးသို့ ငေးမောနေသည်။ အဘသည်လည်း ရုစာရီကို စူးရှစွာ အကဲခတ်နေသည်။ သူတို့၏ ဝိုင်းဝိုင်းခြောက်သွေ့သွားသည်။

'မောင်ကြီး အဂ္ဂါက ရုစာရီကို သုနန္ဒိယဘုရင် လက်ထဲမှ ... ကယ်တင်ဖို့ ကြိုးစားခဲ့တယ်။ သမုဒ္ဒဇာဘွဲ့ အမည်နဲ့ မြောက်နန်းစံ ... ရှားတင်မြှောက်တဲ့ ပွဲမှာ မောင်ကြီးက ဘုရင် သုနန္ဒိယကို ရုစာရီ

www.burmeseclassic.com



အတွက် ရဲဝံ့စွာလျှောက်တင်ခဲ့တယ်။ မောင်ကြီးဟာ သတ္တိကောင်းသော ယောကျ်ားမြတ်ဖြစ်တယ်။ မောင်ကြီး၏ လျှောက်တင်မှုကြောင့် သုနန္ဒယ ဘုရင် မှင်တက်နေချိန်မှာ မောင်ကြီးနဲ့အတူ တောင်ပေါ်မှ ထွက်ပြေးခဲ့ တယ်။ တောင်ကုန်းအောက် လိမ့်ကျသွားတယ်။ သို့သော် သတိပြန် လည်လာချိန်မှာ ဤလည်ဆွဲကို မောင်ကြီးက ရုစာရီ လည်ပင်း ဆင်မြန်း ပေးခဲ့တယ်။ နောက် ... မောင်ကြီး မြားမှန်သွားတယ်။ ရုစာရီ ကျောက် နံရံကြားရောက်သွားတယ်။ အထဲမှာ သရိရ ရသေ့နဲ့ တွေ့ပြီး သရိရ ရသေ့ အကူအညီနဲ့ ပြန်ထွက်လာချိန်မှာ အရာအားလုံး ပြောင်းလဲနေ ပြီ'

'နားထောင်လို့တော့ ကောင်းသားပဲ။ မပြောနဲ့တော့။ မင်းရဲ့ ဇာတ်လမ်းကို ငါပဲ ပြောတော့မယ်။ အဲဒီအချိန်မှာ ဇာတ်လိုက်ဖြစ်တဲ့ ငါနဲ့တွေ့ ... မင်းကြောင့် ငါက ကြိမ်ဒဏ်ခံရ၊ ဒါပဲ မဟုတ်လား'

'ဟင့်အင်း ... ရုစာရီ ပြန်ထွက်လာတဲ့အခါ ကခုန်နေတဲ့ မိန်းမအချို့ကို တွေ့တယ်'

'ဘယ်လို ... ဘယ်လို ... ရွှီးပြီး အာပလာတွေ ယုတ္တိလွန် နေပြီ ကြည့်ရွှီးနော်'

'ဟေ့ကောင် ... မင်း သွားရင်သွားတော့၊ သွားမှာလား အပေါက်ပိတ်ထားမှာလား'

အဘကိုတော့ ကြောက်ရသည်။ အဘကို မဟုတ်၊ ကြိမ်လုံး ကို ဖြစ်သည်။ မကျေနပ်သော်လည်း ခေါင်းငုံ့နေရပြန်သည်။

'သူက ဂျက်စလေလို့ ခေါ်တယ်'



'ဘယ်လို ... ဂျက်စလေ ... ဟုတ်လား'

'သူ့စကားကို ရုစာရီ နားမလည်ပါဘူး။ သူတို့က ရိုင်းပျသူ တွေဖြစ်တယ်။ မျက်နှာရှည်ပြီး အသားနီမြန်းတယ်။ အပြာရောင် မျက်လုံး တွေ ပိုင်ဆိုင်တယ်။ ရိုင်းစိုင်းစွာကြည့်တတ်သူတွေ ဖြစ်တယ်။ သူတို့ ရုစာရီကို ဖမ်းချုပ်ကြတယ်။ ရုန်းကန်ပြီး ထွက်ပြေးတယ်။ ဆူညံစွာ ပစ်ခတ်ကြတယ်။ ကောင်းကင်ယံမှာ ငှက်ကြီးတွေ ပျံသန်းနေတယ်။ အဲဒီငှက်က မစင်စွန့်လိုက်တိုင်းမှာ ပေါက်ကွဲသံထွက်ပေါ်ပြီး မီးလောင် သွားတယ်။ ရန်တွေကို ရှောင်ရှားဖို့အတွက် ကျောက်ဂူထဲ အန္တရာယ်ကို ရှောင်ရုံအပြင် အခြားမတတ်နိုင်ခဲ့ဘူး'

'နောက်တော့ရော ...'

'ခဏလေးဝင်ပြီး ဘရသေ့နဲ့ မြှောဆိုပြီး ပြန်ထွက်လာတဲ့အခါ ခုလို ကိုအင်္ဂါနဲ့ ဆုံရတာပါပဲ'

'ကဲ ... ကျွန်တော် မပြောဘူးလား။ သူနဲ့ ကျွန်တော်က မသိပါဘူး။ ပွဲခင်းမှာ ပထမဆုံး ဆုံဖူးတာပါလို့၊ အဘက ကျွန်တော့် စကားကိုဆို မယုံဘူး။ အခုတော့ အဖြေက ရှင်းသွားပြီ မဟုတ်လား'

'မိန်းကလေးရဲ့လက် အဘကို ခဏပြပါလား'

အဘ မောင်ဟင့်က ဆိုသောအခါ ရုစာရီသည် လက်ဖဝါးနှစ် ဖက်ကို ဖြန့်ပြသည်။

အဘ မောင်တင့် မျက်လုံးများ ကြောင်စီစီဖြစ်သွားသည်။ ပြီးနောက် စူးစမ်းသလို ရုစာရီကို စိုက်ကြည့်သည်။

'အဘ ယုံနိုင်မှာ မဟုတ်မှန်း ရုစာရီ သိပါတယ်။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



ရှစာရီကိုယ်၌က ယုံဖို့ ကြိုးစားနေရပါတယ်'

'အဘ ... ယုံပါတယ် မိန်းကလေး'

အဘ၏အသံသည် တည်ကြည်လွန်းသည်။

ရှစာရီ မျက်ဝန်းတွေထဲတွင် မျှော်လင့်ချက်ကို တွေ့နေရသည်။ သို့သော် အင်္ဂါကတော့ အဘကို မယုံနိုင်စွာ ကြည့်ပြီး ခေါင်းရမ်းနေ့သည်။

'မိန်းကလေး ... အဲဒီ နေရာဟောင်းကို ရောက်ခဲ့ရင် မျက်စိထဲ ပုံဖော်နိုင်ပါ့မလား'

'ဘာဖြစ်လို့လဲ အဘ'

'အပြင်ထွက်လာပါ မိန်းကလေး'

အဘ မောင်တင့်သည် လက်ကို ဖလုံထဲ နှိုက်ဆေးပြီး ခါးဝတ်ပုဆိုးနှင့်သုတ်ပြီး အိမ်ထဲမှ ထွက်သွားသည်။

ရှစာရီပါ အဘ နောက်ထလိုက်သွားသောကြောင့် သူက မနေနိုင် မထိုင်နိုင်ပင် မကောင်းတတ်၍ လိုက်လာရပြန်သည်။ အဘကို အံ့ဩမိ၏။ အဘလို ခံ့ညားသူက ရှစာရီ၏ စကားကို ယုံကြည်နေသည်။ အဘလည်း ရှေးရှူးဟု ထင်မိသည်။

'မိန်းကလေး ဒီနေရာကို သေချာချာကြည့်ပါ'

ရာဘာပင်တန်းများကို ကျော်လွန်ပြီးသောအခါ ဂျပန်ခေတ်လက်ကျန် ကန်ပျက်ကြီးသို့ ရောက်လာသည်။

ကန်သည် ရေထည့်၍လည်း မရချေ။ အဘသည် ထိုကန်ကို ဖြိုလည်း မဖြိုပေ။ အမှိုက်လည်း မသွန်ဘဲ ဒီအတိုင်းထားသည်။ ပြီး



နောက် ဗုံးကျင်းကြီးတစ်ခုဖြစ်သည်။ အရင်ကတော့ ကောင်းသော အကာအကွယ် ဖြစ်ပုံရသော်လည်း ယခု ထိုကျင်းတွင် မြက်ပင်များ စိမ်းစိုနေသည်။ မြွေအောင်းနိုင်သော နေရာဖြစ်၍ မြေဖို့ပစ်ရန် ပြောသော်လည်း အဘသည် ခေါင်းမာလှသည်။

'ဟုတ်တယ် ... အဲဒီကျင်းကြီးပဲ ... အဲဒီအချိန်က မျက်လုံးပြာနဲ့ မိစ္ဆာတွေ ဝင်ပုန်းခဲ့တဲ့ ကျင်း'

သူ အံ့ဩသည်။ အဘကိုလည်းကောင်း၊ ရှစာရီကိုလည်းကောင်း သူ နားမလည်ပေ။ သို့သော် စိတ်ဝင်စားဖို့တော့ ကောင်းနေသဖြင့် လှောင်ပြောင်ရန်အတွက်သော်လည်းကောင်း နားစွင့်နေဖြစ်သည်။

'အဲဒါကို ဗုံးကျင်းလို့ခေါ်တယ် မိန်းကလေး။ မင်း မြင်ခဲ့တာတွေက ငှက်မဟုတ်ဘူး။ ဂျက်လေယာဉ်တွေပဲ။ အဲဒီအချိန်တုန်းက အဘရဲ့ အဖေဟာ ဗိုလ်မှူးဂျက်စလေရဲ့တပ်မှာ စားဖိုမှူးအဖြစ် ရောက်နေခဲ့တယ်။ မိန်းမလှလေးအကြောင်းနဲ့ အစိမ်းရောင်လည်ဆွဲအကြောင်းကို သေသည်အထိ ပြောသွားဆဲပါပဲကွယ်'

ရှစာရီ အံ့ဩသည်။ မယုံနိုင်စွာပင် အဘ မောင်တင့်ကို ကြည့်နေဖြစ်သည်။

'အဲဒီအချိန်တုန်းက အဘရဲ့ အဖေက ဆယ့်ခြောက်နှစ်သားပဲ ရှိသေးတယ်။ နွားနှစ်ကောင် ရွာထဲက ဆွဲလာတော့ အမဲဖျက်ဖို့အတွက် မှဆိုးလိုက်တဲ့ အဘရဲ့ အဖေကိုခေါ်လာခဲ့ကြတယ်။ တပ်စု တပ်ခုလုံး ပျော်ပွဲစားနေချိန်မှာ တောင်ကြားက မိန်းကလေးထွက်ပေါ်လာတယ်။ သူက အဖြူရောင်ဝတ်စုံနဲ့ အစိမ်းရောင်လည်ဆွဲပိုင်ရှင် စစ်ပြီးတော့

www.burmeseclassic.com



ပြန်ရှာတာ မတွေ့တော့ဘူး။ သေဆုံးသွားတာလည်း မဟုတ်ဘူး။ အလောင်းကို မတွေ့ခဲ့ရဘူး။ ရုတ်တရက် ပေါ်လာပြီး၊ ရုတ်တရက် ပျောက်သွားခဲ့တာတဲ့။ ဒါကို ဒိမ်ရာဝင်ပုံပြင်အဖြစ် အမြဲနားထောင်ခဲ့ရတယ်'

ရစာရီ ရင်ထဲ ဝမ်းနည်းသွားသည်။ လောကတွင် မိမိကို သိသူရှိနေပါသေးလားဆိုသည့်အသိက အသက်ရှူနှုန်းကို မြန်ဆန်စေသည်။

ရင်ထဲ ထိရှကြေကွဲသည်။ မိမိပင် မသိသေးသော ဘဝအပိုင်းအစကို အခြားသိသူရှိနေသောကြောင့် ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ တကယ်ပဲ နှစ်တွေ ကြာသွားခဲ့ပြီလား။

'အခုတော့ တောင်နံရံနဲ့ ဗိုဟ်ကျောင်းက ဝေးသွားသလိုပါပဲလား။ အိမ်ခြေတွေ စိပ်ကုန်ပြီကိုး။ အရင်ကတော့ အလှမ်းမကွာလှပါဘူး'

'ဗိအပင်တွေက သိပ်ကို ပြောင်းလဲသွားပြီ'

'မယုံနိုင်လောက်အောင်ပါပဲ။ အဘာရဲ့ အဖေသာ ခုချိန်ရှိနေဦးမယ်ဆိုရင် မိန်းကလေးကို မှတ်မိပါလိမ့်မယ်။ မိန်းကလေးက တကယ်ပဲ လည်ဆွဲပိုင်ရှင်ကိုး'

'အဘာ ယုံကြည်ရဲ့လား ဟင်'

'လောကမှာ ဆန်းပြားတာတွေ ရှိတတ်ပါတယ်။ တစ်ခါတစ်ရံ နားမလည်စရာ ဖြစ်ရပ်ဆန်းလည်း ရှိတတ်ပါတယ်။ မိန်းကလေးရဲ့လက္ခဏာကို ကြည့်ရင်းနဲ့ သိရတာက တကယ်ပဲ မိန်းကလေးဟာ အသက်အလွန်ကြီးနေပြီ။ အဘာ မခန့်မှန်းတတ်အောင်ပါပဲ'

ဒီတစ်ခါ အံ့ဩသူမှာ သူ ဖြစ်သွားသည်။

အဘာသည် အရိုက်ကျွမ်းသလို နိမိတ်ဟောလည်း ကျွမ်းကျင်





သူဖြစ်သည်။ သူ့လက္ခဏာကိုကြည့်ပြီး သူ့ကို စာပေ အတင်းတွန်းမတင်ခဲ့ပေ။ ပညာရေးကံမပါဘူးဟု ဆိုသည်။ အဘာက နိမိတ်ဟောချက်တွင် ပါရမီရှိသူဖြစ်သည်။ လက္ခဏာ မဟောစားသော်လည်း အဘာ ဟောချက်သည် လွဲဖူးသည်မရှိပါ။ ထိုအကြောင်းကို သိနေသော သူသည် ရစာရီ၏ ဇာတ်လမ်းကို ယုံချင်ချင်ဖြစ်လာသည်။

လူတစ်ယောက်၏ အသက်ကို ခန့်မှန်းသည့်ပညာမှာ အဘာသည် တစ်ဖက်ကမ်းခတ်သည်။အင်္ဂါဝိဇ္ဇာ ဖတ်တတ်သည်။ အဘိုးထံမှ သင်ယူခဲ့သည်ဟု သိရသည်။

'မိန်းကလေး ဂူထဲမှာ အနေကြာခဲ့ပုံရယ် ထင်တယ်'

'မကြာပါဘူး ... အဘာ တစ်ခဏသာရယ်ပါ'

'မိန်းကလေးပြောတဲ့ သရိရ ရသေ့ဆိုတာ ဆံပင်ခေါင်းလုံး ဖြူနေတဲ့ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်လား'

'အဘာက ရသေ့ကို မြင်ဖူးလို့လား'

'ကြားဖူးနားဝပါ။ အချို့က ပုံပြင်လုပ်ပြောကြတယ်။ သုနန္ဒယဘုရားကုန်းမှာ တရားထိုင်နေတတ်တဲ့ ပုဂ္ဂိုလ်ရှိတယ်တဲ့။ ဒါပေမဲ့ ဘွဲ့အမည်ကို ဘယ်သူမှ မသိကြဘူး။ ဒါလည်း အဘာတို့ ငယ်ငယ်ကပါ။ ခုတော့ ကုန်းလည်း ပြောင်ရှင်းနေပြီ။ ဘုရား ငုတ်တိုကိုငုံပြီး ဘုရားဖွန်တည်ထားပြီး သိပ်တောင် မကြာသေးဘူး။ အိပ်မက်ကြောင့်လို့ ပြောပြီး သူဌေးမင်းသုဓောက လာတည်သွားတာ။ ဒါပေမဲ့ ထီးတင်ပွဲတောင် အဲဒီ သူဌေး မလာနိုင်ပါဘူး။ သူ့လူယုံမိသားစုကို လွှတ်လိုက်တယ်တဲ့။ အဘာတို့တောင် သူ့ကို မမြင်ဘူးတာ ကြာနေပြီ။ ခပ်ငယ်ငယ်ပဲရှိသေး

www.burmeseclassic.com



တယ်။ အလွန်ဆုံးရှိ သုံးဆယ့်ငါး၊ သုံးဆယ်ခြောက်ပေါ့။ စနစ်သိပ်ကြီး တာကွဲ။ အဘတို့ကိုတောင် သူက အစောင့်သက်သက်ထားတာ'

'အစောင့် ... ဟုတ်လား ... အဘ'

'ဟုတ်တယ် ... ဒီရာဘာခြံက သူဌေးမင်းသုတေရဲ့ အပိုင်တွေပဲ၊ ဒီဝုံးကျင်းကိုလည်း သူကပဲ မဖျက်ဘဲထားခိုင်းတယ်၊ ဘိုးဘွားပိုင်မြေပေါ့။ ဒါနဲ့ မိန်းကလေး ဘာဆက်လုပ်မယ် စိတ်ကူးလဲ'

'ရုစာရီ ... အရာအားလုံးကို နားလည်ချင်တယ် အဘ။ ကျောက်ဂူထဲလည်း ပြန်မသွားချင်ဘူး။ ဝင်သွားပြီး ပြန်ထွက်လာခဲ့ရင် လောကက ဘာတွေဆန်းသစ်နေပြန်မလဲ မသိဘူး၊ အဲဒါတွေကို ကြောက်တယ်။ အခု မောင်ကြီး အဂ္ဂါကိုလည်း ပြန်တွေ့နေပြီပဲ၊ ဂူထဲဝင်ဖို့ မလိုတော့ပါဘူး'

'ဘုရား ... ဘုရား ... ငါက မင်းမောင်ကြီး ဟုတ်လား။ ပြဿနာပဲ။ အခြောက်တိုက်နေ့ရင်း မိန်းမတော့ရတော့မယ် ထင်တယ်'

'ရုစာရီ စိတ်ရှည်ပါ့မယ်၊ ကိုအဂ္ဂါက တစ်နေ့ ရုစာရီကို မှတ်မိလာလိမ့်မယ်လို့ ယုံကြည်တယ်၊ အဘနဲ့ ကိုအဂ္ဂါ ရုစာရီကို ဒီမှာ နေခွင့်ပြုပါ'

'လူမောင်းတဲ့တုတ်မှ မရှိတာ၊ အဘနဲ့ ဒီလောက်တောင် လေပေးဖြောင့်နေမှတော့ ငါက ဘာအရေးပါတော့မှာလဲ'

'နေပါ ... မိန်းကလေး ကြိုက်သလောက်နေပါ။ ဒါပေမဲ့ အဘတို့အိမ်က မပြည့်စုံဘူးကွယ်'

'ရပါတယ် အဘ ... ခွင့်ပြုတာကိုပဲ ရုစာရီ ဝမ်းမြောက်လှ



ပါပြီ၊ ကိုအဂ္ဂါကိုလည်း ရုစာရီ ပြုစုပါ့မယ်၊ လောကကြီးကိုလည်း နားလည်အောင် ကြိုးစားပါ့မယ်'

'မဆိုးပါဘူး ... အပြောလေးတော့ တယောလေးလိုပဲ'

'ကဲ ... ကဲ ... မိန်းကလေးလည်း ပင်ပန်းလာပြီ လွတ်လွတ်လပ်လပ် နားပါ'

အဘသည် ဦးဆောင်ကာ အိမ်ကြီးဆီထွက်သွားသည်၊ အဘ၏ ကျောပြင်ကို ကြည့်ခြင်းအားဖြင့် သူ ခန့်မှန်းမိသည်၊ အဘသည် အတွေးများစွာကြား ကျယ်ပြန့်နေပေလိမ့်မည်၊

ကောင်းသလိုလိုတော့ ရှိသားပင်၊ အဘက အတွေးထဲ နစ်မြောနေလျှင် သူ အနေအစားချောင်သည်၊

ပွဲခိုးသွားလို့ ရသည်၊

မင်းသား ဖိုးချစ်သည် အဆိုကောင်း၊ အကကောင်းဟု ရွာထဲ၌ ရေပန်းစားနေသည်၊ သူကတော့ မင်းသားဖိုးချစ်ကို ကြည့်ချင်လွန်းလှတယ် မဟုတ်ပါ၊

စကတ်တိုလေးများနှင့် သီဆိုကခုန်မည့် မင်းသမီးလေးတွေကို ငန်းကြောထချင်သည်၊ ကိုကိုချစ်ရေဟု စင်ပေါ်မှ အော်ပါက ဖျို့... ဟု စင်အောက်မှ ထူးချင်သည်၊ မြူးကြွသော သံစဉ်တွေကြား မူးမူးရူးရူးနှင့် ယိမ်းထိုးကချင်သည်၊ သို့သော် ယခုတော့ ထိုမိန်းကလေးကြောင့် သို့လော ... သို့လော မေးခွန်းတွေ သူ့အား နှိပ်စက်၍နေသည်။

'ဟော ...'

သူ့ခေါ်သံကြောင့် ရုစာရီသည် သူ့အား လှည့်ကြည့်သည်၊

www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂတော့ အလုပ်တရားကို သူ မေ့မောမိသွားသည်။ ရုစာရီ လုပ်တယ်ဆိုတာတော့ သူ လက်မခံ၍ မရပါ။ မျက်လုံးမျက်ဖန်ကြည်လင်ပြီး နှာတံစင်းသည်။ မလုံသောဝတ်စုံသည် ခေတ်မီလွန်းနေသည်။

လည်တိုင်မှ မြဆွဲကြိုးသည် ထင်းခနဲ ဆွဲဆောင်မှုရှိပုံ၏။ လုံချည်သည် ဘယ်လိုတွယ်ချိတ်ထားမှန်း မသိချေ။ ယောက်ျားများ ခါးတောင်းကျိုက်ထားသည်နှင့် တူ၏။ သို့သော် ကြည့်ရမဆိုးဘဲ လှနေသည်။ လမ်းလျှောက်လိုက်တိုင်း မလုံတလုံ ပေါ်သွားသော ဗိုက်သားလေးသည် ဖွေးခနဲ ဖွေးခနဲ မြင်နေရ၏။

'မင်းရဲ့ မောင်ကြီးက ငါနဲ့ တော်တော် တူသလား'

မေးခွန်းသာရှိသည်။ အဖြေကို မကြားရချေ။ သူ့ကိုသာ ခွေးမြည့်စွာ စိုက်ကြည့်နေသည်။ သူကလည်း အလျှော့မပေးစတမ်း စိုက်ကြည့်ဖြစ်သွားသည်။ ထိုတစ်ခဏအတွင်း သူ့ရင်ခုန်သံတွေက တားဆီးမရစွာ ...

× × ×





'ဆရာ ... ခုတစ်လော အွန်လိုင်းပေါ်မှာ ဟိုကိစ္စ ပွထနေတယ်နော်'

တပည့်ကျော် မိုးဆွေသည် သွေးတိုးစမ်းသလို ပြောသည်။

'ကိုယ့်အလုပ် ကိုယ်လုပ်စမ်းပါ'

'ကောင်မလေးက တော်တော်ချောတာ ဆရာရဲ့။ သတင်းကနေတယ်လို့ အများက ယူဆနေကြတယ်'

မိုးဆွေသည် ထုံးစံအတိုင်းပင် အွန်လိုင်းကိစ္စကို အရသာခံကာ ပြောနေလေသည်။

သူသည် မျက်စိကိုမှိတ်ထားသော်လည်း မိုးဆွေ၏အသံကိုတော့ မှ ကြားနေရ၏။

'လူကလည်းလှ၊ မြလည်ဆွဲကလည်း လှမှလှ၊ အင်္ကျီအဖြူရောင်လေးက မလုံတလုံ၊ ပေါ်ပေါ့ပေါ် ... ဟီး ... ဟီး ... ဒီထက်ပိုဆန်းတာက သတင်းပဲ။ ထီးတင်ပွဲမှာ ဘွားခနဲပေါ်လာတာတဲ့။ ဒီထက် ပိုဆန်းတာက တိုက်ဆိုင်တာပဲလား ဆရာ တည်ထားတဲ့ဘုရား သုနန္ဒယစေတီ ဆရာရေ'

မှိတ်ထားသော သူ့မျက်လုံးသည် အလိုလိုပွင့်သွားသည်။ ခေါင်း တန်းစီနေသော စာရင်းဇယားများပင် ဘယ်ရောက်ကုန်မှန်းမသိချေ။



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးဆိုရင်တော့ တော်တော်စွမ်းတာနော်။ ဆရာ Fa တွေ သိန်းချီသွားပြီ။ Comments တွေကလည်း စုံနေတာပဲ။ ၃၆ အစွမ်းလား မသိပေမယ့် ကောင်မလေးက တော်တော်လှတယ်နော် ဆွဲကြိုးကလည်း မိုက်တယ်။ အရည်အသွေး တော်တော်ကောင်းပုံပဲ အဲ့လို ဆွဲကြိုးမျိုး တစ်ခါမှ မမြင်ဖူးဘူး။ လေလံတင်လိုက်ရင်တော့ မီလျံနာဖြစ်သွားမလားပဲ'

'အဲ့ဒီပုံ ... ပြစမ်း'

သူ့ အသံက ကြည်လင်ပြတ်သားလှသည်။ မိုးဆွေသည် ကား မောင်းနေရာမှ သူ့ကို ခိုးကြည့်မိသည်။

သူ့မျက်နှာသည် တည်ကြည်လေးနက်နေသည်။ ဖုံးတော့ပေါ် ခွဲမည့်ပုံ မရချေ။

'ဘာလုပ်နေတာလဲ ... အဲဒါကို ငါ့ကို ပြလို့ ပြောနေတယ် လေ'

မိုးဆွေသည် ထိတ်လန့်သွားသည်။ ဦးမင်းသုတေ အကြောင်း မိုးဆွေ အသိဆုံးဖြစ်သည်။ အုတ်မြစ်မခိုင်မာသော အကြောင်းအရာ စိတ်မဝင်စားချေ။ အခြေအမြစ်မရှိသော အရာများကို အထင်သေးသည် အထူးသဖြင့် Facebook လိုဟာမျိုးကို အထင်သေးသူ ဖြစ်သည်။ ထိ သို့ လူမျိုးက အခုတော့ ပြစမ်းတဲ့။ ဘာကို ပြောမှန်းမသိပေ။ ဘာကို လို့ ပြရမှန်းလည်း မသိချေ။ အမှန်က သူသည် ထုံးစံအတိုင်း ပါး အညာင်းပြေ ပြောလိုက်ခြင်းသာဖြစ်သည်။ သို့သော် ဆရာလုပ်သူ ပြစမ်းလို့ဆိုသောအခါ မငြင်းသာနိုင်သော သူသည် ကားကို လမ်းဘေး





ရပ်သည်။

'မိန်းကလေးပုံလား ဆရာ'

'ရှာလို့ လွယ်ပါ့မလား ... Connection ကောင်းရဲ့လား'

'ပွထနေတယ် ဆရာ လွယ်ပါတယ် ... ခဏနော်'

ခါးကြားမှ လက်ကိုင်ဖုန်းကို ထုတ်ပြီး အင်တာနက်ဖွင့်ကာ တင်လှုပ်ရှားတော့၏။ ကြာကြာမရှာလိုက်ရပေ။ Shaer လုပ်ထားသူတွေ တ များနေသည်။

'ဒီမှာ ဆရာ'

မင်းသုတေသည် မိုးဆွေ လက်ထဲမှ ဖုန်းကိုယူလိုက်သည်။ ရိုင်ဘာ၏ဖုန်းဖြစ်သောကြောင့် အမျိုးအစားညံ့သည်။ မှန်သည်လည်း အက်ကွဲကြောင်းရာထင်ပြီး မွဲခြောက်ခြောက်ဖြစ်နေသည်။ မြင်ကွင်းက သိပ်မကွဲသော်လည်း သူ့စိတ်ကို ဆွဲဆောင်နိုင်၏။

ဖြူသောဝတ်စုံနှင့်ဖြစ်သည်။ အကျီလည်ပင်းပေါက်က ကျယ် သည်။ ထို့ကြောင့် အစိမ်းရောင်မြလည်ဆွဲသည် ရှင်းရှင်းလင်းလင်း ထင်ရှားနေသည်။

အကျီက ပခုံးလျှောလေးဖြစ်သောကြောင့် ဖွေးဖွေးဖြူနေသော က်မောင်းသားလေးကို မြင်နေရသည်။

ကြောက်လန့်နေသော မျက်ဝန်းလေးများကို သူ သတိပြုမိ သည်။ သို့သော် မျက်နှာကိုမူ သဲသဲကွဲကွဲ မမြင်ရချေ။

'ဒီည ... မင်း တကြည့်ခန်းထဲ လာခဲ့ပါ'

'ဗျာ ... ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ ဖုန်းလည်း လဲသင့်နေပြီ၊ မျက်စိကျွန်းမာရေးထိခိုက်လိမ့်မယ်၊ ရော့ ... မင်းဖုန်း၊ ဆက်မောင်းတော့'

'ဆရာ ... ညစာကို ဧည့်သည်တွေနဲ့ စားမှာလဲ'

'အိမ်ကိုမောင်းပါ ... ဒီနေ့ အိမ်မှာပဲ စားမယ်၊ အောင်သော်ဆီ ဖုန်းဆက်၊ ဒီည ချိန်းထားတာတွေ အကုန်ဖျက်လိုက်လို့ ပြော'

'ဟုတ် ... ဆရာ'

ဧည့်သည်များနှင့် တွေ့ဆုံဖို့ သူ့စိတ်သည် နေရာလွတ်မရှိတော့ချေ၊ မြလည်ဆွဲကြောင့်ဖြစ်သည်၊

ထိုလည်ဆွဲကို သူ သိပ်တွေ့ချင်ခဲ့သည်၊ သို့သော် ဒါသည် သူ့ဆန္ဒသက်သက်သာ ဖြစ်သည်၊ မဖြစ်နိုင်မှန်း သိနေ၍ သိပ်မျှော်လင့်မထားခဲ့ပေ၊ သို့သော် ထိုလည်ဆွဲသည် သူ့ရင်ထဲမှ ပျောက်ပျယ်မသွားခဲ့၊ လည်ဆွဲလား ... ပန်းချီထဲမှ မိန်းကလေးလားဆိုတာ မသိသော်လည်း သူ့ရင်ထဲစွဲကျန်နေတာ အမှန်ဖြစ်သည်၊ သူ့ဘဝတွင် ဘယ်အရာကိုမှ တမ်းတမ်းတတ မစွဲလမ်းခဲ့ဖူးပါ၊ သို့သော် အဘိုး၏ စာကြည့်ခန်းထဲမှ တွေ့ခဲ့ရသော ကျောက်ချပ်နှင့်ပန်းချီလေးကိုတော့ စွဲနေသည်၊ ပြီးနောက် ဘာတွေရေးထားမှန်း မသိသော မှတ်တမ်းစာအုပ်ဖြစ်သည်၊

သူသည် ငယ်စဉ်ကာလတစ်လျှောက်လုံးတွင် အမေရိကတွင်နေထိုင်ခဲ့သည်၊ သူ့အသက် ဆယ့်ငါးနှစ်အရွယ်တွင် အဘိုးဆုံးသည်၊ ထို့ကြောင့် အဘွားဖြစ်သူနှင့်အတူ အဘိုး၏ အရိုးပြာကို သယ်လာပြီး မြန်မာပြည်ထဲ ဝင်လာခဲ့သည်၊

အကြောင်းမှာ အဘွားသည် မြန်မာဖြစ်သည်၊ အဘိုးသည် မြန်မာပြည်၌သာ ခေါင်းချချင်ခဲ့သူဖြစ်သည်၊ အရိုးပြာသယ်လာသော လမ်းခရီးတစ်လျှောက်တွင် ပြဿနာမျိုးစုံနှင့် ရင်ဆိုင်ခဲ့ရသည်၊ သို့သော် သူသည် ယောက်ျားလေးတစ်ယောက်ဖြစ်သည်၊ ဤအရိုးပြာလေးကိုတောင် လုံခြုံအောင် မစောင့်ရှောက်နိုင်လျှင် အသက်ရှင်နေသေးသော အဘွားကို ဘယ်လိုပုံစံနှင့် စောင့်ရှောက်မလဲဟု တွေးသည်၊ ထို့ကြောင့် အရိုးပြာကို မဖြစ်ဖြစ်အောင် သယ်လာခဲ့ပြီး အဘိုးချစ်သော ရဝေမြိုင်ခြံလေးတွင် မြှုပ်နှံခဲ့သည်၊ အဘိုး၏ အရိုးပြာကို မြှုပ်နှံပြီးသော်လည်း အဘိုး ချန်ထားခဲ့သည့် ပဟေဠိသည် သူ့ရင်ထဲ နှောင့်ယှက်နေသည်၊

ဘာတွေရေးထွင်းထားမှန်း မသိသော ကျောက်ချပ်နှင့် ဒိုင်ယာရီ၊ ကျောက်မျက်ရတနာပြခန်းများနှင့် အိပ်စ်ပို့အင်ပို့ ကုမ္ပဏီကြီးကို ကွပ်ကဲရသည်ဆိုတာ လွယ်တဲ့အလုပ်တော့ မဟုတ်ချေ၊ မိုးလင်းက မိုးချုပ်ပြေးလွှားလှုပ်ရှားနေရသော်လည်း ထိုကျောက်ချပ်နှင့် ဒိုင်ယာရီကို တစ်နေ့တစ်ကြိမ်တော့ အမြဲဖတ်ဖြစ်သည်၊ ဖတ်လွန်း၍ အားလုံးကို အလွတ်ရနေသည်၊

ရှေးကျသော ကျောက်ချပ်ကို လူတကာကို မပြရဲချေ၊ ထို့ကြောင့် ပညာရှင်ကိုပင် စာရွက်မှစာကို ကူးယူကာ ဖတ်ခိုင်းစေခဲ့သည်၊ သူ ထိုစာရွက်ကို သွားပေးစဉ်က ပါမောက္ခကြီး ဦးဝင်းမောင်သည် သူ့ကို အံ့အားသင့်စွာ ကြည့်နေခဲ့သည်၊

သို့သော် ဘယ်ကရလာသလဲဆိုတာတော့ မမေးချေ၊ သူ့အရှိန်အဝါကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်၊ ဦးဝင်းမော်သည် သူ၏ ဆရာအရင်းဖြစ်သည်၊ အမေရိကမှ မြန်မာပြည် ပြန်လာစဉ်က မြန်မာ

www.burmeseclassic.com



စာကို ကောင်းစွာ မတတ်ပေ။ ဦးဝင်းမောင်၏ ကျေးဇူးကြောင့်သာ အချိန်တိုအတွင်း ကျွမ်းကျင်ခဲ့သည်။ ဦးဝင်းမောင်သည် ကျောင်းသား တစ်ယောက်ကို ဘယ်လိုသင်ရမလဲ ဆိုတာကအစ သိသူ၊ တော်သော ဆရာဖြစ်သည်။

ထို့အတူ သူ့အကျင့်ကိုလည်း ကောင်းစွာသိသည်။ သူက များများ မပြောဘဲ များများလုပ်နေသူဖြစ်သည်။ စောဒကမတက်ပေ။ အကြောင်း မဲ့လည်း မေးခွန်းမထုတ်ပေ။ အရေးမကြီးသော ကိစ္စကို စိတ်မဝင်စား ပေ။ အရာရာကို ပြတ်ပြတ်သားသားပြောပြီး ပြတ်ပြတ်လုပ်သူဖြစ်သည်။ ဝေ့လည်ကြောင်ပတ် မရှိ။

အဘိုးနှင့်တူ၍ ဖြစ်နိုင်သည်။ သို့သော် မျက်နှာသည် အဘွားနှင့် တူသည်ဟု အများက ပြောသည်။ သူ ကျေနပ်သည်။ သူသည် အမေရိ ကန်နိုင်ငံသား မဖြစ်လိုပေ။ အရှေ့တိုင်းသား မြန်မာလူမျိုးသာ ဖြစ်ချင် သည်။

ငယ်စဉ်ကတည်းက အဘွားနှင့် နေ့စဉ် မြန်မာစကားပြောခဲ့ သည်၊ ထို့ကြောင့် မြန်မာပြည်ကို ရောက်လာသောအခါ သူ့အတွက် အခက်အခဲ သိပ်မများပေ။

သို့သော် ခက်နေတာက ဘာမှန်းမသိတဲ့ ကျောက်ချပ်ထဲမှ စာနှင့် ဒိုင်ယာရီထဲမှ စာဖြစ်သည်။ သိပ်တော်သော ဆရာကြီးဦးဝင်းမောင် ကိုယ်၌ပင် ထိုကျောက်ချပ်မှ စာကို ဖတ်ရဖို့အရေး နှစ်ဝက်နီးပါး အချိန်ယူခဲ့သည်။ ဆရာကြီးဦးဝင်းမောင်သည် လူတော်ဖြစ်မှန်း သိနေ သော သူက ဆရာကြီး၏ ကြန့်ကြာမှုကြောင့် ထိုကျောက်ချပ်ကို ပိုပြီး



စိတ်ဝင်စားခဲ့သည်။

‘ဒီစာကို ထွင်းခဲ့တဲ့ မှုရင်းနေရာကို တစ်နေ့သိရစေဖို့ မျှော် လင့်တယ်’

သူ စာရှက်သွားယူစဉ်က ဦးဝင်းမောင် ပြောခဲ့သော စကားဖြစ် သည်။ ဦးဝင်းမောင်ကို ယုံကြည်သောကြောင့် စာကို ဖတ်ရှုစေခဲ့ခြင်း ဖြစ်သည်။ သတင်းမပျံ့ဘူးဟု သူ ယုံကြည်သည်။ ဦးဝင်းမောင်က သည်မျှတောင်းဆိုစေကာမူ ထိုကျောက်ချပ်ကို သူ ဦးဝင်းမောင်ထံ ဘယ် သောအခါမှ ယူသွားမည့်သူမျိုး မဟုတ်ချေ။

ရုတ်စာရီ ... ရုတ်စာရီ ... သူ့အတွေးကို ဘာကြောင့် ဒီလောက် တောင် စိုးမိုးနိုင်ရတာလဲ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



'ကိုအင်္ဂါ နေတော်တော်မြင့်နေပြီ။ အဘ တောက ပြန်လာတော့မယ်'

တစ်ပတ်မြှောက်သွားပြီ ဖြစ်သောအခါ ရုစာရီသည် ပတ်ဝန်းကျင်နှင့် အသားကျလာခဲ့သည်။

အင်္ဂါသည် ရုစာရီ၏ မောင်ကြီး အင်္ဂါမဟုတ်မှန်းလည်း သိလာသည်။ သို့သော် အသိသာရှိသည်။ ခံစားချက်တော့ ပျောက်မသွားပေ။ ကိုအင်္ဂါကို မောင်ကြီး အင်္ဂါဟုသာ ခံစားရသည်။ ကိုအင်္ဂါသည် မောင်ကြီးနှင့် သိပ်ကို ခြားနားလွန်းလှသည်။ မောင်ကြီးသည် နေရာတကာ သတိ ဝီရိယကြီးပြီး သိက္ခာကို ထိန်းသိမ်းသည်။ စကားမဆိုခင် ပြောသင့်မပြောသင့်ကို ချင့်ချိန်သည်။

သို့သော် ကိုအင်္ဂါမှုကား ပြောချင်ရာကို စွတ်ပြောသည်။ တစ်ဖက်လူ၏ ခံစားချက်ကို ဘယ်တော့မှထည့်မတွက်ပေ။ လွတ်လပ်ပြီး ပွင့်လင်းသည်။ ပျော်သလို နေတတ်သည်။ မောင်ကြီးကို ယုံကြည်လေးစားခဲ့သည်။ အားကိုးသည်။ သို့သော် ကိုအင်္ဂါကိုတော့ ခင်မင်သည်။ သဘောကျသည်။ မောင်ကြီး၏ နောက်ဘဝဖြစ်တည်မှုသည် ကိုအင်္ဂါဆိုပါက ရုစာရီ ကျေနပ်သည်။

ဘာဖြစ်လို့လဲဆိုတော့ မောင်ကြီးသည် ယခုချိန်၌ ယခုဘဝတွင်



ပျော်နေ၍ဖြစ်သည်။ အကယ်၍ ကိုအင်္ဂါနှင့်သာ မဆုံခဲ့ပါက မောင်ကြီးအတွက် ရုစာရီ စိတ်မကောင်းဖြစ်ရပေလိမ့်မည်။ ကုန်ဆုံးခဲ့သော အချိန်တွေကို လက်ခံ၍ မရအောင် ကြေကွဲရပေလိမ့်မည်။

အခုတော့ ရုစာရီ ပျော်ပါသည်။ ကိုအင်္ဂါသည် ပေပေတေတေနေသော လူဖြစ်သော်ငြား ရုစာရီ စိတ်ထဲ ပီတိဖြစ်သည်။ မြင်နေရတာနဲ့ပဲ ကျေနပ်လှပါသည်။

ယခုလည်း နေမွန်းတည့်ခါနီးပြီ ဖြစ်သည်။ အိပ်ရာမှမထသေးပေ။ ညကလည်း ဘယ်အချိန်မှ ပြန်လာပြီး ဘယ်တုန်းက ဝင်အိပ်နေမှန်း မသိချေ။ အဘက ထိုအရာကို မကြိုက်ပေ။ စောစောထပြီး ရှိသမျှအလုပ်တွေကို တတ်နိုင်သလောက် လုပ်စေချင်သည်။

ခွဲစရာ ထင်းတွေလည်း ပုံနေသည်။ ပြီးနောက် မြေကြီးပေါက်ဖို့ အဘ ခိုင်းနေတာ သုံးရက်မျှရှိပြီဖြစ်သည်။ သို့သော် အမျိုးမျိုးသော ဆင်ခြေတို့ဖြင့် ရှောင်လွှဲနေသည်။ ပေါက်တူးသည် မြေကြီးကို စိုက်လျက် ပင်ရပ်နေရသည်။ သက်ရှိသာဆိုပါက အညောင်းမိသွားနိုင်သည်။ ယခုတော့ သက်မဲ့ သံထည်ပစ္စည်းဖြစ်သောကြောင့် သံချေးတက်တော့မည်ဖြစ်သည်။ ပေါက်တူး သံချေးတက်သွားပါက အဘရဲ့ ကြိမ်ဒဏ်ကို ကျောကော့အောင် ခံရဦးမည်။

'ကိုအင်္ဂါ' ...

'ဘာလဲ ... ဟာ ... ဘာလဲ ... နားညည်းလိုက်တာ၊ မင်းရောက်လာတဲ့နေ့ကစပြီး တစ်ရက်မှ ဝဝအိပ်ရတဲ့ရက် မရှိဘူး'

'နေမွန်းတည့်တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'မိုးမရွာလို့ ပူတဲ့နေက ဆန်းသလား၊ ဘယ်နှနာရီ ရှိသေးလို့လဲ'

'နာရီ ... ဟုတ်လား'

နာရီဆိုသည်မှာ တိုင်တွင်ချိတ်ကပ်ထားသော လှုပ်ရှားသွားလာနေသည့် အဝိုင်းကြီးကို ဆိုလိုမှန်း ရစာရီ သိသည်၊ သို့သော် ... ဂဏာန်းများက ထူးဆန်းသောကြောင့် အလွယ်တကူ မမှတ်နိုင်ချေ၊ ပြီးတော့ လက်တံက သုံးခုဖြစ်သည်၊ နည်းနည်းရှုပ်၏၊

'လက်တံအတိုဆုံးက ကိုအဂ္ဂါနားမှာရှိတယ်၊ အရှည်ဆုံးက တိုရောက်ဒီရောက်လိုက်ပဲ'

လုံ့အိပ်နေသော အဂ္ဂါသည် ဆက်အိပ်၍မရတော့သဖြင့် ငုတ်တုပ်ထထိုင်လိုက်သည်၊ ရစာရီကို သူ သိပ်စိတ်မရှည်ချင်တော့ပါ၊ ရှေးခေတ်က လူဆိုလည်း အ,လွန်းအားကြီးနေသည်၊ ဟန်ဆောင်နေတယ်ဆိုလည်း သဘာဝလွန်ကုန်ပါပြီ၊

'တကယ်ပဲ မင်း ... ရှေးခေတ်က လာတယ်ဆိုလည်း ဒီလိုထိုင်းမှိုင်းပုံနဲ့ မင်း သေလောက်ပြီ၊ မင်းရဲ့ မောင်ကြီးဆိုသူကိုတော့ ငါ သိပ်သနားတာပဲ'

'ဟုတ်ပါတယ် ... ကိုအဂ္ဂါ ပြောသလိုပဲ၊ မောင်ကြီးက သနားဖို့ကောင်းတဲ့ လူပါ၊ ချောက်ကမ်းပါးကြား ကပ်လျှောက်သွားရင်း ခရီးနီးမှန်း သိရဲ့နဲ့ ရစာရီကြောင့် ကွေ့ပတ်ရှောင်လွဲရင်းက ခရီးကြန့်ကြာခဲ့ရတာ မနည်းပါဘူး၊ အဲဒီ ကြန့်ကြာမှုကြောင့်လည်း ဘုရင် သုနန္ဒယနဲ့ ဆုံခဲ့ရတာ၊ အဲဒါကြောင့်ပဲ မောင်ကြီးက ...'

'တော်ပါတော့ ... ဟယ် ... တော်ပါတော့ ... ထဆိုလည်း





ထပါ့မယ်၊ မကြားပါရစေနဲ့တော့'

မြက်ခင်းပေါ် စောင်ခေါင်းမြီးခြုံကာ ဖြစ်သလို ကွေးနေရာမှ သူ ညည်းတွားသည်၊

'အား ... ခြင်တွေ တော်တော် ကိုက်ထားတာပဲ၊ သွေးတွေကိုလုံးလို့ ပျံတောင် မပျံနိုင်တော့ဘူး'

'အခန်းထဲမှာတော့ သိပ်မကိုက်ဘူး'

'ဘယ်ကိုက်မလဲကွ ... ခြင်ထောင်ရှိတာကိုး၊ ငါ့ခြင်ထောင်မင်း ယူထားတာလေ၊ ငါ့အခန်းလည်း မင်း ဦးလိုက်တော့ ငါက တွပ်ပျစ်မှာ အရက်သမားအထာပေါ့၊ မိုးရွာရင် ဘယ်ပြေးရမှန်းတောင် မသိဘူး'

သူ့စကားကြောင့် ရစာရီသည် မျက်လွှာလေးချကာ ခေါင်းငုံ့သွားသည်၊ ရစာရီ ရင်ထဲဝမ်းနည်းသွားသည်၊ ကိုအဂ္ဂါက မလိုလားမှန်း သိသော်လည် သွားစရာ နေရာမရှိသူမို့ မျက်နှာပြောင်တိုက်ပြီး ဖက်တွယ်နေမိခြင်းဖြစ်သည်၊ ပြီးတော့ လောကမှာ သိသူလည်း များများစားစားမရှိပေ၊ ကိုအဂ္ဂါသာ ရှိသည်၊ ပြီးနောက် အဘ ...

'ဗိုက်ဆာတယ်ကွာ ... ဘာရှိလဲ'

'အဘ ... ဘာမှ ချက်ပေးမသွားပါဘူး၊ အဲဒီ ဝင်းလက်တဲ့အိုးတွေနဲ့ မချက်တတ်လို့ တတ်သလိုလေးတော့ လုပ်ထားပါတယ်'

'ပြင်ကွာ ... စားမယ်'

မျက်နှာသစ်ရန် အိမ်ရှေ့မျက်နှာစာကို ထွက်လာခဲ့သည်၊ တံစက်မြိတ်မှကျသော ရေကို သွပ်ဖြင့်တန်းကာ စဉ့်အိုးကြီးနှင့်ခံထားသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုရေဖြင့်သာ မျက်နှာသစ်ခြင်းဖြစ်သည်။ ဒါလည်း အဘ၏ စီမံမှုဖြစ်သည်။ အဘသည် မင်္ဂလာရှိရန် အိပ်ရာထပါက အိမ်ရှေ့အရင်ဆုံး ထွက်မိရေး စီမံထားခြင်း ဖြစ်သည်။

ပြီးနောက် မြေအောက်မှရသော ရေထက် ကောင်းကင်မှရသော ရေက ပိုမွန်မြတ်သည်ဟုလည်း ဆို၏။ အဘ သဘောကို သူ သိပ်သဘောမကျသော်လည်း မဆန့်ကျင်ချေ။ သူ့အတွက် အနေအထားချောင်ဖို့မှလွဲပြီး အခြားဘယ်အရာကမှ အရေးမကြီးပေ။

'ဘာတွေလဲ'

စားပွဲပေါ် ပြင်ဆင်ထားသော ဟင်းတွေကို ကြည့်ပြီး ပြောခြင်းဖြစ်သည်။

ရှစာရီသည် သူ့မေးခွန်းကို မဖြေပေ။ လက်ဆေးဖလုံကိုသာ ထိုးပေးနေသည်။

သူသည် ဖလုံထဲ လက်နှိုက်ဆေးကာ စားသောက်သည်။ ဘာဟင်းမှန်း မသိသော်လည်း သဘောကျသွားသည်။ ချို၊ ချဉ်၊ ငန်၊ စပ် အရသာစုံသော ဟင်းရည်တစ်ခွက်ဖြစ်သည်။ ဟင်းရည်သည် အနံ့တစ်မျိုး မွှေးနေသည်။ ထမင်းကို စားပြန်၏။ ထမင်းသည်လည်း မွှေးနေပြန်သည်။

စားကောင်းကောင်းနှင့် စားပစ်လိုက်သည်မှာ နှစ်ပန်းကန်ကုန်သွားသည်။

'ဒါ ... ဘာဟင်းလို့ခေါ်သလဲ'

'မောင်ကြီး အမြဲချက်ကျွေးနေကျ ဟင်းပဲ ... နာမည်တော့





မသိဘူး'

'ဘာနဲ့ ချက်တာလဲ'

သူက ထိုသို့ဆိုသောအခါ ရှစာရီသည် သူ့ကို လိုက်လာရန် မျက်ရိပ်ပြသည်။ ပြီးနောက် ဝါးရုံသို့ ခေါ်လာ၏။

သူ နားမလည်ပေ။ ရှစာရီက ဘာကြောင့် ဒီကို ခေါ်လာသလဲ။

'ဒါလေးနဲ့ ချက်ထားတာ'

အလွန်ကြီးသော ဝါးပိုးဝါး တစ်ပင်ကို လက်ညှိုးထိုးပြသည်။ သူ အံ့ဩသွား၏။ ယောက်ျားတို့အားပင် လွယ်လွယ်နှင့် ခုတ်ဖို့ မလွယ်သော ဝါးမြစ်သည် ယခုတော့ ဝါးပင်ခြေရင်းတွင် ဓားမတန်းလန်းနှင့် သူ့အမြင် ခုတ်ရာ မညီမညာနှင့် အရင်းမှ ပြတ်နေသော ဝါးတစ်ပင်ဖြစ်သည်။

'ဒီဝါးကို အိုးလုပ်ပြီး ချက်ထားတာ။ ဝါးဆစ်ကထူတော့ လုံတယ်လေ။ ထမင်းအတွက် ဝါးတစ်ဆစ်၊ ဟင်းအတွက် ဝါးတစ်ဆစ်'

'အံ့ဩတာပဲ ... တကယ် အံ့ဩတယ်။ ဒီလောက်တောင် အိုးတွေ မီးဖိုချောင်ထဲရှိနေတာ အံ့ဩတယ်။ လွယ်နေတာကို ခက်အောင် လုပ်တယ်။ ဟင်းကရော ဝါးရွက်တွေပဲလား'

'ဟင့်အင်း ... ဟင်းက ဟိုးအနောက်ကရတာ'

'အနောက်က ဟုတ်လား ... ဘာအပင်ရှိလို့လဲ'

'မာလာပွင့်ပေါက်ဖလေးရယ် ... ကန်စွန်းဥရယ် ... စူနာနဖာကို ပဥ္စင်းမျိုးထည့်လိုက်တယ်'

'ဘယ်လို ... ဘာပြောတယ် ... ကန်စွန်းဥ၊ စူနာနဖာနဲ့



www.burmeseclassic.com

www.burmeseclassic.com



'မာလာ ဟုတ်လား'

သူ့ခေါင်းသည် မြွေပေါက်သလို ဖြစ်သွားသည်။ တစ်ကိုယ်လုံးလည်း ပူထူကုန်၏။ စားပြီးသမျှကို ပြန်အန်ထုတ်ချင်သော်လည်း မရတော့ပေ။

သူက မြူးတူးပျာတာပင် အိမ်နောက်ဖေးရှိ အခင်းကွက်ထဲ ပြေးလာမိသည်။

မြင်ကွင်းကြောင့် အားပြတ်ပြီး လဲကျသွားသည်။

စိတ်ပျက်လက်ပျက် မြေကြီးပေါ် လဲအိပ်ပစ်မိ၏။

'သွားပါပြီကွာ ... သွားပါပြီ ... သေပါပြီ'

'ဘာလို့လဲ ... ကိုအဂ္ဂါရဲ့၊ ထပါ ... မြေစွဲလိမ့်မယ် ထပါ'

'မြေစွဲသွားလိုက်ချင်ပြီဟေ့ ... အိမ်မှာ နေရတာထက် မြေကြီးထဲမှာ နေရတာက ပိုပြီး လုံခြုံဦးမယ်၊ ငါ့ကျောကို ဂျပ်စက္ကူသာ ကပ်ပေးပါတော့ ရုစာရီရယ်နော်'

'ဘာလို့လဲ ... ကိုအဂ္ဂါရဲ့'

'ဘာရမှာလဲ ဟာ ... အဲဒါ ရှားပါးပစ္စည်းတွေ၊ အဘက တမင်တကာ ပေါင်းကူးပြီးစိုက်ထားတာ၊ ငါ့ကျောတော့ ကော့ပါပြီဟာ'

သူ စိတ်ပျက်လျှင်လည်း ပျက်စရာပင် ပေါက်တူးသည် ဟင်းရွက်ဘောင်ပေါ်တွင် ယခုချိန်ထိ ထိုးစိုက်ထားဆဲဖြစ်သည်။ အမြစ်ပေါက်တူးလှန်ထားတာမို့ မျိုးဆက်ပြတ်ပါပြီဆိုသော အမိပွါယ်မျိုးဖြစ်သည်။

'ဘာလို့လဲ ... ကိုအဂ္ဂါရယ် ... ရုစာရီ ... အမှားလုပ်လိုက်မိပြီလား'



'အမှားမှ အကြီးကြီးကွ ... မြွေပေါက်ပါပြီကွာ'

'ရှင် ... မြွေ ... ဟုတ်လား ... ဘယ်မှာလဲ'

သနားဖို့လည်း ကောင်းနေလေရော့သည်၊ ဆွေးမြည့်နေသော ဝါခြမ်းပြားလေးကို ဆွဲကာ မြွေဆိုသောအရာကို ပြူးပြဲရှာနေလေသည်၊ စိတ်လည်း ပျက်မိပါသည်။

'ဟဲ့ ... ဒီမှာ ဘာလုပ်နေကြတာလဲ ... ဟင်'

သူ့နဖူးသူ ရိုက်လိုက်မိသည်။ ပျက်စီးနေသော ဘောင်ကို အစားထိုးဖို့အပင်ပင် ဟန်ဆောင်ပြီး မစိုက်လိုက်နိုင်ခင် အဘက ပြန်ရောက်လာသည်။

အဘကို သူ ဆွဲချိန်ပင် မရလိုက်ပေ၊ ပေါက်ရာ ဝရပျစ်နှင့် ဘောင်ပေါ်သို့ အဘသည် ပြေးတက်သွားသည်။ ပြီးနောက် တစ်မွေးတစ်မှင် ကျွန်နေသေးသော လက်ကျန်အပင်များကို နမြောတမ်းတစွာ ထိုင်ကြည့်နေသည်။

သူ သိလိုက်ပါပြီ၊ မကြာခင် အဘ၏ ဒေါသအိုးသည် သူ့ထံ ပုံကျလာတော့မည်၊ အန္တရာယ်ကို ကြိုတင်ကာကွယ်မှ ဖြစ်ပေလိမ့်မည်။

'ကျွန်တော် မဟုတ်ဘူးနော် အဘ ... သူ ... အဲဒါ ... သူ လုပ်တာ၊ ကျွန်တော် အိပ်ရာတောင် မထရသေးဘူး။ သူ ... သူက သူ့သဘောနဲ့သူ ဒါတွေကို ပဥ္စငါးမျိုးကိုပြီး ဝါးကျည်တောက်နဲ့ ချက်ပြုတ်ပြီးကုန်ပြီ၊ ဒါတွေကို ကျွန်တော် လုံးဝမသိဘူး'

'ပဥ္စငါးမျိုး ... ဟုတ်လား'

'ရုစာရီ ... မှားသွားပြီလား ... အဘရယ်'

www.burmeseclassic.com



'ဘယ်လို ချက်ထားတာလဲ'

'အားလုံးပေါင်းပြီး အသီးအရွက်၊ အပင်၊ အမြစ်၊ အပွင့် အကုန်လုံးကို ဟင်းရည်ချက်ထားတာ'

'ပြစမ်း ... ငါ့ကို အဲဒီဟင်းရည်'

အခြေအနေက သူ ထင်ထားသလောက်ကြီး မဆိုးလှပေ၊

ထို့ကြောင့် သူက ပြေးပုန်းမနေတော့ဘဲ ရုစာရီနှင့် အဘ နောက်သို့သာ အခြေအနေကြည့်ပြီး လိုက်လာသည်။

အဘသည် မီးခိုးမှိုင်းကြောင့် မည်းတူးနေသော ဝါးကျည်တောက်ထဲမှ ဟင်းရည်များကို သစ်သားဇွန်းဖြင့် ခပ်သောက်သည်၊ ပြီးနောက် လျှာဖျားဖြင့် အရသာကို ခံကြည့်သည်။

နောက်တစ်ဇွန်း ပြန်ခပ်သောက်ပြန်သည်၊

အဘ၏ပုံသည် စိတ်ဝင်စားစရာ ကောင်းနေလေသည်၊

မိုးကြီးပဲပစ်မလား၊ ပန်းပဲပွင့်မလားဆိုတာ မသေချာသော အခြေအနေမျိုးဖြစ်၏၊

'မိန်းကလေး ... ဒါကို မင်း ... ဘယ်လိုချက်ထားသလဲ'

'ပြာတစ်ဆုပ်ကျုံးထည့်ပြီး ချက်ထားတာပါ'

'ဘယ်လို ... ပြာ ... ဟုတ်လား ... ထင်းဆိုက်ဖို့ မီးဖိုပေါ်တင်နေတဲ့အရာလား ... ပြာတွေလေ ... ဟာကွာ စောစောက မပြောဘူး၊ ရှိစရာကောင်းလိုက်တာ'

'ဘာဖြစ်လို့ ပြာထည့်တာလဲ'

'ဟင်းအရသာလေးကောင်းအောင်လို့ပါ၊ အပင်က အခုမှ



တယ်၊ ရေဆေးတယ် အချိုက နဂိုရှိပြီးသားပါ'

'အခြား ဘာထည့်သေးလဲ'

'ဟင့်အင်း'

'အဘ ... လိုချင်တာ ဒီဟာပဲ၊ ပြာနဲ့ ဝါးကျည်တောက်ကို ...ရင် ဒီလို အရသာထွက်သလား ... တကယ်မသိခဲ့ဘူး၊ ဒီလို ...ရသာမျိုး ရချင်လို့ အဘ ကြိုးစားခဲ့တာ ကြာပြီကွယ်၊ အခုလည်း ...ဘောင်တည်းစိုက်ပြီး ပေါင်းကူးကြည့်နေတာ ကျေးဇူးပါပဲ မိန်းကလေး ...ယ်'

'အဘ ... ဒါက မခက်ခဲပါဘူး'

'မသိတဲ့လူအတွက်တော့ အခက်ပေါ့ကွယ်၊ ဒါက ခွန်အားပြည့် ...ပြီး လန်းဆန်းစေတယ်ကွဲ့၊ အမောခံနိုင်တယ်၊ ဒါမျိုးကို အဘ ငယ် ...က ဆေးဆရာကြီးတစ်ဦးအိမ်မှာ သောက်ခဲ့ဖူးတယ်၊ ဒါပေမဲ့ မျိုးစပ် ... အဲဒီပုဂ္ဂိုလ်က မပြောခဲ့ဘူးကွယ်၊ မိန်းကလေးရောက်လာတာက ...တအတွက် ကံကြမ္မာကပေးတဲ့ လက်ဆောင်ပါပဲ'

အဘ၏ ချီးမွမ်းစကားကြောင့် သူ နှာခေါင်းရှုံ့သွားသည်၊

အဘက အထင်ကြီးစွာ ကြည့်ပြီး စွတ်ယုံနေသော မိန်းကလေး ... သူတော့ နည်းနည်းမှ ကြည့်မရပေ၊ ပုံတုံးသလို အတွေးအခေါ်လည်း ...ပြီး ဉာဏ်ရည်နိမ့်သည်၊ ဒါတွေက သူ ကြိုက်သောပုံစံမျိုး လုံးဝ ...တ်ချေ၊ သူ့စံနှုန်းထဲ မပါချေ၊ သူ့စံနှုန်းနှင့် ထိုမိန်းကလေးပုံသည် ... ဆန့်ကျင်ဘက်ဖြစ်သည်၊

'ရော့ ... မိန်းကလေး ဒါက ပိတ်စတွေပါ၊ မိန်းကလေးက

www.burmeseclassic.com

www.burmeseclassic.com



ခုခေတ်ပုံမျိုး ဝတ်တတ်မယ် မထင်ဘူး၊ ဒါက ချုပ်အပ်နဲ့ ချည်လုံး အဲဒီလောက်ဆို အဆင်ပြေမလား'

'မျက်နှာမထားတတ်လောက်အောင်ပါပဲ အဘရယ်၊ ကျေးဇူးကြီး လှပါတယ်'

'ကျွန်တော့်အတွက်ရော ... အဘ၊ ကျွန်တော့်အင်္ကျီလည်း ပြဲနေပြီး နည်းနည်းခေတ်မီတာလေး လုပ်ပါဦး'

'အဝတ်ဆိုတာ ခန္ဓာကိုယ်အတွက် အကာအကွယ်တစ်ခုပဲ အလှည့်အလှယ်ရှိတယ်ဆို လုံလောက်ပါပြီကွာ'

'မယုံတော့ဘူးဗျ ပေါ်ကုန်ပြီ'

'အဲဒါဆိုလည်း စောင်ပတ်နေကွာ၊ စောင်ကထူရင် ခြင်ထောင် ခြုံထား'

'အဘ ... ကျွန်တော်က အဘတူအရင်းကြီးနော်၊ အဘတို့ ရဲ့ တစ်ဦးတည်းသော မျိုးဆက်'

'အဲဒီမျိုးဆက်ကို ဖြတ်ပစ်ချင်နေပြီ ဟေ့ကောင် ... အလကား ဘာအသုံးမှကို မကျဘူး၊ အခု မင်းဘာလုပ်ပြီးပြီလဲ၊ ထင်းခွဲပြီးပြီလား ရေခင်ပြီးပြီလား၊ မြေပေါက်ပြီးပြီလား'

'လုပ်မှာပေါ့ဗျာ ... ခုမှ ...'

သူ စောဒကတက်ချင်သည်၊ သို့သော် နီမြန်းနေသော အဘ၏ မျက်နှာကြောင့် အရိပ်အခြည်ကြည့်နေရသည်၊ ထိုစဉ် . . .

'အိမ်ရှင်တို့ ... အဘမောင်တင် ... အဂ္ဂါ'

အိမ်ရှေ့ဘက်ဆီမှ အသံတစ်သံကြားရသည်၊



သူက ပုံမှန်အနေအထားဆိုသော်ငြား အဘ မျက်နှာပျက်သွား သည်၊

'အဘ မောင်တင့်'

ဒုတိယအကြိမ် ကြားရသောအခါ အဘသည် သူနှင့်ရုစာရီ၏ လက်ကိုဆွဲပြီး သစ်ပင်ကြီးနောက် ပုန်းကွယ်လိုက်သည်၊

'မြို့ထဲမှာ သတင်းတွေပြန့်နေတယ်၊ မိန်းကလေးကို မင်း လူပုံ အလယ်မှာ ဆွဲခေါ်ခဲ့တာဆို'

သူ ခေါင်းညိတ်သည်၊ သို့သော် မဝံ့မရဲဖြစ်သည်၊ ပြဿနာ တက်ပြီကို သူ သိလိုက်၏၊ ဘာတွေလဲ၊

'အဲဒါ မိန်းကလေး အိမ်မှာရောက်နေတယ် ထင်နေကြတယ်၊ အသံကို နားထောင် မိန်းကလေးကို လာရှာတဲ့ ညော်သည်ဖြစ်ခဲ့ရင် ... မိန်းကလေးကို ခေါ်ပြေးတော့၊ ဟိုအနောက်က ဖုံကျွင်းဟောင်း ထဲ သွားပုန်းနေကြားလား'

သူ ဒူးတွေတုန်ချင်လာသည်၊ ဌာနဆိုင်ရာနှင့်ပတ်သက်ရမှာ ကို အင်မတန်ကြောက်၏၊ တစ်ခါရန်ဖြစ်ပြီး အချုပ်ခန်းထဲ ငါးညအိပ် ခဲ့ဖူးသည်၊ တန်းစီးရိုက်တာကို လိမ့်နေအောင် ခံလိုက်ရသောအခါ မှ ပြဿနာမရှာရဲတော့ပေ၊

'အဘ ... အန္တရာယ်များလား ... ဘာဖြစ်လို့လဲ ရဲတွေလား'

'နောက်မှ ပြောမယ်၊ အခု ငါ ခိုင်းတဲ့အတိုင်းလုပ် ဟုတ်လား'

အဘသည် သူ့ကိုသာ မှာတမ်းချွေပြီး ထွက်သွားသည်၊

'ဘယ်သူလဲ ... ဟေ့'

www.burmeseclassic.com



'ကျွန်တော်တို့ပါ ... ဒါက လ.ဝ.က လူကြီးတွေပါ'

'ဘာကိစ္စများပါလဲ'

'အဘ မောင်တင့်တို့အိမ်မှာ မိန်းကလေးရောက်နေတယ်ဆိုလို့ ပြီးတော့ အဲဒီမိန်းကလေးက ထီးတင်ပွဲက ...'

ကြားရသော အသံကြောင့် သူ့ဒူးများ တဆစ်ဆစ်တုန်ကုန်သည်။

'ဘာလဲဟင် ... ကိုအဂ္ဂါ'

'မင်း ... မင်း ... မင်းကို လာရှာတာ'

'ဟင် ... ဟုတ်လား ... ဒါဆို ဗုံးကျင်းထဲ သွားပုန်းကြမယ် လေ'

ရှစာရီသည် အဂ္ဂါ လက်ကို ဆတ်ခနဲ ဆွဲသည်။ သို့သော် အဂ္ဂါသည် ခြေလှမ်းများကို ရွှေ့မရပေ။ ခြေဖဝါးသည် မြေကြီးနှင့် ကပ်နေသည်။

'လာလေ ... သွားမယ်'

မိန်းကလေးဆွဲလို့သာ ပါလာခဲ့ရသည်။ ကြောက်စိတ်က မပြယ် နိုင်သေးပေ။

လ.ဝ.က လူကြီးတွေ ပါလာပြီဆိုသောအခါ ပြဿနာသည် သေးသေးလေး မဟုတ်တန်ရာပါ။ သူ ဘာဖြစ်မလဲ။ အခြေက်တိုက်နေရင် သူ့ရဲကောင်းဝင်လုပ်ခဲ့ရာမှ ထောင်နန်းစံရတော့မှာလား။

ရှစာရီက ဘယ်ကလဲ။ အိမ်က ထွက်ပြေးလာတဲ့ သူဌေးသမီးလား။ ပြန်ပေးဆွဲမှုနဲ့ တရားစွဲမှာလား။ သူ ဘာလုပ်ရမလဲ ... ထောင် ထဲတွင် သူ မနေချင်ပါ။ ပဲဟင်းရည်ကျဲကိုလည်း ကန်စွန်းရွက်စိမ်းနှင့်

————ဈ္လူဒသာ————



စားချင်ပါ။ နှိပ်စက်သမျှကိုလည်း မခံလိုပါ။ သို့သော် ရှစာရီသာ အိမ်ပြေး သူဌေးသမီးသာဆိုလျှင် ထောင်နန်းစံရဖို့က နီးစပ်နေပြီဖြစ် သည်။ သူ ဘာလုပ်ရမလဲ။ ဖြစ်ရပ်ကို ဘယ်လိုရှောင်လွှဲရမလဲ။

'ရှစာရီ မင်းနဲ့ငါ လက်ထပ်ကြမလား'

'ရှင်'

'ဒီလိုဟာ ... မင်းလည်း အသက်ပြည့်ပြီ။ ငါလည်း အသက်ပြည့် ပြ တရားရုံးမှာ လက်မှတ်ထိုးလို့ရပြီ။ လက်မှတ်လေးထိုးထားတော့ ဘာပဲဖြစ်ဖြစ် အကာအကွယ်လေးဖြစ်တာပေါ့'

'လက်မှတ်က ဘာကိုပြေတာလဲ ကိုအဂ္ဂါ'

'စာရွက်မှာကွာ မင်းနာမည်လေးရေးတာ'

'စာရေးတာပေါ့'

'အင် ... ဟုတ်တယ် စာရေးတာ'

'အဲဒါမှ အကြီးကြီးသွားတာပဲ ... နေဦး ... သွားလို့မဖြစ် ဘူး။ ဒီလိုလုပ်ကွာ။ စာမရေးတတ်လည်း ကြက်ခြေတော့ ခတ်တတ်မှာ ပဲ'

'အဲဒါကရော ဘာလဲဟင်'

'ခက်တာပဲ ဘောပင်ကိုင်ပြီး တုတ်ကလေးနှစ်ချောင်း ခြစ်လိုက် ရုံပဲ'

'ဘောပင်က ဘာလဲဟင် ... အသံမြည်သလား'

'ပြဿနာပဲ ငါလည်း မင်းနဲ့ကျမှ ရူးချင်လာပြီ။ ဘယ်လို ရှင်းပြရမှန်းတောင် မသိဘူး။ ကလောင်တံ ... အဲ ... ဟုတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ကလောင်တံ။ ဒါနဲ့ နေပါဦး ... မင်း တကယ်မသိတာလား — တမင်ကတ်သတ်နေတာလား'

'မသိတာပါ ... ကိုအဂ္ဂါရယ်။ မကတ်သတ်ဝံ့ပါဘူး'

'ဘောပင်အပြင် ဘာကို မသိသေးဘူးလဲ'

'စာရွက်ဆိုတာရော ပြီးတော့ မီးဖိုချောင်ထဲက အိုးတွေ ရော ဘာကြောင့် ကြေးမုံနဲ့ တူရသလဲဆိုတာရော ... ပြီးတော့ — အသံကြားရတဲ့ စက်ပစ္စည်းရော ... ပြီးတော့ ... ဟိုသေတ္တာသေးသေး လေးထဲက အရုပ်တွေ သွားလာနေတာရော'

'မင်း ... ဘယ်ကမ္ဘာက လာတာလဲ'

'ရစာရီ ... က ဘယ်ကမ္ဘာကိုရောက်နေသလဲ ဆိုတာကိုမေး တာပဲ။ ဒါပေမဲ့ ... ဒီနေရာမှာ နေထိုင်ဖူးတာတော့ သေချာတယ်'

'ခက်တယ် ... ငါက မင်း ပြောနေတာတွေကို နားမလည်တာ ပဲ။ ဘယ်သေတ္တာသေးသေးထဲက အရုပ်လဲ'

'ဘုရားခန်းနားလေးကလေ'

'ရှုးပ် ... ရစာရီရယ် ... အဲဒါက တီဗွီ ... ရုပ်မြင်သံကြား တယ်လီဗေးရှင်းကွာ ... ဟား ... ဟား ... ရယ်ရတယ်'

'သူက သေးသေးလေးနဲ့ လူတွေ အများကြီးရှိတယ်နော်။ အဲဒါ ဘယ်သူတွေလဲ'

'နာမည်ကြီးတွေပေါ့ကွာ ... တိုင်းသိပြည်သိ နိုင်ငံကျော်တွေ'

'အို ... ရှက်စရာကြီး'

'ဗုဒ္ဓေါ ... ရှက်စရာကြီး ... ဟုတ်လား ... အံ့ရောကွာ



အံ့ရော'

'ကိုအဂ္ဂါက ရယ်ရတယ်နော်။ ကိုအဂ္ဂါနဲ့ နေရတာ နည်းနည်း စိုးရိမ်ရပေမယ့် ပျော်စရာကောင်းတယ်'

'မောင်ကြီးဆိုပြီး ဘယ်အခါ ခေါ်မလဲလို့ ရင်ထိတ်နေရတယ်။ မင်းနဲ့ နေရတာက တကယ့်ကို မလွယ်ဘူး။ ခုလိုမောင်ကြီးလို့ မခေါ်ပေး တာပဲ ကျေးဇူးတင်လှပါပြီ'

အဂ္ဂါ၏မျက်နှာသည် ရှုတည်တည်နှင့်ဖြစ်သည်။ ထို့ကြောင့် ရစာရီ သဘောကျသွား၏။ ပါးခွက်ကလေးပေါ်အောင် ပြုံးလိုက်မိသည်။

ရစာရီ၏အပြုံးသည် ထူးခြားလေသောအခါ မထင်မှတ်ပါပဲ သူ နိုးဝေးမိသွားသည်။ ဘဲဥပုံကျ မျက်နှာလေးသည် နှာတံစင်းစင်းလေး နှင့် လိုက်ဖက်လွန်းလှသည်။ နှင်းဆီဖူးနှုတ်ခမ်းဆိုတာ ဒါကို ပြောတာ လားဟု ပြန်လည်ဆန်းစစ်မိသည်။

နှုတ်ခမ်းကို ဟဟလေးဖွင့်ထားသော ရစာရီ၏မျက်နှာလေး သည် ပွင့်ရန်အားယူနေသော ကြာပန်းလေးနှင့်တူနေသည်။ ကြည်စင် ရှင်းသန့်သော မျက်သားလေးသည် စိတ်အလှကို ရည်ညွှန်းနေ၏။ နဖူး စပ်တွင် ကပိုကရိုကျနေသော ဆံစနုလေးများသည် ပြောင်ရှင်းနေသော နဖူးပြင်ကို တိုက်ခတ်သော လေနှင့်အတူ ကျီစယ်နေလေသည်။

သူ ဘာဖြစ်သွားပြီလဲ။ ဘာကြောင့် ဒီနှလုံးက တဒိတ်ဒိတ်ခုန် နေရတာလဲ။ သူ ရူးများသွားပြီလား။ အရူးမလေးကို ရင်ခုန်ရလောက် တဲ့ထိ ရူးမိုက်သွားပြီလား။ စိတ်ထိန်းစမ်းဟု မိမိကိုယ်မိမိ သတိပေးနေမိ သော်ငြား ရင်ခုန်သံကို ချုပ်တည်း၍မရ။ လေနှင့်အတူ ပါလာသော

www.burmeseclassic.com

www.burmeseclassic.com



ရှစာရီ၏ ကိုယ်သင်းရနံ့သည် သူ့စိတ်ကို ညှို့ငင်ဖမ်းစားနေလေသည် လေထဲမျှောလွင့်နေသော ရှစာရီ၏ ဆံနွယ်လေးများကို ငုံ့မွှေးချင်လာသည်။

သူ တဲတွေးကို အကြိမ်ကြိမ်မျိုချနေရသည်၊ သို့သော် စိတ် တည်ငြိမ်မှုတော့ မရှိချေ။ လွတ်ထွက်ချင်နေသော သူ့စိတ်တွေကို ထိန်းချု နေရသည်၊ အချိန်ကြာပါက သူ့စိတ်ကို သူ အာမမခံနိုင်တော့ပေ ထို့ကြောင့် ရှစာရီ၏ပခုံးကို ခပ်ဝေးဝေးသို့ တွန်းသည်။

'သွားစမ်းပါ ... ငါ့နား ဘာကပ်လုပ်နေတာလဲ'

ကြမ်းတမ်းသောအပြုအမူကြောင့် ရှစာရီသည် ဝမ်းနည်းသွား သည်။ ရှက်လည်းရှက်မိ၏။

ပြေပြေလည်လည် ပြောဆိုနေရာမှ ရုတ်တရက် ထဖောက်သည့် ကိုအဂ္ဂါကို ရှစာရီ နားမလည်ပေ။

'ငါနဲ့ ခပ်ဝေးဝေးနေ ... ဣန္ဒြေသိက္ခာနဲ့နေ ဟုတ်လား'

ရှစာရီ၏ ပါးအိုလေးသည် နီးမြန်းလာသည်၊

ဘာမှလည်း မလုပ်ရဘဲနဲ့ အသားလွတ်အပြောခံရသည့်အတွက် ရှက်သည်၊ ရှစာရီ လုပ်မိသည့်အပြစ်သည် ကြောင်အမ်းနေသော သူ့ လက်ကို ဆွဲခေါ်လာမိခြင်း တစ်ခုသာရှိသည်၊ ဖုံးကျင်းထဲပုန်းနေရခြင်း မှာ အဘ၏ စေခိုင်းချက်ကြောင့်ဖြစ်သည်၊ မြေကွက်တွင် ပုန်းနေသော ကြောင့် တစ်ယောက်နှင့်တစ်ယောက် နီးကပ်နိုင်သည်။ ဒါက ရှစာရီသည် ဣန္ဒြေမဲ့သောမိန်းကလေး ဖြစ်သွားလေသလား။

ထိုစကားကို အဘက ပြောလျှင် ရှစာရီ စိတ်ထဲ နေသာနိုင်



သည်၊ သို့သော် ကိုအဂ္ဂါထံမှ ကြားရသောကြောင့် ရှက်သည်။ ကိုအဂ္ဂါ နှင့် ရှစာရီသည် အသက်အရွယ် အများကြီးမကွာဟပေ။ ပြီးနောက် ကိုအဂ္ဂါသည် မောင်ကြီး မဟုတ်ဘူးဆိုတာ ရှစာရီ စိတ်ထဲသိနေသည်။

နားရွက်ထိပ်ဖျား ပြတ်နေတာချင်းနှင့် ရုပ်ရည်ချင်းတူရုံမှလွဲ၍ အကျင့်သည် ဆန့်ကျင်သည်၊ စကားပြောဟန် ဆိုပေါက်သည် လုံးဝ မသက်ဆိုင်ပေ။ သို့သော် ... ရှစာရီ စိတ်ထဲ ကိုအဂ္ဂါကို ရင်းနှီးမိသည်။ ထို့ကြောင့် ခင်ခင်မင်မင်နေမိခြင်းဖြစ်သည်၊ ဒါက ရှစာရီသည် အထင် သေးစရာ မိန်းကလေးဖြစ်သွားပြီလား။

မိမိခင်သလို မခင်ရလေကောင်းမလားဆိုသည့် အသိကြောင့် ရင်ထဲဆို့သွားသည်၊ ဝမ်းနည်းသည်။ ထို့ကြောင့် ပြုံးနေသော နှုတ်ခမ်း သည် တဖြည်းဖြည်း တည်သွားပြီး ကြည်လင်သော မျက်လုံးတွင် အရည် များလဲ့လာသည်။ ထိုမျက်ဝန်းလေးကြောင့် ကိုအဂ္ဂါ ရင်ထဲ တစ်စုံတစ်ခု ဖြစ်သွား၏။

မငိုပါနဲ့ ... ရှစာရီရယ်၊ ငါ မနေတတ်တော့ဘူး၊ မင်းရဲ့ မျက်ရည်တွေ ကျမလာပါနဲ့၊ မင်း မျက်ရည်တွေကျလာရင် ငါ သုတ် ပေးမိလိမ့်မယ်၊ မင်းရဲ့ ပခုံးကို ကိုင်ပြီး ငါ နှစ်သိမ့်ပေးမိလိမ့်မယ်၊ အဲဒီအချိန်ရောက်ရင် ငါ့စိတ်တွေကို ငါ ထိန်းနိုင်တော့မှာ မဟုတ်ဘူး။ မင်းအပေါ် ငါ ရှိသားချင်တယ်၊ ဒါကြောင့် ငါ့ကို အဲဒီလိုကြီး ကြည့် နေပါနဲ့ မငိုပါနဲ့နော်'

ရှစာရီသည် သူ့ကို သိမ်ငယ်စွာ စိုက်ကြည့်နေရာမှ ရုတ်တရက် ခေါင်းငုံ့သည်။ ပြီးနောက် ဖုံးကျင်းပေါ် ခုန်တက်ကာ ပြေးထွက်ဖို့ကြံသည်။

www.burmeseclassic.com



'ဟော့ ... ခဏ'

သူ တားချိန်ပင် မရလိုက်ပါချေ။ ရစာရီသည် ထွက်ပြေးသွားသည်။ သူ စိုးရိမ်သွားမိ၏။ အိမ်မှာ ဧည့်သည်တွေရောက်နေသည် ထို ဧည့်သည်တွေ ရစာရီကို မြင်သွား၍ မရချေ။

'ရစာရီ'

အသံကျယ်ကြီးနှင့် အော်ကာ ရစာရီနောက် ပြေးအလိုက်တွင် ရစာရီသည် တစ်စုံတစ်ယောက်၏ ရင်ခွင်ထဲရောက်နေသည်ကို မြင်လိုက်ရ၏။ သူ့ရင်ထဲ ဟာခနဲဖြစ်သွားသည်။ တခဏလေးဆိုသော်ငြား နှလုံးသားမရှိတော့သလို ခံစားလိုက်ရသည်။

မှန်ပါ၏။ မင်းသုတေ ဖြစ်သည်။

ရစာရီသည် ခလုတ်ထိ၍ လဲကျမည်ကြံခိုက်တွင် မင်းသုတေက ဖမ်းဆွဲထားမိခြင်းဖြစ်သည်။

'ဘာ ... ဘာဖြစ်သွားသေးလဲ'

'အဲ ... ဟို ... ဟို'

ရစာရီသည် အိုးတိုးအမ်းတမ်းဖြစ်နေသည်။

သူစိမ်း၏ ရင်ခွင်ထဲမှ ရုန်းထွက်ပြီး အင်္ဂါထံသို့သာ အားကိုးတကြီး ကြည့်နေမိသည်။ ဘာဖြေရမလဲ။ ဘယ်လိုလုပ်ရမလဲဆိုသည့် အားကိုးမှုမျိုး အကြည့်ထဲ ပါဝင်၏။

ထိုအကြည့်ကို အင်္ဂါလည်း သဘောပေါက်သည်။ အားကိုးသောသူရှိသောအခါ အားကိုးခံရသူပီသချင်သည်။ ထို့ကြောင့် သူစိမ်းယောက်ျားကို ဆွဲထိုးမည်ဟူသော အကြံအစည်နှင့် ခြေလှမ်းကျဲလှမ်းလာမိသည်



သို့သော် ... သူစိမ်း၏ မျက်နှာကို မြင်ရသောအခါ တင်းထားသောစိတ်များသည် အလိုလို ယိမ်းယိုင်စပြုလာသည်။

'သူက ဘယ်သူလဲ အင်္ဂါ'

အပြုံးနှင့်အသံကို တစ်ပြိုင်နက် ခံစားလိုက်ရသောအခါ ယိုင်စပြုနေသော စိတ်သည် အတုံးတုံးအရုံးရုံး လဲပြိုသွားတော့သည်။ မော့နေသော ခေါင်းသည် ညွှတ်ကျလာသည်။ ထိုမျက်နှာကို ဒုတိယအကြိမ် မော်မကြည့်ဝံ့ချေ။

'ဟိုလေ ... အဲ ... အဲ ... ကျွန်တော်'

ဘာဖြေရမှန်း မသိချေ။ ပြဿနာတက်မှာသာ စိုးရိမ်၏။ ဦးမင်းသုတေသည် ပြတ်သားသူဖြစ်မှန်း သိသည်။ ဒီခြံမှာမနေနဲ့တော့ ရှုပ်ရှုပ်ယှက်ယှက်တွေဟု ပြောလျှင် သူတို့ တူဦးကြီး ဘယ်နေလို့နေရမှန်း မသိပေ။

'ဟို ... သူက ... သူ ... အရူး ... အဲ ... ဟုတ်ပါဘူး။ ကျွန်တော့် မိန်းမပါ။ ကျွန်တော်က ချစ် ... ချစ်စနိုးနဲ့ အရူးမလေးလို့ ခေါ်တယ် ... ဟုတ်တယ်နော် မိန်းမ'

ခပ်တည်တည်ပင် ရစာရီ၏ ပခုံးကို လှမ်းဖက်ပြလိုက်သည်။

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကို ရစာရီသည် နားမလည်ပေ။ ကိုအင်္ဂါက လိမ်နေမှန်းလည်း သိသည်။ သို့သော် ကိုအင်္ဂါကို ယုံသည်။ ပြဿနာတစ်စုံတစ်ခု ရှိ၍ ညာနေသည်ဟု ခံစားရသည်။ ဤလောကသည် ရစာရီ ကျင်လည်ခဲ့သော လောကနှင့်မတူပေ။ ရှုပ်ထွေးသည်။ ထို့ကြောင့် ရစာရီ နားမလည်သည်က များ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်လည်း မသိလိုက်ရပါလား ... ဘယ်အချိန်ကလဲ'

'မ ... မကြာသေးဘူး ... ခိုးပြေးထားတာ'

မလုံမလဲ ဖြေနေသော အင်္ဂါ၏ စကားလုံးများသည် လေထဲ လေသိမ်းမငြိမ်ချေ။

ထိုသို့သော ကလေးမိုးကို မင်းသုတေ ကောင်းကောင်းအကဲခတ် မိ၏။ အင်္ဂါ၏စကားသည် ညာနေတာပဲဆိုတာ အင်္ဂါ၏မျက်လုံးကို ကြည့် နေရုံနဲ့ မင်းသုတေ တန်းသိသည်။

မင်းသုတေ၏ အာရုံသည် မိန်းကလေး၏ လည်ပင်း လည်ဆွဲတွင်ရှိနေသည်။ သို့သော် ထိုမိန်းကလေးကို စိတ်မဝင်စားပုံမျိုး ဟန်လုပ်သည်။

'လက်သွက်လှချည်လား ... ဟ ... ဟမ် ... ကိုယ် မင်းကို ငယ်သေးတယ်လို့ တွေးနေတာ'

စိတ်ထဲမရှိသော စကားလုံးကို ပြောဆိုနေသော်ငြား မင်းသု တေ၏ နှုတ်ခမ်းသည် အပြုံးရေးရေးစွတ်စိုနေသည်။

'မငယ်တော့ပါဘူးဗျာ ... နှစ် ... နှစ်ဆယ်ပြည့်ပြီဗျ'

'ဒါနဲ့ ... မိန်းကလေး နာမည်က ခုနက ခပ်ရေးရေး ကြား ပါတယ် ... ဘာ ရှ ...'

သေချာချင်သောကြောင့် စကားထောက်လိုက်သည်။ အင်္ဂါ သည် နာမည်ကိုတော့ လိမ်မပြောလောက်ဘူးဟု ထင်သည်။

'ရှစာရီပါ'

သေချာသောအသံကြောင့် မင်းသုတေ၏ ရင်ခုန်သံသည်



ခိတ်ခနဲ ဆောင့်တုန်သွားသည်။ စိတ်ကိုထိန်းထားသည့်ကြားမှ မိန်းကလေး ကို စူးခနဲ ကြည့်လိုက်မိသည်။

ဉာဏ်ကောင်းသော လူမို့ တစ်ခါကြည့်ရုံနဲ့ အာရုံထဲ ပုံဖော်နိုင် ပြီဖြစ်သည်။

မင်းသုတေ မှတ်မိသွားပြီဖြစ်သည်။ သို့သော် ယုံကြည်ရန်ခက်ခဲ နေသည်။

ဒီမျက်လုံးပါပဲ။ ဒီနှုတ်ခမ်းပါပဲ။ ဒီအကြည့်တွေပါပဲ။ ကာလ ကြာရှည်စွာ ကြည့်ခဲ့ဖူးသော ပန်းချီမို့ မင်းသုတေ နှလုံးသားထဲ စွဲနေ သည်။ ထို့ကြောင့် သေချာလှ၏။ မမှားနိုင်ပေ။ ဒီမိန်းကလေးသည် ဒိုင်ယာရီထဲမှ ရှစာရီပါပဲ။ ကျောက်ချပ်ထဲမှ ရှစာရီပါပဲ။ ပန်းချီထဲက မိန်းကလေးပါပဲ။ ဒါဆို အွန်လိုင်းပေါ်မှာ ဖတ်ခဲ့ရတာတွေက ဘာတွေလဲ။

'နာမည်လေးက လှသားပဲ'

ထိုအသံသည် ခြောက်သွေ့လှသည်။ ရင်ထဲကမပါမှန်း သိသာ သည်။

'ဦးသုက အိမ်မည်းမှာပဲ နေတာလား ... ဘယ်တုန်းက ရောက်သလဲ။ ထီးတင်ပွဲတုန်းက ဦးသု လာမလားလို့ မျှော်နေသေး တယ်။ ဦးသုကို မတွေ့တာ သုံးနှစ်ရှိသွားပြီနော်'

မင်းသုတေသည် အင်္ဂါ၏ ဟီးရိုးဖြစ်သည်။ တည်ငြိမ်သည်။ ယောက်ျားပီသသည်။ ကြွယ်ဝချမ်းသာပြီး တပည့်တပန်းများစွာနှင့် ခမ်း ခမ်းနားနား နေထိုင်သည်။ လုပ်ငန်းများစွာကို ဦးစီးလုပ်ကိုင်သည်။ သို့ သော် ချစ်သူရည်းစားမရှိချေ။ မိန်းကလေးတွေကို စိတ်မဝင်စားချေ။

———ပြီးသော———

www.burmeseclassic.com

www.burmeseclassic.com



မိန်းမများနှင့် အရှုပ်အရှင်းကင်းသည်။

ဦးမင်းသုတေကို အားကျတဲ့စိတ်ကြောင့် အဂ္ဂါသည် ယခုချိန်ထိ ရည်းစားမထားခဲ့ပေ။ မိန်းကလေးလှလှမြင်လျှင် ကြိုက်ချင်သော်ငြား ထိန်းချုပ်ထားရသည်။

မိန်းမဆိုသည်က ကိုယ်ကလိုက်လျှင် ပြေးတတ်ပြီး ကိုယ်က ပြေးလျှင် လိုက်နေတတ်သည်ဟု အဂ္ဂါ ယုံကြည်ထားသည်။ ဦးမင်းသုတေလိုပဲ မိန်းမများ၏လိုက်ခြင်းကို ခံချင်သည်။ ထို့ကြောင့် မိန်းကလေးတွေကို လိုက်ချင်လျှင်ပင် ထိုစိတ်ကို ရေနှင့်အတူ ရောကြိတ်မျိုချလိုက်ရသည်။

သို့သော် အဂ္ဂါက ဦးမင်းသုတေကိုတော့ လုံးလိမ်မာမဖြစ်လိုပေ။ ဦးမင်းသုတေလို ငွေကြေးပြည့်စုံပါက လူမိုက်တွေကို စုစည်းပြီး ဂိုဏ်းစတားကြီးလုပ်ချင်သည်။ ကမ္ဘာအနှံ့ပတ်ချင်သည်။ တစ်နိုင်ငံလုံးမှာရှိသော လူမိုက်တွေကိုစုစည်းပြီး ဗိုလ်လုပ်ချင်သည်။ သို့သော် ယခုထက်ထိတော့ ဦးမင်းသုတေကို ကြောက်နေရဆဲဖြစ်၏။

ကြောက်တာတော့ မဟုတ်သော်ငြား လေးစားအားကျသူမို့ အနေရှိန်သည်။ ဦးမင်းသုတေက ဘာမှ မပြောရသေးခင် အရိပ်အကဲကြည့်ပြီးနေပြီဖြစ်သည်။ ဦးမင်းသုတေက သူ့ဘဝကို လွှမ်းမိုးနိုင်သူဖြစ်သည်။ ဘယ်ဘဝက ရေစက်မှန်းမသိသော်လည်း ဦးမင်းသုတေကိုတော့ အလိုလို အနေရှိန်နေမိသည်။

ဦးမင်းသုတေနှင့် အဂ္ဂါသည် အသက်ချင်းတော့ သိပ်မကွာဟပေ။ သို့သော် အဂ္ဂါသည် နှစ်ဆယ်နှစ်အောက်ဟု ထင်ရပြီး ဦးမင်းသုတေ



ကတော့ အသက်လေးဆယ်ကျော်ဟု ထင်ရသည်။ ဦးမင်းသုတေသည် လူကြီးဆန်သည်။

ဆံပင်ကို အမြဲတိုတိုတိ ညှပ်ထားတတ်ပြီး နဖူးကိုပြောင်အောင်ထားသည်။ နဖူးပေါ် ဆံပင်တစ်မွေးတစ်မျှင် ကျနေတာမျိုး မမြင်ဘူးချေ။ ဆံပင်ကို ဆီတစ်မျိုးလိမ်းထားပြီး ဗမတ်ကျကျ အင်္ကျီနှင့် ဘောင်းဘီကို အမြဲကျကျဝတ်ပြီး အထက်တန်းကျကျ နေတတ်သူဖြစ်သည်။ ပြောင်လက်နေသော ရှူးဖိနပ်တွင် ဖုန်တစ်မှုန်ကပ်မနေချေ။ ဦးမင်းသုတေ အနားသို့ ကပ်လာပါက သိသာသည်။ စိတ်ကို ကြည်လင်စေသည့် အနံ့သင်းသင်းကို ဦးစွာရှူရှိုက်မိ၏။ မိန်းကလေးများ ရူးလျှင်ရူးလောက်ပါပေသည်။ ဆွဲဆောင်မှုရှိတာကိုး။

အဂ္ဂါကသာ ကွေးကောက်သော ဆံပင်က ခေါင်းတွင် အပုံလိုက်ဖြစ်နေသည်။ ထို့ကြောင့် အရှည်ထားပြီး မမိတမိ စုချည်ထားသည်။ အဂ္ဂါ၏ဆံပင်သည် မမိတမိ စုချည်ထားကမှ ဖရိုဖရဲနှင့် ကြည့်လို့ကောင်းနေသေးသည်။ အရှည်ထားပါက အဘ၏ ကြိမ်စာမိမည်။ အတိုထားပါက လျှော့တိလျှော့ရဲ စည်းထားသော ကောက်ရိုးထုံးနှင့်တူသည်။ သို့သော် အချို့အချို့ကတော့ အဂ္ဂါကို နှာတံစင်းပြီး ချောသည်ဟု ဆိုသည်။

အဂ္ဂါထံတွင် ခိုးကျူးစရာဆို၍ နှာတံတစ်ခုသာ ပိုင်ဆိုင်သည်။ နှာတံလှသောကြောင့် ကပိုကရို ဆံပင်သည် မျက်နှာနှင့် လိုက်နေသည်ဟု ထင်သည်။

လူက အပျင်းထူသော်လည်း ကိုယ်လုံးကိုယ်ပေါက်တောင့်ပြီး

www.burmeseclassic.com



အရပ်ရှည်သည်။ ထွားထွားကျိုင်းကျိုင်းရှိသည်။ ဤသို့လို လူများက အဘာ လုပ်စာ ကပ်စားနေသောကြောင့် စိတ်မလုံမလဲဖြစ်သည်။အဘာသည် ဂျပန်လက်ကျန်ပမာ ခပ်ပုပုအကောင်သေးသေးဖြစ်သည်။ သို့သော် လက်သံတော့ပြောင်လှ၏။ ထွားကျိုင်းသော အဂ္ဂါကိုပင် ခုန်ခုန်ပြီးရိုက်တတ်သည်။ အဂ္ဂါသည် အဘာကို မကြောက်သော်လည်း အဘာ၏ကြိမ်လုံးကိုတော့ ကြောက်သည်။

'သြော် ... ကိုသုက ဒီရောက်နေမှကိုး'

အသံနှင့်အတူ သုတို့အနီးသို့ ဦးမောင်တင့် ရောက်လာသည်။

'ကားဝင်လာတာ မြင်တယ်။ လ.ဝ.က လူကြီးတွေရောက်နေလို့ ချက်ချင်းလိုက်မလာနိုင်ခဲ့ဘူး'

'လ.ဝ.က လူကြီးက ဘာကိစ္စလဲ'

'အဲ ... ဟိုလေ ... ဒီကောင် အဂ္ဂါပေါ့ ပြဿနာရှာထားတာလေ။ လ.ဝ.က လူကြီးရဲ့သားနဲ့ ရိုက်မှုဖြစ်ကြတာ'

အဘာပုံစံသည် မလုံမလဲဖြစ်၏။ ထို့ကြောင့် အဂ္ဂါရင်ထဲ သရိုးသရီ ခံစားလိုက်ရသည်။

ဘာလို့လဲ ... အဘာက ဦးမင်းသုတေကို ဘာကြောင့် လိမ်ရတာလဲ။

'အဂ္ဂါက အဲဒါလေးတွေတော့ ချစ်ဖို့ကောင်းသားပဲ။ လူငယ်တွေဆိုတော့ ဖြစ်တတ်ပါတယ်။ တော်တော်ပြဿနာရှာတဲ့ ကောင်ပဲ။ ဒါပေမဲ့ မိန်းမရပြီဆိုတော့ ခြေငြိမ်တော့မှာပါ'

'မိန်းမ ... ဟုတ်လား'



အံ့သြသွားမည့် ဦးမောင်တင့်၏ မျက်နှာကဲကို ခတ်ချင်သောကြောင့် မင်းသုတေသည် ထိုစကားကို တမင်ပြောလိုက်ခြင်းဖြစ်၏။

သေချာသွားပါပြီ။ အဂ္ဂါ၊ ဦးမောင်တင့်၊ ရစာရီတို့ကြား တစ်ခုခုတော့ ရှိရမည်။

သို့သော် သု ဆုတောင်းမိသည်။ ရစာရီဆိုသော မိန်းကလေးသည် သု သိသော ရစာရီ ဖြစ်ပါစေဟု ...

x x x

www.burmeseclassic.com



နေရောင်မလာသေးခင် တောထဲဝင်နိုင်ရန် ဦးမောင်တင့် စော စောထဖြစ်သည်။ မျက်နှာသစ်ရန် တံစက်မြိတ်သို့ ထွက်အလာ အုံ့ညြစရာမြင်ကွင်းနှင့်ကြုံသည်။

ပထမတော့ မျက်စိမှားသလားဟု ဇဝေဇဝါဖြစ်သွားသည်။ သော် မှားစရာအကြောင်းမရှိချေ။ အရွဲအရွယ်တည်းက ခုလို လူပျို ဖားဖြစ်တဲ့ အချိန်ထိ ပြုစုပျိုးထောင်လာခဲ့ရသည့် တစ်ဦးတည်းသော ဆွေမျိုးဖြစ်သည့် အဂ္ဂါ။

အနည်းငယ် ပေပေတေတေ နေတတ်သည်မှလွဲ၍ စိတ်ရင်းကော လုသည်။ သဘောထားလေး ပြည့်ဝသည်။ ထို့ကြောင့် အဂ္ဂါ၏ မျက် ပေါ်တွင် ပူပြင်သောက မရှိပေ။ အဂ္ဂါကို မြင်ပါက အေးချမ်းသည် နွေးထွေးသည်ဟု သူဌေးမင်းသုတေ ကိုယ်တိုင် ချီးမွမ်းဖူးသည်။

အမှန်လည်း အဂ္ဂါသည် သဘောထားပြည့်ပြီး နွေးထွေးသူ သည်။ အပေါင်းအသင်းမင်သည်။ ရှိသမျှ အဝတ်အစားတွေကို ခွ ပေးတတ်လွန်း၍ အထည်ကောင်းကောင်းကန်းကန်းကို ဝယ်မဆင်ရဲ အစားအသောက်ကို ချေးမထူးဘဲ ချက်ထားတာ စားတတ်သည် ကျောတွင် တုတ်စင်းရာကြီး ဘယ်လောက်ထင်ထင်မရှက် မကြော သူငယ်ချင်းတွေရှေ့ အင်္ကျီချွတ်ပြီး နေတတ်သူ။ အစဉ်အမြဲ ပြုံးရွှင်



ဘတ်ပြီး အစားအစာကို မြိန်ရည်ယှက်ရေ စားတတ်သူဖြစ်သည်။

တစ်ခါတစ်ရံ အဂ္ဂါ၏ ကြံ့ရည်လက္ခဏာကို ကြည့်ရင် အရင် ဘဝက ငတ်ပြတ်ပြီးသေခဲ့သူလားဟု နောက်ပြောင်တတ်သည်။ အဂ္ဂါကို နောက်ပြောင်မိသော်လည်း အဂ္ဂါသည် အရင်ဘဝက စိတ်ဒုက္ခများခဲ့ သူဟု ခန့်မှန်းမိသည်။ ဘာဖြစ်လို့လဲဆိုတော့ မပြည့်စုံသော ဘဝကို ဖော့်သလို နေတတ်၍ဖြစ်သည်။ တစ်ဦးတည်းသော ဆွေမျိုးမို့ တုန်နေ အောင်ချစ်သော်လည်း ချစ်ခြင်းကို အပြင်သို့ ထုတ်မပြဘဲ ဝမ်းထဲ၌သာ သိမ်းဆည်းထားမိသည်။

ကြမ်းနေရမ်းနေခဲ့သော်လည်း ရင်ထဲကတော့ အဂ္ဂါကို သနားမိ သည်။ ငယ်ငယ်ရွယ်ရွယ် မိတဆိုး၊ ဖတဆိုးဖြစ်ရှာသူလေးမို့ အချစ်ပို သည်။ ညီဖြစ်သူ မောင်မိုးသည် ငှက်ဖျားမိ၍ ဆုံးသည်။ မောင်မိုးဆုံးပြီး ကြာခင်တွင် ခင်ခင်သည် အဂ္ဂါကို မွေးသည်။ သို့သော် မီးဖွားခြင်း ခက်သောကြောင့် အဂ္ဂါကို မွေးရင်း အသက်ဆုံးရှုံးခဲ့ရသည်။ အဂ္ဂါသည် ဘဝကို ကံဆိုးမှုနှင့်သာ စတင်ခဲ့သည်။ သို့သော် အဂ္ဂါကို ကြည့်လိုက် လျှင် ကံကောင်းသူဟု ထင်မှတ်ရသည်။ အမြဲတမ်း လန်းဆန်းနေတတ် ၏၊ ဒီလိုလူမျိုးက ယခု ဘာကြောင့် ငေးမှိုင်နေတာလဲ။ နေဖင်ထိုး အောင် အိပ်တတ်တဲ့လူက ဘာလို့ မိုးမလင်းခင် ထထိုင်နေရတာလဲ။

'အဂ္ဂါ'

'အဘ နိုးလာပြီလား'

'အခုမှ အပြင်က ပြန်လာတာလား။ မင်းတော့လားကွာ ဘဝကို ဘယ်တော့မှ လေးလေးနက်နက် မတွေးဘူး။ အိမ်မှာ မိန်းမပျိုလေးရှိ



www.burmeseclassic.com

www.burmeseclassic.com



နေတာ အနေအထိုင်ဆင်ခြင်မှုပေါ့ကွ'

'ကျွန်တော် အိပ်မက်မက်တယ် အဘ'

အဂ္ဂါ၏ အသံသည် အထူးတည်ငြိမ်နေသည်။ ထို့ကြော ဦးမောင်တင့်သည် အိုးထဲမှရေကို မခပ်သောက်နိုင်တော့ဘဲ အဂ္ဂါ ခန့်မှန်းသည်။

'မင်း ... မနေ့ညက အပြင်မသွားဘူးလား'

'ကျွန်တော် အိပ်မက်ထဲမှာ မြားမှန်ထားတယ်။ ကျွန်တော သေတော့မယ် ... နာတယ် ... ရင်ထဲကရော ... နာတယ်၊ သေ တွေနဲ့ ... ဘယ်သူမှ ကျွန်တော့်ကို မကယ်ကြဘူး။ ကျွန်တော် မှောင်နေတဲ့ ကျင်းကြီးထဲမှာ ပိတ်မိနေတယ်'

အဂ္ဂါသည် နဖူးကြောများ တွန့်နေသည်။ တစ်ခုခုကို အပြ အထန် စဉ်းစားနေပုံရသည်။

ဦးမောင်တင့်သည် ရေအိုးနားမှ ထွက်လာပြီး အဂ္ဂါ၏ဘေးတွ ဝင်ထိုင်သည်။

'အိပ်မက်ဆိုတာ ဒီလိုပါပဲ ... သွေးလေချောက်ချား မက်တတ်တာပဲ'

'မဟုတ်ဘူး ... အဘ ... ကျွန်တော် တကယ်နာနေတာ ကျွန်တော့် နားရွက်ကလည်း သွေးတွေကျနေတယ်'

အဂ္ဂါ ရင်ထဲ ခံစားနေရပြီဖြစ်ကြောင်း ဦးမောင်တင့် ခံစာ လိုက်ရသည်။ အဂ္ဂါသည် ထူးဆန်းသော ကလေးဖြစ်သည်။ စကားတတ တာစအရွယ်တွင် သုနန္ဒီယ ဘုရင်ကို မုန်းတယ်ဟု ပြောသည်။ ဘုရ





ုန်းအောက်ရှိ ကျောက်ချပ်ကို လက်ညှိုးထိုးပြီး ဒီအထဲဝင်မယ်ဟု ကြာခဏ ပြောတတ်သည်။ ထိုအချိန်က ဦးမောင်တင့် စိတ်ထဲ ဝေဝါ ဖြစ်ခဲ့ရသည်။ လူဝင်စားများလား ... ဘာကိုရည်ညွှန်းတာ ဲဟု မကြာခဏ တွေးမိသော်လည်း အဂ္ဂါ ကြီးလာသည်နှင့်အမျှ ထို တွေးတို့ ပျောက်ကွယ်သွားကုန်သည်။ သို့သော် ထိုသို့ ပျောက်သွား င်းသည် ရုစာရီကို မတွေ့ခင်အချိန်ထိ ဖြစ်သည်။ ရုစာရီသည် မျက်လှည့် ဲ့ဆဲကပါဟု အဂ္ဂါက ပေါ့သော စကားဆိုခဲ့သည်။ သို့သော် နောက် း‌တွင် သိလိုက်ရသော အကြောင်းအရာသည် ဦးမောင်တင့်ကို အံ့အား င့်စေခဲ့သည်။ မဖြစ်နိုင်သော အကြောင်းအရာမို့ ရုစာရီ၏စကားများ ကို မယုံချင်ပါ။ သို့သော် ခိုင်မာသော အကြောင်းအရာများကြောင့် ယုံကြည်၍လည်း မရပြန်ပါ။ ရုတ်တရက် မယုံချင်ခဲ့သော်လည်း ရုစာရီ း အချိန်တစ်ခုထိ တစ်အိမ်တည်း အတူနေထိုင်သောအခါ ထူးဆန်းမှု ကို သတိပြုမိလာသည်။

ရုစာရီသည် ထူးဆန်းသော ရတနာကို ဝတ်ဆင်ထားသည်။ ူးဆန်းသော ရှေးသုံးများ သုံးတတ်သည်။ ရှေးဆန်သော ဟင်းအမျိုး ခည်ကို ချက်ကျွေးခဲ့သည်။

ပြီးနောက် ပါးလွှသောဓားသွားဖြင့် ပိတ်စကို ဆွဲဖြဲပြီးချုပ်အပ် င်ပင် အထည်ကို ကျွမ်းကျင်စွာပုံးတွဲချုပ်သည်။ ရုစာရီ ချုပ်လုပ်သော ကျီသည် ယခုခေတ်မိန်းကလေးများ ဝတ်လေ့မရှိသော ပုံမျိုးဖြစ်သည်။ ာရီသည် ခြေလှမ်းစိပ်စိပ်လှမ်းပြီး အသံမကြားရအောင် လျှောက်လာ ည်။ အင်္ကျီကို လည်ပင်းကျယ်၊ ချက်ပေါ်ဝတ်ပြီး အပေါ်တွင် တဘက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ထည်ခြုံသည့်ပုံမျိုး ချုပ်လုပ်ဝတ်ဆင်သည်။ ကြွန်အင်လကွထားအ
ရုစာရီသည် ယခုခေတ်မှ မိန်းကလေးမဟုတ်ကြောင်း အကဲခတ်မိသည်။
သို့အညီ ရုစာရီ၏ အသက်အရွယ်ကို ဦးမောင်တင့် မခန့်မှန်းတတ်ေ
သို့သော် ရုစာရီ၏ဘဝကို စောင့်ရှောက်ချင်သည်။ မွေးစားသူငယ်၊ နား
သူငယ်နှင့်မို့ ကူညီဖေးမပေးချင်သည်။

သို့သော် ပြဿနာကို လက်ရပ်ခေါ်သလို ဖြစ်နေပြီလားဆိုတာ
မတွေးတတ်ပေ။ ပြဿနာတော့ စတင်ရောက်ရှိနေပြီဖြစ်ကြောင်း ရင်ထဲ
မှာ ခံစားရသည်။ လ.ဝ.ကမှ အရာရှိများကို ယုတ္တိယုတ္တာန်နှင့် ရှင်
လိုက်ရသည်။ လူငယ်တွေအချင်းချင်း စတန့်ထွင်ပြီး စနောက်ကြတာ
မိန်းကလေးက ယခု အိမ်မှာရှိမနေပါဘူးဆိုကြောင်း ဘယ်ကလာ
မိန်းကလေးမှန်း မသိ၍ ဘယ်ပြန်သွားမှန်း မသိကြောင်း၊ နောင်အ
ဤသို့ မနှောက်ပြောင်ရန် အဂ္ဂါကို ထိန်းသိမ်းဆုံးမမည်ဖြစ်ကြောင်း
အာမခံလိုက်ရသည်။

လူကြီးများကို လိမ်ညာခဲ့ရသောကြောင့် စိတ်ထဲလေးပင်သည်
လူကြီးမင်းများ သာမက သူဌေးဖြစ်သူ မင်းသုတေကိုပင် ထပ်ပြီး လိမ်ည
လိုက်မိပြန်သည်၊ ဘာကြောင့် လိမ်ညာမိမှန်း မသိပေ၊ မင်းသုတေ
အမှန်အတိုင်း မပြောချင်မိတာပဲ ခံစားရ၏။

ထိုသို့ လိမ်ညာပြီးမှ မှားသွားမှန်း ရိပ်မိသွားသည်၊

မင်းသုတေလို ထက်မြက်သူကို ဘယ်လိုလုပ် လိမ်ရမှာတဲ့
မင်းသုတေ၏ အကြည့်များတွင် အန္တရာယ်အငွေ့အသက်ကို ရှူရှိုက်
မိသည်၊





ပြီးနောက် ထူးဆန်းသည့် အကြောင်းအရာမရှိဘဲ စကားကို
အလိုအပို မပြောသည့် မင်းသုတေက အဂ္ဂါနှင့် စကားဖောင်ဖွဲ့နေသည်။
တစ်ဦးတစ်ယောက်အပေါ် စိတ်မဝင်စားတတ်သည့် မင်းသုတေက ရုစာရီ
ကို ကြည့်သော အကြည့်သည် ထူးဆန်းသည်။

ပြီးတော့ အကြောင်းမကြားပဲ ဖြုန်းစားကြီး ပေါက်ချလာသည့်
အလျှင်လိုမှု။ မင်းသုတေသည် အဓိပ္ပာယ်မဲ့ ဘာမှမလုပ်ဘူးဆိုတာ ဦး
မောင်တင့် သိသည်။

မင်းသုတေလို အလုပ်များသူက ဤဘာမဟုတ်တဲ့ ရာဘာခြံ
ကို ဂရုစိုက်လိမ့်မည် မဟုတ်ပါ။ ပြီးတော့ ရဝေမြို့သို့ မင်းသုတေ
ရောက်လာပါတယ်ဆိုတာ သတင်းမရသေးခင် လူကို အရင်မြင်လိုက်ရ
သည်။ ဒါတွေက သာမန်မဟုတ်သောကြောင့် မိမိတို့ကိစ္စကို အမှန်ဖွင့်
ပြောချင်ရဲ့ ညာမိခြင်းဖြစ်သည်။ ညာမိစရာ ကောင်းလောက်အောင်လည်း
ရုစာရီ၏ဘဝက ရှုပ်ထွေးခဲ့သည်ကိုး၊

'ကျွန်တော် တစ်ကိုယ်လုံးနာနေလို့ လန့်နိုးခဲ့တာ။ နိုးခဲ့တော့
ကျွန်တော် ငိုနေတယ်။ အဘ ... ကျွန်တော် ဘာဖြစ်တာလဲ၊ ကျွန်တော့်
ရင်ထဲ ခုချိန်ထိ နာနေတုန်းပဲ'

'ကဲ ... ကဲ ... ထ ... မျက်နှာသွားသစ်လိုက်။ ပြီးတော့
စိတ်အပြောင်းအလဲဖြစ်သွားနအောင် အဘနောက်လိုက်ခဲ့၊ တောထဲ
တိုင်းသွားမြှုတ်ကြတာပေါ့'

'အိမ်မှာ ရုစာရီ တစ်ယောက်တည်း ဖြစ်ရဲ့လား'

'မိန်းကလေးက နေတတ်ပါတယ်၊ ပြီးတော့ ရာဘာခြံစပ်



www.burmeseclassic.com

www.burmeseclassic.com



တောတန်းပဲ မတေ့ပါဘူး'

'အဘ ... မနေ့က ဦးသုကို ဘာလို့ လိမ်လိုက်တာလဲ'

'ရုစာရီအကြောင်း လူတိုင်းကို လျှောက်ပြောနေဖို့ သင့်တယ် ထင်လို့လား'

'ဒါပေမဲ့ ဦးသုက အခြားသူမှ မဟုတ်ဘဲ'

'မင်းကရော ဘာကြောင့် မင်းမိန်းမလို့ ညာရတာလဲ'

'ကျွန်တော် မညာဘူး ... အဘ'

အင်္ဂလိပ်စကားကြောင့် ထရပ်ဖို့ ကြံနေသော ဦးမောင်တင် ပြန်ထိုင်ချလိုက်သည်။

'ကျွန်တော်နဲ့ ရုစာရီ လက်မှတ်ထိုးထားမှုနဲ့ တူတယ်'

'ဘာ ... ဘယ်လို ... မင်းက ဟုတ်လား'

'ကျွန်တော် ထောင်မကျချင်ဘူး ... အဘရယ်၊ သူ့အိမ်က တွေ့ လိုက်လာရင် ကျွန်တော့်ကို တရားစွဲကြမှာ'

'ရုစာရီက ဘယ်ကမို့လဲ ... မိဘမှ မရှိတာ'

'အဘလည်း သွားရှာပြီ၊ ဒီအရွယ်မ စကားကို ယုံနေတယ် ဒုက္ခပဲ'

'ရုစာရီမှာ ဘယ်ဟာက အရွယ်လက္ခဏာ ရှိနေလို့လဲ၊ မင်းထက် တောင် တည်ငြိမ်သေးတယ်'

'အဘ ... မဟုတ်သေးဘူးနော်'

'တဲပါ ... အရစ်ရှည်မနေနဲ့ မျက်နှာသစ်ပြီး လိုက်ခဲ့'

သူ့စိတ်ထဲ မအီမလည်ဖြစ်သည်၊ အဘနှင့် ဆက်ပြီး ငြင်းနေ





ချင်သေး၏။ ခါတိုင်းစိတ်နဲ့သာဆို လည်ပင်းကြောထောင်အောင် သူ ငြင်းခုံပေလိမ့်မည်။ သို့သော် မြားဒဏ်ရာနှင့် လူးလဲနေသော မြင်ကွင်း တ အာရုံထဲ ထင်ဟပ်နေလေရာ သူပုံက အရာရာကို ထိုင်းထိုင်းမှိုင်းမှိုင်း မှိုင်လှသည်။ ဘာလဲ ... ဖြစ်ခဲ့ပြီးတာကို မြင်မက်တာလား ... မဖြစ် ရသေးတဲ့ အနာဂတ်ကို ကြိုတင်အကြောင်းကြားတာလား။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ရစာရီသည် ဝါးပိုးဝါးတစ်ပင်ကို ဓားမဖြင့် တဒုတ်ဒုတ်ခုတ်ဖြတ်နေမိသည်။

အဘနှင့် ကိုအဂ္ဂါတို့ အတူတောဘက် ထွက်သွားကြသည်ကို ကျောပြင်လေးမြင်လိုက်ရ၏။ တောထဲမှ လူတွေ ပြန်လာပါက အဆင်သင့် စားနိုင်ရန် ချက်ပြုတ်ထားရလိမ့်မည်။ ရစာရီသည် ယခုခေတ်တွင် ယဉ်ပါးသူမဟုတ်သောကြောင့် ယခုခေတ်အသုံးအဆောင်များကို မကိုင်တတ်ပေ။

အသံမြည်သော စစ်တပ်ယာဉ်ကြီးများကိုလည်း ကြောက်၏။ လူတွေအများကြီး နေထိုင်သော တီဗွီလိုဟာမျိုးကို မြင်ရတာ ခေါင်းမူးသည်။ သို့သော် အသံသာ ကြားရသော စက်ပစ္စည်းကိုတော့ ကြိုက်သည်။ အသံချိုချိုလေးနှင့် အမျိုးသမီး၊ အမျိုးသားများက စကားတွေပြောဆိုနေသည်။ ထိုအသံမှ ယခုခေတ်ဟု အသုံးအနှုန်းများကို လေ့လာသင်ယူမိနေသည်။

သို့သော် ကျွမ်းကျွမ်းကျင်ကျင်တော့ မရှိလှပေ။

မီးဖိုချောင်ထဲမှ ပစ္စည်းများကိုလည်း မကိုင်ရဲပေ။ ကိုင်လိုက်တဲ့ အိုးတိုင်းတွင် မိမိပုံရိပ်ထင်နေသည်။ မိမိပုံရိပ်သည် မီးပေါ်ရောက်သွားပြီး အမျိုးမျိုး ထည့်ကြော်၊ ချက်ခံရသည်။ ရစာရီ နလုံးနာသည်။





ထို့ကြောင့် မိမိနှင့်ယဉ်ပါးခဲ့သော ဝါးကိုသာ ခုတ်ထစ်မိသည်။ မောင်ကြီးနှင့်နယ်လှည့်သွားနေရသောအခါ လေးပင်သော မြေအိုး၊ မြေခွက်များကိုသာ သယ်သွားလေ့မရှိချေ။ ဆန်လေးအနည်းငယ်ကိုသာ သယ်ပိုးသွားတတ်သည်။ ရောက်ရာအရပ်တွင် ဝါးခုတ်ကာ အိုးလုပ်ချက်သည်။ အဆိပ်သင့်တတ်သော အရွက်ကို သိသူများဖြစ်သောကြောင့် အဆိပ်မသင့်သည့် တောဟင်းခွက်ကိုသာ လတ်လတ်ဆတ်ဆတ် ခူးပြီး ပူပူလောင်လောင် ချက်ပြုတ်စားသောက်တတ်သည်။

ရံဖန်ရံခါ သဘာဝအလျောက် သေနေသော တောကောင်များကို တွေ့ရသော်လည်း အချို့အသားများက အကောင်ကြီးများ စားသွား၏။ ကျန်အသားများကိုသာ လှီးဖြတ်စားသောက်ရသည်။ ထိုနေ့မျိုးဆိုအပင်ပေါ် တက်အိပ်ကြရ၏။ အန္တရာယ်ရှိသော သားရဲရန်ရှ၍ဖြစ်သည်။

'ဒုတ် ... ဒုတ် ... ဒုတ်'

အချက်ပေါင်းများစွာ ခုတ်သောအခါ ဝါးပင်ဖျားသည် လှုပ်ရမ်းစပြုလာသည်။

'မင်း ... ဘာလုပ်တာလဲ ရစာရီ'

လိပ်ပြာလွင့်မတတ် လန့်သွားသည်။ ကိုင်ထားသော ဓားမပင် မြေပြင်ပေါ်လွှတ်ကျသွား၏။

'ဟင် ... ရှင် ... ရှင်'

မှန်ပါသည်။ ဤခြံပိုင်ရှင် ... သူဌေးဆိုသူ မင်းသူဝေဖြစ်၏။

ထိုလူသည် နူးညံ့သောအပြုံးနှင့် ရစာရီကို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှစာရီ လန့်သွားသည်။ ထိုအပြုံးသည် လှသည်။ ချိုသည်။ သို့သော် ရှစာရီ ကြောက်သည်။ ထိုမျက်လုံးမျိုးကိုရော ထိုအပြုံးမျိုးကိုရော ပြီးတော့ အဲဒီကွဲနေတဲ့ မေးစေ့နှစ်လွှာကိုရော ...

'ကိုယ် ... ကူညီမယ်လေ'

ထိုလူ၏ ကိုယ်သည် ရှစာရီနှင့် နီးကပ်လာသည်။

ရှစာရီ ရင်ထဲ ထိတ်သွားသည်။ ကိုအဂ္ဂါနှင့် အဘကိုသာ ရင်ထဲက တမ်းတနေမိသည်။

'အဘတို့က ... ဟို ... တောထဲ'

'ကိုယ်သိပါတယ်။ ငယ်ငယ်က ဒီမှာ တစ်နှစ်နီးပါးနေဖူးသေးတယ်'

မင်းသုတေသည် ရဲရဲတင်းတင်းပင် ရှေ့နားတိုးကာ ရှစာရီ၏ ကိုယ်လေးအနီးကိုင်းလိုက်ပြီး မြေကြီးပေါ်ကျနေသော ဓားမကို ကုန်းကောက်သည်။

မင်းသုတေ၏ ခပ်ရိုင်းရိုင်း အပြုအမူကြောင့် ရှစာရီ လန့်သွားသည်။ ဤလောကကြီးကလည်း ရှစာရီအတွက် မလုံခြုံတော့သလို ခံစားရ၏။

'ဒီဝါးပင်ကို မင်း ... ဘာကြောင့် ခုတ်နေရတာလဲ'

ရှစာရီ ပြန်မဖြေပါ။ မလှုပ်မယှက်ပင် ခေါင်းငုံ့နေလေ၏။

'ထင်းတွေလည်း အိမ်အောက်မှာ ထားပါတယ် ... ကိုယ်ထင်တယ် ကားဝက်လောက်ရှိမယ် ထင်တယ်'

'ရှစာရီ ... လုပ်စရာရှိသေးလို့'



သူ့ရှေ့မှ လစ်ပြေးဖို့ ကြံရွယ်သည်။ သို့သော် ရှစာရီ၏ လက်ကောက်ဝတ်သည် ဆောင့်ဆွဲခြင်းခံလိုက်ရ၏။

'ကိုယ်နဲ့ ခဏလောက် စကားပြောလို့ မရဘူးလား'

'ရှစာရီနဲ့ ရှင်က စကားပြောလို့ အဆင်ပြေမယ့်လူတွေ မဟုတ်ပါဘူး'

'မပြောကြည့်ရသေးခင်အချိန်မှာ အခုလို အဖြေထုတ်တာတော့ စောလွန်းမနေဘူးလား ရှစာရီ'

'အဖြေထုတ်တယ်ဆိုတာ အဖြေကို ကြိုသိနေလို့ပါပဲ'

'ကျောက်တောင်ထဲက အပေါက်မရှိဘဲ ထွက်လာတဲ့ လူဆိုသော်ငြား အနာဂတ်ကိုတော့ မင်း ... ကြိုမသိနိုင်ပါဘူး။ အဲဒီလောက် အစွမ်းထက်လိမ့်မယ်လို့ ကိုယ်မထင်ဘူး'

ဦးမင်းသုတေ၏ စကားလုံးများသည် ရဲတင်းသလို ပွင့်လင်းလွန်းနေသည်။ ရှစာရီ အတွေးတွေ ချောက်ချားကုန်သည်။ ဘာကြောင့်လဲ။ ဦးမင်းသုတေက ဘာကြောင့် ဒီလိုပြောဆိုပြုမူသလဲဆိုတာ မသိပေ။ ရင်ထဲ မွန်းကျပ်တာတော့ မှန်၏။

'အဂ္ဂါ ပြောတဲ့ စကားကိုရော ဦးမောင်တင့်ရဲ့ ဖြေရှင်းချက်ကိုရော ကိုယ်ယုံနေလိမ့်မယ်လို့ မင်းထင်သလား ရှစာရီ'

ရှစာရီ သူနဲ့စကားဆက်မပြောလိုတော့ပေ။ ထို့ကြောင့် လက်ကောက်ဝတ်ကို ဆောင့်ရုန်းသည်။

'ရှင့်ရဲ့ ရိုင်းပြမှုနဲ့စာရင် ရှစာရီရဲ့ ရိုင်းပြမှုက ဘာမှမဖြစ်လောက်ပါဘူးနော်'

―――― ၂၃ ――――

www.burmeseclassic.com

www.burmeseclassic.com



'နေဦး'

ဦးမင်းသုတေသည် ရုစာရီရှေ့ ပိတ်ရပ်လိုက်သည်။ ရုစာရီထံတွင် သွားလမ်းမရှိတော့ပေ။ ရှောင်လွှဲမရသောအခါ မိန်းကလေးတို့အားမာန်သည် တောက်ပစူးရှသော မျက်ဝန်းဖြစ်နေရပြန်၏။

'မင်းရဲ့ မျက်လုံးတွေကို ကိုယ်သိနေသလိုပဲ'

မင်းသုတေသည် ပြောလည်းပြောကာ နောက်ခြေတစ်လှမ်းဆုတ်ပြီး ရုစာရီကို ခေါင်းစခြေဆုံးကြည့်သည်။

'မင်း ... ဘယ်ကလာတာလဲ ... မင်း ဘယ်သူလဲ'

'မနက်ဖြန် ထွက်သွားပါမယ် ... ဒါက ရှင့် ပိုက်နက်မဟုတ်လား'

မမျှော်လင့်ထားချေ။ အဲဒီလို ဖူးကြွစိုပြည်သော နှုတ်ခမ်းတစ်လွှာမှ သူ့အတွက် အဲဒီလိုစကားလုံးမျိုး ထွက်မလာသင့်ဘူးဟု ထင်သည်။ အင်္ဂါကို ပြောနေတဲ့အသံချိုချိုတွေ ဘယ်ရောက်ကုန်ပြီလဲ။ အပြုံးလှလှတွေ ဘယ်ရောက်ကုန်ပြီလဲ။

ငါက ဒီခြံပိုင်ရှင် သူဌေးပါ။ မြန်မာပြည်ရဲ့ တော့ပ်တန်းဝင် အငယ်ဆုံး သူဌေးတစ်ယောက်ပါ။ မင်းအကြည့်က ဘာဖြစ်နေတာလဲ။ ငါနဲ့ စကားပြောရတာ ဂုဏ်ငယ်တယ်ထင်လို့လား။ ရင်ထဲ၌ မီးတောင်တို့ ပေါက်ကွဲစပြုနေသည်။

ဟန်ဆောင်ပြုံးပြီး ဟန်လုပ်နူးညံ့ဖို့ ကြိုးစားသော်လည်း မအောင်မြင်ပေ။

'မင်း ... ဘယ်လို မိန်းကလေးလဲ။ မင်းကို ငါက ခြံထဲ



ထွက်သွားဖို့ အမိန့်ပေးနေလို့လား။ ငါ့ကို ဘာကောင်လို့ မင်း ထင်နေသလဲ'

'ရုစာရီကို လွှတ်ပါ ... ပန်းပေါ်က ရှင့်လက်တွေကို လွှတ်လိုက်ပါ။ ရှင့်ကို စိတ်ထဲက မနှစ်သက်မိတာပါ။ ရှင်တို့ လောကအကြောင်း မသိလို့ ရှင့်ကို ဘယ်လိုစကားပြောရမှန်း မသိပေမယ့် ရှင့်ကို ကြောက်တယ်'

'ဘယ်လို ... ရုစာရီ ... ငါ့ကို ကြောက်တယ် ဟုတ်လား။ ငါတို့ လောကအကြောင်း မသိဘူးဟုတ်လား ... ဒါဆို မင်းက ဘယ်လောကကလာတာလဲ ... ဘယ်နေရာကလဲ ကာလဲ'

'ဟင့်အင်း ... မသိဘူး ... ဟင့်အင်း'

'အမှန်အတိုင်း ပြောစမ်း ... မင်း ဘယ်ကလာတာလဲ။ ဒီလည်ဆွဲကို ဘယ်ကရတာလဲ'

သူ့မေးခွန်းများကြောင့် ရုစာရီ တုန်လှုပ်သွားသည်။ ကြောက်သည်။ အန္တရာယ်ရှိသည်ဟု ခံစားရသည်။ ထိုအချိန်တွင် ကိုအင်္ဂါကိုသာ ရင်ထဲက တမ်းတမ်းတတ သတိရမိတော့သည်။

'ပြောစမ်းပါ ... ပြောလေ'

အမှန်က ခုလို ခပ်စောစောကြီးနှင့် တိုက်ရိုက်မေးပစ်ဖို့ သူ ရည်ရွယ်ခဲ့ပါချေ။ သူ့ကိုကြည့်တဲ့ ရုစာရီ၏ အကြည့်များက လွန်လွန်းသည်ဟု ထင်သည်။ ထို့ကြောင့် အရာရာထိန်းချုပ်ခဲ့သော သူ့အတွင်းစိတ်တို့ လွတ်ထွက်ချင်မိသည်။

'သူခေါ်ရင် လာသာလာပါ ... ညညဆိုကြားရ ... ကြားရ

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရ မင်းရဲ့ဝိညာဉ် ငါ့ရင်ထဲ တိုးဝင်လာ ...'

သီချင်းဆိုသံတစ်ခုကို အကျယ်ကြီးကြားလိုက်ရသည်။ ရုစာရီ ရင်ထဲ အားတက်သွား၏။ သို့သော် မင်းသုတေကတော့ စိတ်ပျက်သွားသည်။

'ဟာင် ... ဦးသု ... အစောကြီးပါလား'

အနားရောက်လာသော အဝ္ဂါသည် အံ့အားသင့်စွာပြောသည်။ နီမြန်းနေသော မင်းသုတေ၏မျက်နှာသည် ရုတ်တရက်အေးချမ်းသော အသွင်သို့ ပြောင်းလဲသွားသည်။ ထိုပြောင်းလဲမှုသည် မြန်ဆန်လွန်းသောကြောင့် ကြောက်နေသော ရုစာရီသည် ကြက်သီးထမိသည်။

'ဦးမောင်တင့်ရော'

'တောထဲဝင်သွားတယ်၊ ကျွန်တော့်ကတော့ မိန်းမကို စိတ်မချလို့ ပြန်လာတာ။ ဦးသု ဘာစားပြီးပြီလဲ။ အိမ်ထဲဝင်လေ၊ ကျွန်တော် ကော်ဖီဖျော်တိုက်မယ်'

'တောပါပြီကွာ မသောက်တော့ပါဘူး၊ ကိုယ် မြစ်ကမ်းစပ်ဘက် သွားလိုက်ဦးမယ်'

'ကျွန်တော် အဖော်လုပ်ပေးမယ်လေ'

'ရပါတယ် ... ကိုယ် အေးအေးဆေးဆေး လေညှင်းခံချင်လို့'

မင်းသုတေသည် လေးသောခြေလှမ်းတို့နှင့် ထွက်သွားသည်။

'ကြာပြီလား ရောက်နေတာ'

'မကြာသေးပါဘူး ... ခုပဲ'

'မင်းကို ဘာတွေပြောနေတာလဲ'



'ရုစာရီက ရှင့်မိန်းမဆိုတာရော အဘပြောတဲ့ လူကြီးသားနဲ့ ညှိက်မှုဖြစ်တာရော သူ မယုံဘူး'

'ဦးသုကလား'

'အင်း'

'မဖြစ်နိုင်တာ ... ဒီလို အသေးအဖွဲ့ကိစ္စတွေကို ရင်ထဲထည့် လောက်အောင်ကို ဦးသုမှ အချိန်မပိုဘူး'

'ဒါပေမဲ့ အဲဒီလူက ဒါကို အသေးအဖွဲ့လို့ ထင်နေပုံမရဘူး။ ရုစာရီ လက်ကိုဆွဲပြီး ကြမ်းတမ်းတဲ့စကားတွေ ပြောတယ်'

'ရှူးနေပြီ ... မင်းထက် ချောတဲ့ မြို့သူပညာတတ်တွေ သူ့အား ဟုပုံအောနေတာပဲ၊ စိတ်ကူးယဉ်ချင်ရင်လည်း အခြားသူကို ယဉ်။ ဦးသု ကိုသွားမထိနဲ့၊ ဦးသုက ငါ့ရဲ့ ဟီးရိုး။ သူက မိုက်တယ်။ နောက် မင်းနဲ့ဆုံရင် ယဉ်ယဉ်ကျေးကျေး ဦးသုလို့ ခေါ်ပြီး ကျွန်မလို့ နာမ်စားသုံးပြီးပြော'

'သိပ်မကွာလှပါဘူး'

'ဘာကို ပြောတာလဲ'

'ကျွန်မဆိုတာလေ၊ အင်း ... ဒါက ပြောလို့ကောင်းမယ်။ ရုစာရီဆိုတဲ့ နာမ်စားကြီးနဲ့ သိပ်အသားမကျဘူး'

'ဘာလုပ်တာလဲ ... ဝါးခုတ်နေပြန်တာလား'

'အင်း ... ထမ်းမှင်းချက်မလို့'

'ရှူးပါကွာ ... အိမ်မှာ အိုးတွေရှိတာပဲ၊ အိမ်က အိုးတွေနဲ့ ချက်ပေါ့။ အဲဒီဝါးပင်က မင်း ခုတ်ထားတာမှိုနော်။ ငါသာ ခုပါကြည့်ပါ

www.burmeseclassic.com



လား။ ကြိမ်စာမိနေပြီ'

'ဘာလို့လဲ ... ဝါးနဲ့ချက်လည်း ထမင်းက ကောင်းတယ်လေ'

'ကုန်တာပေါ့ကွာ ... အိုးနဲ့ချက်တော့ စားသောက်ပြီး ဆေးကြောထားလိုက်ရုံ။ အခုတော့ ဝါးရှုံးတာပေါ့ကွ။ ဒါ ဘာမှတ်နေလဲ ဝါးပိုးဝါး၊ တစ်လုံးကို ထောင့်ငါးရာ နှစ်ထောင်ကျော်တန်တယ်'

'အဲဒီ နှစ်ထောင်ကျော်ဆိုတာ ဘာလဲဟင်'

'ကျွတ် ... ခက်တာပဲ။ ငွေ ... မင်း နားလည်အောင် ပြောရင်တော့ အသပြာကွာ။ ငါ့နယ် ဒုက္ခပဲ။ နန်းရှုနဲ့မှ တွေ့ရတယ်လို့'

'အို . . .အသပြာ အများကြီးရမယ်ဆိုလို့တော့ တောထဲများပို့ ကိုအဂ္ဂါနဲ့ရစာရီ အတူသွားခုတ်ကြရအောင်'

'တရားစွဲခံရမှာပေါ့ကွ ... နေရာတိုင်းက သူ့ပိုင်နက် ကိုယ့်ပိုင်နက်ချည်းပဲ'

'တရားစွဲရင် ဘာဖြစ်မလဲ'

'ထောင်ကျမှာပေါ့ကွ ... သစ်တစ်ပင် ထောင်သုံးနှစ်ဆိုတာ မကြားဖူးဘူးလား'

'အို ... ရှုပ်ထွေးလိုက်တာနော်၊ လူဦးရေလည်းများ စည်ကားလည်းများ၊ ဒီခေတ်ကြီးထဲ လူဖြစ်ရတာ ဝဋ်ကြီးတာပဲ'

'အဲ့ဒွားအိုပေါက်စကျနေတာပဲ။ ဘာ ... ဝဋ်ကြီးရမှာလဲ။ ကောင်းလိုက်တဲ့ အရသာ ... အဲဒီ အရသာကို မင်း မတွေ့သေးလို့ ဒီစကားပြောတာ။ အရသာကို သိရလို့ကတော့ မူးပြီး မွှောသွားစေမယ်။ ငါ မင်းကို အပြင်မှ ဗဟုသုတွေ လိုက်ပြပေးမှဖြစ်မယ်၊ ဟား



ား ... မင်းကို အကြောင်းပြုပြီး ငါလည်း အပြင်သွားလို့ရတာပေါ့'

'အပြင်သွားရင် ... ဟို အသံမြည်တဲ့ ပစ္စည်းကြီးနဲ့ သွားမှာားဟင်၊ မသွားရဲဘူး'

'အ,ပါ ... ရစာရီရယ် ... အဲဒါ ဆိုင်ကယ်လို့ခေါ်တယ်။ ာင်းလိုက်ရင် လေလေးတဖြူးဖြူးနဲ့ ခံစားလို့တယ်လောက်ကောင်းသလဲ။ ာင်မလေးတစ်ယောက် အနောက်မှာခေါ်တင်ပြီးမောင်းရတာ အရသာ'

'ဘာဖြစ်လို့လဲ'

'စီးကြည့်ရင် သိမှာပေါ့။ ကဲပြောပါ ... လိုက်မှလား ... လိုက်ဘူးလား'

'အင်း ... လိုက်မယ်'

'ဒါပဲပေါ့'

ရစာရီ၏ အဖြေကို ကိုအဂ္ဂါက ကျေနပ်သွားသောအခါ ရစာရီည်း ပျော်ရွှင်သည်။ ကိုအဂ္ဂါ၏ အပြုံးသည် ရစာရီ၏စိတ်ကို အေးချမ်းသည်မှာ မှန်၏။

ကိုအဂ္ဂါနားနေပြီ ကိုအဂ္ဂါ၏ပတ်ဝန်းကျင်ကို မြင်ချင်ပါသေးည်၊ ဘယ်မှာ လူလုပ်ခဲ့ရသလဲ ... ယခု ဘယ်ခေတ်ကာလမှာ ရှိတာလဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဝူး ... ဟူး'

ဆိုင်ကယ်မောင်းရင်း ပျော်နေသော အင်္ဂါကြောင့် ထို အချေ...
သည် ရုစာရီနှလုံးသားထဲ စီးဆင်းသွားသလို ခံစားရသည်။

ဆိုင်ကယ်ဆိုသော အရာကို ပထမတော့ ကြောက်လန့်မိသော်...
ပြား အင်္ဂါ၏ ပျော်ရွှင်မှုကြောင့် ကြောက်စိတ်တွေ ပျောက်စပြု...
သည်။ အင်္ဂါက နှစ်လိုသော ယာဉ်မို့ အန္တရာယ်မရှိနိုင်ဘူးဟု ယုံကြည်...
သည်။

"မင်း ... ဘာစားမလဲ၊ ပြောစမ်း ရုစာရီ"

အချိန်အားဖြင့် နေဝင်ရီတရောဖြစ်သည်။ ရုစာရီကို အပြင်...
လိုက်ပြပေးမယ်ဟု ပြောသောအခါ အဘက စိတ်မချနိုင်ဖြစ်သည်...
သို့သော် နောက်ဆုံးတွင် နီမြန်းသော ငွေတစ်ရွက်ကို ပေးသည်။

အင်္ဂါသည် ပျော်ရွှင်လွန်း၍ အဘကိုပင် ဖက်နမ်းလေ...
သည်။ ရုစာရီ ရှက်မိပါရဲ့။

"အဘက နပ်ချေးကို ငပိလုပ်စားတဲ့လူ၊ ငါ့ကို မုန့်ဖိုး...
ထောင်အပြင် ဘယ်တော့မှ ပိုပေးတာ မဟုတ်ဘူး။ အခုငါးထောင်...
တာ မင်းမျက်နှာကြောင့်၊ ပြော ... ဘာစားမလဲ"

အင်္ဂါသည် လူများသော လမ်းကြားထဲဆိုင်ကယ်ကို ကွေ့...



သည်၊ ရုစာရီ အံ့သြရပေသည်။

လူများသည် အုပ်စုဖွဲ့ကာ စားပွဲတွင် ထိုင်ပြီး ရီမောစားသောက်နေကြသည်။ ဘုရင်များ၊ စစ်သည်တော်များကို ကြောက်ပုံမရချေ။ အသက်အန္တရာယ်လည်း စိုးရိမ်ပုံမရှိကြ။

"လာ ... ရုစာရီ၊ ဒီဆိုင်မှာ အုန်းထမင်းနဲ့ အသုပ်ကောင်းတယ်"

အင်္ဂါ၏စကားကြောင့် ရုစာရီသည် ဆိုင်ကယ်ပေါ်မှ ဆင်းသည်။ လူများသောကြောင့် ခြေလှမ်းရှုံ့မိသည်။

ဝတ်ပုံစားပုံများလည်း ထူးဆန်းလှသည်။ ပြီးနောက် စကားကိုလည်း အသံကျယ်ကြီးများ ဆိုနေကြသည်။

"လာလေ"

အင်္ဂါက ဒုတိယအကြိမ်ဆိုလိုက်သောအခါ အားကိုးတကြီးပင် အင်္ဂါ၏ လက်မောင်းကို တွဲခိုလိုက်မိသည်။

ရုစာရီ၏ အပြုအမူကြောင့် အင်္ဂါလန့်သွားသည်။ စိတ်က ယုံမလဲဖြစ်လာသောကြောင့် ပတ်ဝန်းကျင်ကို တောင်တောင်အီအီ ကြည့်သည်။ သို့သော် ဝိုင်းကြည့်မနေကြပေ။ ထို့ကြောင့် တွန့်နေသော ...ကို ဆန့်ကာ စားပွဲတစ်လုံး ရွေးချယ်သည်။

ရုစာရီက ခုလို အားကိုးပြန်တော့လည်း အင်္ဂါက သဘောကျ...နေသည်။

"အုန်းထမင်းနှစ်ပွဲ၊ ကျောက်ပွင့်သုပ်၊ ကြက်သားသုပ်"

သူက လွယ်ကူစွာ မှာယူသည်။ ပြီးနောက် ဘတ်ဘူးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကို ဖွန်ခွက်ထဲသို့ ငှဲ့သည်။

တစ်ခွက်ကို ရုစာရီရှေ့ချပေးသည်။

ရုစာရီသည် ပန်းလေး ကျုံ့ထားရှာသည်။ လူကြောက်ပုံရသည် လူကြောက်လို့လည်း ပွဲခင်းမှာ မူးလဲခဲ့ဿည်ကို သူကယ်တင်ခဲ့မိသည် မဟုတ်ပါလား။

"ရုစာရီ မင်းအဆင်ပြေရဲ့လား"

"ဟင့်အင်း"

"မပြေလည်း ပြေအောင်နေရမယ်။ ငါတို့က လူတွေ လူတွေကြားထဲ နေရမှာပေါ့။ မဖြစ်ပါဘူး။ ရဲတင်းလာအောင် မင်း နေ့တိုင်း အပြင်ခေါ်ထုတ်မှဖြစ်မယ်။ ဟဲ ... ဟဲ ငါ့အတွက်လည် အဆင်ပြေတာပေါ့"

ရုစာရီ ကြောက်စိတ်ပြေသွားစေရန် သူက ရွှတ်နောက်နော ပြောသည်။

"ရော့ ... စား"

စားပွဲထိုးက အုန်းထမင်းနှင့် အသုပ်များ လာချသည် သူက အသုပ်များကို ရုစာရီအရှေ့သို့ ထိုးပေးသည်။ အသုပ်လာချသော စားပွဲထိုးသည် မအားလပ်သည့်ကြားမှ ရုစာရီကို လှမ်းကြည့်နေသေ သည်။ သူ မကြိုက်ပေ။

ရုစာရီက ဘာများထူးခြားနေလို့ အဲဒီလို ပြူးပြဲကြည့်နေ တာလဲ။

"စား ... ဟိုဟိုဒီဒီ ကြည့်မနေနဲ့။ ကိုယ့်အလုပ်ကိုယ်လုပ်

စားပွဲထိုးကို ရှုံ့ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ရုစာရီကတော့ သူဆူနေတယ် ထင်ပြီး အသုပ်ကို ငုံ့စားရှာသည်။ သူသဘောကျသည်။ မိန်းကလေးများသည် အသုပ်နှင့်တွေ့ပါက ဂျွန်းစိုက်နေတတ်သည်ကို သူသိ၏။

"ရှူး ... ဟား"

လေးဖွန်းမြောက်သောအခါ ရုစာရီ၏ နဖူးမှ ချွေးစက်များကို သူမြင်လိုက်ရသည်။

"ဘာဖြစ်တာလဲ"

"ပူတယ်၊ ပါးစပ်လည်း ဟလို့ မရတော့ဘူး"

ရုစာရီ၏ အသံသည် ဝေဝေဝါးဝါးဖြစ်နေသည်။

နှာသီးဖျားလေးတွေရဲနေသော ရုစာရီကို ရီနေမိသော်ငြား ရင်ထဲ သနားမိသည်။

"အုန်းထမင်းစားလိုက်။ အဲဒါ အစပ်ပြေရော"

သူညွှန်ကြားသည့်အတိုင်းပင် ရုစာရီသည် အုန်းထမင်းကို ကော်စားသည်။ သုံးလုတ်မျှစားပြီးချိန်မှ သူ့ကို ပြုံးပြနိုင်သည်။

"ကိုအင်္ဂါတို့ရဲ့ အစားအစာက တစ်မျိုးပဲနော်။ ဆိုးဝါးတယ်၊ ပေမဲ့လည်း ကောင်းပါတယ်။ အဆိပ်လည်း ရှိတယ်။ ဖြေဆေးလည်း ရှိတယ်"

"ဘယ်လို ဟား ... ဟား ..."

ပြောဆိုနေသော ရုစာရီ၏ ပုံလေးက ချစ်စရာကောင်းနေလေ သည်။ ထို့ကြောင့် စကားထဲ ရီစရာမပါသော်ငြား အသံကျယ်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရီလိုက်မိသည်။

ထိုခဏအတွင်း သူ ရစာရီကို သဘောကျမိသည်။ တုံးအသော်ငြား ပျော်စရာကောင်းသည်ဟု ထင်သည်။ ရှုးနေသော်ငြား ချစ်စရာကောင်းသည်ဟု ထင်သည်။

"ဟော့ကောင် ဘာတွေ သဘောကျနေတာလဲ။ ဘာလဲ ... မင်းက ဗီမှာ စုံတွဲလာခုတ်နေတယ် ... ဟုတ်လား"

ဇော်ဇော်အောင်ဖြစ်သည်။ ဇော်ဇော်အောင်သည် ထုံးစံအတိုင်းပင် မပြောမဆိုနှင့် ဝိုင်းထဲဝင်ထိုင်သည်။

သူ့ရင်ထဲ ရှိန်းခနဲဖြစ်သွားသည်။ ရစာရီကို သူ့သူငယ်ချင်းများနှင့် မဆုံစေချင်ပါ။ အထူးသဖြင့် ဇော်ဇော်အောင်လို လူမျိုးနဲ့ ဖြစ်သည်။ ဇော်ဇော်အောင်သည် တစ်စိတ်ကိုတစ်အိတ် လုပ်ပြောတတ်သည်။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောသူမျိုးဖြစ်သည်။ ပြီးနောက် မိန်းကလေးတွေကို သွားပုပ်လေလွင့် အရသာခံပြောသည်။ လက်ကလေး ထိန်ကိုင်ခဲ့ရတာကို နှုတ်ခမ်းကြီး နမ်းခဲ့ရတာလို့ ပြောသည်။ ပခုံးလေးဖက်ခဲ့ရသည်ကို အပျိုရည်ဖျက်ခဲ့ရပြီလို့ ချဲ့ပြောတတ်သည်။ ဇော်ဇော်အောင်ရဲ့ အကျင့်ကို မကြိုက်သော်ငြား သူငယ်ချင်းမို့ ကြည့်ပေါင်းနေရသည်။ ထိုလူမျိုးနှင့် ရစာရီကို မဆုံစေချင်ပါ။ သို့သော် တိုက်တိုက်ဆိုင်ဆိုင်ဆုံခဲ့ပြီဖြစ်သည်။ စကားအမြန်ဖြတ်ပြီး ပြေးရမယ်ဆိုတာ သူစဉ်းစားပြီးဖြစ်နေသည်။

ဇော်ဇော်အောင်သည် အပြောမဆိုပင် ကြက်သားသုပ်ကိုတစ်ဇွန်းနှိုက်စားရင်း ရစာရီကို အားမနာ ပါးမနာ ကြည့်သည်။



"ဟာင် ... မင်း"

ပါးစပ်ထဲထည့်နေသော ကြည်သားသုပ်ဇွန်းပင် ချော်ထွက်သွားသည်။

"မင်း ... မင်း ... မင်း ဟိုပွဲခင်းက ကောင်မလေး"

ဇော်ဇော်အောင်၏ အသံသည် ကျယ်လောင်သည်။ ပြဿနာဖြစ်တော့မည်ကို သူရိပ်မိသည်။ ဇော်ဇော်အောင်၏ အသံကြောင့် တစ်ဆိုင်လုံးမှ လူများ သူတို့စားပွဲကို ဝိုင်းကြည့်လာကြသည်။

'ဟုတ်တယ်. . .မင်း. . .ဘွားခနဲပေါ်လာတဲ့ ဟိုမိန်းကလေး'

ဇော်ဇော်အောင်သည် သူ့နားတွင် ထိုင်နေရာမှ ထပြီး ရစာရီအနားသို့ တိုးကပ်သွားသည်။

'မင်း. . .ဘယ်ပျောက်သွားသလဲ ထင်နေတာ ဗီကောင်ကမင်း မြို့ပေါ်ပြန်သွားပြီဆို မင်း ဘယ်သူလဲ'

ဇော်ဇော်အောင်သည် မိုက်ရိုင်းလုပေသည်။ ရစာရီ၏ လက်မောင်းကို လက်ညှိုးနှင့်တို့ကြည့်နေသည်။ သူ ဒေါသထွက်လာသည်။ ထို့ကြောင့် ဇော်ဇော်အောင်ကို ထိုးပစ်တော့သည်။

နှစ်ချက်ဆင့် ထိုးလိုက်သောကြောင့် ဆိုင်ထဲတွင် ဆူညံသွားသည်။ ရစာရီသည်လည်း ဝရုန်းသုန်းကားဖြစ်မှုကြောင့် ကြောက်နေရှာသည်။

'မှတ်ထား. . .ဇော်အောင်. . .အဲဒါ မဆင်မခြင်လုပ်လိုက်တဲ့ ရလဒ်ပဲ'

ရစာရီ၏ လက်ကိုဆွဲပြီး ဝိုင်းကြည့်နေကြသူများကို ဖြတ်ကျော်လာခဲ့သည်။

ထိုစဉ် အနီရောင် အင်္ကျီဝတ်ထားသူသည် ဆိုင်ထဲ ပြေးဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



၏။

'အား. . .'

ရစ်ရစ်ရီသည် နာကျင်စွာ ညည်းညူသည်။

သို့သော် သူက ရစ်ရစ်ရီ၏လက်ကို ကြမ်းတမ်းစွာ ဆွဲ၍နာကျင်တာပဲဟု တွေးပြီး ဆက်၍ ဆွဲခေါ်လာခဲ့သည်။

ဆိုင်ကယ်စက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

'ဟေ့ကောင်. . .အဂ္ဂါ နေဦးလေကွာ. . .နေဦး'

ဖော်ဖော်အောင်သည် အနောက်မှပြေးလိုက်လာသည်။

သို့သော် သူ ဆိုင်ကယ်ကို မရပ်တော့ပေ။ တရှိန်ထိုး မောင်းထွက်လာ၏။

ရစ်ရစ်ရီသည် ကြောက်လန့်၍ထင်သည်။ သူ့ ခါးကို တင်းတင်း ဖက်ထားသည်။

'တီး. . .တီး. . .တီး'

သူကလည်း တရှိန်ထိုးမောင်းသလို ဖော်ဖော်အောင်ရဲ့ ဆိုင်ကယ် ကလည်း သူ့နောက်မှ တရှိန်ထိုး လိုက်နေ၏။

သူ ဆိုင်ကယ်မောင်းတာကြမ်းလေ ရစ်ရစ်ရီ၏လက်တွေ သူ့ခါးတွင် တင်းကြပ်လာလေဖြစ်သည်။

ဖော်ဖော်အောင်ကို စိတ်တိုသော်ငြား ရစ်ရစ်ရီကို သနားလာသည်။ ဆိုင်ကယ်စီးရမှာပင် ကြောက်နေရှာသူလေးဖြစ်သည်။ ဆိုင်ကယ်စီးဖူးခဲ့ ပုံလည်း မပေါ်ချေ။

တဖြည်းဖြည်း ဘုရားကုန်းနှင့် နီးလာပြီဖြစ်သည်။ မြို့ပြင်လည်း ရောက်စပြုနေပြီမို့ လူလည်း ကျဲပါးစပြုလာသည်။ နေလည်းလုံးလုံး ဝင်သွားပြီမို့ ပတ်ဝန်းကျင်လည်း အမှောင်ရိပ်ဝင်ရောက်စပြုနေပြီ ဖြစ်သည်။ သူ့ဆိုင်ကယ် ဘရိတ်ကို ဖြည်းညှင်းစွာ နင်းသည်။ ဖော်ဖော်





အောင်၏ ဆိုင်ကယ်သည် အရှိန်ပြင်းဆဲဖြစ်၏။ သူသာ ရပ်မပေးပါက ရာဘာခြံထိပင် ဖော်ဖော်အောင်က လိုက်မည့်သဘောဆောင်သည်။

သူ့အပေါင်းအသင်းများကို ရာဘာခြံသို့ ခေါ်သွား၍ မရပါ။ အဘက သူ့အပေါင်းအသင်းများကို သဘောမကျပေ။ ဇရုတ်သုတ်ခတွေ နဲ့ပေါင်းပြီး မင်းလည်း ဇရုတ်သုတ်ခဖြစ်နေတာဟု မကြာခဏပြောသည်။ ထို့ကြောင့် သူက အဲဒီလူတွေနဲ့ မပေါင်းတော့ဘူးဟု ညာပြောကာ လိမ်ထွက်နေခြင်းဖြစ်သည်။

ဒါကို ဖော်ဖော်အောင်က ရာဘာခြံထိ ပါသွားပါက အပြင်ထွက် ခွင့်ပါမစ်လေးပါ ဆုံးရှုံးသွားမှာ စိုးရိမ်သည်။ ထို့ကြောင့် ပြဿနာကို ခြံထဲ မရောက်ခင်အပြတ်ရှင်းရပေလိမ့်မည်။

'ရစ်ရစ်ရီ မင်း. . .အဆင်ပြေရဲ့လား'

မပြောဘူးဆိုတာ သိသော်လည်း လောကွတ်သက်သက်မေးခြင်း ဖြစ်သည်။

'အဲဒီလူကို ရစ်ရစ်ရီ ကြောက်တယ်'

'ကြောက်စရာ မလိုပါဘူး။ အဲဒါက ငါ့သူငယ်ချင်းပါ။ သူငယ် ချင်းဆိုတာ ကြောက်ဖို့မှ မဟုတ်တာ။ ဒီကောင်က စကားများပေမယ့် စိတ်ရင်းလေးတော့ ကောင်းပါတယ်'

အားရှိအောင် ပြောလိုက်သည်။ ဖော်ဖော်အောင်၏အကျင့်ဆိုး ကို သူ သိ၏။

'မင်းကလည်းကွာ. . .မောင်းတာ အရမ်းပဲ။ ဒီမှာ သိချင်လွန်း လို့ သေတော့မယ်ကွ'

ဖော်ဖော်အောင်သည် နှုတ်ခမ်းမှ သွေးစအချို့ကို သုတ်ရင်းပြော သည်။

တဟုန်ထိုး ပြေးလာသော ဖော်ဖော်အောင်ကြောင့် ရစ်ရစ်ရီသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်ကျောလေးတွေင် ပုန်းကွယ်နေရှာသည်။ သူသည် အမှန်စင်စစ် အသုံးမကျသူဖြစ်သော်ငြား ရုစာရီက သူ့ကို ယခုလို အားကိုးနေသော အခါ တစ်စုံတစ်ယောက်အတွက် မားမားမတ်မတ်ရပ်တည်ချင်လာသည်။ သတ္တိတွေလည်း ရင်ထဲတိုးဝင်လာသည်။

'သူက ဘယ်သူလဲ. . .ဘယ်ကလဲ. . .မင်း ပြောတော့ မခေါ်ထားဘူး၊ သူနေရာသူ ပြန်သွားပြီဆို ဘာလဲကွ၊ ဟေ့. . .နောက်မှာ ဘာလို့ပုန်းနေတာလဲ ထွက်ခဲ့လေ၊ မင်း ဘာကြောင့် အဲဒီလို ပေါ်လာရတာလဲ၊ တန်ခိုးရှင်လား'

'ဟော့ကောင် ဇော်အောင်. . .မင်း. . .လာလမ်းအတိုင်း အေးဆေးလစ်တော့'

'မသွားဘူးကွာ. . .သိချင်လွန်းလို့ လိုက်လာခဲ့ပြီးမှ ဒီအတိုင်း ငါ ပြန်သွားမယ်လို့ ထင်သလား'

'ဟော့ကောင်. . .ပြန်တော့လို့ ငါ ပြောနေတယ်နော်'

'မပြန်ဘူးကွာ. . .မပြန်တော့ ဘာလုပ်ချင်သလဲ'

သူ ဒေါသဖြစ်သွားသည်၊ ထို့ကြောင့်ပင် ဇော်ဇော်အောင်၏ နှာရိုးတည့်တည့်သို့ လက်သီးနှစ်လုံးပစ်ကြွေးသည်။

'ဟော့ကောင်. . .မင်းက ငါ့ကို တကယ်လုပ်တယ်ပေါ့လေ ရတယ်'

ဇော်ဇော်အောင်သည် ခဲတစ်လုံးကို ဆွဲကိုင်သည်၊ ပြီးနောက် သူ့ခေါင်းကို ထုဖို့ ကြံရွယ်လိုက်သည့်တွင် သူက ရှောင်ကာ ဇော်ဇော်အောင်၏နဖူးသို့ ခြေဖျားဖြင့်ကန်ထည့်သည်၊ ဤတွင် ဇော်ဇော်အောင် သည် အားလွန်သွားပြီး ဘေးတွင်ရှိနေသော လူတစ်ရပ်မျှကျောက်တုံးတွင် ခေါင်းအပ်သွားသည်၊ ချက်ချင်းဆိုသလို သွေးများဖြာကျလာသည်။

'ဟင်. . .'



သူရော ရုစာရီပါ မြင်ကွင်းကို မှင်တက်မိကုန်သည်၊ ဒီလို ဖြစ်လာလိမ့်မယ်ဟုလည်း မမျှော်လင့်ခဲ့ချေ၊ သူက ကာကွယ်ချင်ရုံသက်သက် ဟန်ဆောင်ပြီး သူ့ရဲကောင်းလုပ်ပြခဲ့ခြင်းဖြစ်သည်၊ လူတစ်ယောက်ကို သေစေလောက်တဲ့ထိ သူ မစွမ်းဆောင်နိုင်ချေ။

'ဇော်အောင်. . .ဇော်အောင်'

ပခုံးကို ကိုင်လှုပ်သည်၊ သို့သော် မရချေ၊ ငြိမ်သက်နေသည်။

'သေသွားပြီထင်တယ်'

ရုစာရီက ပုံမှန်ခပ်ပေါ့ပေါ့လေး ပြောလိုက်ခြင်းဖြစ်သည်၊ သို့သော် သူ့လက်ချောင်းများ တုန်ယင်လာသည်၊ ဇော်ဇော်အောင်သာ သေသွားခဲ့ရင်ဆိုသော အတွေးကို ဆက်၍မတွေးဝံ့ချေ။

တုန်ယင်နေသော လက်ဖြင့် အသက်ရှူနှုန်းကို စမ်းသည်။

ဇော်ဇော်အောင် အသက်ရှူနေဆဲဖြစ်၏။

သို့သော် လှုပ်နိုးသောအခါ နိုးမလာတော့ပေ၊ သူ လန့်သွားသည်၊ နောက်သို့ပင် တွန့်ပြီး ဖင်ထိုင်လျက်သား လဲကျသွားသည်။

'ကိုအဂ္ဂါ. . .ဘာဖြစ်လို့လဲ'

'ငါတို့ ဘယ်လိုလုပ်ကြမလဲ ရုစာရီ သူ သေပြီထင်တယ်၊ လှုပ်တောင်မလှုပ်တော့ဘူး ငါတော့ သွားပါပြီ'

'အို. . .ကိုအဂ္ဂါရယ် ဘာကြောင့် စိတ်ပျက်စကားဆိုနေရတာလဲ၊ ဒါက ကိုအဂ္ဂါ တစ်ယောက်တည်း အမှားမဟုတ်ပါဘူး၊ ဒါက ကိုအဂ္ဂါ တုတ်၊ မားနဲ့ ထိုးလို့ သေရတာမှ မဟုတ်ဘဲ၊ အလောင်းကို သေချာထုပ်ပိုးပြီး မြေမြှုပ်ပေးရမှာပေါ့'

'ဘုရား. . .ဘုရား. . .လွယ်လှချည်လား ရုစာရီရယ်'

'အို. . .ဒါဟာ တစ်ယောက်တည်းပါ၊ အရင်ကဆိုရင် စစ်ပွဲမှာ သေဆုံးကြတဲ့ စစ်သည်တွေဒုနဲ့ဒေး၊ ခရီးခုလပ်မှာ သွေးသံရဲရဲနဲ့ သေဆုံးသူတွေ တွေ့ရတာ မမြင်ချင်မှမအဆုံး၊ အနံ့တွေလည်း ဟောင်ပါဘိ၊

www.burmeseclassic.com



လင်းတတွေ ပျော်လို့ပေါ့။ အဲဒီ သောင်းချီနေတဲ့ စစ်သည်တွေ ဘယ်သူမြှုပ်မှာတုံး။ ဒီအတိုင်းမသိလေဟန်ပြု ကျော်ဖြတ်ရှောင်ကွင်းသွားရတာပေါ့'

'အို. . .မိုင်. . .ဂေါ့. . .သေလိုက်စမ်းပါ သေစမ်း။ အဲဒါက ရှေးခေတ်တိုက်ပွဲမှာ အခုက တိုက်ပွဲမဟုတ်ဘူး။ မတော်တဆဆိုသော်ငြား လူသတ်မှု ဥပဒေရှိတယ်။ ဒီကောင်သာ သေလို့ကတော့ ငါက အနည်းဆုံး ထောင်ဆယ်နှစ်ပဲ'

'ဘုရား. . .ဘုရား. . .မထိတ်သာ မလန့်သာရှိလိုက်တာ ကိုအင်္ဂါရယ်။ အဲဒီလောက်တောင် ပြစ်မှုကြီးသလား'

အေးဆေးနေသော ရစ်ဘာရီ၏ အမူအယာသည် ပြူးတူးပြာတာ ဖြစ်လာသည်။

'ရိုးရိုးလူရိုက်မှုဖြစ်တာတောင် တန်းစီးက အသေဆော်တာ။ ငါတော့ ဒုက္ခပဲ။ ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး။ ငါ့ဘဝတော့ သွားပါပြီကွာ။ သူက ငါ့သူငယ်ချင်းက မိဘက ချမ်းသာတယ်၊ ငါတော့ ဒုက္ခပဲ။ အဘသိလို့ကတော့ ထောင်ထဲမရောက်သေးခင် အဘသတ်လို့ အရင်သေမှာပဲ'

ရစ်ဘာရီသည် ရပ်ကြည့်နေရာမှ ဇော်ဇော်အောင်အနီး ငုတ်တုတ်ထိုင်သည်။ သွေးများကို ကြည့်သည်။

ပြီးနောက်. . .ခါးကြားမှ ရေကြွတ်ဘူးလေးကို ထုတ်ယူသည်။

'မင်း. . .ဘာလုပ်မလို့လဲ'

ရဲရဲနီနေသော သွေးသည် နောက်စေ့တွင် အိုင်နေသည်။

'ကောင်းမကောင်းတော့ မသိဘူး။ ဒါပေမဲ့ ဒီဂါရာရေနဲ့ စမ်းကြည့်ရမှာပဲ'

'ရူးနေသလား. . .ဦးနှောက်ခြောက်ပါတယ်ဆို ဒီအရူးမနဲ့





လည်း တစ်မျှော်'

'ရစ်ဘာရီ မောင်ကြီးကို မကယ်လိုက်နိုင်ဘူး၊ သို့ပေမဲ့ ကိုအင်္ဂါကိုတော့ ကယ်တင်ချင်တယ်'

ရစ်ဘာရီသည် ပြောပြောဆိုဆိုပင် ကြွတ်ဘူးထဲမှရေတစ်စက်ကို ဇော်ဇော်အောင်၏ နှုတ်ခမ်းအတွင်းထဲ လောင်းထည့်ပေးလိုက်သည်။

ရစ်ဘာရီ မျက်လုံးအတွင်းထဲမှ မျက်ရည်စီးကျလာသည်။

ထိုရေကို နှာမြောသည့်စိတ်ကြောင့်ဖြစ်သည်။ ထိုရေသာ မရှိပါက ကျောက်ဂူထဲ ဝင်ခဲ့ရပါလျှင် ဘယ်လိုပြန်ထွက်မလဲဆိုတာ မတွေးတတ်ပေ။ သို့သော် နောက်တစ်ကြိမ် ကျောက်ဂူထဲဝင်ရမှာလည်း ကြောက်၏၊ မဝင်ချင်တော့ပေ။ ပြောင်းလဲလာမည့် အခြေအနေနှင့်ဆုံရမှာ ကြောက်သည်။

မောင်ကြီး မဟုတ်သော်လည်း ကိုအင်္ဂါနှင့် ဆုံနေရပြီမို့ ယခုနေရာတွင်လည်း ရစ်ဘာရီ အဆင်ပြေပါသည်။

'ဟင်. . .'

သူ အံ့ဩလွန်း၍ ဖင်ထိုင်လျက်သား လဲကျသွားသည်။ မြင်ကွင်းက တကယ်မှ ဟုတ်ပါလေစ. . .တကယ့်ဖြစ်ရပ်မှ ဟုတ်ပါလေစ၊

မှန်ပါသည်။ ကျောက်တုံးပေါ်မှ စီးကျလုလုသွေးများ ရပ်တံ့သွားသည်။

'ကိုအင်္ဂါ. . .သွေးကို နည်းနည်းထိန်းမထားမှနဲ့ တူတယ်'

သူ ကြောက်ကြောက်လန့်လန့်ပင် ဇော်ဇော်အောင်ကို ဆွဲထူသည်။ သူ အံ့အားသင့်သွားသည်။ ဒါအိပ်မက်များလား။

ကျောက်တုံးတွင် အိုင်နေသော သွေးများသည် ရုတ်တရက် ညှိုးပါးသွားသည်။ ဇော်ဇော်အောင်ကို ဆွဲလိုက်သော အခါ ဆံပင်တွင် သွေးများ ကပ်ပါလာသည်။ သို့သော် ထိုသွေးများသည် ဆံပင်များသို့မစီးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဆံရင်းသို့ စီးဝင်သွားသည်။

'အကျိုးရှိသွားပုံရတယ်. . .တကယ်. . .ဒါက အသုံးဝင်တယ်'

သွေးများသည် ဆံရင်းသို့စီးဝင်သွားပြီးမှ သွေးတိတ်သွားပြီ။ ဇော်ဇော်အောင်သည် ကိုယ်လေးတဆတ်ဆတ် လှုပ်လာသည်။

'အင်း. . .'

ညည်းညူသံကြောင့် လန့်ဖျပ်ကာ လွှတ်လိုက်မိသည်။

'အင်း. . .'

သူ လွှတ်ချလိုက်သောကြောင့် လဲသွားသော ဇော်ဇော်အောင်သည် ဖြည်းညှင်းစွာ ထထိုင်လာသည်။

'ကျွတ်. . .ကျွတ်. . .မင်း သူငယ်ချင်းအချင်းချင်း တကယ် လုပ်တယ်. . .ရတယ် မှတ်ထား။ ဟော့ကောင်. . .ဖုံလုံတစ်လုံးလည်း ဖျော်တစ်လုံးလည်းပဲ'

ဇော်ဇော်အောင်သည် ဒေါသကြီးစွာ ထရပ်သည်။

ဆိုင်ကယ်ကို စက်နှိုးပြီး ထွက်သွားချိန်ထိ ဖြစ်ရပ်ကို သူ မယုံနိုင်သေးပေ။

သူ့ပါးသို့ ရိုက်ကြည့်သည်။ နာသည်။

'ရှစာရီ. . .မင်း. . .ဘယ်သူလဲ'

ဝိညာဉ်လွင့်နေသူပမာ သူ့အသံက ခြောက်သွေ့ကွဲရှစွာ ထွက်ပေါ်လာသည်။

× × ×





'ဘယ်လို. . .မိုးဆွေ'

မေးခွန်းကို ထပ်ခါတလဲလဲ မမေးတတ်သော သူ့အကျင့်သည် ယခုတော့ ပြောင်းပြန်ဖြစ်ကုန်သည်။

ရှစာရီ အနောက် လိုက်ကြည့်ဖို့ မိုးဆွေကို မှာထားခဲ့သည်။ ပြီးနောက် ရှစာရီ၏ ဆွဲကြိုးကို လိုချင်ကြောင်းပြောခဲ့သည်။ မိုးဆွေကလည်း အားကိုးရသည်။ ဆွဲကြိုးဖြုတ် သိပ်တော်သော လူတစ်ဦးကို ခေါ်လာပေးပြီး ငှားရမ်းခဲ့သည်။ သို့သော် ထိုပုဂ္ဂိုလ်ကပင် ရှစာရီ၏ လည်ပင်းမှ ကြိုး ဖြုတ်မရဘူးဟု ငြင်းသည်တဲ့။

သူ့နားသူ မယုံနိုင်ပေ။

ပြီးနောက် သွေးအိုင်ထဲလဲနေသူကို ရှစာရီက ဆေးတိုက်လိုက်ကာ ပြန်ကောင်းပြီး ဆိုင်ကယ်စီးပြန်သွားသည်တဲ့။ ဒါက ယုံကြည်ဖို့ ကောင်းတော့လို့လား။

'ဟုတ်တယ် ဆရာ. . .ကျွန်တော်ဖြင့် အံ့ဩလွန်းလို့ အသက်ရှူ ကောင်းမရှူနိုင်ဘူး။ ကျွန်တော်တော့ အဲဒီကောင်လေး သေပြီးလို့ ထင်နေတာ။ တကယ်လည်း ငြိမ်ကျသွားတယ် ဆရာ။ ကောင်မလေးက အဲဒီကောင်လေးကို ဘာတိုက်လိုက်သလဲ မသိဘူး။ သူတို့ တစ်ခုခုပြောနေကြတယ်။ ဒါပေမဲ့ ဝေးနေတော့ ကျွန်တော်လည်း မကြားလိုက်ဘူး'

မိုးဆွေ၏ စကားကြောင့် သူ့လက်ချောင်းတွေ တဆတ်ဆတ် တုန်လာသည်။ သူ စိတ်လှုပ်ရှားနေသည်။

ကျေနပ်နေသည်။ ရဝေမြိုင်သို့ လာခဲ့သည်မှာ အလဟဿ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ချေ။

'သွားတော့. . .မိုးဆွေ၊ မင်း လုပ်စရာရှိတာ ဆက်လုပ်တော့

'ဟုတ် ဆရာ'

မိုးဆွေ အခန်းပြင်သို့ ထွက်သွားသောအခါ သူက စားပွဲအောက်မှ အံဆွဲကို ခပ်ဟဟ တွန်းသည်။ ပြီးသားရေဖုံး အုပ်ထားသော ဒိုင်ယာရီကို ထုတ်သည်။

ပထမစာမျက်နှာကို လှန်ကျော်ပြီး ဒုတိယစာရွက်ကို ဖတ်သည်။

'မင်း. . .ရုတ်တရက် ပျောက်သွားသည်၊ ငါ သိတယ် မင်း ကျောက်နံရံကြားထဲ ဝင်သွားတယ်၊ အပေါက်တွေကို ငါ ရှာတယ်၊ ဒါပေမဲ့ မတွေ့ဘူး၊ မင်းက တန်ခိုးရှင်များလား'

နောက်တစ်ရွက် ဆက်လှန်သည်။

'သုံးရက်ပြောက်သွားပြီ. . .ရစာရီ၊ မင်း ပေါ်မလာတော့ မင်း ဘာလုပ်နေသလဲ၊ ကျောက်နံရံထဲ မင်း ဝင်သွားမှန်းသိပေမယ့် ပြန်မရှာနိုင်တော့ ငါ့ရဲ့ ညံ့ဖျင်းမှုပါ။ ငါ သွားရတော့မယ်၊ ဒါပေမဲ့ ငါ့ စိတ်တွေက ဒီကျောက်နံရံမှာ ကျန်ရစ်ခဲ့မှာပါ။ မင်းရဲ့ လှပတဲ့လည်ဆွဲ လှပတဲ့ဝတ်စုံ၊ လှပတဲ့ မျက်နှာလေးကို ငါ သေသည့်တိုင် မမေ့နိုင်တော့ မှာ မဟုတ်ပါဘူး ရစာရီရယ်၊ ဘုရားဆိုတာ ငါ မယုံပေမဲ့ အားကိုးပြီး ဆုတောင်းတယ်၊ မင်းနဲ့ ပြန်ဆုံပါရစေ'

အဘိုး ရှုးသွပ်ခဲ့သည့် မိန်းကလေးဖြစ်သည်၊ အချက်အလက် များကို သေချာစွာ သုံးသပ်ကြည့်ပါက သူ ယခုတွေ့နေရသော ရစာရီ သည် အဘိုး၏ ဒိုင်ယာရီထဲမှ ရစာရီဖြစ်နိုင်ချေ ရာခိုင်နှုန်းများသည် ယခုဆိုလျှင် သေချာသလောက်နီးပါး ရှိနေပါပြီ။

အဂ္ဂါက သူ့မိန်းမပါလို့ ဘာကြောင့် လိမ်ရတာလဲ။

ဘာကြောင့် ရစာရီရဲ့ အသက်က ကြီးမသွားခဲ့တာလဲ။



ဘာကြောင့် ခုချိန်ထိ ဆယ်ကျော်သက်အရွယ်အတိုင်း ရှိနေ ရတာလဲ၊ လည်ဆွဲကြောင့်များလား။

လှပသော လည်ဆွဲကို မြင်ယောင်နေမိသည်။

ထိုမြလည်ဆွဲကို သူ သဘောကျသည်။

ကျောက်မျက်ရတနာအပေါ် ရှုးသွပ်သော သူ့ပင်လျှင် ရစာရီ ၏ လည်ပင်းမှ ရတနာကို တန်ဖိုးမဖြတ်နိုင်ချေ၊ အစိမ်းရောင်ကြိုးတွေ တောက်ပနေသည်၊ ကြိုး၏ အစိမ်းရောင်သည်လည်း ပျော့ပျောင်းနူးညံ့ နေသည်။

ထိုဆွဲကြိုးကို သူ တစ်ခါလောက်တော့ ကိုင်ကြည့်ဖူးချင်သည်။ အဘိုး၏ ဒိုင်ယာရီထဲမှ တသသဖြစ်ရသော ဆွဲကြိုးကို သူ တွေ့ခွင့်ရ ဖို့ မျှော်လင့်ခဲ့ဖူးသည်။

သို့သော် ယခု တွေ့ရသောအခါ ကိုင်ကြည့်ဖူးချင်လာသည်။ ပြီးနောက် လှပသော ရစာရီကို သူ နှစ်သက်သည်၊ သူ့အတွက် အိမ်သူဖြစ်လာနိုင်သည့် မိန်းကလေးဖြစ်သည်၊ ထိုသို့ ထူးခြားသည့် မိန်းကလေးနှင့် ဆုံနေပါလျက်ကယ်နှင့် လက်မလွှတ်ပစ်နိုင်ချေ။

ထို့ကြောင့် ခုရက်ပိုင်းအတွင်း ဘယ်အရာကို ဒေါသဖြစ်လို့ ဖြစ်နေမှန်းမသိပေ၊ ဒေါသစိတ်က ရင်ထဲမွှေနှောက်နေသောကြောင့် ဆန္ဒသည် အဖြူအမည်းမှသိကွဲချေ၊ ကြောက်ရွံ့သည်၊ သူ တစ်ခုခု များယွင်း၍ ရှုံးသွားမှာ စိုးရိမ်သည်၊ အဂ္ဂါလိုလူမျိုးထံတွင် သူ ရှုံးနိမ့် ခဲ့ပါက သူ့ဒေါသသည် ဘယ်လောက်ထိကြီးသွားလာနိုင်သလဲ ဆိုတာ အာမမခံနိုင်ချေ။

အဂ္ဂါတို့အိမ်ကို ရစာရီက ဘယ်လိုရောက်လာခဲ့သလဲဆိုတာ သူ မသိပေ၊ ရစာရီသည် အဂ္ဂါတို့အိမ်တွင် ရှိနေခြင်းကို သူ အံ့ဩသည်။

အမှန်က ရဝေမြိုင်ကို သူရောက်လာခြင်းသည် ရစာရီကြောင့်

www.burmeseclassic.com

ဖြစ်သည်။ ရုစာရီ၏သတင်းကို စုံစမ်းပြီး လိုက်ရန်ဖြစ်သည်။ သို့သော် တိုက်တိုက်ဆိုင်ဆိုင်ပင် ရာဘာခြံထဲ၌ ရုစာရီကို အမှတ်မထင်တွေ့ခဲ့ရသည်။

သူ ကျေနပ်ခဲ့ရသည်။ ရုစာရီကို မြင်ကတည်းက ဒီမိန်းကလေးက မိမိရှာနေသူဆိုတာ အတတ်သိသည်။ သို့သော် ရုစာရီ၏အကြည့်များသည် သူ့အတွက် မလှပချေ။

သူ့ကိုကြည့်သော မျက်လုံးများနှင့် အဂ္ဂါကို ကြည့်သော မျက်လုံးသည် ကွဲပြားနေသည်။ အရောင်အဆင်းမတူပေ။ အဂ္ဂါဆိုတဲ့ကောင်က ဘာများ မက်စရာရှိနေလို့လဲ၊ ဘာကောင်မို့လဲ ထိုအချက်ကို သူ့ရင်ထဲ မခံချိမခံသာ ဖြစ်ရသည်။

သူ့ဘဝတွင် အရှုံးဆိုတာ တစ်ခါမှမရှိခဲ့ဖူးချေ။ ဘယ်သောအခါမှလည်း အရှုံးဆိုတာ မရှိစေရ။

ပြိုင်ဘက်ဟု ဖယ်ထုတ်ထားသော လူကို အနိုင်တိုက်နိုင်ရမည်။ နိုင်အောင်လည်း သူ ကြိုးစားတိုက်ပေလိမ့်မည်။ ပြိုင်ပွဲတစ်ခုတွင် အနိုင်ဆိုတာ မရခဲ့လျှင် အရှုံးဆိုတာ မရှိစေရပါ။ သူက လဲပြိုပြီး တစ်ဖက်လူက ဘယ်တော့မှ အနိုင်မရစေရပါ။

သူ့ထံတွင် ခွန်အားတွေ အပြည့်ရှိသည်။ အားမာန်ရှိသည်။ လုံ့လရှိသည်။ ထို့ကြောင့် ဘာပဟုတ်သည့် အဂ္ဂါက သူ၏ ပြိုင်ဘက် မဖြစ်နိုင်ချေ။ သူနှင့်ပြိုင်တိုက်ခဲ့လျှင် အဂ္ဂါသည် သချိုင်းမြေကိုနင်းပြီး လူဖြစ်နေရမည်။ သူ့အစွယ်ကို ချိုးခဲ့ပါက ချိုးသောလက်သည် ပုပ်ကျစေရမည်။ ကိုယ်မွေးခဲ့သော မျောက်က ကိုယ့်ကိုတော့ အခြောက်မခံနိုင်ပါ။ ကျူပင်ဖြစ်ခဲ့ပါက အမြစ်တူးလှန်ပစ်ရပေမည်။

'ရုစာရီ. . .မင်း အဲဒီလောက် အားကိုးနေတဲ့ အဂ္ဂါက ဘယ်လိုကောင်စားလဲဆိုတာ မင်း သိစေရမယ်။ ငါ့ကို ကြောက်လန့်နေ





တဲ့ ဆိုးပြစ်က ဘာလဲဆိုတာ မင်း သိစေရမယ်'

ကြိုးဝါးလိုက်သော သူ့နှုတ်ခမ်းများသည် ပိရိနေသည်။ ပြတ်သားသောနှုတ်ခမ်းအစုံကြောင့် မျက်လုံးသည် ဇူးရှတောက်ပနေသည်။ သူသည် ငုံလှုံ့မှုဂျက်စလေ၏ မြေးတော်သူ သူဌေးကြီးမင်းသုတေပဲ ဖြစ်တော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အဲဒီဂူထဲမှာ မင်း နှစ်ပေါင်းရာချီပြီး နေခဲ့တာပေါ့'

'အဲဒါကို ခုချိန်ထိ ရှစာရီ သဲသဲကွဲကွဲ မသိပါဘူး'

'ဘာကို မသဲကွဲရမှာလဲ. . .မင်း ပြောပုံအရဆို သုနန္ဒယဘုရင်နဲ့ ငါတို့ အခုအိုင်တီခေတ်ကြီးက အရမ်းကွာနေပြီလေ၊ ဟိုဘုရင် သေသွားတာ နှစ်ပေါင်းထောင်ချီနေပြီ။ မှန်းဆလို့တောင် မရဘူး။ ငါတို့တောင် ပုံပြင်လိုလိုဘာလိုလိုပဲ ဖြစ်နေတာ။ ထောင်ချီပြီဆိုတာ ဒီဘုရားရဲ့ သက်တမ်းကိုကြည့်ပြီး ခန့်မှန်းကြရတာ'

'ကွာတယ်. . .တော်တော် ခြားနားသွားတယ်'

'ပြောလို့သာ နားထောင်လိုက်ရတာ။ ငါတော့ သိပ်မယုံချင်ဘူး။ ဒါပေမဲ့ မယုံလို့လည်း မဖြစ်ပြန်ဘူး။ မျက်မြင်ကိုယ်တွေ့။ ဒါပေမဲ့ မေးစရာရှိတယ်။ အဲဒီဂူထဲမှာ မင်းက ဒီလောက်အကြာကြီး ဘာစားပြီး နေသလဲ'

'မကြာပါဘူး. . .ကိုအဂ္ဂါကို ပြောပြတဲ့ အထဲမှာ ရှစာရီ ချန်လှပ်ထားတာ တစ်ခုမှမရှိဘူး'

'ဒါဆို အဲဒီ အဘိုးကြီးက အဲဒီအထဲမှာ ကျန်ခဲ့တာပေါ့'

'အဘ ရသေ့က အဲဒီမှာပဲ နေထိုင်ပုံရတယ်။ အေးခဲနေတဲ့ ကျောက်ချပ်ပေါ်မှာ တရားအားထုတ်တယ်'

'အေးခဲနေတဲ့ ကျောက်ချပ် ဟုတ်လား'

'အင်း. . .တစ်ခါ ကိုအဂ္ဂါ ဝယ်လာတဲ့ အဖြူရောင်အတုံးလို အေးတယ်'



နှုတ်ခမ်းလေးချွန်ကာ ထော်ကော ပြောနေသော ရှစာရီကို ...အမှတ်တမဲ့ ငေးကြည့်နေဖြစ်သည်။

သူသည် တဖြည်းဖြည်း မှောင်လာသည်၊ အိမ်ထဲမှ အဘ၏ ...ရားရှိခိုးသံကို ကြားနေရသည်၊ အဂ္ဂါ မီးခြစ်ကို လှမ်းဆွဲယူကာ ...ယောင်းတိုင်ထွန်းညှိလိုက်သည်။

မီးရောင်ကြောင့် ရှစာရီ၏ အသားလေးသည် ဝါညက်ညက် ...လေးလှသွား၏။

'ဒါဆို မြားမှန်ပြီး လဲကျသွားတဲ့ မင်း မောင်ကြီးက ဘယ်ရောက် ...ားပြီလဲ'

'ရှိတော့မှ မဟုတ်ပါဘူး။ သူ ရှစာရီကို စိုးရိမ်စွာနဲ့ ဘဝကူးသွား ...ယ်၊ နှစ်တွေ ဒီလောက်ကြာနေပြီပဲ'

'အဲဒီဂူထဲ ဝင်လို့ရအောင် ဒီဆွဲကြိုးက ကူညီတာနော်'

'အဘရသေ့က အဲလိုပြောပါတယ်၊ ဒီလည်ဆွဲက ရှစာရီနဲ့ ...ပါလာတယ်၊ ဒီကြိုးပိုင်ရှင် ရှစာရီက အဖိုးစင်ဖြစ်နေတယ်၊ တန်ခိုး ...ကာက်ပသွားတယ်ထင်တယ်'

'သြော်. . .မင်း မောင်ကြီးနဲ့မင်းနဲ့က ဟိုဟာ. . .မ. . . ...ဲ. . .လက်မထပ်ရသေးဘူးပေါ့'

'ဟင့်အင်း. . .အမှန်က မောင်ကြီးနဲ့ရှစာရီတို့ တစ်မြို့တစ်ရွာ ... အခြေချပြီးမှ လက်ဆက်ကြဖို့ ရည်ရွယ်ခဲ့တာပါ။ မောင်ကြီးက ...ပြောပေမယ့် ဒါကို ရှစာရီ သိနေတယ်၊ ဒါပေမဲ့ ဘရသေ့ပြောသလို ...တ်စီမံရာပေါ့။ ဖြစ်ချိန်တန်တော့လည်း ရှောင်လွဲလို့ရပါတော့မလား'

'ငါ့ကြောင့် မင်းရဲ့ ဂါရာရေလည်း ကုန်သွားပြီ။ မင်း ဘယ်လို ...မ်မလဲ'

'ဒါကို စိတ်မကောင်းမဖြစ်ပါနဲ့ ကိုအဂ္ဂါ။ ခုလို ...ောင်ထဲမဝင်

www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ ကံကောင်းလှပါပြီ၊ ရုစာရီက မောင်ကြီးကို ကူညီခွင့်မရခဲ့ပါ
ဘူး။ အဲဒီအစား ကိုအင်္ဂါကို ခုလို ကူညီလိုက်ရတာ ရင်ထဲ ပေါ့တယ်

'မင်း. . .မောင်ကြီးက တကယ်ပဲ ငါနဲ့ အတော်တူသလဲ'

'တစ်ယောက်တည်းလို့တောင် မြင်မှားခဲ့တာပါ။ ဒါပေမဲ့ အချိန်
ကြာလာသည်နဲ့အမျှ ခြားနားမှုကို သတိပြုမိလာတယ်'

'ငါက မကောင်းဘူးပေါ့'

'ဟင့်အင်း. . .အဲလိုမဟုတ်ပါဘူး။ တစ်ယောက်တစ်မျိုးစီပေါ့'

'ဒီမှာ မင်းရဲ့မိသားစုလည်း မရှိဘဲနဲ့ ဘာလို့ ဂူထဲ ပြန်မသွား
သလဲ'

'မဝင်ရဲတော့ဘူး. . .ကိုအင်္ဂါကို မောင်ကြီးထင်ပြီး ကုတ်တွယ်
နေခဲ့ပေမယ့် မောင်ကြီး မဟုတ်မှန်း သေချာသိသွားတဲ့အခါ ဒီပတ်ဝန်းကျင်
မှာ ရုစာရီ နေတတ်နေပါပြီ။ အဘကလည်း ရုစာရီကို ကောင်းတယ်၊
ကိုအင်္ဂါကလည်း ကောင်းတယ်။

ဒီမှာပဲ နေပါရစေ။ ဂူထဲ ထပ်မဝင်ချင်တော့ဘူး၊ ဝင်ပြီး
ပြန်ရင်လည်း ထွက်လာစရာ ဘာအကြောင်းမှမရှိတော့ဘူး၊ အကယ်၍
ထွက်လာပြန်ရင် ဘာတွေပြောင်းလဲနေဦးမလဲ မသိဘူး၊ ရုစာရီ သာမန်
ဘဝကိုပဲ နှစ်သက်တယ်။ ရုစာရီက ပုထုဇဉ်ပါ။ လူသားဆန်ဆန်
နေချင်တယ်'

'ထူးတော့ထူးဆန်းတယ်နော် လူတိုင်းက အသက်ရှည်ပြီး
မသေတဲ့ဘဝကို ပိုင်ဆိုင်ချင်တယ်၊ မင်းကတော့ တစ်မျိုးပဲ'

'ငြီးငွေ့ဖို့ကောင်းပါတယ် ကိုအင်္ဂါရယ်. . .ကံကြမ္မာက သတ်
မှတ်ပေးတဲ့ သက်တမ်းထိပဲ လူဆန်ဆန် နေချင်တယ်၊ ချစ်မယ်၊ မုန်း
မယ်၊ ပျော်ရွှင်မယ်၊ ဟိုရုပ်မြင်သံကြားထဲက အရုပ်တွေလိုပဲ၊ ငိုတဲ့အခါ
ငိုမယ်၊ ရယ်တဲ့အခါ ရယ်တယ်၊ သူတို့ကို ကြည့်ရတာကမှ လူသားဆန်





သလိုပဲ'

'ငါကတော့ မင်းပြောတဲ့ အဲဒီနေရာကို ရောက်ဖူးချင်တယ်။
ငါရော ဝင်လို့ မရဘူးလား'

'ဟင့်အင်း. . .ဒါကို ရုစာရီ မသိဘူး'

'မအိပ်ကြသေးဘူးလား ညဉ့်နက်လာပြီ'

သူတို့ စကားပြောကောင်းနေလေသောအခါ အဘက သတိ
ပေးလာ၏။ ခါတိုင်းဆိုလျှင် အဘ ဘုရားဝတ်ပြု မပြီးသေးခင် အိပ်ရာ
ဝင်လေ့ရှိသည်၊ ခုတော့ အိပ်ချင်စိတ်မရှိကြပါ။ သို့သော် အဘက
သတိပေးလာသောအခါ မီးခွက်ကိုင်ပြီး ဝင်လာကြသည်၊

'မြို့ထဲ အနှံ့လည်ပတ်ခဲ့ရဲ့လား မိန်းကလေး'

'ဟုတ်ကဲ့. . .အဘ'

ရုစာရီသည် ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်လေ့ရှိသည်။ ပထမတော့
အဘက လက်မခံပေ၊ အဘထက် အသက်များစွာ ကြီးနေသူမို့ အဘက
ရှောင်ဖယ်နေသေးသည်။ သို့သော် အသက်အရွယ်ကို ရှိခိုးခြင်း မဟုတ်ဘဲ
လေးစားခြင်း၊ ကိုယ့်ကျင့်တရားနှင့် ရင့်ကျက်မှု၊ ဂုဏ်သိက္ခာတို့ကိုသာ
ရှိခိုးခြင်းပါဟု ဆိုတော့မှ ကန်တော့ခံသည်။

'ဟင်. . .မိန်းကလေး လည်ပင်းက ဘာဖြစ်တာလဲ'

အဘ ပြောသောအခါမှ သူလည်း ရုစာရီ၏ လည်ပင်းသား
လေးကို ကြည့်မိသည်၊ ကြီးရာကြီးအကြောင်းလိုက် ညိုမည်းနေရှာသည်။

'ဟိုလေ'

'ပြောပါ ဘာဖြစ်တာလဲ'

'ဟို. . .ဆိုင်ထဲက အထွက်မှာ အနီရောင်အကျီဝတ်ထားတဲ့
လူက လည်ဆွဲကို ဆွဲယူတယ်'

သူ သတိရလိုက်သည်၊ ထိုအချိန်က ရုစာရီသည် နာကျင်စွာ



www.burmeseclassic.com

www.burmeseclassic.com



အော်ညည်းရှာသည်။ သူ လုံးဝ ဂရုမစိုက်ခဲ့ချေ။ ကြည့်ပါဦး. . .အခု တော့ အညှိုးအမည်းစွဲနေလေသည်။ သူ့ရင်ထဲ ထိရှိမိသည်။ ဒီလောက် နာနေသည့်ကြားမှ သူ့ရှေ့တွင် မညည်းညူခဲ့ပေ။ သူ့အခက်အခဲကိုပင် ဖြေရှင်းပေးခဲ့သေးသည်။ သူ ရှက်မိသည်။ စိတ်ထိခိုက်သည်။ ဝမ်းနည်း သည်။ သူ့ကိုယ်သူ အသုံးမကျဘူးဟုလည်း ခံစားမိသည်။

'မဖြစ်ဘူး. . .မိန်းကလေး. . .ဒီဆွဲကြိုး မင်းမှာ အန္တရာယ် ရှိလာနိုင်တယ်။ ဒီရတနာက တန်ဖိုးကြီးမှန်း သိသာတာကိုး။ မိန်းကလေး ဂူထဲ ပြန်သွားဦးမလား'

'ဟင့်အင်း. . .အဘ. . .အဘတို့လက်ခံရင် အဘတို့နဲ့ပဲ နေခွင့်ပြုပါ'

'ကြိုက်သလောက်နေပါကွယ်. . .အဘအနေနဲ့ အဂ္ဂါထက် မိန်းကလေးကို ပိုတွယ်တာပါတယ်။ ဒါပေမဲ့ ဒီမှာနေမယ်ဆိုရင်တော့ မိန်းကလေးအန္တရာယ်ကင်းအောင် လည်ဆွဲကို ဖြုတ်သိမ်းထားပါလား'

'ဟုတ်ကဲ့ အဘ. . .အဲဒီလိုပဲ လုပ်ပါ့မယ်'

'ကဲ. . .အဂ္ဂါ။ ငေးမနေနဲ့ ဖြုတ်ပေးလိုက်'

အဂ္ဂါသည် စိုစွတ်နေသော မျက်ရည်တို့ကို မသိမသာ သုတ်ရင်း လည်ဆွဲမှ ဆွဲကြိုးကို ဖြုတ်လိုက်သည်။

'ကဲ. . .ကဲ. . .သွား. . .အဘရဲ့ သံသေတ္တာထဲမှာ ဘူးရှိ တယ်။ အဲဒီမှာ ဆွဲကြိုးကိုထည့်သိမ်းထား. . .ဟုတ်လား. . .မိန်းက လေးလိုချင်တော့ ပြန်ယူပေါ့ကွယ်'

'ဟုတ်ကဲ့ အဘ'

အဂ္ဂါသည် ထိုင်နေရာမှ ထရပ်သည်။

ဆွဲကြိုးကို သိမ်းရန် အဘအခန်းထဲ ဝင်လာသည်။

သံသေတ္တာအဖုံးကို ဖွင့်သည်။



သို့သော် လည်ဆွဲကိုကြည့်လိုက်သောအခါ စိမ်းဖန့်နေလေသည်။

'မာကျောတဲ့ ကျောက်တောင်ကို ဖောက်နိုင်တဲ့ပစ္စည်းဆိုပဲ ဆန်းတယ်နော်'

ဆွဲကြိုးကို ကြည့်ရင်း သူ စမ်းသပ်ချင်လာသည်။

ထို့ကြောင့် သံသေတ္တာအဖုံးကို ဖွင့်သော်ငြား ဆွဲကြိုးကို သေတ္တာ ထဲ မထည့်ဘဲ အကျီအိတ်ကပ်ထဲ ထည့်ဖြစ်၏။

'ငါ မင်းလို ဂူထဲ အကြာကြီးမနေပါဘူး။ အခုဝင်ပြီး အခုထွက် လာခဲ့မှာပါ။ ခဏပဲ ငှားတာ'

သံသေတ္တာကို ပြန်ပိတ်ပြီး ခိုးကြောင်ခိုးဝှက် ထွက်လာခဲ့တော့ သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ညလေပြည်သည် တစ်ချက်တစ်ချက် ဝှေ့လိုက်သောအခါ စိမ့်ခနဲ အေးသွားသည်။

နွေဦးကာလဆိုသော်ငြား ညအချိန်သည် ဆောင်းတမျှ အေးနေသေးသည်။ ဆောင်းအကုန် နွေအကူးသည် ထိုတောင်ပေါ်ဒေသ၌ မိုးလေးကလည်း ကျီစယ်တတ်သေးသည် ထို့ကြောင့် စံနေထောင့်မှ လေလာလျှင် တောင်သူများ သတိထားကြရသည်။ ခရမ်းချဉ်ပင်များ နှင်းခဲမိပါက မည်းပြီး ကျောက်ပေါက်မှန်များပေါ်လာသည်။ အခင်းပျက်တတ်၏။

'ခဏလေး ငှားတာပါ။ ဘယ်သူမှ မသိအောင် ပြန်ထွက်လာခဲ့မယ်'

ညဉ့်နက်နေပြီမို့ လူသွားလူလာ ရှင်းလင်းနေသည်။ အဘသိမှာစိုး၍ ဆိုင်ကယ်ကို ခြံဝထိ တွန်းထုတ်လာခဲ့ပြီးမှ ခြံပြင်ရောက်မှ စက်နှိုးစီးရသည်။

သို့သော် ရာဘာခြံနှင့် ကျောက်ချပ်ဘုရားသည် သိပ်မဝေးလှပေ။ ထို့ကြောင့် ဆိုင်ကယ်လည်းကြာကြာ မမောင်းရပါ။

ကျောင်းတောင်ကြီးကို မျက်နှာချင်းဆိုင် တွေ့နေရသော်လည်း ပြေးမဝင်ရဲချေ။ ရုစာရီလို အထဲသို့ မရောက်ဘဲ ပြန်ကန်ထွက်လာရင် နဖူးပြင်သည် မိမွေးတိုင်း ဖမွေးတိုင်း ရှိတော့မည်။ ဟုတ်ပ။ ဘယ်အရာကိုမှ လွယ်လွယ်နှင့် မယုံတတ်သောသူက ဘာလို့များ ရုစာရီ၏





စကားကို ယုံကြည်နေမိသလဲဆိုတာ မတွေးတတ်တော့ပေ။

အိမ်ဆောင်ထဲမှ ဆွဲကြိုးကို လက်တွင်ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်သည်။

နံရံဆီ တဟုန်ထိုးပြေးသွား၏။ သို့သော် အနီးအနားရောက်သောအခါ ရပ်တံ့သွားသည်။ အမှန်ဆိုရလျှင် သူ လန့်သည်။ ယခုလို လူမိုက်အလုပ်လုပ်မည့်အစား ခေတ်မီစက်ကိရိယာများနှင့် ကျောက်သားကို ထိုးဖောက်တာက သေချာမည်ဟု တွေးမိသည်။ ထိုအခါ သူ အပါအဝင် ကမ္ဘာလူသားများအားလုံး ထူးဆန်းမှုကို မျက်ဝါးထင်ထင် တွေ့ရနိုင်သည်။

သူ အကြံရလိုက်၏။ ဦးသုကို ဖြစ်ကြောင်းကုန်စင်ပြောကာ ဦးသုရဲ့ အကူအညီဖြင့် ကျောင်တောင်ကို ဖောက်ပစ်မည်ဟု စဉ်းစားမိသည်။

ထိုစိတ်ကူးကြောင့် အနောက်သို့ ချာခနဲလှည့်လိုက်သောအခါ

'အား. . .'

ခေါင်းသည် ပူခနဲဖြစ်သွားသည်။

သူ နောက်ဆုံးမြင်လိုက်ရသည်က အကျိအနီရောင်ကြီးသာ ဖြစ်တော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သော အော်သံနက်ကြောင့် ရှစာရီ အိပ်ရာမှ လန့်နိုးလာသည်။

စိတ်ထဲ ချောက်ချားတုန်ယင်နေသည်။

သွေးအိုင်ထဲလှဲနေသော ကိုအဂ္ဂါ သွေးတို့ဖြင့် တစ်ကိုယ်လုံးနီမြန်းနေသည်။

အိပ်မက်ဆိုးဖြစ်သည်။ သို့သော် ကိုအဂ္ဂါကို တကယ်မြင်လိုက်ရသောကြောင့် နှလုံးခုန်သံသည် တဖျပ်ဖျပ်တုန်ယင်နေသည်။ အရင်တုန်းက မောင်ကြီး လှဲကျနေပုံနှင့် ဆင်တူသည်။

ရှစာရီ စိုးရိမ်လာသည်။

ထို့ကြောင့် အခန်းပြင်သို့ထွက်လာသည်။

'ကိုအဂ္ဂါ'

ခြင်ကိုင်သောကြောင့် အဘက ခြင်ထောင်ထောင်အိပ်စေသည်။ သို့သော် ခြင်ထောင်ဇာစသည် ပါးသောကြောင့် အထဲကို လှမ်းမြင်နေသည်။

'ကိုအဂ္ဂါ'

ထပ်မံ၍ ခေါ်သော်လည်း ခြုံထားသော စောင်သည် နည်းနည်းမျှ မလှုပ်ချေ။

ရှစာရီသည် စိုးရိမ်လာသည်။ ထို့ကြောင့် သင့်၏မသင့်၏ ဆိုတာ မချင့်ချိန်နိုင်တော့ဘဲ ခြင်ထောင်ကို ဆွဲပင့်ကာ စောင်စကို





ဆွဲလှန်သည်။

'ဟင်'

အံ့အားသင့်သွား၏။ ကိုအဂ္ဂါ မရှိတော့ပေ။ ဒါဆို အိပ်မက်ထဲက အဖြစ်က မှန်နေပြီလား။

'အဘ. . .အဘ'

ရှစာရီ၏အသံသည် ပြာအက်နေသည်။ စိတ်ကယောင်ချောက်ချားဖြစ်နေသောကြောင့် ခေါ်သံသည် မြှင့်နေသည်။

'ဘာဖြစ်တာလဲ မိန်းကလေး ဘာလဲ'

'ကိုအဂ္ဂါ မရှိတော့ဘူး'

ရှစာရီသည် စိုးရိမ်တကြီးဆိုသော်လည်း အဘသည် သက်ပြင်းရှည်ကြီးချသည်။

'ဒီကောင် ထုံးစံအတိုင်း ခိုးထွက်သွားပြန်ပြီ ထင်တယ်။ အိပ်ပါ မိန်းကလေးရယ်။ အချိန်တန်ရင် ပြန်လာပါလိမ့်မယ်'

'မဟုတ်ဘူး အဘ၊ ရှစာရီ အိပ်မက်တွေ မကောင်းဘူး။ အိပ်မက်ထဲမှာ ကိုအဂ္ဂါက သွေးတွေနဲ့ လက်ထဲမှာလည်း ရှစာရီရဲ့ လည်ဆွဲကို ကိုင်ထားတယ်'

'ဟေ. . .ဟုတ်လား'

ထိုအခါမှ ဦးမောင်တင့်သည် ပြူးတူးပြာတာ ဖြစ်သွားသည်။ အိမ်ခန်းထဲ ပြန်ဝင်သွား၏။ သို့သော် ချက်ချင်းပြန်ထွက်လာသည်။

'မိန်းကလေးရဲ့ လည်ဆွဲမရှိတော့ဘူး'

'ဟင်. . .'

'ယူပြီးသွားလိုက်ပြီ ထင်တယ်'

'ဘုရား. . .ဘုရား. . .ကိုအဂ္ဂါတော့ ဒုက္ခပါပဲ'

'ကဲ. . .ကဲ. . .လာ. . .ထ. . .လိုက်ကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com



အဘသည် ဓာတ်မီးကြီးကို ကိုင်ကာ စောင်ကို ကိုယ်ပေါ်ရစ် ပတ်လိုက်ပြီး အိမ်အပြင်သို့ ထွက်သည်။

'ရာသီဥတု အေးတယ် မိန်းကလေး စောင်ယူခဲ့ပါ'

သို့သော် ရုစာရီသည် မယူပေ။ ရုစာရီအတွက် ရာသီဥတုက အေးမနေပေ။ ရင်ထဲက အပူမီးက အလျှံညီးညီး လောင်မြိုက်နေသည်။

'ဘုရား. . .ဘုရား. . .ကိုအဂ္ဂါ ဘာမှ မဖြစ်ပါစေနဲ့။ အဘ သရိရ ရသေ့ ကိုအဂ္ဂါကို စောင့်ရှောက်ပါ'

ရင်ထဲ၌ ဆုတောင်းနေသော်ငြား အသံက နှုတ်မှ ထွက်လာ သည်။

'အဂ္ဂါရေ. . .လူလေး'

အဘသည် အသံအက်အက်နှင့် အော်ရှာသည်။

'ကိုအဂ္ဂါ. . .ကိုအဂ္ဂါ'

ပြေးလည်းပြေး. . .အော်လည်းအော်ကာ အမှောင်ထုကို ဓာတ်မီးဖြင့် ထိုးကြည့်နေသည်။

'ဟို. . .အဂ္ဂါ'

အော်နေရင်းပင် ရုစာရီ တစ်စုံတစ်ခုကို သတိရလိုက်သည်။

'ကျောက်တောင်'

မှန်ပါသည်။ အိပ်မက်ထဲမှ မြင်မက်ခဲ့သော အရာသည် ကျောက် တောင်ကြီးရှေ့မှာဖြစ်သည်။

'အဘ. . .ဟို ဘုရားကုန်းရှေ့မှာ ဖြစ်မယ်'

ထင်မြင်ချက်နှင့် ရှေ့ဆက်ခဲ့ကြသည်။

မြင်မက်သည့်အတိုင်းပင် ကိုအဂ္ဂါသည် ကျောက်တောင်ရှေ့ တွင် လဲနေလေသည်။ ရဲရဲနီနေသော သွေးများသည် မြင်ရက်စရာမရှိပေ။

'ကိုအဂ္ဂါ'





'လူလေး'

မြင်မြင်ချင်းပင် ပြေးပွေ့မိသည်။

'ကိုအဂ္ဂါ. . .ကိုအဂ္ဂါ'

'ဘယ်လိုဖြစ်ရတာလဲ လူလေးရယ်'

ခေါင်းကိုခဲနှင့်ထုထားသည် ထင်သည်။ အဂ္ဂါ့ဘေးမှ ကျောက်တုံး တွင် သွေးစွန်းနေ၏။ အဂ္ဂါသည် သွေးအိုင်ထဲ လဲနေသော်ငြား သတိရှိ နေသေးသည်။

'ဆွဲကြိုး. . .သူ. . .သူတို့. . .ယူ'

'ဟင့်အင်း. . .ရတယ်။ ရုစာရီအတွက် ကိုအဂ္ဂါလောက် ဘယ်အရာမှ အရေးမကြီးပါဘူး'

'ငါ. . .ငါ. . .မှားသွား'

'ကဲ. . .မိန်းကလေး အဘ ကျောပေါ် လူလေးကိုတင်။ ဆေးရုံပြေးရမယ်'

ရုစာရီ ရင်ထဲ ဝမ်းနည်းသည်။

ခါးကြားမှ ကြွတ်ဘူးကို ဆွဲထုတ်ကြည့်ပြီး ခါသည်။

သို့သော် တစ်စက်တည်းသောရေက ကုန်ပြီဖြစ်၏။

ဆို့တက်လာသော ဝမ်းနည်းမှုကြောင့် အော်ငိုပစ်ချင်သည်။

'ဆေးရုံဆိုတဲ့ အရာက ကိုအဂ္ဂါကို ကုပေးမှာလားဟင် အဘ။ ကိုအဂ္ဂါ ပြန်ကောင်းလာမှာလား'

'ကဲပေါ့. . .မိန်းကလေးရယ်'

မြို့ပြင်မှာကြီးမို့ အလှမ်းဝေးလှသည်။ သို့သော် ကံကောင်းချင် တော့ ဆေးရုံသည်လည်း မြို့အဝင်၌ ရှိနေသည်။

'ဆရာမ. . .ဆရာမ. . .ကယ်ပါဦးဗျာ'

မိုးချုပ်နေသောကြောင့် ဆေးရုံဝင်းတံခါးသည် ပိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဘ၏ ခယသော အသံတုန်တုန်ကြောင့် ဂိတ်တဲသည် မီးပွင့်သွားသည်။

'ကယ်ပါဦးဗျာ အဘတုလေး'

အဘသည် ငိုနေရှာသည်။

ရှစာရီ ရင်ထဲမကောင်းပေ။ ဒီပြဿနာက သူမ ယူလာတဲ့ အရာဖြစ်သည်။ လည်ဆွဲကပေးသော ဒုက္ခဖြစ်သည်။

မရဏာမင်းရယ်. . .ကိုအဂ္ဂါကို ခေါ်မသွားပါနဲ့။ ကျေးဇူးပြု၍ ကိုအဂ္ဂါကို ချမ်းသာပေးပါ. . .

× × ×





'သွေးထွက်လွန်နေပြီတဲ့ သွေးတော့ သွင်းထားတယ်။ ဒါပေမဲ့ သတိမရသေးဘူး. . .ဆရာဝန်ကတော့ ကံပါပဲလို့ ပြောတယ်'

ဆေးရုံမှ ပြန်လာသော အဘ၏ အသံသည် မျှော်လင့်ချက်ကင်းမဲ့နေသည်။ ရှစာရီ ရင်ထဲ နုံးချည့်နေသည်။ ဖြစ်နိုင်လျှင် ကိုအဂ္ဂါရှိရာ ဆေးရုံသို့ အပြေးသွားချင်လှသည်။ သို့သော် လူမြင်ခံ၍ မသင့်ဟု အဘက ဆိုသောကြောင့် အိမ်တွင်းပုန်းလုပ်နေရသည်။ ရှစာရီအွန်လိုင်းဆိုသော အရာပေါ်တွင် နာမည်ကြီးနေသည်ဟု အဘက ဆိုသည်။ အွန်လိုင်းဆိုတာ ရှစာရီ မသိပေ။ သို့သော် အန္တရာယ်ရှိသော အရာဖြစ်မည်ဟု ခန့်မှန်းမိသည်။

'ရှစာရီ. . .ကိုအဂ္ဂါဆီ သွားချင်တယ် အဘရယ်'

'မရဘူး. . .မိန်းကလေး. . .အခု မြို့ထဲမှာ ညှော်သည်တွေ သိပ်များနေတယ်'

'ဘာဖြစ်လို့လဲ ဟင်'

'မိန်းကလေးရဲ့ သတင်းက တော်တော်ခေတ်စားနေတယ်တဲ့။ အခုဆို ဗလာစာအုပ် အဖုံးမှာတွေတောင် နတ်သမီးဆိုပြီး ပါနေပြီတဲ့။ မိန်းကလေးကို သိနေကုန်ကြပြီ။ အဘတို့ကိုတောင် လူတွေက သိပ်မသက်သာချင်တော့ဘူး။ ဒီအိမ်ကလည်း မိန်းကလေးအတွက် သိပ်မလုံခြုံတော့ဘူး။ မိန်းကလေး ဒီမှာရှိနေတယ်လို့ ယူဆကုန်ပြီ။ အချို့က အဘကို မေးနေကြတယ်။ သူတို့က အဲဒီသတင်းကို အစစ်လို့ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ။ မြို့ထဲမှာလည်း သတင်းပြန့်နေပြီ။ မိန်းကလေးက ကောင်းကင်ကလာတဲ့ နတ်သမီးတဲ့။ နှစ်ထောင့်ဆယ်နှစ် ကမ္ဘာပျက်ကိန်းနဲ့ ဆက်စပ်တယ်လို့ဆိုကြတယ်။ ကောလာဟာလတွေကို စုံနေတာပါပဲ မိန်းကလေးရယ်။ တကယ်တော့ အဘလည်း ဒီမြို့က ထွက်သွားလိုက်ချင်ပါပြီ ဒါပေမဲ့ ချက်မြှုပ်အရပ်ဖြစ်တဲ့အပြင် လူလေးက သတိမလည်ဘူး။ မြို့မှာ သွားကုဖို့ကလည်း ငွေကြေးက မပြည့်စုံ ခက်ပါရဲ့'

'ငွေကြေး ပြည့်စုံရင်တော့ ကိုအဂ္ဂါ ပြန်ကောင်းမှာလား'

'မသေချာပါဘူးကွယ်။ ဒါပေမဲ့လည်း ကိုသူကိုတော့ ပြောကြည့်ရမှာပဲ။ ကိုသုတော့ အဂ္ဂါကို မပစ်ထားလောက်ဘူးလို့ ထင်တယ်'

'မပြောပါနဲ့လား အဘရယ်'

'ဘာလို့လဲ'

'ဟင့်အင်း. . .မပြောစေချင်ရုံပါပဲ'

'ဒါပေမဲ့ ပြောကြည့်တာက မျှော်လင့်ချက်ရှိတာပေါ့။ ထဲ တံခါးကိုလုံလုံခြုံခြုံ ပိတ်ပြီးနေနော်။ အဘ ကိုသုဆီ သွားဦးမယ်'

ထွက်သွားသော အဘ ကျောပြင်ကို ငေးကြည့်နေမိသည် ရင်ထဲမကောင်းပေ။

မျက်ဝန်းထဲမှ မျက်ရည်များစီးကျလာသည်။

ထိုကျောပြင်ကို နောက်ဆုံးမြင်တွေ့ရသည့်ပမာ ရင်ထဲ လှိုက်ဆို့တက်လာသည်။

'အဘ. . .'

ထပ်ခေါ်လိုက်သောအခါ ဦးမောင်တင့်သည် နောက်လှည့် လက်ပြသည်။

ထိုအချိန်မှစ၍ အဘ ထွက်သွားလိုက်သည်မှာ သုံးရက်မြော သောအခါ ရှစာရီ၏ ပူပင်သောကသည် အိမ်ထဲငြိမ်မနေနိုင်တော့



ဘွယ်တာရသူ ကိုအဂ္ဂါရော အဘပါ ပျောက်ဆုံးနေသည်။

အဘသည် အကြောင်းမကြားဘဲ မြို့ပေါ်တက်မသွားလောက်ပေ။ ရှစာရီ တစ်ယောက်တည်းကို ချန်မထားလောက်ပေ။ ယခုတော့ ကိုအဂ္ဂါ သတင်းလည်း မကြားရသလို အဘလည်း ပြန်မလာပေ။ အဘ တစ်ခုခု ဖြစ်နေလို့လားဟု စိုးရိမ်သည်။

အမှန်ပြောရလျှင် မင်းသုတေဆိုသူကို ရှစာရီ ရင်ထဲသဘော မတွေ့ပေ။ သုနန္ဒိယ ဘုရင်၏ မျက်လုံးနှင့် တူသည်။ စူးရှလွန်းသည်။ အတ္တမျှားလွန်းသည်။ ချိုနေသော အပြုံးများသည် ကြောက်စရာကောင်းသည်။ သွေးအေးပြီး ရက်စက်မည့်အသွင်ဆောင်သည်။ ဖျက်စလေလိုပင် ရမ္မက်ကြီးသော အရိပ်အငွေ့ကို ခံစားရသည်။

အဘသည် မင်းသုတေထံ ထွက်သွားသည်။ သို့သော် ပြန်ရောက်မလာပေ။ မင်းသုတေက အဘကို တစ်ခုခုလုပ်လိုက်ပြီလား။

ထိုသို့ သံသယဝင်သည်။ သို့သော် အဘသည် အသက်ကြီးသူဖြစ်သောကြောင့် မင်းသုတေက ဤမျှ မရိုင်းနိုင်ပါဟု တွေးပြန်သည်။ သို့သော် မင်းသုတေ၏ မျက်လုံးများကို မယုံပေ။

အိမ်တွင်းပုန်းပြီး စိုးရိမ်နေရသည်ထက် ပြေးထွက်၍ကြည့်လိုက်ချင်သည်။ သို့သော် အဘပြောသွားသော စကားများအရ အပြင်သွားလျှင် ရှစာရီအတွက် အန္တရာယ်ရှိနိုင်မှန်း ခန့်မှန်းမိသည်။

သို့သော် အိမ်ထဲ ပုန်းနေလို့ရော အန္တရာယ်ကင်းလို့လား။ ဤရာဘာခြံသည် မင်းသုတေ၏ ပိုင်နက်ဖြစ်သည်။ မင်းသုတေသည် အိမ်ထဲသို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သည်။ လောကတွင် မင်းသုတေထက် ရဲတင်းရိုင်းပြသော ဖော်ဖော်အောင်ပင် ယုံကြည့်စရာ ကောင်းသေးသည်။

မချင့်မရဲဖြစ်ရသော်လည်း နောက်ဆုံးတွင် တစ်ခုခုကို နိုင်နိုင်

www.burmeseclassic.com



မာမာ ဆုံးဖြတ်လိုက်သည်။

ထိုအခါ ခဲနေသော အစိုင်အခဲသည် ပျော့ပြောင်းလာ၏။ ရှုပ်နေသောခေါင်းသည် ရှင်းလင်းသွား၏။

သို့သော် ဝတ်စုံကိုလဲသည်။ သန့်ရှင်းသော ဝတ်စုံအစား ကိုအဂ္ဂါ၏ အကျီပွပွတစ်ထည်ကို ဝတ်ဆင်သည်။ ပြီးနောက် အဘာဝယ်ပေးထားသော စိမ်းညို့ရောင် ပဝါလေးကို ခေါင်းလုံအောင် ခြုံသည်။

မဝံ့မရဲ ထွက်လာခဲ့သော်လည်း ကြောင့်ကြမှုကြောင့် သတ္တိတွေ ရှိနေသည်။

နာရီဝက်မျှ လမ်းလျှောက်လိုက်သောအခါ ဆေးရုံဝသို့ ရောက်သွား၏။ ဆေးရုံဝင်းတွင် လူများစည်ကားနေလေသည်။ နဂိုတည်းက လူမတိုးသည်မို့ ဝင်ရမှာတွန့်နေသည်။ အဘာ၊ ကိုအဂ္ဂါတို့နှင့်အတူ တစ်ကြိမ်ရောက်ဖူးသော်လည်း ထိုအချိန်က သန်းခေါင်ယံဖြစ်သည်။ လူပုံနှင့် အနေအထားကို ကွက်ကွက်ကွင်းကွင်း မမြင်ရပေ။

'သနားပါတယ်ဟယ်။ သား ဘကြီး နှစ်ယောက်လုံး ဒုက္ခဖြစ်ရတယ်'

လူအုပ်ကြားထဲ တိုးဝင်ခဲ့သောအခါ အချို့၏ စကားသံများ ရုတ်တရက် နားထဲ ဝင်လာသည်။

'အဲဒါ. . .ဟို. . .စုန်းမကြောင့်ပေါ့။ ထီးတင်ပွဲမှာ ဘွားခနဲ ပေါ်လာတယ်။ ဘုရားထီးတော်ကို ဖျက်ဆီးဖို့နေမှာ'

'အချို့က နတ်သမီးဆို'

'နတ်သမီးဆို သူတို့ သားဘကြီး ခုလို ဒုက္ခဖြစ်ပါ့မလား။ စဉ်းစားလည်း ပြောပါဦးကွယ်'

စကားလုံးများသည် မိမိကို ရည်ညွှန်းနေတယ်ဆိုတာ ရုတ်တရက် သဘောပေါက်သွားသည်။ ထို့ကြောင့် နားစွင့်နေမိသည်။



"နတ်သမီးဆို ကောင်းတာတွေချည်းဖြစ်မှာပေါ့။ အခုတော့ တူက သတိမလည်သေးဘူး။ သေမလား ရှင်မလား မသိတဲ့အခြေအနေမှာ ဘကြီးလုပ်သူက အသုဘချရပြီ. . .တော်ပါသေးရဲ့၊ သူဌေးလေးမင်းသုတေရှိနေလို့သာ"

"ဟုတ်ပ ... ဒါကြောင့် ခြေနှစ်ချောင်းမကယ်ကောင်းဘူးလို့ ပြောတာ။ အဲဒီစုန်းမက လိပ်ပြာနှုတ်သွားတာ ထင်တယ်။ သေတော့လည်း မြစ်ကမ်းနဘေးမှာ ဆိုတော့လေ။ လပြည့် လကွယ်ဆို မြစ်ဆိပ်မှာ စုန်းတွေ ရေသောက်ဆင်းတတ်တယ်"

ရုတ်တရက် ရင်ထဲ မောလာသည်။ ကျလုလု မျက်ရည်စက်များကို ချုပ်တည်းထားရသည်။

ခပ်လှမ်းလှမ်းတွင် ပြင်ဆင်ထားသော အနီရောင်ခေါင်းတလားကို တွေ့မြင်နေရသည်။ ရေးထွင်းထားသော စာလုံးများကို မဖတ်တတ်သော်လည်း အဘာကို ထည့်ထားသော ခေါင်းတလားမှန်းသိနေသည်။

မဖြစ်နိုင်ပါ။ ဒီလောက်ကျန်းမာနေသော အဘာက ဘယ်လို အကြောင်းကြောင်းနှင့်မှ ရုတ်တရက် မသေဆုံးနိုင်ပါ။ မင်းသုတေထံသို့ သွားမည်ဟုဆိုကာ ထွက်သွားခြင်းသာ ဖြစ်သည်။

"ဒါနဲ့ ... ဦးမောင်တင့်ရဲ့ အလောင်းကို ဘယ်သူတွေတွေ့တာသဲ"

"အို ... ဘယ်သူရှိရမလဲ၊ သူဌေးမင်းသုတေရဲ့ လှေယုံမိုးဆွေပေါ့။ မြစ်ဆိပ်မှာ ချော်လဲနေတာတဲ့။ အုတ်ဆက်ပွင့်ပြီး သေတာထင်တယ်"

"အို ... နေ့မြင်ညပျောက် ကြမ္မာဆိုးကြီးပါလား။ ဆန်းကြယ်တာနော်"

အသံများသည် ရုတ်တရက်ထဲမှ သံသယကို ကြီးထွားစေသည်။

www.burmeseclassic.com



ကိုအင်္ဂါကို တစ်စုံတစ်ယောက်က ရိုက်သွားသည်ဟု ထင်သည်။ ပြီးနောက် အဘသည် အမြင်အာရုံကောင်းသည်။ ကိုအင်္ဂါကို ဆေးရုံရောက်အောင် ပို့ခဲ့သူဖြစ်သည်။ မတော်မဆ ချော်လဲစရာ အကြောင်းမရှိပေ။ ချော်လဲသည် ဆိုသော်ငြား မင်းသုတေဆီသွားမည်ဟု ပြောသွားသောကြောင့် မြစ်ဆိပ်ကို ဘယ်လိုမှ ရောက်သွားစရာအကြောင်းမရှိချေ။ ပြီးနောက် အင်္ဂါက ဆေးရုံမှာ ရှိနေသည်။ လေညှင်းခံဖို့အချိန် အဘထံတွင် မရှိပါ။

"အသုဘက ဘယ်အချိန်ချမှာလဲ"

"နှစ်နာရီတဲ့။ လိုပါသေးတယ်"

"သူ့ဌေးလေးကို မတွေ့ဘူးနော်"

"မြို့ကလူတွေ ၊ ကားတွေနဲ့ တန်းစီပြီး ဝင်လာတယ်လေ။ သူဌေးလေးအိမ်မှာ တစ်ခုနဲ့လုပ်ပုံရတယ်။ အိမ်မည်းပတ်ဝန်းကျင်မှာ အစောင့်တွေ ချထားတယ်ဆိုပဲ။ အသုဘကိုတော့ လာနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကားနဲ့တော့ လွမ်းသူ့ပန်းခွေလာချတယ်။ ဟို ကားလေ"

အမျိုးသမီးညွှန်ပြရာသို့ လှည့်ကြည့်လိုက်သောအခါ စိမ်းပုတ်ရောင်ကားကို မြင်ရသည်။

ဘာလုပ်ရမှန်း မသိချေ။ မင်းသုတေရှိရာသို့ လိုက်ရမည်လား။ အဘရဲ့ ရုပ်အလောင်းနားသွားရမည်လား။ ကိုအင်္ဂါရှိရာ လူနာဆောင်သို့ သွားရမည်လား ဝေခွဲမတတ်။ သို့သော်လည်ဆွဲကို သတိရမိသည်။

အကယ်၍ အန္တရာယ်နှင့်ကြုံခဲ့လျှင် လည်ဆွဲမရှိ၍မရချေ။ ပြီးနောက် လည်ဆွဲက ကိုအင်္ဂါကို ကယ်ကောင်းကယ်နိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

ဘာလို့လဲဆိုတော့ ကိုအင်္ဂါကို မောင်ကြီးကိုယ်တိုင် ဆွဲပေးခဲ့ခြင်း



ဖြစ်သည်။ ကိုအင်္ဂါသည် မောင်ကြီး မဟုတ်သော်ငြား မောင်ကြီးနှင့် ဆင်တူသူဖြစ်သည်။

ရုစာရီဝေခွဲမရဖြစ်နေစဉ်မှာပင် ကားသည် လှုပ်လာသည်။ ရုစာရီဘာမှ စဉ်းစားမနေတော့ချေ။ ထိုကားပေါ်သို့ ခိုးကြောင်ခိုးဝှက်တက်သည်။

ကိုအင်္ဂါသည် လည်ဆွဲကို ယူသွားမှန်းသိသည်။ သို့သော် လည်ဆွဲက ကိုအင်္ဂါထံတွင် မရှိတော့ပေ။ ကိုအင်္ဂါကို ရိုက်နှက်သွားသူက ယူသွားတယ်ဆိုတာ သေချာသည်။ ထိုလူကိုလည်း မင်းသုတေဟုသာ ယုံကြည်မိသည်။ အကြောင်းပြချက်မရှိသော်လည်း မင်းသုတေဟု စိတ်ထဲထင်နေသည်။ ထို့ကြောင့် အမိုက်ခံပြီး လိုက်လာခဲ့ခြင်းဖြစ်၏။

ကားဆိုသောအရာသည် လှုပ်ရမ်းလွန်း၍ ခေါင်းမူးလာသည်။ သို့သော် အောင့်အီးသည်းခံနေသည်။ အားတင်းထားသည်။

ကြာကြာမစီးလိုက်ရပေ။ ထိုအရာရပ်တန့်သွား၏။ လမ်းလျှောက်သံများ ကြားရသည်။

ပုန်းကွယ်နေရာမှ ခိုးကြည့်လိုက်သောအခါ ခြံကျယ်ကြီးတစ်ခုထဲရောက်နေပြီဖြစ်ကြောင်းသိလိုက်ရသည်။

ရုစာရီသည် ကားပေါ်မှ ဆင်းသည်။

ဆင်းဆင်းချင်းပင် နှင်းဆီနီများ ပွင့်နေသော လှပတဲ့ နှင်းဆီခင်းကို ဘွားခနဲ တွေ့လိုက်ရသည်။

"ဘာပန်းတွေလဲ။ လှလိုက်တာ"

ဟု အမှတ်တမဲ့ရေရွတ်လိုက်သောအခါ ဘရသေ့စကားကို ကြားယောင်မိသွားသည်။

"နီသော ပန်းကို သတိထားပါ။ နီသောအရောင်ကို ရှောင်ပါ"

နီသောပန်း၊ နီသောအရောင်။ ရုစာရီရင်ထဲ ထိတ်လန့်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဘ၏ သတိပေးစကားသာ နားထဲပဲ့တင်ဟပ်နေသည်။

မှားသွားပြီလား၊ လာခဲ့မိတာ မှားများသွားပြီလား။ သို့သော် လွန်ခဲ့ပြီဖြစ်သည်။ နောက်ဆုတ်၍လည်း မရနိုင်တော့ချေ။ နီရဲသော သွေးများသည် အာရုံကို ထွေပြားစေသည်။ နီရဲသော ပိုက်ဆံ၊ နီရဲသော အင်္ကျီနှင့် နီရဲသော အဘ၏ ခေါင်းတလား။

"ဟော့ကောင်တွေ အားလုံးငြိမ်းခဲ့သလား"

အသံကြောင့် နံရံအကွယ်တွင် ဝင်ပုန်းသည်။

အသံရှင်ကို လှမ်းကြည့်သည်။ တစ်ခါတစ်ရံမျှ မမြင်ဖူးသူ လူစိမ်းဖြစ်သည်။

"လုပ်ခဲ့ပါတယ် ဆရာ။ အားလုံးက မတော်တဆလို့ မှတ်ယူကြပါတယ်။ မကြာခင် မီးသင်္ဂြိုလ်တော့မှာပါ"

"အေး ... အေး တာဝန်ကျေတယ်"

လူသုံးဦး၏ အသံဖြစ်သည်။ ရုစာရီသည် ထိတ်လန့်နေသည်။ ယောက်ျားသားချည်းတည်းမို့ ကြောက်လန့်နေသည်။

"အဖိုးကြီးက ဘယ်လိုဖြစ်တာလဲကွ"

လာမေးသူသည် ထွက်သွားသောအခါ ကျန်ရစ်သူနှစ်ဦးသည် စီးကရက်ခဲရင်း အပြန်အလှန် ပြောကြသည်။

"လာရှုပ်တာကိုး သူဌေးဆီ ငွေလာတောင်းတာ။ ဒါပေမဲ့ သူဌေး လက်ထဲက လည်ဆွဲကို မြင်သွားတော့ ကိစ္စတုံးရတော့တာပေါ့။ အဲဒီ လည်ဆွဲက သူတို့ယူသွားတာပါ။ သူတို့ကို သတ်တာ မဟုတ်လားလို့ စွပ်စွဲတယ်ကွာ။ ပြီးတော့ သူတို့သေသွားရင် တရားစွဲမယ်၊ ဘာညာ ခြိမ်းခြောက်တာကိုးကွ။ ကိုမိုးဆွေက နံရံနဲ့ ခေါင်းအစာကျွေးတာ နှစ်ချက်ပဲ ဆောင့်လိုက်ရတယ်"

နိုးနားထောင်နေသော ရုစာရီမှာ လက်များတဆတ်ဆတ်တုန်



လာသည်။ မျက်ရည်ပူများသည် ပါးပြင်ပေါ်သို့ တသွင်သွင် စီးကျလာသည်။

"သူတို့လည်း သေမယ်ထင်တာပဲ။ တစ်ပတ်ရှိပြီ သတိမရဘူး။ ဆရာဝန်တွေ လက်လျှော့ထားပြီတဲ့။ ကံဆိုးတာပဲ"

"အဲဒါ ဟိုမိန်းကလေးကြောင့်လား"

"ဟုတ်မှာပေါ့ကွ။ တို့သူဌေးက ကြွေနေတာလေ။ အွန်လိုင်း ပေါ်မှာတွေ့လို့ လိုက်လာတာ။ ကိစ္စအားလုံးရှင်းပြီးရင် အပိုင်သိမ်းမယ် ထင်တယ်"

"ငည့်သည်တွေများတယ်နော်၊ ဘာကိစ္စလဲ"

"လည်ဆွဲလေ။ လေလံတင်မှာတဲ့။ မပေါ့နဲ့နော်၊ နိုင်ငံတကာ က သူဌေးရဲ့ လူယုံတွေ တက်ကြတာ"

"ရန်ကုန်မှာ ဘာလို့ မလုပ်တာလဲ"

"အကြောင်းရှိလို့ နေမှာပေါ့ကွာ။ ဟိုမိန်းကလေးက ခုတလော ရေပန်းစားနေတယ်လေ၊ တို့သူဌေးတော့ ပွဲပေါက်ကြုံပြီထင်တယ်။ ဟို ဘုဝရီးကို ရှင်းပြီးရင် အဲဒီမိန်းကလေးကို ဖမ်းရတာ ကြက်ကလေး၊ ငှက်ကလေးဖမ်းရတာထက် လွယ်ဦးမယ်"

"သူဌေးက ရက်စက်တယ်နော်၊ အဲဒီ အင်္ဂါဆိုတဲ့ကောင်ကို အသေရိုက်တာ၊ ဟိုကောင်ကလည်း အသက်ပြင်းတယ်။ မသေဘူးဗျ"

"ကဲ ... ကဲ ပြောနေလို့ မဖြစ်ဘူး၊ ခြံဝသွားမယ်။ လုံခြုံရေး ကျတယ်"

ထိုလူနှစ်ဦး ထွက်ခွာသွားသောအခါ ရုစာရီသည် ဝမ်းပန်း တနည်း ငိုကြွေးမိသည်။

အဘအတွက်လား၊ ကိုအင်္ဂါအတွက်လား၊ မိမိအတွက်လားဆို တာ မသိသော်လည်း အားကိုးရာမဲ့ခြင်းအပေါ် ကြေကွဲမိသည်။ မိမိ

www.burmeseclassic.com

www.burmeseclassic.com



အားကိုးသောလူများက မိမိကြောင့် ဒုက္ခရောက်ရခြင်းကို ထိရှစွာ ခံစားရသည်။

ရှုံးပွဲချဲ့ငိုနေမိသော်လည်း မိမိသည် ငိုနေရုံနဲ့ ဒီကိစ္စသည် မပြီးနိုင်ကြောင်း ရိပ်မိသည်။

ထို့ကြောင့် စီးကျနေသော မျက်ရည်များကိုသုတ်ကာ အကွယ်မှ ထွက်လာခဲ့သည်။

မဖြစ်စေရပါ။ မင်းသုတေ၏ အကြံအစည်များ ပထမမြောက်စေရပါ။ ထို့အတွက် လည်ဆွဲကို လိုအပ်သည်။ လေလံပွဲဆိုတာ ဘာမှန်းမသိသော်လည်း မိမိပိုင်သောပစ္စည်းမို့ မင်သုတေသည် ထိုသို့ ပိုင်စိုးပိုင်နင်း ပြုမူမှုကို မုန်းသည်။ အိမ်ရှေ့မျက်နှာစာတွင် ကား ခေါ် စက်တပ်ယာဉ်များတန်းစီနေသည်။

ထိုယာဉ်များကို အကာအကွယ်ပြု အိမ်ထဲသို့ ဝင်လာသည်။ လူများ ဟိုဟိုဒီဒီ သွားလာနေသည်။

သို့သော် ထိုလူများကို ရှောင်ကွင်းပြီး သွားသည်။

လိုက်ကာစများသည် အနီရောင်များ ဖြစ်၏။ ခင်းထားသော ကော်ဇောသည်ပင်လျှင် ရဲရဲနီနေသည်။

"ဟိုကောင်မကို သွားခေါ်ပါ"

"မရှိဘူး သူဌေး"

"မရှိရင် ရှာကွာ"

"ဆေးရုံမှာလည်း ရှာခဲ့တယ် မရှိဘူး"

"တောက် ... ရှေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာပဲလိုချင်တယ်။ နောက်တစ်ချက် ဆင်ခြေထွက်လာမယ်ဆို မင်းလည်း ထွက်စာတင်တော့။ ဟိုအဖိုးကြီး ကိစ္စရော ..."

"နှစ်နာရီဆို ကိစ္စတွေ အားလုံး မီးနဲ့အတူ လောင်မြိုက်ကုန်





ပါလိမ့်မယ်"

"အဂ္ဂါရော"

"ဆရာဝန်တွေက လက်လျှော့လိုက်ပြီတဲ့။ အခုရင်ခွဲရုံကို ပို့ထားတယ်လို့ သတင်းပို့ပါတယ်။

"ရုစာရီကို ရှာလာခဲ့။ ရုစာရီပါမလာရင် မင်းလည်း ပြန်မလာခဲ့နဲ့။ ဒီည ပွဲပြီးရင် ရန်ကုန် တောက်လျှောက်ပြန်မယ်"

"ဟုတ်ကဲ့ ဆရာ"

ရုစာရီသည် ကြားရသော နားကို မယုံချင်ပါ။

လူသည် ဤမျှ ရက်စက်ကြမ်းတမ်းလွန်းတာကိုလည်း အံ့သြသည်။ ကြောက်လည်း ကြောက်သွားသည်။

သို့သော် မှင်တက်နေဖို့ အချိန်မရှိချေ။ ထို့ကြောင့် ခိုးကြောင်ခိုးဝှက် ထွက်လာပြန်သည်။

တစ်ခန်းဝင် တစ်ခန်းထွက်ကာ လည်ဆွဲကို ရှာသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် လည်ဆွဲရှိရာ အခန်းထဲသို့ ရုစာရီရောက်လာခဲ့သည်။

လည်ဆွဲသည် မှန်အိမ်လေးထဲ၌ လှပစွာ ရှိနေသည်။

လည်ဆွဲ၏ ပတ်ပတ်လည်တွင် နီသော ပန်းများခင်းထားသည်။

ထိုင်ခုံများရှိနေသည်။ လည်ဆွဲသည် စင်မြင့်ထက်၌ ဟောက်ပနေသည်။

ရုစာရီသည် ထိုလည်ဆွဲကို ဆွဲယူဖို့ ကြံပြီးကာမှ တစ်စုံတစ်ခုကို သတိရသွား၏။

ကြမ်းပြင်ပေါ် ငုတ်တုတ်ထိုင်ချပြီး လက်အုပ်ချီသည်။

"ဤလည်ဆွဲသည် ကျွန်မ ရုစာရီ၏ ပစ္စည်းမှန်ပါက အန္တရာယ်များကို ဖယ်ရှားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆိုလိုက်သော တခဏတွင် နီရဲသော နှင်းဆီများသည် မည်းကုန်သည်။

လည်ဆွဲပေါ် ထိုးကျနေသော ဆလိုက်များသည် မှိတ်ကုန်သည်။ ရုတ်တရက်မို့ အခန်းသည် အမှောင်ကျသွားသည်။

အနီရောင်ပန်းများကို ရစာရီက သတိထားမိ၍ ထိုသို့ သမ္ဘာဆိုမိခြင်းဖြစ်သည်။

ခက်ခက်ခဲခဲရလာသော ပစ္စည်းမို့ မင်းသုတေက ပြီးစလွယ် မထားလောက်ဘူးဟုလည်း တွေးမိသည်။

အမှန်ဖြစ်နေသည်။ နီသောအရာသည် မည်းသွားတယ်ဆိုကတည်းက အဆိပ်တစ်မျိုးရှိပေလိမ့်မည်။

သို့သော် ပစ္စည်းမှန်သောကြောင့် လည်ဆွဲကို အလွယ်တကူ ပြန်ရသည်။ လည်ဆွဲသည် လည်ပင်းပေါ်ရောက်လာသည်နှင့် တပြိုင်နက် အပြင်ထွက်ရန် ကြံတော့သည်။

လူ့အချို့ကို ကွေ့ပတ်ရှောင်လွဲပြီး ထွက်ရန် ကြံရွယ်နေသော စက်တပ်ယာဉ်ပေါ်တက်လိုက်လာသည်။

ကံကောင်းစွာပင် ထိုယာဉ်သည် ဆေးရုံထဲ ဝင်လာသည်။ အဘ၏ ခေါင်းတလားကို အဖြူရောင်စက်တပ်ယာဉ်က သယ်ဆောင်နေပြီဖြစ်သည်။

အဘအတွက် စိတ်မကောင်းချေ။ ရှုပ်ထွေးနေသော အခြေအနေမို့ ဦးသုံးကြိမ်ပင် မတိုက်လိုက်ရပေ။ လူ့အုပ်ကို အားပြုပြီး ဆေးရုံထဲသို့ ဝင်လာသည်။

"ရင်ခွဲရုံက ဘယ်မှာလဲဟင်"

ခေါင်းမြီးခြုံကြားမှနေ၍ အသံကို ထိန်းပြောသည်။

"ဟိုးထောင့်မှာ ဒါနဲ့ဘာကိစ္စလဲ"





အင်္ကျီအဖြူဝတ် အမျိုးသမီးကို မေးလိုက်ခြင်းဖြစ်သည်။ အဘ၏ ပြောပြချက်အရ ထိုအဖြူရောင်သည် ဆေးဆရာများဟု သိထားသည်။ ထို့ကြောင့် ထိုဆေးဆရာကို ယုံကြည်သည်။ သို့သော် မိမိကို အကဲခတ်မိသွားမှာ စိုး၍ မေးခွန်းကို ပြန်မပြောတော့ချေ။ ရှိုင်းပြစွာ လှည့်ထွက်လာသည်။

ထိုအတွက် စိတ်မကောင်းဖြစ်မိသည်။ သို့သော် ရစာရီထံတွင် အချိန်များများ မရှိချေ။

ချောင်ကျကျအခန်းသို့ ရောက်သောအခါ အအေးဓာတ်က ပိုလာသည်။

အဖြူရောင် ပိတ်အုပ်ထားသူ၏ မျက်နှာကို လှန်ကြည့်သည်။ ကိုအဂ္ဂါမဟုတ်ပေ။

စိတ်ထဲချောက်ချားမိသော်လည်း အားမွေးကာ ကျန်နှစ်ဦးအနက် တစ်ဦးကို လှန်လိုက်သည်။

ကံကောင်းစွာပင် ကိုအဂ္ဂါဖြစ်နေခဲ့သည်။

ဘာမှ စဉ်းစားမနေတော့ဘဲ ကိုအဂ္ဂါကို လှုပ်နှိုးသည်။

"ကိုအဂ္ဂါ … ကိုအဂ္ဂါ"

ပခုံးကို ကိုင်လှုပ်သည်။ ကိုအဂ္ဂါသည် နိုးမလာပေ။

သို့သော် အသားများသည် နွေးနေဆဲဖြစ်၏။

အပြင်ဘက်မှ ဗုံကြီးစည်ထုသံကြားရသည်။

ရစာရီ ဝမ်းနည်းလာသည်။ မျက်လုံးထဲမှ မျက်ရည်များစီးကျနေသော်လည်း ကိုအဂ္ဂါကို ခေါ်ထုတ်ဖို့ ကြိုးစားရပေလိမ့်မည်။

ကိုအဂ္ဂါသည် မသေသေးသူဖြစ်သည်။

အကယ်၍ ကျောက်ဂူထဲခေါ်သွားနိုင်ပါက အသက်ပြန်ရှင်လာနိုင်မည်မှာ ကေန်မလွဲပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝေးသော ထိုခရီးကို မည်သို့ မည်ပုံခေါ်သွားရမှန်း မသိချေ။

ညအခါဆိုပါက တွန်းလှည်းဖြင့် တွန်းသယ်သွားလို့ ရနိုင်ပေသည်။ သို့သော် ညအချိန်ထိစောင့်နေရန် အချိန်မရှိချေ။ လည်ဆွဲပျောက်သွားမှန်း မင်းသုတေသိပါက ဒေါင်းတောက်ခဲ့အောင် ရှာပေလိမ့်မည်။

သူမဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ၊ ဘုရသေ့ရယ် ... ကျွန်တော်မျိုးမကို ကယ်ပါဦး၊ ကျွန်တော်မျိုးမကြောင့် အဘလည်း သေဆုံးရပြီ၊ ကိုအဂ္ဂါလည်း ကျွန်တော်မျိုးမကြောင့် သေတော့မယ်။ ကျွန်တော်မျိုးမကို ကယ်ပါဦး၊ ဘုရသေ့ရယ် ကယ်ပါဦး ကယ်ပါဦး"

"အင်း ..."

မျက်စိမှိတ်ပြီး ဘုရသေ့ကိုသာ တမ်းတနေမိချိန်တွင် ညည်းညူသံကြားရသည်။

"ဟင် ... ကိုအဂ္ဂါ"

"နှမငယ် ... ရှ ... ရှ .. တ"

ကိုအဂ္ဂါသည် အသံမထွက်နိုင်ရှာပေ။ သို့သော် နှမငယ်တုခေါ်သံကို ဝါးတဝါးကြားလိုက်ရသည်။

"ကိုအဂ္ဂါ. . .ကိုအဂ္ဂါ"

ရှုစာရီ ဝမ်းသာသွားသည်။

"ဟို ဘီးပါတဲ့ ထိုင်ခုံပေါ်တင်ပြီး တွန်းပြေးတော့ လုံမငယ်"

ဘုရသေ့၏ အသံကို နားကဆတ်ဆတ်ကြားနေရသည်။

သို့သော် ရသေ့ကိုမူ မတွေ့ရပေ။ ရှုစာရီ အားတက်သွားသည်။ ကိုအဂ္ဂါမသေမှန်း သိသွားသည်။ ဘုရသေ့လည်း ဘေးတွင်ရှိနေမှန်း သိသောအခါ ခွန်အားတို့က ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကိုအဂ္ဂါကို



စင်မြင့်ပေါ်က တွန်းချကာ ဘီးတပ်ခုံပေါ်တင်ပြီး တွန်းထွက်လာသည်။

အဲ့ဩဖို့ကောင်းလောက်အောင်ပင် များပြားသော လူများသည် ရှုစာရီတို့ကို မကြည့်ချေ။

ရှုစာရီသည် ဝမ်းသာသွားသည်။ ဘေးမှာ ဘုရသေ့ရှိနေတယ်ဆိုသော အသိသည် လုံခြုံလှသည်။ ကိုအဂ္ဂါသည် နှမငယ်ဟုခေါ်လိုက်သောကြောင့် အားမာန်တို့ရှိကုန်သည်။

"သွားရအောင် မောင်ကြီး အဂ္ဂါရယ်. . .ဒီညစ်ညမ်းတဲ့ လောကကြီးထဲက အပြီးထွက်ခွာကြစို့လား. . .မောင်ကြီး အသက်ရှင်နေတယ်ဆိုရုံနဲ့ အေးခဲတဲ့ ကျောက်သားက မောင်ကြီး ကျန်းမာလာအောင် ကူညီပေးပါလိမ့်မယ်။

မောင်ကြီးနဲ့ ရှုစာရီတို့ရဲ့ သစ္စာသာမှန်ကန်ခဲ့ရင် ကျောက်ဂူထဲ မောင်ကြီး ဝင်လို့ရမှာပါ။ အေးချမ်းတဲ့ဘဝထဲမှာ ကိုယ့်ကမ္ဘာလေးနဲ့ကိုယ် သီးခြားနေကြစို့လား။

ဘဝကို အေးချမ်းစွာ ဖြတ်သန်းကြစို့လား။ သာယာအေးချမ်းတဲ့ အကြောင်းအရာများသာ နေ့တိုင်းပြောကြစို့လား"

ဖြတ်ကျော်နေသော လူနှစ်ဦးကို သတိမထားမိလိုက်တာက ရှုပ်ထွေးသောလူများဖြစ်သည်။

ရှုပ်ထွေးသော ခြေလှမ်းများကြားတွင် ဘီးတပ်ထိုင်ခုံကို တွန်းနေသော ခြေလှမ်းက အေးဆေးတည်ငြိမ်စွာ. . .

× × ×

www.burmeseclassic.com

နောက်တစ်နေ့နံနက်၌ သုနန္ဒိယဘုရားကုန်းခြေရင်းတွင် ဆေးရုံ သုံးပိုးခဲ့ကို လူအများတွေ့မြင်ကြရသည်။ ထိုမတိုင်ခင် တစ်ရက်တွင် မြလည်ဆွဲသည့် မင်းသုတေ၏အိမ်မည်းမှ ရုတ်တရက် ပျောက်သွားသည်။

ပြီးနောက် ရင်ခွဲရုံတွင်ရှိနေသော အဂ္ဂါ၏ ရုပ်အလောင်းသည် အစအနမရှိ ပျောက်ဆုံးသွားသည်။ အချို့က စုန်းဟုသတ်မှတ်ကြသည်။ အချို့သည် သူတော်စင်ဘဝမှ ပဌာန်းဆက်ပါလာသူများဟု ပြောသည်။

ရဝေမြိုင်တွင် ရုစာရီဆိုသော စုန်းမလေးနှင့်အဂ္ဂါဆိုသော ရာဘာ ခြံစောင့်၏တူအကြောင်းသည် နှစ်ပေါင်းများစွာကြာသည်ထိ ရေပန်းစား ခဲ့သည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ပုံပြင်လိုလို၊ ဒဏ္ဍာရီ လိုလို ဝိုးတဝါးဖြစ်လာသည်။

သို့သော် မင်းသုတေဆိုသော သူဌေး၏ ဂုဏ်သတင်းသည် တိမ်ကောမသွားချေ။

သူဌေး မင်းသုတေသည် သုနန္ဒိယဘုရားကုန်းကို သုတေသန ပြုခဲ့သည်။

ဘုရားကုန်းရှိရာ ကျောက်တောင်သည် ရှေးကျသော အင်းကွက် များနှင့် ဖွဲ့စည်းထားသည်ဟု ဆိုသည်။

ထိုအင်းကွက်သည် ရှေးကျလွန်းသောကြောင့် အောက်လမ်း ဆရာများရော၊ အထက်လမ်းဆရာများပါ မဖတ်နိုင်ချေ။

ထိုတောင်ကို ဖြိုဖို့ကြိုးစားသူတိုင်း ဘေးဒုက္ခအမျိုးမျိုး ကြုံကြ



တော့သည်။

နောင်သောအခါ ထိုတောင်သည် ရုစာရီ၏အမည်တွင်လာတော့ မည်ဖြစ်သည်။

ယခုမူကား ရဝေမြိုင်ချောင်သည် ကမ္ဘာလှည့်ခရီးသည်သွားများ ဖြင့် အထူးစည်ကားလှသည်။

ဘုရားပွဲကိုလည်း တစ်နှစ်တစ်ခါ ခြိမ့်ခြိမ့်သဲ ကျင်းပကြသည်။

ဗျောသံ၊ ဗုံသံများလည်း တစ်နှစ်တစ်ခါတော့ အနည်းဆုံး ဆူညံနေပေသည်။ ထိုအချိန်တိုင်း ဘုရားဖူးလာတတ်သော စုံတွဲကိုမူ မည်သူမျှ သတိမထားမိကြတော့ချေ။

ထိုစုံတွဲသည်က ရုစာရီနှင့်အဂ္ဂါတို့သာ ဖြစ်သည်။

ရုစာရီ၏ လည်ပင်းတွင် မြစိမ်းရောင်လည်ဆွဲက တင့်တယ်စွာ ရှိနေသည်။ ထို့အတူ အဂ္ဂါ၏ လက်စောင်းတွင် ငွေရောင်ကြုပ်ကလေး က အဖြူရောင်ကြိုးလေးနှင့် ပူးချည်ထားတတ်သည်။

ရုစာရီနှင့်အဂ္ဂါတို့သည် ဘုရားဖူးပြီးမှ ဂူထဲသို့ ပြန်လည်ဝင်ရောက် သွားတတ်သည်။

သူတို့နှစ်ဦး၏ မျက်နှာပေါ်တွင် အေးချမ်းသော အပြုံးကို တညီတညွတ်တည်း တွေ့ရ၏။

မျက်လုံးများသည် တပ်မက်မှုကင်းစွာ ကြည်စင်ရိုးရှင်းနေသည်။ အေးချမ်းနေသည်။ တွဲလက်များသည်လည်း ခိုင်မာစွာ၊ တွယ်တာစွာ၊ သစ္စာရှိစွာ ...

ရသတို့နှင့် ပြည့်စုံပါစေ။

မယ်ခိုင်